# ရါး

သခင်လာရှုလွှမ်းပါလှည့်



စာမူခွင့်ပြုချက်အမှတ် ........ ၄၃၈/၉၃ (

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ........ ၅၄၄/၉၃ (၇

နိုဝင်ဘာလ

ပထမအကြိမ်၊ အုပ်ရေ ( ၅၀၀ )

တန်ဖိုး၊ ( ၃၀ ) ကျပ်





ရှား


# သခင်လာ၍လွမ်းပါလှည့်






**မျက်နှာဖုံးပုံနှိပ်သူ**

ဦးတိုးဝင်း (၀၂၄၃၁)၊

နေလရောင် OFFSET

အမှတ် (၉၆)၊ (၁၁)လမ်း၊

ရန်ကုန်မြို့၊

**ထုတ်ဝေသူ**

မောင်ယာန် (၀၈၇၆)၊

ကမ္ဘာလုံးစာပေ [illegible]

အမှတ် [illegible] လမ်း၊

[illegible] ရန်ကုန်မြို့၊

**အတွင်းပုံနှိပ်သူ**

ဦးအောင်နိုင် [illegible]

အောင်သစ္စာပုံ [illegible]

အမှတ် [illegible]၂၆)၊ ၃[illegible] လမ်း၊

ရန်ကုန်မြို့၊


# ရှား

# သခင်လာ၍ လွမ်းပါလှည့်

ဝတ္ထုသစ် (အစ၊အဆုံး)

## နို့တာဝန်အရေးသုံးပါး

ည်ထောင်စု မပြိုကွဲရေး — ဒို့အရေး

ိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

ချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။

စည်းကမ်းရှိမှ တိုးတက်မည်။

စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

ရပ်ရွာ အေးချမ်းသာယာရေး

ဝိုင်းဝန်းကူညီ စောင့်ထိန်းပေး။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ် ပေါက်ရေးသည်

ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

# ကျော်ကြား

စာအုပ် အငှားဆိုင်

[၁]

သည်နှစ် ဆောင်းလေက ထိထိမိမိရှိလှသည်။ လေကိုဆန်၍ စက်ဘီးနင်းလာသည့်အတွက် ဆံပင်တွေ နောက်ဘက် အကုန်လှန့်ပြီး မျက်နှာအရေပြားများ တင်းလျက်နေသည်။ ဘုရားလမ်းမကြီးမှ မီးရောင်တန်းများ တောက်ပနေသည်ကို မီးပွင့်မှုအဖြတ် လှမ်းမြင်ရ၏။ စတိုးဆိုင်ကလေး မီးလင်းလက်နေသည်ကိုလည်း မှတ်မှတ်ထင်ထင်ပင် လှမ်းကြည့်ဖြစ်သည်။ ခုချိန်ဆို ဆံပင်တို နှစ်ဖက်ခွဲစည်းပြီး သနပ်ခါး ပါးကွက် အကြီးကြီး ကွက်တတ်သော စန္ဒာဟု အမည်တွင်သည့် မျက်နှာဝိုင်းဝိုင်းနှင့် ကောင်မလေး ဆိုင်မှာထိုင်နေတော့မည်။

---

ခြေသောက်များကိုပို၍ အားပြုလှုပ်ရှားလိုက်၏။ ခြေ နှစ်ပတ် သုံးပတ် နင်းပြီးသောအခါ ရွှေဝါထွန်း ဟိုတယ်ရှေ့သို့ ရောက်လာတော့သည်။ ညဆို ဟိုတယ်ရှေ့သည် မီးရောင် ခပ်မှိန်မှိန်သာ ရှိတတ်သည့်အတွက် ဟိုတယ် အဝင်လမ်းကို သတိထားပြီး ရှာရသည်။

ဟသ်ာရုပ်နှင့် ရေပန်းဆီမှ ကွေ့ပတ်ပြီး စက်ဘီးကို နင်း သွား၏။ စားသောက်ခန်းမကတော့ ပိတ်နေပြီ။ ရီဆက်ရှင်း ကောင်တာမှာ ခန့်ဝင်းက စာအုပ်တစ်အုပ်နှင့် အငြိမ့်သား ရှိနေ၏။ စက်ဘီးဘဲလ်သံ ကြားသောအခါ သူက ခေါင်း ထောင်ကြည့်လေသည်။

'ဩော....မင်းရင်'

တယ်လီဖုန်းသံ မြည်လာပြန်သောကြောင့် တယ်လီဖုန်း ကိုင်ရင်း....သူက မင်းရင်ထံ ခပ်ပြုံးပြုံး လှမ်းကြည့်နေ သေး၏....။

'ဟဲလို.... တူးအိုဖိုးက ဦးသန်းဌေးကျော်....၊ ခဏလေး ခင်ဗျာ၊ ဩော်....ပြန်မရောက်သေးပါဘူးခင်ဗျာ၊ သော့အပ် သွားပါတယ်'

ဂျလောက်ဟု ဖုန်းကျသံ ကြားသည်။ စက်ဘီးကို နံရံမှာ ကပ်ထောင်ပြီး ပေါ်တီကိုအောက်မှ ညွှေ့ခန်းထဲ ဝင်ခဲ့၏။

'မင်း....နောက်ကျတယ်နော်'

'တစ်နေ့တလေပါကွာ'

'ဘုရားလမ်းက စတိုးဆိုင်များ ရောက်နေပြီလားလို့'

'ပေါက်တတ်ကရတွ'





မျက်မှန်ချွတ်ပြီး လည်တိုင်ကို တစ်ချက်နှစ်ချက် ဆတ်၍ ခါသည်။ အိပ်ခန်းဆောင် တာဝန်ကျသည့် မျိုးကိုနှင့် သန်း ဆောင်က ဆက်တင်မှာထိုင်လျက် တီဗွီကြည့်နေ၏။ ခန့်ဝင်းက ဂျင်းနဲဂျာကင်ကို ကောက်ယူလျက်....

'ငါသွားတော့မယ်'

ဟု အသိပေးသလိုလို၊ နှုတ်ဆက်သလိုလိုပြော၏။ ခန့်ဝင်း သည် မင်းရင်နှင့် တာဝန်ချိန်လဲဖို့ စောင့်နေခြင်း ဖြစ်၏။ အိပ်ခန်းဆောင်နေ့တာဝန်ကျသူများကတော့ ပြန်သွားကြပြီ၊ ခုလို ဆောင်းညမျိုးကတော့ ဟိုတယ်မှာ ပျင်းစရာ ကောင်း လှသည်။ ညတာဝန်ကျများအဖို့ တာဝန်လည်း များများ စားစား မရှိလှဘဲ တီဗွီကြည့်၊ ရယ်စရာ မောစရာပြော၊ တစ်ခါတရံလည်း ဟိုတယ်ဝင်းထဲမှာ ဂစ်တာတီး၊ သီချင်း ဆို။ ညတာရှည်လွန်းသော ဆောင်းညသည် မကုန်နိုင်သလို ပင် ရှိ၏။ မင်းရင်အဖို့တော့ ကျောင်းစာလေ့လာဖို့အတွက် အတော်အတန် အချိန်ရလေသည်။

'မင်းရင်'

'ဟေ....'

'မင်း....ဒီနေ့ ဂျူတီကျတာ ကံကောင်းတယ်'

'ဘာဖြစ်လို့တုန်း....'

တီဗွီနှင့် မျက်စောင်းထိုးခုံမှာ ဝင်ထိုင်ရင်း သန်းဆောင် ကို မေးဆတ်လျက်မေးသည်။ မျက်မှန်ပြန်တပ်ပြီး တီဗွီ ဆီ ဖျတ်ခနဲလှမ်းကြည့်၏။ အစိမ်းရောင်တွေ ခပ်များများ တွေ့သည်။

'မနက်ဖြန် ဒွိအိုင်ပီ ရှိဘယ်တဲ့ကွ၊ ဟိုကော ဘွေ အုပ်စု တော့ မချောင်ဘူး'

'ဟုတ်လား.... ဖြစ်ရမယ်လေ၊ ကိုယ်တို့က ကံကောင်း နေကျပဲ'

'အပြောမကြီးနဲ့.... ကိုယ့်အလှည့်ကျမှ ထိနေမယ်'

ဖိနပ်သံတရှပ်ရှပ်နှင့် လေချွန်သံကိုပါကြားရသည်။ အရပ် ရှည်ရှည် ပိန်ပိန်နှင့် ကိုအေးစိုးသည် သူတာဝန်ကျသော အိပ် ဆောင်များဘက် စစ်ဆေးပြီး ပြန်လာဟန်တူ၏။ ဝန်းကျင် က တိတ်ဆိတ် နေသည့်အတွက် စကားပြော သံတွေ က အတော် ကျယ်လောင်နေသည်။ ကိုအေးစိုး ရောက်လာသည့် အတွက် ခြောက်ကပ်သယောင်ရှိသော အခြေအနေသည် အတန်ငယ် ပြောင်းလဲလာ၏။ ကိုအေးစိုးက ရယ်ရယ်မောမော ပုံတို ပတ်စ အပြောကောင်းသည်။ တစ်ခါတစ်ရံလည်း ပေါက် တတ် ကရ ပုံပြင်များ၊ သူတို့လူငယ်တွေ မျက်နှာပူရလောက် အောင်.... သူ မိန်းမချစ်ပုံ၊ ဂျစိုက်ပုံများကို ပြောပြတတ် သေးသည်။

ရေခဲရေ ပုလင်းဟောင်းများကို သိမ်းဆည်းပြီးသည့် အခါ ကိုအေးစိုးလည်း တံခါး၌ ဝင်ထိုင်သည်။ မင်းရင်က တော့ အိပ်ခန်းဆောင်များမှ ညှော်သည်များ အပြောင်းအလဲ အဝင်အထွက်စာရင်းများ စစ်ဆေးပြီး အခန်းသော့များနှင့် တိုက်နေ၏။ ဟိုတယ် ပေါ်တီကိုရှေ့ နစ်ဆန်း မက်ဘချိလ် ကားတစ်စီး ဆိုက်လာသည်။ တစ်ခဏချင်း.... အော်ဟစ် နှုတ်ဆက်သံများ၊ ရယ်သံများ ဆူညံသွား၏။





'တူး အို ဖိုး....'

ခပ်ဖိုင့်ဖိုင့်မျက်နှာ အသီရှဲရှဲနှင့် ထောင် ထောင် မောင်း မောင်း လူကြီးတစ်ယောက် ကောင်တာရှေ့ လာရပ်သည်။

'ဦးသန်းငွေးကျော်လား ခင်ဗျာ....'

'ဟုတ်ပါတယ်....'

'ခုနက ဖုန်းလာပါတယ်၊ ဘာမှတော့ မှာမသွားပါဘူး ခင်ဗျာ'

'ဪ....ဪ.... နောက်တစ်ခေါက် လာရင် ဦးကို လာခေါ်ပေးနော်'

'ဟုတ်ကဲ့ခင်ဗျာ'

'ကျေးဇူးပဲ....ကလေး'

သော့ကို လှမ်းယူလျက် လူကြီးက နှုတ်ဆက်ပြီး ထွက် သွားသည်။ မျိုးကိုက တီဗွီ ကြော်ငြာ အစီအစဉ်များကို အသံကျယ်ကျယ် လိုက်ဆိုနေ၏။

'ပွေးဝဲ....နှင်းခူ....ယားနာထူလို မပူနဲ့....'

ဟေ့ ကောင်....မျိုးကို၊ မင်းအသံကြီးက ကျယ်တယ်ကွာ'

ကိုအေးစိုးက မျိုးကို ကို လှမ်းဟန့်သည်။

'ကိုအေးစိုး.... မနေ့က ဆီမီးဖိုင်နယ်ပွဲ သွားကြည့်သေး လား၊ မန္တလေးနဲ့ မကွေးလေ.... ရေရေလည်လည် ကောင်း တာဗျ....'

'ငါ....မကြည့်လိုက်ရဘူးကွ၊ အိမ်က....မိန်းမပေါ့ကွာ....'

'ပယ်နယ်တီနှစ်လုံးရတာ....မကွေးက....၊ အကြိတ်အနယ် ပဲဗျ'

'ရွှေပင် ငွေပင်....အထူးအားဆေး.... အားဆေး နာမည်ကျော်....'

'ဟော့ကောင်....မျိုးကို'

သန်းဆောင်ကမျိုးကို ကို လှည့်ကြည့်ပြီး ငေါက်သည်။ မျိုးကိုက နှစ်ယောက်ထိုင် ဆက်တီပေါ်မှာ ခြေထောက်ဆင်းထိုင်ရင်း အတော့်ကို ဇိမ်ကျနေ၏။ ကောင်တာမှထွက်ပြီး တီဗွီရှေ့မှာ ရပ်လိုက်သည်။ ခုတလော ကြော်ငြာကဏ္ဍတွေကလည်း အတော်ကို ရေပန်းစားလာသား။ ဆေးလိပ် ကြော်ငြာ၊ ဆပ်ပြာကြော်ငြာ၊ ဘီစကစ်ကြော်ငြာ၊ ဆေးကြော်ငြာတွေ စုံလို့....

'ဒန့်....တန့်....တန့်၊ ပူတူးတူးလေးယိုစုံ....'

မျိုးကိုဆိုသော ကောင်ကတော့ ဘယ်လောက် ငေါက်ငေါက် အမှတ်မရှိလှချေ။ မင်းရင်ကော ဘာများထူးလို့လဲ....

တီဗွီကို ခပ်ဝေးဝေးမှ ခွာကြည့်လို့ ဘယ်လောက် ပြောပြော.... မျက်မှန်တဝင့်ဝင့်ဖြင့် အနားတိုးကြည့်မှ အားရသည်။ ကြာလျှင် မျက်မှန် ဒီဂရီ တိုးရမည်လား မပြောတတ်ချေ။ သည်အဖြစ်ကိုတော့ မင်းရင် မနှစ်မြို့နိုင်။ မျက်မှန်တပ်စကဆို နှာခေါင်းလေးပြီး နားထင်ကြောတွေ ကိုက်လိုက်သည့် အမျိုး။ ခုမှပဲ အတော် နေသားတကျ ဖြစ်သွားသည်။ ဥပမိရုပ်ကလည်း မျက်မှန်နှင့်ဆိုတော့ ရယ်ချင်စရာ။

တစ်ခုပဲ.... စိတ်အတော်အတန် ကျေနပ်စရာရှိသည်။

မျက်မှန်နှင့်ဆိုတော့.... သူများတကာလို မလှပသော မျက်ခုံးနှင့်.... မျက်ရစ်မရှိဘဲ ရှည်ကျဉ်းကျဉ်းကလေး ဖြစ်





နေသော မျက်လုံး၏ ဆိုးရွား အကြည်းတန်မှု ကိုတော့ အတော်အတန် ဖုံးနိုင်သား....။

'ကြည့်စမ်း.... ခုခေတ် ကောင်မလေးတွေ အတော်လှတယ်....'

မျိုးကိုက ပါးစပ်အအားမနေဘဲ မှတ်ချက် ချပြန်လေသည်။ တီဗွီ ဖန်သားပြင်ပေါ် စူးစိုက်ကြည့်မိတော့.... မျက်နှာသွယ်သွယ်.... မျက် ခုံး လှ လှ .... ကောင် မ လေး တစ်ယောက်....

'ကျွန်တော့် အထင်တော့.... မကွေးနိုင်မယ် ထင်တယ်ဗျ....'

'ဟာ.... မဟုတ်ဘူးကွ.... ငါကတော့ မန္တလေး ထင်တယ်....'

ဘောလုံး ဝါသနာအိုးတွေကလည်း တစ်မျိုး....

'ဟာ.... လှလိုက်တာကွာ....'

မျိုးကိုက ထ,အော်ပြန်သည်။ ဖန်သားပေါ်မှ အစိမ်းရောင် မိန်းကလေးသည် လက်ထဲမှာ တစ်စုံတစ်ခုကို ဖွက်ပြီး အခန်းထဲ ဝင်သွား၏။ သူမကို တစ်ယောက်ယောက်က ကိုက်ပြီး ချောင်းမြောင်းနေသည့် ပုံသဏ္ဍာန်မျိုး။ အခန်းတံခါးကို ဖွဖွကလေးဖွင့်ပြီး အခန်းထဲ လှစ်ခနဲ ဝင်သည်။ တည်တိုင်အလှည့်မှာ ပခုံးပေါ် ပျော့အိအိကျနေသော ဆံပင်များ ဝဲခနဲ ဖြာကျသွား၏။ နောက်ကျောဘက်မှ ခန္ဓာကိုယ်တောင့်တောင့်တင်းတင်းရှိသည်။ အစိမ်းရောင် ဇာဖောက်လက်ရှည်အင်္ကျီနှင့် လုံချည် အစိမ်းရောင်သည် သူမ၏ အသား

အရေကို ဟပ်လျက်.... စိုလဲ့နေစေ၏၊ မှန်တင်ခုံရှေ့မှာ ထိုင်သည့်အခါ မှန်ထဲမှ သူမ၏ပုံရိပ်ကို မြသည်။

မျက်နှာသွယ်သွယ်.... နှုတ်ခမ်းသား ပြည့်တင်းတင်းသည်၊ ဗေဒါရောင် နှုတ်ခမ်းဆိုးဆေးနှင့် သိုက်ဖက်၏။ နှာတံထိပ်ချွန်နှင့် မျက်လုံးဝိုင်းကလေးကြောင့်....ကလေးဆန်သည့်သဏ္ဍာန် ပေါ်လွင်သည်။ အခန်းတံခါး အနည်းငယ် ဟလာသည်ကို.... မှန်ထဲမှ မြင်၏။ မိန်းကလေး မျက်လုံးပြူးသွားပြီး လက်ထဲမှ ပစ္စည်းကို ဖျတ်ခနဲအကြည့်....

'ဟိတ်.... အဲဒါဘာလဲ....'

ဟူသောအသံ ပေါ်လာသည်။ ကောင်မလေး ကင်မရာဘက် ဆတ်ခနဲ လှည့်ကြည့်သည်။ ပြီးတော့ လက်ဖဝါးထဲ အပြည့်ရှိနေသည့် ဘူးဝိုင်းကလေးကို ထောင်ပြသည်။နှုတ်ခမ်းလေးအပြုံး မျက်လုံးလေး ဝင်းကနဲ အလက်....

'ဒီမှာ.... လှယမင်းလေ....'

မြတ်စွာဘုရား....

မင်းရင်.... ချက်ချင်းကြီး ဘယ်လိုဖြစ်သွားသည်မသိ....။ ကောင်မလေးမျက်နှာ တီဗွီစခရင်ပေါ်မှ ပျောက်သွားတော့ ရင်ထဲ တစ်ခုခုလွင့်ထွက်သွားသလိုလို မောဟိုက် လပ်ဟာပြီး အနီးဆုံး ဆက်တီပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်မိတော့သည်။

'ဒီမှာ.... လှယမင်းလေ....'





အသံလေးကလည်း ချစ်စရာ....။ တီဗွီက ဆက်ကြေညာနေသည့် လှယမင်း သနပ်ခါး.... အမှတ် ဘယ်လောက်သာညာဆိုတာတွေကိုပင်....ဆက်ပြီး စိတ်မဝင်စားနိုင်တော့။

ချစ်စရာ ကောင်မလေး....

တကယ့်ကို ချစ်စရာလေး....

ကိုယ့်ကိုယ်ကို ဘာဖြစ်သွားမှန်း မသိဘဲ.... မင်းရင် တစ်ယောက်တည်း.... ခပ်ငေါင့်ငေါင် ထိုင်နေမိဆဲ... သန်းဆောင်၏ အသံဝါကြီး ထွက်လာတော့....ရုတ်ချည်းပင် သန့်ဖျပ် ထ ခုန်မိမတတ် ဖြစ်သွားရသည်။

'ဟေ့ကောင်.... အဲဒါ.... လှည်းကူးက ကောင်မလေး မဟုတ်လား....'

'အေး.... ဦးလွန်းသာ မြေးလေ....'

'မဆိုးဘူးကွ.... အလှသားနော်....'

'သူက.... လှည်းကူး ကျောင်းမှာကတည်းက.... နာမည်ကြီးကိုးကွ....'

'လှလို့လား....'

'လှတာတော့ ဒီလောက်မဟုတ်ပါဘူး၊ သူ့အမေကြီး အဖြစ်သည်းလွန်းလို့ အမြင်ကတ်တာနဲ့ပါ ရောပြီ.... နာမည်ကြီးသွားတာ....'

သန်းဆောင်နှင့် မျိုးကို အချီအချ စကားသံတွေကြား.... နှလုံးခုန်သံတွေ ပုံမှန် ပြန်ဖြစ်သွားသည်။ ဒိုအေးစိုးက မင်းရင်ကို လှည့်ကြည့်လျက်....

'မင်းရှင်.... ဘာငေါင်နေတာလဲ'

ဟု လှမ်းမေး၏။

'မိန်းမေသွားတာ ဖြစ်မှာပေါ့.... ကောင်မလေးရဲ့ အလှအပမှာလေ....'

'ဟုတ်မယ်.... ဟုတ်မယ်....'

သန်းဆောင်နှင့် မျိုးကို အတော် အတိုင်အဖောက် ညီနေသည်။ ဒီသဘ္ဘဝါနှစ်ကောင်က သည်လိုနေရာမျိုးမှာဆို အတော် အမြင်ကတ်စရာ ကောင်း၏။

'နေစမ်းပါဦး.... မင်းတို့က နေရာတကာ သိလိုက်တာချည်းပဲ.... မင်းတို့မသိတဲ့ မိန်းကလေးများ ရှိမှရှိပါတော့မလား....'

'ဒါကတော့ လေ့လာရတာကိုးကွ.... မင်းလို စုံထောက်မှ မဟုတ်ဘဲ....'

'ဘာလဲ စုံထောက်....'

အူကြောင်ကြောင်ဝင်မေးသော ကိုအေးစိုးကို သူတို့က.... တဟားဟား ရယ်ကြပြန်လေသည်။

စုံထောက်ကို ပြောင်းပြန်လှန်ဗျာ.... ခင်ဗျားကလဲ....'

ကိုအေးစိုး ခုမှ သဘောပေါက်သွားပြီ ဩော်ဟု ရယ်မောလေသည်။

'ငါတို့ လှည်းကူးမှာ သူတို့အဘိုးခြံရှိတယ်ကွ၊ သူလည်း ရှစ်တန်းနှစ်က လှည်းကူးကျောင်းမှာ တက်ဖူးတယ်၊ အဲဒါကြောင့် သိနေတာပေါ့၊ လှည်းကူးနဲ့ ပဲခူး ဘာဝေးတာ





လိုက်လို့.... ခုတော့ သူတို့သားအမိက ရန်ကုန်ပြောင်းသွားပြီထင်ပါရဲ့....'

'ချစ်စရာလေးနော်....'

'အင်း.... ဖြစ်ရပြန်ပြီ....'

'အလကားပါကွာ.... ဒီကောင် အဖြစ်ရှိတဲ့ကောင် မဟုတ်ပါဘူး....'

မျိုးကိုက မင်းရှင်ကို ချီးမွမ်းစကား ဆိုလေသည်။ ခုထိ ရည်းစား မထားဖူးတာနဲ့ဘဲ.... အဖြစ်မရှိတဲ့ကောင် ဖြစ်ရရောတဲ့လား....၊ ရင်ထဲ အောင့်သက်သက် ဖြစ်ချင်သည်။ အမှန်တော့.... ရှိုးသားတာပါ.... ဟု ကိုယ့်ကိုယ်ကို မဲတင်း အာမှတ်ပေးမိ၏။ မင်းရှင်က မိန်းကလေးများကို စကားပြောဖို့ ကြောက်သလိုလို.... ရှက်သလိုလို ဖြစ်တတ်သည်။ သူ့အားနည်းချက်ကို မျိုးကိုတို့က ဟားနေကျ လှောင်နေကျ....

ပြီးတော့.... မချင့်မရဲ ပြောနေကျ....

'ငါ သဘောကျတယ်ကွ....'

'သဘောကျရင် လှုပ်ရှားလေ.... လွယ်လွယ်လေးပဲ....'

မျိုးကိုက ဒူးလှုပ်ရင်း ဆရာကြီးအိုက်တင်ဖြင့် ပြောသည်။ ကိုအေးစိုးကတော့ တစ်ခွန်းမှ ဝင်မပြောဘဲ.... သူတို့ သုံးယောက်ကို အကဲခတ်နေ၏။ သန်းဆောင်က မျက်နှာရှုံ့မဲ့ပြလျက်....

'ဒီကောင်လား.... သတ္တိရှိရင် ဇက်ဖြတ်ခံတယ်....'

'ဘာသတ္တိလဲ....'

မင်းရင် အူကြောင်ကြောင် ပြန်မေးမိသည်။

'ကောင်မလေးတွေအနား ကပ်ရဲတဲ့ သတ္တိလေ...'

'ငါ သဘောကျရင်တော့ ဘာမကပ်ရဲစရာ ရှိသလဲကွ...'

'တော်စမ်းပါ.... ပျော့ကောင်၊ စတိုးဆိုင်က စန္ဒာကို မင်း ရှိတ်နေတာ မဟုတ်လား.... ကြာပဲကြာလှပြီ...၊ လျှောက်ပြန်သံပေးနိုး....'

'အဲဒါက လှလို့ သွားကြည့်တာပါကွာ....၊ တကယ် မငြိပါဘူး....'

'တော်ပါတော့ မင်းရင်ရာ.... မင်းပြောလိုက်ရင် လေကြီး ဖင်ကျယ်....'

သန်းဆောင်စကားကြောင့် ရင်ထဲက အောင့်သက်သက် ဝေဒနာ ပိုလာသည်။ သူတို့ကတော့ မိန်းကလေးများနှင့် ပတ်သက်လျှင်.... မင်းရင်ကို ဘယ်တော့မှ အထင်ကြီးပွဲ စဉ်းစားရဟန် မတူ။

ဘာသိဘာသာ မေ့ထားသည့် ကိစ္စ.... ခုလို ကလိစကား ရိစကားတွေ ကြားရတော့ စိတ်ထဲတစ်မျိုး ဖြစ်လာသည်။

'ငါ....ဒီကောင်မလေးကို သဘောကျတယ်'

မျိုးကိုက ဟွန့်ခနဲ ရယ်သည်။

'ဟုတ်မှလည်း လုပ် မင်းရင်.... ကောင်မလေးက ဂျူဒို လည်း ကောင်းကောင်းတတ်တယ်....'

'ကိစ္စမရှိပါဘူးကွာ'

'မင်း ဖြစ်တယ်ပေါ့'

'ဖြစ်အောင် ကြိုးစားရင်ဖြစ်မှာပေါ့ကွ....'





'ဒီမှာ....မင်းရင်....'

သန်းဆောင်က တစ်ဖက်မှ ခေါ်သည်။ ဘာလဲဟု လှည့် အကြည့်....

'ကောင်မလေးနဲ့ မင်းဘော်ဒါ ဖြစ်သွားရင် ဟိုဘက် ရက်စတော့ရင့်က.... ဝမ်းတေဘဲလ်....'

'ဘီယာ အဝတိုက်ကြေးလား'

'မင်း စိတ်ကြိုက်ကွာ...မင်း စိတ်ကြိုက်....'

'အေးပါ.... မင်းတို့စကား မင်းတို့ မမေ့နဲ့....'

'အိုကေ'

လက်ဖျောက် တစ်ချက်တီးရင်း သန်းဆောင်က ရှိခနဲ လေချွန်လိုက်သည်။

'မင်း ရှုံးရင်....'

ဟု မျက်နှာအမူအရာဖြင့် မေး၏။

'ရုပ်ရှင် တစ်ပွဲ ပြမယ်'

'ဒါတော့ ဘယ်ရမလဲကွ'

'ထားလိုက်စမ်းပါ မျိုးကိုရာ....၊ ဒီကောင် အသေအချာ နိုးမှာပါ....၊ ဒီလောက်နဲ့ ကျေနပ်လိုက်ပါ.... ဒီထက် ပိုပြီး တော့လည်း သူတတ်နိုင်မှာ မဟုတ်ဘူး'

ရယ်သံတွေက အတန်ငယ် ကျယ်လောင်သွားသည်။ အပျော်စကားဝိုင်းကို အရှိန်ပြန်သတ်ရင်းစကားတွေ ဦးတည် ရာမဲ့သွားပြန်၏။ အချိန်အတော်အတန်ကြာသွားမှ သတိရ ပြီး....

'အဲဒီ ကောင်မလေးနာမည်က ဘယ်သူတဲ့လဲ....'

ဟု ထပ်မေးဖြစ်၏။

'သိပ်တော့ မမှတ်မိတော့ပါဘူးကွာ.... ဖြူဖွေး.... ဆိုလား....'

နောက်တော့ သူ့ အာရုံနှင့်သူ စကားဝိုင်းမှာ အကြောင်းအရာတွေ ပြောင်းလဲသွားပြန်သည်။ သန်းဆောင်နှင့် မျိုးကိုသည် ခုတော့လည်း သူတို့ ဘာမှမပြောမဆိုခဲ့ကြသလို ပြီး သမျှကို အလွယ်တကူ မေ့ပျောက်ပြီး ဘောလုံးပွဲအကြော စကားဆက်ကြပြန်လေ၏။

(ဒီမှာ....လှယမင်း လေ....)

မျက်လုံးဝိုင်းတစ်စုံနှင့် ချစ်စရာကောင်းသော အသံ မိန်းကလေးကို သတိရနေတတ်သူ ဟူ၍ မင်းရင် တစ်ယော သာ ရှိတော့သည်။

❋

ရွှေဝါရောင် ကြောင်မလေးသည် အမြီးကုပ်လျက် သူ ၏ ပေါင်ပေါ်တက်လာပြီး ဝပ်နေသည်။ စာအုပ်ဖတ် တုန်းမို့ သူမရုတ်တရက်တော့ လန့်ဖျပ်သွား၏။ ခပ်ထ အမွှေးကလေးများကို ပွတ်သပ်ပေးလိုက်သော အ





ညောင်ခနဲ တစ်ချက်မြည်လျက် သူမပေါင်ပေါ်မှာ ဇိမ်ခံနေ တော့သည်။ ဖြူလည်း စာအုပ်ထဲမှာ ပြန်ပြီးအာရုံနှစ်မြုပ် သွားပြန်၏။ စာအုပ်ကလည်း တကယ့်ကို စိတ်ဝင်စားလောက် သော ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်တပ်များ ပြင်သစ် ပြည် နော်မန်ဒီကမ်းခြေသို့ တက်ရောက်သိမ်းပိုက်သော ကမ်း တက်တိုက်ပွဲ ဒီဒေး အကြောင်း....။ သည်စာအုပ်က ဖြူလေး ဖေဖေ စုဆောင်းထားခဲ့သော အဖိုးတန် စာအုပ်များထဲမှ တစ်အုပ်ဖြစ်သည်။

'ဖြူလေး....'

'ရှင်....မေမေ'

'ရေချိုး....ပြင်ဆင်တော့လေ....'

'ဘာလုပ်ဖို့တုန်း မေမေရဲ့၊ဒီနေ့ ဘယ်မှလည်း သွားစရာ မရှိဘဲနဲ့'

အခန်းဝမှာရပ်လျက် မေမေက သူမကို မျက်မှောင်ကြုတ် ကြည့်နေသည်။ အလိုမကျတတ်သည့် မျက်လုံးတွေ....။ သည် အကြည့်ကို သူမမွေးကတည်းက ရင်းနှီးခဲ့ရပြီး ဖြစ်သည်။ ရုပ်ချောချောလှ ကြည့်ချင်စရာ ကောင်းလောက်အောင်ပဲ မေမေသည် သူတစ် ဖက်သားအပေါ် ဩဇာလွှမ်းနိုင်သော အစွမ်းသတ္တိရှိ၏။ အလွှမ်းမိုးခံရသူသည် ကျေနပ်သည်ပဲ ဖြစ်စေ.... မကျေနပ် သည်ပဲဖြစ်စေ...မေမေ့ကို တွန်းလှန်ကျော်လွှားသွားဖို့ မတတ် နိုင်သည်ကတော့ အမှန်ပင်....။ မေမေ ကိုယ်တိုင်ကလည်း နှုတ်ဖျားမှ စကားတစ်ခွန်းဆိုတစ်ခွန်း တည်တံ့စေမှ သဘော ကျတတ်သည်။ ထို့ကြောင့်ပဲ ဖေဖေနှင့် မေမေသည် ကြီးကြီး

ကျယ်ကျယ် ရန်ဖြစ်... သဘောထား ကွဲလွဲသည်ဟု အများ မသိလိုက်ဘဲ ကွဲကွာသွားကြသည်လည်း ဖြစ်မည်။

'ဒီနေ့... အင်တာဗျူးသမားတွေ လာကြမယ်လေ... သမီးရဲ့'

'ဟာ...'

'ဘယ့်နှယ် ဟာ...ရမြန်တာတုံး...'

'တစ်နေ့တာလေ အေးအေးဆေးဆေး နားရမယ် မရှိဘူး မေမေကလည်း... အလုပ်ကိုရှုပ်နေတာပဲ'

'အမယ်လေး... သမီးရယ်... နောက်ဆို နားဖို့အချိန် တွေ အများကြီးပါ'

ဖြူ မေမေ့ကို စိတ်ပျက်လက်ပျက် ကြည့်လိုက်မိတော့ သည်။မေမေက သူမကို အရုပ်ကလေးတစ်ရုပ်လိုပင် သဘော ထားနေလေရော့သလား မသိ၊ ငယ်စဉ်ကတည်းကပင် ဖြူ သည် မေမေ ဆင်သော အဝတ်ကိုသာ ဝတ်ရသည်။ မေမေ စီစဉ်ပေးသော အစားကိုသာ စားရသည်။ မေမေ ရေး ပေးသော အချိန်ဇယားအတိုင်း စာကျက်ရသည်။ မေမေ ခွင့်ပြုသည့် အရပ်မှာသာ ကစားရသည်။ ဘာကို လိုချင်မှန်း မသိသည့် ကလေးဘဝမှာပင် ဖြူသည် တစ်ခါတစ်ရံ မေမေ စည်းစနစ်များကြား စိတ်ကျဉ်းကျပ်ရသည်။ မေမေက အ ကို စနစ်တကျ ပြုစုပျိုးထောင်သည်ဟု ဆိုရမည်ထက် ဖြူ ဘဝကို သူမ စိတ်တိုင်းကျဖြစ်စေရအောင် ပုံသွင်းနေခြင်း ဆိုလျှင် ပို၍ သေချာလိမ့်မည်။ ဖြူသည် ဖြူလေး ဟူသော ခန္ဓာကိုယ်နှင့် ဒေါ်နွယ်နီ ဟူသော စိတ်ခေတ် အတူတွဲလျ





ဖြစ်တည်သော လူသားတစ်ယောက်ဖြစ်ဖို့ မေမေသည် ဖြူ ငယ်စဉ်ကတည်းက... လုံ့လပြု ကြိုးပမ်းခဲ့ခြင်းကို ခုချိန်မှာ စိတ်ပျက် ငြီးငွေ့စပြုနေပြီ...။

'သူတို့က ဘာတွေမေးပြီး သမီးက ဘာတွေ ဖြေရ မှာလဲ'

'သမီးနေ့တိုင်း ပြောနေကျစကားတွေပဲပေါ့ သမီးရယ်'

'ချစ်သူ တွေ့ပြီလား... ဘယ့်လိုအိမ်ထောင်ဖက်မျိုး ရွေး မှာလဲ... ဘယ်လိုလေ့ကျင့်ခန်းတွေ လုပ်သလဲ... အနုပညာဆို တာကို ဘယ်လို သဘောပေါက်သလဲ... ဒါတွေပဲ...စိတ်ညစ် ရောပါ မေမေရာ'

'ဒါများ...အပန်းတကြီး သမီးရယ်...'

'ပင်ပန်းတာပေါ့ မေမေ၊ သမီး လူတွေနဲ့ စကားမပြော ချင်ဘူး...'

မေမေက ရင်ဘတ်ဖိလျက်... အမလေး ဟု သည်။

လူ့အသိုက်အဝန်းထဲနေတာ လူတွေနဲ့ စကားမပြောလို့ ဘာတွေနဲ့ စကားပြောရမှာလဲ သမီးရဲ့'

'ပူစီနဲ့ပဲ စကားပြောမယ်'

'သမီး...သမီးအသက် ဆယ့်ရှစ်နှစ် ရှိပြီ၊ ကလေးမဆန် ချင်စမ်းပါနဲ့ သမီးရယ်၊ ဘဝမှာ အခွင့်အရေး ဆိုတာ နှစ်ခါပြန်ရဖို့ မလွယ်ဘူး သမီး...'

သွားပြီ... မေမေ့ဩဝါဒတွေကို ဖြူ အလွတ်ပင် ရနေ ပြီ။ စီးရီးတစ်ခွေစာကို... အခါမလပ် နားထောင်နေရ သလိုပင် ဖြူ ဖျင်းရိနေတတ်ပြီ...။ တကယ်တော့ မောင်နှမ

သားချင်း အရင်းအချာလည်း မရှိသော.... ဖခင်လည်း အနားမှာ မရှိသော ဘဝမှာ.... မေမေ့ကိုသာ ဖြူ အတွယ်တာဆုံး ဖြစ်သည်။ မေ့မေသည် ဖြူ့ဘဝအတွက် အရေးပါဆုံးသော လူသားတစ်ဦးဖြစ်သည်။ မေမေက လွှဲပြီးသော အခါ.... ဘိုးဘိုး။ သည်နှစ်ဦးမှလွဲပြီး ဖြူ့ဘဝမှာ သံယောဇဉ်ကြိုးဟူသည် ရှားပါးလွန်းသည်။ သည်တော့လည်း မေမေ့စိတ်တိုင်းကျအားလုံးကဖြည့်ဆည်းဖို့ ငယ်စဉ်ကပင် ဖြူအကျင့်ပါနေခဲ့ပြီ။ မေမေ ထားရာမှာနေ.... မေမေ စေရာကိုသွား.... မေ့မေခိုင်းသမျှ တစ်သဝေမတိမ်းနားထောင်.... သည်ကိစ္စမှလွဲပြီး နောက်ထပ် ပြုဖွယ်အမှုလည်း ဖြူ့ဘဝမှာ မရှိချေ။ တစ်ခါတလေတော့လည်း အချိန်ဇယားနှင့် အသက်ရှင်ရသောဘဝကို ဖြူ အတော်ကြီး စိတ်ပျက်လာသည်။

ဖေဖေသာ ရှိလျှင်တော့ ဖြူ့ဘဝက တစ်မျိုးဖြစ်လိမ့်မည်။ ဖေဖေက မေမေ့ထက် အသက်လေးနှစ်ကြီးပြီး အလွန်တရာမှ ငြိမ်းချမ်းသော.... စကားနည်း အေးဆေးသော.... အလွန်တရာမှလည်း ပညာဗဟုသုတ ကြွယ်ဝသော လူသားတစ်ယောက်ဟု.... ဖြူသည် ဖေဖေ့ကို အထင်ကြီးကိုးကွယ်တတ်၏။ ဖေဖေဖတ်လေ့ရှိသော စာအုပ်များသည် အများအားဖြင့် လောကနှင့် လူ့ပတ်ဝန်းကျင် အကြောင်းကို အနက်ရှိုင်းဆုံး လေ့လာတတ်သော.... ဖော်ပြတတ်သော စာအုပ်များသာ ဖြစ်သည်။ ဖေဖေ စာအုပ်ဖတ်နေချိန်ဆိုလျှင် ဖြူသည်ဖေဖေ့အနားမှာ အိပ်လျက်ဖြစ်စေ.... ဖေဖေ့ရင်ခွင်မှာ မှီလျက်ဖြစ်စေ.... ထိုစာအုပ်အကြောင်း ဖေဖေပြောပြမည့်





ချိန်ကိုသာ စောင့်နေတတ်၏။ ဖေဖေသည် ယောက္ခမသော ဘိုးဘိုးကိုလည်း အတော်ချစ်ခင်၏။ ခရီးဝေးသွားဖို့ စိတ်မပါသော မေမေ့ကို ထားခဲ့ပြီးလျှင် သားအဖ နှစ်ယောက် အဘိုး၏ ကျွဲကောခြံထဲ သွားလည်ရသည့် အချိန်များက ဖြူ့ဘဝမှာ အပျော်ရွှင်ဆုံး ကာလများပင် ဖြစ်သည်။

ဖြူ့အတွက် ဖေဖေနှင့်အဘိုးသည် ရိုးသားပြီး ချစ်စရာကောင်းသူများဖြစ်သည်။ ဉာဏ်အမြော်အမြင်ကြီးသလောက် ငြိမ်းချမ်းသူများလည်း ဖြစ်သည်။ မေမေ့ကို ဖြူ ချစ်သော်လည်း ရိုးသားသည်ဟုတော့ မပြောချင်....။ မေမေသည် မာနဇော ပြင်းထန်သော မာနကြီးသူ တစ်ယောက်သာ ဖြစ်၏။

'သမီး....အဲ့ဒီစာအုပ်ကို ချထားလိုက်တော့'

'ဟုတ်ကဲ့ပါ မေမေရဲ့'

စာအုပ်ကို ချပြီး.... ပူစီကို ဖျတ်ခနဲ ရိုက်လိုက်တော့ ကောင်ကလေးကလန့်ပြီး မျက်လုံးစိုင်းများဖြင့် ကြည့်လျက် ထွက်သွားတော့သည်။

'ရေချိုး.... ပြီးရင်.... မေမေ မိတ်ကပ်လိမ်းပေးမယ်....'

'မေမေ... မနက်ဖြန် ဘိုး ခြံထဲ သွားလည်ရအောင်နော်....'

....'

'ဒီလောက်ပူတာ သမီးရယ်၊ ပြီးတော့ ဖုန် တထောင်းထောင်းနဲ့....'

'ဟာ...မေမေကလည်း၊ မေမေပဲ မြင်းစီးကျင့်ရမယ်ဆို.... သမီး ဘိုးဘိုးဆီ မရောက်လို့ မြင်း မစီးဖြစ်တာလည်း ကြာနေပြီ မေမေရဲ့'

သည်တော့မှ မေမေ တွေတွေငေးငေးဖြင့်....

'စဉ်းစားကြသေးတာပေါ့ သမီးရယ်....'

ဟု လေသံတိုးတိုး ပြောသည်။ တကယ်တော့ သိပ်ဝေးလွန်းသည့် ခရီးလည်း မဟုတ်ပါဘဲလျက် ဘိုးဘိုးထံ မရောက်ဖြစ်တာ အတော်ကြာနေပြီ၊ ဘိုးကတော့ မြေးနှင့်သမီးကို မျှော်လှရော့မည်။ မေမေက တစ်ခါတစ်ခါတော့လည်း တစ်မျိုး....။ သူမ အာရုံစူးစိုက်ရာ အလုပ်တွေကိုသာ တစ်ယောက်တည်း လုပ်နေစဉ်မှာ ဘယ်သူ့ကိုမှ သတိမရလတ်....။ သမီးဖြစ်သူကိုပင် မေ့ကောင်းမေ့နေနိုင်သည်ဟု မေမေ ကိုယ်တိုင်က ပြောဖူးသည်။ သည်တော့လည်း မေမေ့သဘောသဘာဝကို သိနေသူအဖြစ် မေမေ့အာရုံစူးစိုက်မှုကို ဖျက်ဆီးပစ်ဖို့ ဖြူ လုံးဝ စိတ်မကူးမိ....။ သို့ပေမယ့် အဲသည် အာရုံစူးစိုက်မှုတွေထဲ သူမ ပါဝင်နေတာကတော့ ဆိုးလှသည်။

မေမေက ဖြူ ဖတ်လက်စ စာအုပ်အဖုံးကို ဆွဲယူကြည့်ရင်း....

'မိန်းကလေးဖြစ်ပြီး ဒီလိုစာအုပ်မျိုးတွေမှ ကြိုက်တတ်ရတယ်လို့ ဖြူလေးရယ်.... တခြားစာအုပ်တွေလည်း အများကြီး ရှိနေလျက်နဲ့'



ဟု ညည်းတွားရေရွတ်လေသည်။ မိန်းကလေး ဝိသမှုကိုတော့ မေမေက.... ဖြူ ငယ်စဉ်ကာလမှာပင် အဆက်မပြတ်သွန်သင်၏။ မေမေက... မြင်းစီးနှင့် လေသေနတ်ပစ်....၊ ...ကစားနည်းများကို ဖြူ အတော်ငယ်ငယ်ကတည်းက အခြေခံအဆင့် သင်ကြား ပြောပြထားခဲ့သည်။ သည်တော့ အဖေနှင့် မေမေ မကြာခဏ ရန်ဖြစ်ကြသည်။ မေမေကတော့ ကိုယ်ကာယ လေ့ကျင့်ခန်းများ ပြုလုပ်ဖို့ အတွက် ခြောက်တန်းနှစ်ကတည်းက ဖြူ့ကို ပုံခံသွင်းခဲ့သည်။ ခုဆိုရင် ငါးပေ ခြောက်လက်မ အရပ်နှင့် ခန္ဓာကိုယ် အချိုးအစားလည်း အတော်အသင့် လှပသော ဖြူသည် တကယ့်ကို အမျိုးသမီးကြီး တစ်ယောက်လို ဖွံ့ဖြိုးထွားကြိုင်းနေပြီ။

'ဟို စာအုပ်တွေမှ သမီးကြိုက်တာ'

'ဒါပဲ.... ပြောလိုက်ရင်....'

'မေမေ ဖတ်ကြည့်စမ်းပါ၊ သိပ်စိတ်ဝင်စားစရာကောင်းတာ မေမေရဲ့၊ သမီးဖြင့် အဲဒီအချိန် မျက်မြင်ကိုယ်တွေ့မြင်ရရင် ဘယ်လောက် ကောင်းမလဲလို့ ခဏခဏ စဉ်းစားတယ်'

'ကဲပါ....ဖြူလေးရယ် သွားပါ ရေချိုးပါတော့....'

စစ်ပွဲများ.... တောလုံးပွဲများကိုသာ စိတ်ဝင်စားတတ်သော သမီးငယ်အတွက်.... မေမေ့ အလှလေ့ကျင့်ခန်းများကတော့ စိတ်ရှုပ်ထွေးစရာပင်....။ ရေကူး.... ကျွမ်းဘား.... ...အားရိုးဇစ်....မြင်းစီး.... စသည့် လေ့ကျင့်ခန်းများကို စိတ်

ဝင်စားလာအောင် မေမေက ဖြူလေးကို စည်းရုံးခဲ့သည်။ မေမေ့အိပ်မက်တွေကို ဖြူက လက်တွေ့ အကောင်အထည် ဖော်ပေးရသည်ဟု ဖြူကိုယ်တိုင် မသိခင်က....။ အပျိုဘော် ဝင်စအရွယ် အလှအပကို ခံမင်နှစ်ခြိုက်ရကောင်းမှန်း သိလာသော်လည်း ဖြူသည် မေမေ့ရည်ရွယ်ချက်ကို မစေ့ငုမိသေး....။ နိုင်ငံခြား အက်ရှင်ကားများသာ ကြည့်တတ်သော သမီးကို မြန်မာ့ရုပ်ရှင်ကို နှစ်ခြိုက်လာအောင် မေမေ ဆွဲဆောင်ခဲ့သော်လည်း ဖြူသည် ခေတ်ဟောင်းမှ ခင်ယုမေ.... တင်တင်မူ.... မောင်တင်မောင်.... အစရှိသည့် သရုပ်ဆောင်ဟောင်းများကိုတော့ သဘောကျပြီး ခေတ်ပေါ် ဗွီဒီယို ရုပ်ရှင်များကို သဘောမကျတတ်ပြန်ချေ။ ထို့ကြောင့်.... မေမေက ဖြူလေးကို....

'ဘယ်လို ကောင်မလေးမှန်း မသိဘူး'

ဟု မှတ်ချက်ချခဲ့ခြင်း ဖြစ်သည်၊ ဒုလည်း ဖြူ ရေချိုးရင်း (100 Rifles) ဇာတ်ကားမှ မင်းသမီး ရေကူးယ်ဝတ်ချက်ကို သတိရနေပြန်သည်။

'ဖြူလေးရေ....မြန်မြန်....'

ရေကျသံကို ကျော်ပြီး လွှမ်းသော မေမေ့အသံကြောင့် သူမ ရုတ်တရက် လန့်ဖျပ်သွားရသည်။ မကြာခင် ဆိုလျှင်ပဲ ကတတ်သီးကတ်သတ် မေးခွန်းများဖြင့် သူမကို စိတ်ကျဉ်းကျပ်စေမည့်သူများ ရောက်လာတော့မည်။ သည်အခြေမျိုး ရောက်လာဖို့ မေမေ့ကို ဘာကြောင့်များ အလွယ်တကူ လိုက်လျောမိသည်ဆိုတာ ဖြူ စဉ်းစား မရ....။ အကယ်၍



သာ ဖေဖေများ ရှိခဲ့လျှင်တော့ ဖေဖေက ဖြူ့ကို မင်းသမီး တစ်ယောက် ဖြစ်လာဖို့ ခွင့်ပြုလိမ့်မည် မထင်ပါ။

ရေချိုးခန်းထဲမှ ထွက်လာပြီး မှန်တင်ခုံရှေ့မှာ ထိုင်သည်။ ခေါင်းလျှော်ပြီးစ ဆံပင်ရေစိုကို မျက်နှာသုတ် ပဝါဖြင့် သုတ်လျက် မှန်ထဲမှ အရိပ်ကို ပြန်ငေးမိ၏။ တကယ်တော့ ဖြူ အမုန်းဆုံးအလုပ်သည် မှန်ရှေ့ထိုင်ပြီး အလှပြင်ရခြင်း အလုပ်ပင်....

သည် အလုပ်ကို တမင်သက်သက် အချိန်ဖြုန်းခြင်းဟု သာ ဖြူက နားလည်သည်။ သို့ပေမယ့် ဖြူမုန်းတီးသော အလုပ်ကိုသာ ဖြူတစ်သက်လုံး လုပ်ရမည်တဲ့....။

ဖြူ့အတွက် ကျိန်စာဆိုး တစ်ခုများလားကွယ်....။

✻

ကင်မရာမီး၏ ဟာဖျပ်ဖျပ် အလင်းရောင်အောက်မှာ ဖြူ တက်ခမ်းစေ့လျက် ပြုံးနေရ၏။ တကယ်တမ်း အမေးအဖြေ အားလုံးကို ဦးဆောင်သူကတော့ မေမေပဲဖြစ်သည်။ ဖြူသည် သာဝါဒကိုကို ချိုးဖောက်နေရသော စကားများအတွက် ကိုယ့်ဘာသာ စိတ်မလုံမလဲဖြစ်၍နေသည်။

'သမီးက အနုပညာကို သိပ်ဝါသနာကြီးတာ.... ငယ်ငယ်ကတည်းကပေါ့၊ အိမ်မှာ ဆိုလိုက် က,လိုက်နဲ့ပဲ.... ဒါနဲ့ မမလည်း သမီးကို ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်အောင် မြေတောင်မြှောက်မယ်လို့ ဆုံးဖြတ်ခဲ့တာပဲ'

'ဟုတ်ပါတယ်ရှင်၊ သမီးရဲ့ရည်ရွယ်ချက်တွေ အားလုံးကို မေမေက အကောင်အထည် ဖော်ပေးခဲ့တာပါ'

မီးရောင်တစ်ချက်အလက်.... မေမေ့မျက်နှာသည် သကာလောင်းထားသလို ချိုချိုရွှင်ရွှင်ရှိ၏။ တကယ်တမ်းမှာတော့ ဖျက်ဆီးပစ်ခဲ့တာ။ ဖြူ တကယ်ဖြစ်ချင်တာက ဂျူဒို လက်ရွေးစင် အားကစားသမားတစ်ယောက်။ ပြီးတော့ ပန်းချီဆရာမတစ်ယောက်။ ခုတော့ မေမေ့သဘောကျ ကြိုးစားရမည်က အောင်မြင်ကျော်ကြားသည့် အမျိုးသမီးသရုပ်ဆောင်တစ်ယောက်ဖြစ်ဖို့....။ ရုပ်ရှင်မင်းသမီးတစ်ယောက်ဖြစ်ဖို့....။

'သမီး....အောင်မြင်တဲ့ မင်းသမီးတစ်ယောက် ဖြစ်လာဖို့ ဘယ်လိုတွေ ကြိုးစား ပြင်ဆင်ထားသလဲ'

'နိုင်ငံခြားမြန်မာ ဗွီဒီယိုရုပ်ရှင်တွေ ကြည့်ပါတယ်၊ တစ်ယောက်တည်းလည်း လေ့ကျင့်ပါတယ်၊ နောက်ပြီး အားကစား လေ့ကျင့်ခန်း၊ မြင်းစီး၊ ရေကူး.... အဲဒါတွေလည်း လေ့ကျင့်ထားပါတယ်'

'ခုလောလောဆယ် ပြကွက်ဒိန် ထွက်ပြီးသွားပြီနော်'

'ဟုတ်ကဲ့ရှင့်'

'ကြော်ငြာကတ္တမှာလည်း တွေ့ လိုက် ပါ သေး တယ်၊ အလားအလာရှိတဲ့ သရုပ်ဆောင် တစ်ယောက်ပါ'



'ကျေးဇူးတင်ပါတယ်ဦး'

'လောလောဆယ် ဗွီဒီယို၊ ရုပ်ရှင် ဘာအစီအစဉ် ရှိပါသလဲ'

'ဗွီဒီယိုနှစ်ကား လက်ခံထားပါတယ်၊ တစ်ကားက မင်းသမီး နှစ်လက်ပါ'

'သမီးက အယ်တန်းအောင်ပြီး တက္ကသိုလ် တက်တော့မယ်နော်....'

'ဟုတ်ကဲ့ရှင်'

'ကျောင်းမှာ အဖော်တွေ ဘာတွေရနေပြီလား'

'သမီးက ငယ်လွန်းပါသေးတယ်၊ ရည်မှန်းချက်ကြီးတဲ့သူ့အတွက် အိမ်ထောင်ရေးက အနှောင့်အယှက်ပဲ မဟုတ်လား'

မေမေ့ဝင်ပြီး ဖြေလိုက်လို့သာ၊ သည်လို အမေးမျိုးကိုတော့ ဖြူ နည်းနည်းမှ စိတ်မရှည်ချင်ပါ....။ ဘယ်နှယ်.... ကိုယ်ရေးကိုယ်တာလေးမှ လျှို့လျှို့ဝှက်ဝှက် မရှိရ။

'ခုလို တွေ့ဆုံခွင့်ရတဲ့အတွက် မေးသမျှကိုလည်း စိတ်ရှည်လက်ရှည် ဖြေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်'

ဤသော စကားကို ကြားရတော့မှ စိတ်ထဲမှာ တင်းထားသမျှ လျော့ကျပြီး ပျော်ရွှင်သွားရတော့သည်။ သည့်နောက်မှာတော့ မေမေ့ဖြည့်စွက်စကားတွေ၊ အသောတွေ၊ ဘယ်စကားတွေကို ခေါင်းညိတ်နားထောင်ရင်း ရွှန်းရွှန်းသော မြှောက်ပင့်စကားတွေဆိုရင်း ကော်ဖီ၊ မုန့်များစားသောက်လျက် ဧည့်သည်များ ပြန်သွားကြသောအခါမှ

အိပ်ခန်းထဲဝင် မြန်မြန်မျက်နှာသစ်ပစ်ပြီး ဖတ်လက်စစာအုပ်ကို ပြန်ကိုင်ရတော့သည်။

စာအုပ်ထဲမှ ဖိုးမာရှယ်၊ ရှိမဲလ်၊ ဂျင်နရယ်၊ ကိုတာ.... စသည့် ဇာတ်ကောင်များထဲမှ သူမ ခွာထွက်မရခင် မေမေ အခန်းထဲ ရောက်လာပြန်သည်။

'ဒီစာအုပ်ကြီး ပြန်ကိုင်နေပြန်ပြီ၊ သမီး....ဒီစာအုပ် ဖတ်မယ့်အစား ကိုယ့်အလုပ်နဲ့ သက်ဆိုင်မယ့် စာအုပ်တွေ ရွေးဖတ်ပါလားကွယ်'

'သမီးအလုပ်....၊ သမီးအလုပ်က ဘာလဲမေမေ၊ သူများတွေ မေးသမျှ မေးခွန်းတွေဖြေ၊ သူများတွေကြည့်ဖို့ ဟန်အမူအရာတွေ လုပ်ပြ၊ သိပ်လှတာပဲလို့ ချီးမွမ်းရင် သဘောကျ၊ ဒါ....သမီးအလုပ်လား'

'ဒီအလုပ်က လူတိုင်းလုပ်ချင်ကြတာမဟုတ်လား သမီးရဲ့၊ အောင်မြင် ကျော်ကြားမှုဆိုတာ လူတိုင်းလိုချင်တဲ့ ဆုတစ်ခုပဲမဟုတ်လား.... သမီးလည်း လိုချင်ရမှာပေါ့'

'သမီး....မလိုချင်ဘူး မေမေ'

'အမလေး သမီးရယ်.... သမီး မဖြစ်သေးလို့ပါ....၊ သမီးတကယ်အောင်မြင်လာတဲ့အခါ.... အဲဒီ အောင်မြင်မှု၊ ကျော်ကြားမှုဆိုတာကို သမီး ပိုပြီး....ပိုပြီး လိုချင်လာလိမ့်မယ်..... မေမေပြောတာ မယုံရင် စောင့်ကြည့်'

'ဟင့်အင်း....သမီး မလိုချင်ဘူးမေမေ'

'ဘာကိုလဲ သမီးရဲ့'





'ကျော်ကြားမှု ဆိုတာကိုပေါ့၊ ငြိမ်းချမ်းတဲ့ အောင်မြင်မှုဆိုတာကိုတော့ သမီး လိုချင်ပါတယ်၊ ကျော်ကြားမှုကတော့ စိတ်ကျဉ်းကျပ်စရာ ကောင်းတယ်.... နောက်ပြီး.... သမီးမှ အဲဒီအလုပ်ကို ဝါသနာမပါတာ မေမေရယ်.... သမီးဝါသနာ ပါတာက....'

'တော်တော့...ဖြူလေး'

မေမေ့မျက်နှာ ချက်ချင်းတင်းမာဟန်ပြသည်။ မေမေက မိဘဟူသော အရှိန်အဝါဖြင့် သူမကို အတင်းအကျပ်ချုပ်ကိုင်ချင်ပုံရ၏။ အောင်မြင်စေချင်သော စေတနာလည်းပါဝင်နေမည်။ ပြီးတော့ တစ်ချိန်က မေမေ လိုချင် ဖြစ်ချင်ခဲ့သမျှကို ဖြူ့ထံမှ မရ အရ ကြိုးစားယူမည်ဟူသော ရည်ရွယ်ချက်လည်း ရှိပုံရ၏။

'ညည်းက အဖေ့သမီးပဲ....'

ဟု မေမေ အခေါ်တူးပြီး ပြောတော့ သူမ စိတ်ဆင်းရဲရသည်။ ဖြူသွယ်သည် ဖေဖေနှင့် မေမေ့သမီး အကယ် စင်စစ် ဖြစ်ခဲ့လျက် ခုလို သတ်မှတ်ချက်တစ်ခုဖြင့် မေမေ ဒေါသထွက်ချင်တာကိုတော့ သူမ စဉ်းစားမရနိုင်။ ဖြူသည် မေမေ့ရုပ်ရည်.... ကိုယ်လုံးကိုယ်ပေါက် ဟန်ပန် အမူအရာအားလုံးကို အမွေရခဲ့ပြီး စိတ်ဓာတ်အားဖြင့်တော့ ဖေဖေနှင့် တွတ်စွပ်တူခဲ့သည်ဆိုတာ ငယ်စဉ်ကတည်းက ခန့်မှန်းရနိုင်ပြီး သား၏။

'ငါကတော့ အောင်မြင်စေချင်လို့ ညည်းကို မြေတောင်မြှောက်နေတာ၊ ငါငယ်ငယ်ကဆို မေမေ့ကြောင့် ငါ

ဝါသနာ၊ ရည်ရွယ်ချက်တွေ ဘာတစ်ခုမှ ဖြစ်မလာခဲ့ရဘူး
နောက်ဆုံးတော့ အိမ်ထောင်ကျ၊ ဒီတော့ ပိုဆိုးရော၊ ဒီ
အိမ်ထောင်ဆိုတဲ့ နွံကြီးထဲမှာပဲ နစ်ပြီး ဘဝ တစ်လျှော
လုံးမှာ ငါ့ရဲ့ လွတ်လပ်ခွင့်တွေ ဆုံးရှုံးခဲ့ရတယ်'

'မေမေရယ်.... ဖေဖေက မေမေ့ကို ဘာတွေများ ချု
ကိုင်နေလို့လဲ'

'အေး....ဒါကို ညည်း....ဒီအချိန်မှာ ဘယ်သဘောပေါက်
နိုင်ဦးမလဲ'

ပါးလျော့လျော့ မေမေ့နှုတ်ခမ်း တင်းတင်းစေ့သွားသည်
ဖေဖေ့အပေါ် မေမေ့ မကျေနပ်ချက်တွေ ဖေဖေမရှိတော့
သည့် ကာလတွေမှာ ဖြူလေးပေါ် အရိပ်ထိုးကျလာတာ
စမြဲ။ ဒါ ကို တော့ ဖြူ အ ပြစ် မ တင် ချင် ပါ။ တစ်နိုင်
တစ်ပြည်ခြားလျက် အိမ်ထောင်သစ် ထူထောင်သွားခဲ့သော
ဖေဖေ့ကို မေမေ စိတ်နာဖို့ အကြောင်းပြချက် ခိုင်
သော်လည်း ဖြူကတော့ ဖေဖေ့ကို အပြစ်မတင်ပါ။ ဖေ
နှင့် မေမေ တရားဝင်ကွာရှင်းပြီးမှ ဖေဖေ နိုင်ငံခြားသို့ ထ
သွားခဲ့ခြင်းဖြစ်သည်။ ပြီးတော့ လော်လည်ဖောက်ပြာ
ရည်ရွယ်ချက်မျိုး ရှိခဲ့သည်လည်းမဟုတ်။ နိုင်ငံတော်မှ ရွေး
ချယ် စေလွှတ်သော ပ ညာ သင် သု အ တွက် ဖေ
ဩစတေးလျကို ထွက်သွားခဲ့ခြင်းဖြစ်သည်။ ဒါကို မေမေ
ခုထက်ထိ အပြစ်ဆိုချင်တုန်း။

ဖေဖေ့ကို ကွာရှင်းခွင့် စ တောင်းခဲ့သူမှာ မေမေဖြ
ကြောင်း ဖြူ ယနေ့တိုင်သတိရနေသေးသည်။ သည်တုန်း





ဖြူသည် မိသားစုဘဝလေးပြိုကွဲသွားရသည်ကို သိပင်မသိ
လိုက်ရဘဲ ဖြူနှင်းခနဲ တွေ့ကြုံလိုက်ရတော့မှ အံ့အားသင့် ဝမ်း
နည်းကြေကွဲခံစားမှုမျိုးစုံဖြင့် အိပ်ရာထဲလဲခဲ့သည်။ သို့ပေမယ့်
မေမေက ဖြူ့ကို ထောက်ထားငဲ့ညှာသောအားဖြင့် ဖေဖေ့
ကို ပြန်လည် အရှုံးပေးလိမ့်မည် မဟုတ်တာကိုတော့ ဖြူ သိ
နေပြီဖြစ်သည်။

'တစ်ချိန်ချိန်၊ သမီး အိမ်ထောင်ကျပြီးတဲ့ တစ်ချိန်ချိန်မှာ
တော့ သဘောပေါက်လာပါလိမ့်မယ်၊ ဒါပေမယ့် ဖြူ
မေမေ တင်းတင်းကြပ်ကြပ် တားမြစ်တယ်နော်၊ ယောကျ်ား
လေး အပေါင်းအသင်း မထားရဘူး၊ အနေနီးစပ်လို့ စိတ်
ယိမ်းယိုင်သွားတာမျိုး မေမေ အဖြစ်မခံနိုင်ဘူး၊ သမီး
အောင်မြင်ကျော်ကြားတဲ့ မင်းသမီးတစ်ယောက် ဖြစ်လာရ
မယ့်လမ်းမှာ အဲဒါတွေက အနှောင့်အယှက်ပဲ သမီးရဲ့'

ဖြူ့မှာ တခြား ရွေးချယ်ခွင့် မရှိတော့ဘူးလား
မေမေ....'

'ဘာလဲ.... ကျောင်းဆရာမလုပ်ပြီး.... တိုင်းပြည်အစွန်
အဖျား ဒေသတွေ သွားနေမယ် ဆိုတဲ့.... ရည်ရွယ်ချက်မျိုး
လား.... မရှုးစမ်းပါနဲ့ ဖြူလေးရယ်၊ ညည်း အဲလိုနေရာတွေ
သွားမနေနိုင်ပါဘူး.... ဘယ်သူမှလဲ မနေချင်ဘူး....'

'မေမေ....'

စိတ်မရှည်နိုင်သည့် မျက်လုံးမျိုးဖြင့်.... မေမေက ဖြူ့ကို
လှည့်ကြည့်သည်။

'ခု လောလောဆယ်တော့ သမီး ဒီစာအုပ်ကို ဆက်ဖတ် လိုက်ဦးမယ်နော်....'

'ဒါပဲ....ပြီးရင် လေ့ကျင့်ခန်းလုပ်ဖို့လည်းမမေ့နဲ့ဦးနော်'

'ဟုတ်ကဲ့ပါ မမေမေရဲ့....'

ဖြူ့ခေါင်းကို ဆတ်ခနဲပုတ်ပြီး မေမေ ထိုင်ရာမှထ, သည်း အထီးကျန်ဆန်လွန်းသည်ဟု ထင်ရသော ကံမ္ဘာ ထဲ မှ တစ်ခါတရံ နွေးထွေး လှိုက်လှဲမှုကတော့ စိတ်ကျေနပ်စရာ အကောင်းသား....။ ခုထိ နုပျိုတောင့်တင်းဆဲ.... စိတ်ဓာတ် တွေ မာကျောနေဆဲဖြစ်သော မေမေ့ထံ ပေးမောရင်းပဲ ဆန်းကျယ်သော လောကကြီး၏ လှဲချော်မှုများကို သတိရ နေမိပြန်သည်။

ဩော်.... မေမေရယ်....

သမီး.... မေမေ့ကို ချစ်ပါတယ်....



[ ၂

မြေလမ်းကလေးတလျှောက် ဖုန် တထောင်းထောင်းထ လျက်မျက်မှန်မှာလည်း ဖုံတွေကပ်တင်နေပြီး ဘာကိုမှ သဲသဲ ကွဲကွဲမမြင်ရတော့။ ကျွဲကော့ခြံတွေအနားတော့ရောက်လာပြီ။ အိမ်ခြေစုစုကိုမမြင်ရ။ ခြံတွေအတွင်းဘက်မှာတော့ လူနေအိမ် ခြေအတော်အဘန်ရှိမည် ထင်ရ၏။ စိတ်ပျက်လက်ပျက်နှင့်ပဲ.... ငှားလာသော ဆိုင်ကယ်အစုတ်ကလေးကို ဆက်မောင်းလာ ရသည်။ ဆိုင်ကယ်စက်သံနှင့် လေတိုးသံကြောင့် နားထဲမှာ ဆူညံနေ၏။ ကျွဲကောခြံများကို လွန်လာသည့် အခါတော့ ရှေ့မှာ ကွင်းပြင်ပြန့်ပြန့်ပြူးပြူးကို မြင်ရသည်။

တပို့တွဲနေရောင်က ပြင်းလွန်းလှပါတိတော့.... ကျွဲကော ခြံများ လွန်သည်နှင့် သစ်ပင်ရိပ် မရှိချင်တော့။ သီဟိုဠ်

ကျဲကောခြံများ ခပ်စိပ်စိပ်ရှိလျှင်တော့ နေရောင်ဟာ သိပ်မသိသာလှဟု ထင်သည်။ ရှေ့မှာ....ဖုန်....နောက်မှာဖုန်.... ကြည့်လေရာ ပတ်ဝန်းကျင်မှာ ဖုန်ငွေ့သာ ပျံ့နှံ့နေတော့သည်။ သည်ကြားထဲ မျက်မှန်လည်း ဖုန်တွေကပ်တင်....

သည်စဉ်မှာပင်.... ရှေ့ဆီမှ ရိပ်ခနဲ လှုပ်ရှားမှုနှင့်အတူ မြင်းဟီသံကို ကြားလိုက်ရ၏။ အတော့်ကို နီးနီးကပ်ကပ် အသံ....။ တဆက်တည်း တစောင်းပြေးလာသော မြင်းကြီး တစ်ကောင်ကိုအမြင်.... ဆိုင်ကယ်လက်ကိုင်ကို ညာဘက်သို့ ယောင်ယမ်းပြီး အားကုန် ဆွဲ လှည့်လိုက် မိတော့သည်။ ဆိုင်ကယ်သွားနှုန်းက မိုင်လေးဆယ်....

ဝေါခနဲ ပွတ်တိုက်ဆွဲသံ....

ဝုန်းခနဲ လဲပြိုသံ....

ကျပြီဟု သိ့သိလိုက်ချင်း ဘာမှမတတ်နိုင်တော့။ မြင်းဟီသံကို ဆက်တိုက်ကြားရသည်။ တစ်စုံတစ်ယောက်၏ အော်သံကိုလည်း ကြားရသည်။ အရှိန်မလျှော့ဘဲ အကွေ့များသွားသည့်အတွက် ဆိုင်ကယ်စလစ်ဖြစ်ပြီး တိမ်းမှောက်သွားခြင်းပင်.... ဒါပေမဲ့ မြေပြင်က ခပ်ကြမ်းကြမ်းမို့ ရှတ်တရက် ထ့မည်အပြုမှာ.... ခြေဆစ် အထက်နားဆီမှ မခံမရပ်နိုင်အောင် နာ ကျင် သွား သည်။ သည်တော့မှ.... ခြေထောက်တစ်ဘက်ပေါ် ဆိုင်ကယ်ပိနေသည်ဆိုတာ သတိထားမိတော့၏။

'ဘာဖြစ်သွားသလဲ ဟင်....'





ခပ်ရှရှ မိန်းကလေးအသံကြောင့် ဖျတ်ခနဲ မော့ကြည့်မိသည်။ မျက်မှန်ပေါ်က ဖုန်တွေကြောင့် သဲသဲကွဲကွဲ မမြင်ရချင်။

'ဟာ.... ခင်ဗျားခြေထောက် ပိနေတာပဲ'

ပြောပြောဆိုဆိုပင် သူမက ဆိုင်ကယ်ကို တစ်ယောက်တည်း မ့ထူဖို့ ကြိုးစားသည်။ ဟွန်ဒါစူပါကပ် အမျိုးအစားမို့ ဆိုင်ကယ်က အတော်ပင် ပေါ့ပါး၏။ လက်နှစ်ဖက်ဖြင့် ကူပြီး ထောက်မပေးလိုက်သည့်အခါ သူမ ဆိုင်ကယ်ကို အလွယ်တကူ ထောင်၍ ရသွား၏။ သည်တော့မှ မျက်မှန်ကိုပွတ်ပြီး မြင်းသည်တော် မိန်းကလေးထံ အကဲခတ်ကြည့်ဖြစ်တော့သည်။

မြင်ဖူးသလိုရှိသားဟု စိတ်ထဲမှ ပြော၍ မဆုံးခင်မှာပင် မှတ်မှတ်ရရဖြစ်ခဲ့ဖူးသော မျက်နှာကလေးတစ်ခုကို ပြန်သတိရလာသည်။ အစိမ်းရောင် မင်းသမီးလေး....

(ဒီမှာ.... လှယမင်းလေ....)

ဟုတ်ပြီ....ဒီအသံပါပဲ....

'ဟော့လူ....ခင်ဗျား မထ့နိုင်တော့ဘူးလား'

'အဲ့....'

ခုမှပင် ခြေထောက်အနာကို သတိရတော့သည်။ ပြင်းပြင်းထန်ထန် နာကျင်နေသည် မဟုတ်ပေမယ့် ခြေထောက်က.... ဆောင့်သလိုလို.... မျက်သလိုလို....။ ကြိုးစားပြီး ထ့ရပ်ကြည့်လိုက်သည်။ လက်နှစ်ဖက်ကို မြေမှာထောက်ပြီး အား

ယူ၏၊ ခြေဆစ်အထက်ဆီမှ အောင့်လျက် ခြေလှမ်းမည်ဟု ခြေချလိုက်တိုင်း နာကျင်သွားသည်။

'နည်းနည်းတော့ နာတယ်ဗျ'

'ခင်ဗျား ဆက်သွားလို့ ဖြစ်ပါ့မလား'

'အင်း....ကြိုးစားကြည့်ဦးမယ်လေ'

ခြေလှမ်းတစ်လှမ်းနှစ်လှမ်း ရွှေ့ကြည့်သည်။ ခြေထောက်က ကျဉ်ခနဲ နေ၏။ ညာခြေဖြစ်သည့်အတွက်.... ဂီယာနင်းဖို့ အခက်အခဲရှိနိုင်သည်။

'ခင်ဗျားက အဘင်းကြီး ဗွတ်ဘော့ချဘာကိုး.... မြင်းနဲ့က အဝေးကြီး ရှိပါသေးတယ်၊ ပြီးတော့ဖြူက မြင်းဇက် ကောင်းကောင်းနိုင်ပါတယ်ဗျ'

'ကျွန်တော့်မျက်မှန်က ဖုန်တွေကပ်ပြီး မှုန်မှိုင်းနေတာကိုးဗျ'

'ဘာဖြစ်နေကြတာလဲ'

ခပ်ဝေးဝေးမှ အော်သံနှင့်အတူ လူရိပ်ကိုပါ မြင်ရသည်။ ခပ်သွက်သွက် လျှောက်လာသည်ကြောင့် ခဏချင်းပင်.... အနားသို့ ရောက်လာ၏။ အသက် ခြောက်ဆယ်ကျော် မျှ လောက်ပြီ ထင်ရသော်လည်း ဆံပင်မဖြူတဘ်သေးသော... ခန္ဓာကိုယ် တောင့်တင်းသော အဘိုးကြီးက....

'သမီး....ဘာဖြစ်တာလဲ'

ဟု မိန်းကလေးကို မေးမြန်းစေ့ငုနေသည်။ မင်းရင်ကတော့ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးဟု ကိုယ်တိုင်လည်း မကြာခဏ ပြောဖြစ်သော စကားကိုသာ သတိရနေမိတော့





သည်။ မထင်မှတ်ဘဲ ကံကြမ္မာက သူမနှင့် ဆုံဆည်းဖို့ မျက်နှာသာပေးလိုက်ဟန် တူသည်။ တကယ်တော့ မင်းရင်၏ ရည်ရွယ်ရင်းက သူမထံမှာမဟုတ်။

ခုတော့... အမှတ်မထင်မှသည်....မှတ်မှတ်ထင်ထင် ဖြစ်လာခဲ့ပြီ။ မိတ်ကပ်....နှုတ်ခမ်းနီရောင် မပါသော သူမ၏ မျက်နှာကလေးသည် ဖန်သားပြင်မှာ မြင်ရသည်ထက် နုဖပ်ပြီး အပြစ်ကင်းဟန်လည်း ရှိ၏။ ချစ်စရာကောင်း၏။ အပေါ်ယံ အုပ်မှုမပါဘဲ ပကတိ ရှင်းသန့်သော သူမ၏ မျက်နှာဟန်ပန်သည် ပို၍ စွဲမက်ဖွယ်ဟု စိတ်ထဲမှာ မှတ်ချက်ချဖြစ်သည်။ ရင်ခုန်ဖူးသော်လည်း ချစ်ခြင်းဟု သေချာ အကျွမ်းတဝင် မသိခဲ့ဖူးသော မင်းရင်သည် သည်မိန်းကလေးကို မြင်တိုင်း ရင်ထဲမှာ လှိုက်လှဲလာတတ်သည်ကို သတိပြုမိနေ၏။

'ဩ....အဲတော့ သူငယ်လေး ဘာဖြစ်သွားသေးလဲ'

'ခြေထောက်နာတယ်လို့ ပြောတာပဲ ဘိုးဘိုး'

'ဟုတ်လားဟေ့....သူငယ်'

'ထောက်လိုက်တိုင်းတော့ နာတယ်ခင်ဗျ'

မေ့လျော့နေသောမြင်းကို မြင်းဟီသံကြားမှ ပြန်သတိရသည်။ မြင်းကြီးသည် အမြီးတယမ်းယမ်း.... ခေါင်းတမော့မော့ဖြင့် ခပ်တောင့်တောင့်ရပ်နေ၏။ အုန်းခွံရောင် အမွေးအမှင်များ နေရောင်အောက်မှာ တောက်ပနေသည်။ သူ့သခင်မက....သူ့နံပါးကို အသာအယာပွတ်လို့....

'ကဲ....ကဲ.... အိမ်ထဲမှာ ခဏနား၊ ဆေးလိမ်းသွားပေါ့ ကွယ်၊ဖြူမတို့ကတော့ ဖြစ်လိုက်မှဖြင့် အရာရာနဲ့ ...အကြောင်း ကြောင်း....'

'ဟင်....ဘိုးဘိုးကလည်း သမီးဖြင့် ဘာမှ မလုပ်တဲ့နဲ့'

'ဟုတ်ပါတယ်၊ ကျွန်တော့်က မမြင်မကန်းနဲ့ ရမ်းကွေ့လိုက်လို့ပါ'

'အကွေ့မှာ အရှိန်လျော့ဖို့ မင်းမေ့သွားတယ် ထင်တယ်'

'ဘယ်သတိရနိုင်ပါ့မလဲ အဘိုးရဲ့၊ ရုတ်တရက် ဆိုသလို ဖြစ်သွားတာကိုး'

'ကဲ....ငါ့ကို တွဲပြီး လိုက်ခဲ့'

'ကျွန်တော့်ဆိုင်ကယ်....

'ငါ့မြေးယူခဲ့ပါ့မယ်ကွာ....ဥစ္စာပျောက်မနေစမ်းပါနဲ့....'

ပြောပြီး....အဘိုးကြီးက တဟားဟား ရယ်လေသည်။ ဆိုင်ကယ် ပျောက်တာကိုပဲ ကျေးဇူးတင်ရမလို စိတ်ထဲမှာ တွေးရင်း ကြည်နူးနေမိ၏။ ကောင်မလေး၏ အဘိုးက သဘောမနောကောင်းပြီး ပျော်တတ်သည့် ရှေးလူကြီး တစ်ယောက် ဖြစ်ဟန်တူသည်၊

'သမီး.... ရှေ့ညီကို ဆောင်းထဲ သိမ်းပြီး ရေတိုက်လိုက်နော်....'

'ဟုတ်ကဲ့....ဘိုးဘိုး'

'ဪ....သူ့ဆိုင်ကယ်ကလေးလည်း အရိပ်ထဲ ရွှေ့ထား ပေးလိုက်ပါဦးကွယ်'

'ဟုတ်ကဲ့....ဘိုးဘိုး'





အဘိုးကြီးက မင်းရင်ကို လက်မောင်းမှတွဲပြီး နေပူကျဲထဲ လျှောက်သွားတော့သည်။

ခပ်လှမ်းလှမ်းမှာတော့ ပျဥ်ထောင်အိမ်တစ်လုံး မြင်ရ၏။

'ဆိုင်ကယ်က ငှားလာတဲ့ဆိုင်ကယ်မို့ပါ အဘိုးရ....'

'ဟုတ်လား....ဘာမှတော့ ဖြစ်ဟန်မတူပါဘူး'

'ဟုတ်ကဲ့....တော်သေးတယ်၊ တန်ဖိုးထက်လတ်ခကြီး ဆိုသလို မဖြစ်လို့'

အဘိုးက.... မင်းရင်ကို ဇဝေဇဝါ မော့ကြည့်လေ၏။ စကားအဓိပ္ပာယ်ကို နားမလည်နိုင်သည့် အကြည့်မျိုး....

'ခု....ကျွန်တော့အမေက ဟိုးဘက်အလွန်ကခြံမှာ ပိုက်ဆံ တောင်းခိုင်းလိုက်တာလေ၊ တော်ကြာ....ရတဲ့ပိုက်ဆံနဲ့ မကာမိဘဲ ဆိုင်ကယ်ပြင်ရရင် ကျွန်တော် အဆူခံနေရမှာ....'

'ဪ....ဪ.... ဒီလိုလား'

ဖြတ်ပြေးသွားသော မြင်းခွာသံကြောင့် လှည့်အကြည့် မြင်းကို အသားတကျ စီးသွားသော.... မိန်းကလေးကို မြင်သည်။ ငယ်စဥ်ကတည်းက ကျွမ်းကျွမ်းဝင်ဝင် ရှိပြီးသား ဖြစ်နေပုံရ၏။ ယောကျ်ားလေးတစ်ယောက်လို စကား ပြောတတ်သော မိန်းကလေးကို စိတ်ထဲမှာ ခဏအတွင်း ရင်းနှီးခင်မင်မိသလို ခံစားရ၏။

ရင်းနှီးသည် ဆိုခြင်းက ပို၍ ဖြူစင်မည် ထင်သည်။

'မသေးပါဘူးကွာ.... အေးအေးဆေးဆေးနား ညနေမှ ပြန်ပေါ့'

'ဟာ.... ဒါတော့မဖြစ်ဘူး အဘိုးရဲ့....'

'ဘာလို့တုန်း....'

'ကျွန်တော် ဒီနေ့ည ဂျူတီ ဝင်ရမှာ'

ကောင်မလေးက မျက်လုံးဝိုင်းဖြင့် လှည့်ကြည့်သည်။

'မှင်းက ဘာအလုပ် လုပ်တုန်း....'

'ကျွန်တော်က ရွှေဝါထွန်းဟိုတယ်မှာ ညွှကြို စာရေး လုပ်တယ် အဘိုး'

'ဟုတ်လား....'

ကောင်မလေးက မြန်မာလိမ်းဆေးပုလင်း ယူလာပြီး လှမ်းပေးသည်။ ဗျဉ်ထောင်အိမ်ဟု ဆိုသော်လည်း ကျယ်ဝန်း ပြီး.... အခန်းဖွဲ့ထားသည်က များများစားစားမရှိ.... ညွှ ခန်းလို အခန်းကျယ်မှာ ပက်လက်ကုလားထိုင် တစ်လုံးနှင့် ကြိမ်ကုလားထိုင် သုံးလေးလုံး ရှိသည်။ ကျွန်းစားပွဲ အဟောင်း တစ်လုံးရှိသည်။ ကြမ်းပြင်ပေါ်မှာ ရေနွေးအိုး နှင့် ပန်းကန်လုံးများရှိသည်။ အိမ်ခန်းနှင့် မီးဖိုဆောင် ကိုတော့ အခန်းဖွဲ့ထားပြီး ကျန်နေရာက အခန်းကျယ် ဖြစ် သည်။ မျက်နှာကြက် မြင့်မြင့် ရှိသည့်အတွက် အပူဒဏ်မှ သက်သာနိုင်၏။

'ကဲ.... ခပ်နာနာသာဖိလိမ်း ကိုယ့်ကိုယ်ကို ညှာမနေနဲ့။ အဲဒါကတော့ ငါတို့ရဲ့ လက်သုံးဆေးပဲ....'

'ဟုတ်ကဲ့ အဘိုး....

---





'ဖြူမရေ.... နွားနို့အိုးကြည့်ဦးနော်.... ကျက်ရင် အဘိုး ...က် ဆားနဲ့.... ညွှသည်အတွက် သကြားနဲ့....'

'သိပါတယ် အဘိုးရ....'

ခပ်ကျယ်ကျယ် ပြောသံနှင့်အတူ ကောင်မလေး၏ သီချင်း ...ည်းသံကို မီးဖိုခန်းဆီမှ ကြားရသည်။ ကောင်မလေးသည် ...ားလပ်ရက်မှာ အဘိုးထံ လာသည်လားမပြောတတ်ချေ....။

'အဘိုးက ခြံစိုက်သလား....'

'အေး.... ကွဲကောခြံပဲကွ.... ခုတော့ သီဟိုဠ်စမ်းကြည့် ...တယ်....'

'ကွဲကောက နှစ်ချုပ်နဲ့ ရောင်းတာလား....'

'ဒါပေါ့ကွ....၊ ငယ်ငယ်ကတော့.... ကိုယ်တိုင်ပဲ၊ တခြား ...တွေကလည်း နှစ်ချုပ်နဲ့သိမ်းပြီး.... နယ်တွေ၊ ရန်ကုန်တွေ ...တာပေါ့၊ အခုတော့ အရင်လို မလုပ်နိုင်တော့ဘူး.... ...ွားရေးဇနစ်ကလည်း မတူတော့ဘူး မဟုတ်လားကွ....'

ဆေးက အရေပြားထဲ ပူခနဲ စိမ့်ဝင်သွားသည်။ ထိလိုက် ...င်း ခြေထောက်က နာကျင်၏။ ခဏကြာ ဆိုလျှင်တော့ ...ျောက်သွားမှာဘဲဟု ကိုယ့်ဘာသာ ခန့်မှန်းကြည့်မိသည်။ ...ောင်မလေးက နွားနို့ ဖန်ခွက် များ တင်ထားသော ...င်ဗန်းတစ်ခုဖြင့် ပြန်ရောက်လာသည်။

'သူ့ဆိုင်ကယ် ဘာဖြစ်သွားသေးလဲသမီး....'

'ရှေ့ကာ နည်းနည်းပဲ့သွားတယ်....'

---

'ဟုတ်လား.... အသစ်လဲတပ်ပေးရတော့မယ် ထင်ရဲ့...

ဟု ပြောမိတော့ ကောင်မလေးက ပြုံးတုံ့တုံ့ဖြင့် လှမ်းကြည့်ရင်း....

'မဖြစ်စလောက်လေးပါဗျာ....'

ဟု ပြော၏။

'သမီးက သူ့ကို အဝေးကြီးကတည်းက မြင်တယ်၊ အဲဒါကြောင့် ရှေ့ညီ့ကို ဇက်လျှော့ကွေ့မလို့လုပ်တုန်း သူ့ဆိုင်ကယ် မှောက်သွားတာပဲ၊ သမီးလည်း ဘယ်လိုဖြစ်သွားမှန်း စဉ်းစားလို့မရဘူး....'

ဟု ကြိမ်ကုလားထိုင်ကို စားပွဲနား ဆွဲယူထိုင်လိုက်ရင်း ပြောသည်။

'ကျွန်တော့်မျက်လုံးက သိပ်မကောင်းဘူးဗျ.... ဒီကြားထဲ မျက်မှန်မှာ ဖုန်တွေကလည်း ပိတ်နေတော့ ရိပ်ခနဲ အတွေ့မှာ ယောင်ယမ်းပြီး ကွေ့ထည့်လိုက်တာပဲ....'

'ဆိုင်ကယ်အသေးမို့ တော်သေးတယ်၊ အကြီးသာဆိုခင်ဗျား ခြေထောက်ကျိုးပြီ....'

'ဟုတ်တယ်ဗျာ.... ကံကောင်းလို့'

'ခု ဘယ်လိုနေသေးလဲ....'

'တော်တော်ကြာ သက်သာသွားလိမ့်မယ် ထင်ပါတယ်'

'နွားနို့ သောက်ဦးလေ....'

'ဟုတ်ကဲ့ ခင်ဗျ....'

စိမ်းဖန့်ကြည်လဲ့နေသော မျက်လုံးများနှင့် ဆုံမိတိုင်း အသက်ရှူမှားချင်သည်။ ဆောင်းငွေ့ မပြယ်တတ်သော





လေကြောင့်ပဲ ရင်ကို အေးမြစေသလားမသိနိုင်။ ခုချိန်မှာ ကြည်နူးခြင်းကြောင့် ရင်ငြိမ်းချမ်းနေသည်တော့ အမှန်....

'မင်း ဒီဘက်ရောက်ရင် ဝင်သည်ပေါ့ကွာ.... ဒီမှာက ငါတစ်ယောက်တည်းနေတာ၊ သူက ငါ့မြေး ဖြူသွယ်တဲ့ ရန်ကုန်မှာနေတာ'

'ဟုတ်ကဲ့.... ကျွန်တော့်နာမည် မင်းရင်ပါ'

ကောင်မလေးက ခေါင်းညိတ်လျက် ပြုံးသည်၊ သည်လိုတော့လည်း သူမက သိမ်မွေ့လှပသွားပြန်တာပဲ။

'သူက ပဲခူးမှာ နေတာတဲ့ သမီးရဲ့'

'ဟုတ်လား.... ဒါဆိုရင်.... ရွှေမားပျံ ဆေးလိပ်ခုံကို သိမှာပေါ့နော်....'

အားတက်သရော အမေး....

'ဟုတ်ကဲ့ ဆေးလိပ်ခုံကိုတော့ သိပါတယ်၊ အဲ့ဒီက လူတွေနဲ့တော့ မသိဘူး'

'အဲဒါ ဖြူ့အဒေါ်တွေပဲ၊ ဖေဖေ့ညီမတွေလေ....'

'ဩော်.... ဟုတ်လား၊ မှာစရာရှိရင် ပေးစရာရှိရင်.... ကျွန်တော့်ကို မှာနိုင်ပါတယ် ခင်ဗျာ၊ ယုံကြည် စိတ်ချတယ်ဆိုရင်ပေါ့လေ....'

စီရီလျက် သေးငယ်သော သွားတန်းကလေးပေါ်အောင် သူမ ရယ်မောနေ၏၊ အဘိုးက ပက်လက်ကုလားထိုင်မှာ ဇိမ်ဖြင့်မှိန်းရင်း ဆေးပြင်းလိပ် ခဲနေလေသည်။

'ကိုရင် မေးကြည့်ပေါ့၊ ဖြူသွယ်က သတိရတယ်လို့ပဲ ပြောပေးပေါ့'

'ဟုတ်ကဲ့.... ပြောလိုက်ပါ့မယ်'

'ခင်ဗျားက အလုပ်ဝင်နေပြီဆိုတော့ ကျောင်းပြီးသွားပြီပေါ့နော်....'

'ကျွန်တော်.... စာပေးစာယူ ဒုတိယနှစ်ပါ'

'ဟုတ်လား.... ဖြူက တက္ကသိုလ်တက်ဖို့ စောင့်နေတာ၊ ကျောင်းတွေပိတ်နေတော့ ပျင်းစရာကြီး....၊ ဒါကြောင့် ဘိုးဘိုးဆီ ခဏခဏ လာလည်ဖြစ်တာ....'

'ပဲခူးကို လာလည်ပေါ့....'

'ဟင့်အင်း.... ပဲခူးကိုတော့ လာလည်လို့ မရဘူး....'

'ဘာဖြစ်လို့....'

သူမ ချက်ချင်း မျက်နှာပျက်သွားရင်း....

'ဟို.... မေမေက မသွားရဘူးလို့ ပြောတယ်'

ဟု ပြန်ဖြေသည်။ နောက်ထပ် မေးခွန်းမေးဖို့ မသင့်လျော်မှန်း သိပေမယ့် စိတ်ထဲမှ မေးချင်သည်။ သည်အခွင့်အရေးက နောက်ဆုံးများလား။ ဘယ်တော့မှ ပြန်မဆုံနိုင်တော့ဘူးလား.... တွေးရင်း ရင်ထဲမှာ စိုးထိတ်လာသည်။ ဓမ္မကတည်းက မဆုံဖြစ်ရင်လည်း အကောင်းသား....။

ခုတော့ တစ်ခုခု တွယ်ငြိနေပြီဆိုတာ ကိုယ့်ဘာသာ နားလည်နေရသည်။ ဘာကြောင့်မှန်းရယ် စဉ်းစားမရ.... အလှအပ ဆိုတာ သိပ်ပြီး ခုံခုံမင်မင် မရှိတတ်သူတစ်ယောက်က ဘာကြောင့်များ သည်မိန်းကလေးအပေါ် ဆန်းပြားစွာ ရစ်နှောင်ခံချင်သည်လဲ....





'လာလည်ရင်တော့ ကျွန်တော် လိုက်ပို့ပေးမှာပေါ့.... ရန်ကုန်လောက်ပျော်စရာမကောင်းပေမယ့် သူ့အတိုင်းအတာနဲ့သူပေါ့လေ....'

'ဟုတ်မှာပါ.... လည်ခွင့်ရရင်တော့ လည် မှာ ပေါ့.... အဲဒီအခါကျ ခင်ဗျားဆီ အရင်ဆုံးလာမှာ'

'စိတ်ချ.... ရွှေဝါထွန်းမှာ မင်းရင်လို့သာ မေးလိုက်....'

'ပုန်းနေမှာလား....'

သူမဟာသကို သူမဘာသာ သဘောတကျ ရယ်တော့ လိုက်လိုက်လှဲလှဲ လိုက်ရယ်ဖြစ်သည်။ ပျော်စရာ အချိန်လေးက အံ့ဩဖို့ကောင်းစွာ မြန်ဆန်လွန်းလိုက်တာ....

'မဖြူသွယ်က မြင်းစီးတော်တော် ကျွမ်းကျင်တယ်နော်'

'ဘိုးဘိုး....သင်ပေးထားတာလေ'

'ကျွန်တော်ကတော့ စက်ဘီးပဲ ကောင်းကောင်းစီးတတ်တယ်၊ ဆိုင်ကယ်ကိုကျွမ်းကျင်တယ်လို့တော့ ပြောဖို့ ရှက်သွားပြီ၊ ခုပဲ မှောက်သွားပြီ မဟုတ်လား'

'ဟုတ်တာပေါ့....၊ ဟုတ်တာပေါ့....'

ပြောပြီး သူမရယ်ပြန်သည်။ တကယ်တော့ သူမသည် သောကဆိုတာကို မရင်းနှီးချင်တတ်သေးသော ဆယ်ကျော်သက်အရွယ် ကလေးမလေး တစ်ယောက်ပင်ဖြစ်သည်။ သည်တော့ ရိုးသားမှုဆိုသည်က လွဲပြီး သူ့ထံမှာ ဘာများတောင်းဆိုရနိုင်မည်လဲ။ သည်လို ရိုးသားစွာ ခင်မင်ရဖို့ အခွင့်အရေးသည်လည်း မင်းရင်အတွက်တော့ ဘုရားပေးသော ဆုပင်ဖြစ်သည်။

'အဘိုးက မြင်းတွေ ရောင်းတာလားဟင်'

'မဟုတ်ပါဘူး....မွေးထားတာပါ၊ အဘိုးကသိပ်ဝါသနာကြီးတတ်တာ၊ သံယောဇဉ်ကလည်း မြင်းတွေအပေါ်ဆို မြေးထက်တောင် ပိုချစ်သေးတယ်၊ မြင်းတစ်ကောင်သေရင် မျက်ရည်ကျရော.... မြင်းမကြီးကလေးမွေးရင်လည်း ဘိုးဘိုးမှာ ကလေးအဖေလိုပဲ စိတ်ပူလိုက်ရတာ'

'ဟဲ ....ကောင်မလေး'

အဘိုးက ဆေးပြင်းလိပ်ခဲရင်းမှ ခပ်ဟောက်ဟောက်ဆိုသည်။ နွားနို့ခွက် လှမ်းပေးရင်း....

'ခပ်နွေးနွေးပဲ၊ သောက်လို့ရပါပြီ'

ဟု သူမ လောကွတ်စကားပြော၏။ ပက်လက်ကုလားထိုင်ဘေး ခုံပုပေါ် နွားနို့ခွက်တစ်ခွက်တင်သည်။

'ကျွန်တော့်ကိုလည်း မြင်းစီး သင်ပေးပါလားအဘိုး'

'မင်းက ဝါသနာပါလို့လား'

'ဟုတ်ကဲ့....'

ဟု ခေါင်းညိတ်ရင်း ကိုယ့်ကိုယ်ကို ရယ်ချင်နေမိသည်။ သည်လိုစိတ်ကူးမျိုး တစ်သက်လုံးမှာ တစ်ခါမျှ မပေါ်ဘူးခဲ့။ စိတ်ဝင်စားဖို့ဆို ဝေးရော....

'မင်း....အားတဲ့ရက် လာခဲ့ပေါ့ကွာ'

'ဟုတ်ကဲ့....အဘိုး'

ဖြူသွယ်က နှုတ်ခမ်းစေ့လျက် ခပ်ထေ့ထေ့ ပြုံးရင်း မင်းရင်ကို စိုက်ကြည့်နေ၏။ သည်အကြည့်၊ သည်အပြုံးမှာ နှလုံးသားကို မြင်သိ ရိပ်မိနေလေဟန်....





'ကျွန်တော် သွားဦးမှပဲ'

စိတ်မလုံလဲစွာ ထရပ်မိသည်။ မော့ကြည့်သောအကြည့်မှာ ...ဝိုင်းတကြီး အရိပ်စွန်းသည် ထင်မိ၏။

'ခင်ဗျား....ထောက်နိုင်ရဲ့လား'

'ကြိုးစားကြည့်ရမှာပဲ'

'ကဲပါ....ငါ့မြေး....ဟိုဘက်ခြံအထိ သူ့ကို လိုက်ပို့စမ်း ...ကြည့်ရတာ စိတ်မသက်သာစရာ၊ ခဏနေဦးဆိုလည်း ...နေနိုင်ဘဲကိုး....'

'အိမ်ရောက်ရင် အရိုက်ခံရမှာ ကြောက်လို့ နေမှာပေါ့ ...ဘိုးရဲ့'

မဟုတ်ဘူး....မဟုတ်ဘူး။

စိတ်ထဲက ငြင်းကွယ်စကားကို သူမ မကြားနိုင်ပါ။ စက္ကန့် ...း မင်းအနားမှာ ရှိနေချင်သည်ဆိုတာ မင်းသိသွားမှာ ...ိုပါကွယ်....။

✺

ဆိုင်ကယ်နောက်ဘက် ကယ်ရီယာမှာ မိန်းကလေးဆို ခပ် ... ထိုင်နေရသည့်အဖြစ်ကို ကိုယ့်ဘာသာ ရယ်ချင်မိ ...း သူ့ကိုလည်း ရှက်ရွံ့နေမိသည်။ သူမက ဆိုင်ကယ်ကို

လည်း ယောကျ်ားလေးတစ်ယောက်လို ကျွမ်းကျွမ်းကျင်က
စီးနိုင်ပြန်သည်ပဲ။ သိပ်မဝေးလှသော ခရီးတိုလေးကို အ
ကြာစေချင်လည်း ဆုတောင်းမပြည့်ပါ။ တွန့်ဆုတ်ဆုတ် သွ
တတ်သော ဆိုင်ကယ်အစုတ်က ခုတော့ဖြင့် လျှောလေ
လျှူလျှူ ပြေးလွန်းသည်တင်၏။

သီဟိုဠ်ခြံ၏အလယ် တဲကြီးကြီးရှေ့မှာ သူမ ဆိုင်ကယ်က
ရပ်သည်။

'ကဲ....အပြန်တော့ ခင်ဗျာဘာသာ ပြန်ပေတော့'

'ဟာ....နေပါဦးဗျ၊ ကျွန်တော် မကြာပါဘူး၊ ခဏပ'

'ခင်ဗျား မနင်းနိုင်သေးဘူးလား'

'ဖြူ....နေပူထဲပြန်ရမှာ စိုးလို့....'

ရင်းနှီးလိုစွာ ဖြူဟု သုံးရသော်လည်း သူမ သတိထား
ဟန် မတူပါ။ ဆံပင်တွေ ဝဲသွားအောင် ခေါင်းခါရင်း...

'ကိစ္စမရှိပါဘူး.... ဖြူက သွားနေကျ'

ဟု သူမပြောရင်း ကျောခိုင်းထွက်၏။

'ဖြူသွယ်....'

သတ္တိတွေ ဘယ်ကလာသည် မသိချေ။ သူမ ဖျတ်ခနဲလှ
ကြည့်၏။

'ဒီကို တစ်ပတ်တစ်ခါ ရောက်တတ်လား'

'ပြောလို့မရဘူး.... ဒါပေမယ့်.... ရောက်ဖြစ်တာ များပ
တယ်....'

'ရန်ကုန်ရောက်ရင် ကျွန်တော် ခင်ဗျားတို့အိမ် လာလ
ရမလား'





နှုတ်ခမ်း တစ်ချက် မဲ့ လျက် သူမ ပြုံးသည်။ ပြီးတော့ ဟင့်အင်း ဟု ခေါင်းခါ၏။ ရင်ထဲ လွင့်ဟာသွားသလိုလို....

'မေမေက.... ယောကျ်ားလေးဧည့်သည်လာတာ မကြိုက်ဘူး....'

ပြောပြီး ခြေလှမ်းသုံးလှမ်းမျှ သူမ လျှောက်သွား၏။ ပြီးမှ ချာခနဲ ပြန်လှည့်ပြီး....

'သွားမယ်နော်....'

ဟု နှုတ်ဆက်သည်။

'ကျေးဇူးတင်ပါတယ်'

'မလိုပါဘူးဗျာ.... ခြေထောက်အနာ သတိထားဦး'

'ဟုတ်ကဲ့....အတော် ထောက်နိုင်နေပါပြီ'

လေပြင်းကြောင့် ဆံပင်တွေ လွင့်မျောလျက်.... လျှောက်သွားသော မိန်းကလေးဆီ ငေးမောရင်း အံ့ဩဖို့ ကောင်းလောက်အောင် တိုက်ဆိုင်လွန်းလှသော လောကကြီးကို ကျေးဇူး အထပ်ထပ် တင်မိတော့သည်။

သို့ပေမယ့်....

ရင်ထဲမှာတော့ မတင်မကျ ပုစ္ဆာတစ်ပုဒ် ရှိ၏။

ညယ်သည် ကြယ်ရောင်စုံညီစွာ လင်းလက်နေ၏။ ရေပန်း ပိတ်ထားသောကြောင့် ဟာသံရှပ်သည် ခြောက်သွေ့ နေ သယောင် ထင်ရသည်။ မုဒေဝင်လာ စကားအရ ကြက် တစ်စပ်စာသာ နေရာရသော ကုန်းမို့ကလေးပေါ် ဟာသံ မောင်နှံ ပျံ့ဝဲဆင်းသက်စဉ် ဟာသံပို၏ကျောပေါ် ဟာသံမထ နားရသည် ဟူသော အထိမ်းအမှတ်အဖြစ် ဟာသံမောင် အရုပ်ကို ဟိုတယ်ရှေ့ ပန်းခြံ၊ ရေပန်းနှင့်တကွ ထားရှိသည် တို့ကြောင့်လည်း ပဲခူးသားတွေ မိန်းမကြောက်ရတယ် ရယ်စရာစကား ပြောကြတာပဲ ဖြစ်မည်။ နေ့စဉ်နေ့တိုင် အလုပ်ဆင်းလျှင် မြင်နေကျ ဟာ သံ ရုပ် သည် သည် နေ့ ထူးခြားအခိပ္ပာယ် ပေါ်လွင်နေသလိုပင်။ မိုးသားကင်း သော ကောင်းကင်ပြင်သည်လည်း ပို၍ ကျယ်ပြောပြီး လွမ်း ဆွတ်ဖွယ် ကောင်းသည်ဟု ထင်မိပြန်သည်။

ဖြူသွယ်....

ကြယ်ပွင့်များကို စိတ်ကူးဖြင့် စာလုံးစီရင်း ကောင်းကင် ထက်မှာ ပုံဖော်ကြည့်နေမိသည်။ ရှပ်အင်္ကျီ အနက်ရော ကွက် ပွပွနှင့် ဂျင်းနှံဘောင်းဘီရှည် ဝတ်ထားသော မိန်း ကလေးတစ်ယောက်သည်လည်း မကြာခဏ သတိရနေတတ် သော နှလုံးသည်းပွက်နေရာ ဖြစ်နေတတ်၏။ သို့ပေမယ့် နိမ့်ပါးသောဘဝ ဆိုတာကို စဉ်းစားမိပြန်တော့ စိတ်ကူး ယဉ်ဖို့ အခွင့်အရေးပင် ကိုယ့်ကိုယ်ကို မ ပေး ချင် တော့ နောက်ထပ် စွဲလမ်းခြင်း ဆိုတာတွေကို ကြောက်ရွံ့နေမိသည် သည်လိုနှင့်ပဲ မေ့လျော့သွားတတ်တာပါပဲလေ....





'မင်းရင်....'

ခေါ်သံကြားသော်လည်း ပြန်ထူးချင်စိတ်မရှိ။ ဟိုဗိရှေ့ မှာ ထိုင်ဖို့ ဘာကြောင့်များ စိတ်မပါတော့သည်လဲ။ နေ့စဉ် လို မြင်တွေ့ရလျှင် တစ်ရစ်ပြီးတစ်ရစ်တိုးလာမည်သံယောဇဉ် တွေကို ကြောက်လန့်သည်။

'မင်း....ကောင်မလေးလာပြီ'

'ဒီမှာ....လှယမင်းလေ'

ရယ်သံများကြားရသည်။ ဘယ်သူမှမသိသည့် ဒဏ်ရာ ဒဏ် ချက် တစ်ခုကို ရင်ထဲမှာ ကြိတ်၍ ကုစားရင်း ကြေကွဲနေခဲ့ သည်။ သည်လောက် အချိန်တိုတိုအတွင်းမှာ နှလုံးသားက ဘယ်အတိုင်းအတာထိ နက်ရှိုင်းခဲ့ပြီမသိ။

ဆောင်းနှောင်းလေကြောင့် စိမ့်ခနဲအေးသည်။ ကားမီး ရောင်များနှင့် လမ်းမကြီးပေါ် ငေးမျှော်ကြည့်မိ၏။ ကား မီးရောင်များက တစ်ခါတရံတော့လည်း မှုန်းစရာ ကောင်း သည်။ အတွေးတွေ ကစဉ့်ကလျား လွင့်လပ်နေ၏။

'ဖြူသွယ်....'

အိပ်ပျော်နေလောက်ပြီနော်....။

✱

'သမီးရေ.... မနက်ဖြန် သတ္တုတွင်းပြကွင်းဒိန်ရိုက်ဖို့ ချိန်းထားတယ်နော်'

ဆွဲလက်စ ခဲတန် တုံ့ခနဲ ဖြစ်သွားသည်။ ခဲဖျက်ကိုင်ရမည့်အရေး လက်တွန့်ချင်၏။ ပန်းချီကားထဲ နစ်မျော ဝင်စားနေသည့် စိတ်အစဉ်တွေ အတောင်ပေါက် ထွက်ပြေးသွားကြပြန်သည်။

'ဟုတ်.... မေမေ'

အကြောင်းအရာကို ဘာရယ် သေချာမသိ။ ပြီး....ပြီးတော့ တုံ့ပြန်လိုက်ပြီးမှ မေမေ ဘာပြောပါလိမ့်ဟု စဉ်းစားမိသည်။ မျက်မှန်အောက်မှ မျက်လုံးတွေကို ပြန်ပြီးမမှတ်မိချင်တော့။ နှာတံက ပေါ်လွင်ပြီး အချိုးကျလွန်းသည် ဆိုတာတော့ သတိရသည်။ နောက်ပြီး နှုတ်ခမ်းတွေကလည်း ထူထူ တင်းတင်း.... သွေးရောင် လွှမ်းနေတတ်တာက ထူးခြား၏။ ယောကျ်ားလေး အများစုက ဆေးလိပ်အသောက် များသည်ကြောင့်လား မသိ.... ပြာနှမ်းနှမ်း နှုတ်ခမ်း ရှိတတ်သည်။

သူကတော့....

ခဲပန်းချီကားကို ပြန်ကြည့်ရင်း ရယ်ချင်မိပြန်သည်။ ကြည့်စမ်း....သူ့ မျက်လုံးတွေကို ရေးဖို့ ခက်ခဲလိုက်တာ.... ယောကျ်ားလေးတစ်ယောက်ကို ကစ်ခါမြင်ဖူးရုံမျှဖြင့် ပုံဆွဲဖို့ စိတ်ကူးရခဲ့တာ ဖြူ့တစ်သက်မှာ သည်တစ်ခါပဲ ဖြစ်လေမလား.... ချောမောလှပသူဆိုလျှင်လည်း ထားပါတော့။ ခုတော့ သူ့ပုံစံက ရယ်စရာလိုလို....





အနက်ရောင် ကိုင်းပါးမျက်မှန်နှင့်အရပ်ရှည်ကိုင်းကိုင်း.... အသားရောင်အညိုဖျော့....နောက်.... အားကစားစပို့ရှပ်နှင့် ...း ကို တိုတိုဝတ်လို့....။ကြည့်လို့တော့လည်း သိပ်မဆိုးလှ....။ ...ပေမယ့်.... ချောမောသူ တစ်ယောက်တော့ မဟုတ်ပြန်....။ ... မျက်လုံးတွေကတော့ ရိုးသားပုံပါပဲ.... ဖြူ ငြိုးငွေလာ ...ဖြစ်သော....မြောက်ပင့် ချိုးမွှမ်းလိုဟန်....ဟန်ဆောင်ခင်မင် ...ဟန်တွေ မရှိ....။ ရန်ကုန်မှာ လူအုပ်ကြားထဲ ရောက်မိ ...ည်....

'အပြင်မှာ ပိုလှတယ်နော်....'

ဆိုတာမျိုးလည်း ပြောတတ်ပုံမရ.... ဖြူ့ကို စိတ်ကျေ ...စေသည်ကတော့ သူက ဖြူ့ကို ဖြူသွယ်အဖြစ်သာ အသိ ...မှတ်ပြုထားခြင်းပင်....

ဖြူသန္တာစင်.... ဆိုတာကို သူ နည်းနည်းမျှပင် သိထား ...ားဖူးထားပုံမရချေ။

'ဘာဝတ်မယ်လို့ စဉ်းစားထားသလဲ'

'...မှ သဘော....'

'အဝါလေးနဲ့.... ပန်းဆီလေး တစ်ခုခု ရွေးပေါ့ သမီး ...'

'အ ါ....အဝါ....'

...ါးစပ်ထဲရှိသည့် အရောင်ကို ခပ်ကျယ်ကျယ် ရွတ်လိုက် ...သည်။

'မေမေ....အတင့်ကို ကော်ဖီခါးခါးတစ်ခွက် ဖျော်ခိုင်း ...ပါ'

'သိပ်ခါးခါး မသောက်နဲ့လေ သမီးရဲ့၊ တော်ရုံသင့်ရုံပေါ့၊ အိပ်မပျော်ဘဲ မျက်လုံး ကြောင်နေဦးမယ်....'

'ဟုတ်....'

'သူ့ မျက်လုံးတွေက အရောင်ခပ်မှိန်မှိန်.... သူ့ မျက်နှာမှာ ထင်ရှားသည်က သဘောပြည့် ကြွင်နာတတ်ဟန်ရှိသည့် နှုတ်ခမ်းနှင့် မေးကြောစိမ်းစိမ်းတွေပဲ ဖြစ်သည်။ သည်တော့ မေးရိုးတွေကို အရောင်ရင့်တောင်မှ....

မဟုတ်သေးဘူးလေ....ကိုမင်းရင်....

ခင်ဗျားပုံတူကိုဆွဲပြီး ဘာလုပ်ရမှာပါလိမ့်။ ထမင်းစားခန်းထဲက ရေခဲသေတ္တာအောက်မှာ ထားရမှာလား.... ကိုယ့်ဘာသာအတွေးဖြင့်ရယ်ချင်နေသည်။ ရိုးသားသည်ဟု ယူဆရသော လူတစ်ယောက်နှင့် သူမ ဆုံရသည့်အတွက် မေမေအဖြစ်တင်လျှင်လည်း ခံရုံပေါ့....။ ဖြူသန့်စင် ကို မဟုတ်ဘဲ ဖြူသွယ်ကိုသာ ခင်မင် ရင်းနှီး လိုသည့် လူတစ်ယောက်ယောက်ကို တွေ့ဖူးချင်တာ ကြာပြီ....

ခြေသံတရှပ်ရှပ်ကြားရသောအခါ သစ်သားဖိုင်လေးကို စာကြည့်စားပွဲပေါ် မှောက်တင်ထားလိုက်သည်။ ပြီးတော့ ဘာလုပ်ရမှန်း မသိဘဲ ခုတင်ပေါ်ငုတ်တုတ်ထိုင်နေလိုက်၏။ မကြာခင် မေမေ ရောက်လာလိမ့်မည် ထင်သည်။

'သမီး....'

'ရှင်....မေ....'

'ဗွီဒီယိုကြည့်ရအောင်လေ'



'မေမေကလည်း.... GUNS OF NEVERON ငှားလာပါဆို'

'ဟဲ့....ရှိမှမရှိဘဲ.... ခု မေမေငှားလာတဲ့ကား လာကြည့်စမ်းပါ.... သမီးကို ဝိလျှံ ဟိုးလ်ဒင်း အမူအရာတွေ ပြချင်လို့....'

မေမေ ကျောခိုင်းသွားတော့ ခုတင်ပေါ်မှ ထသည်။

'ရှင်....ဒီမှာ နေခဲ့ဦး'

ပစီကလေးကို ကောက်ပွေ့ယူပြီး အိမ်ရှေ့ ဧည့်ခန်းထဲထွက်လာခဲ့၏။ မိန်းကလေးအပေါင်းအသင်းပင် များများစားစား မရှိလှသော သူမ ဘဝမှာ ရင်ခုန်သံဆိုတာ ဝေးသော....၊ တခြားဆယ်ကျော်သက် မိန်းကလေးတွေလို ရုပ်ရှင်မင်းသား၊ မင်းသမီး.... စတီရီယို အဆိုတော်တွေကိုလည်း အချုးအမူး စွဲလန်းရကောင်းမှန်း မသိ။

သူမမှာ နှလုံးသားတစ်ခု ရှိထားသည် ဟုတော့ သေချာသည်။

✤✤

[ ၃ ]

'ရွှေဝါထွန်းဟိုတယ်ကပါ ခင်ဗျာ'

'အခုပြောနေတာ ကိုမင်းရင်လား....'

'ဗျာ....'

ထိတ်ခနဲ ရင်ဆောင့်ခုန်သည်။ မှတ်မိနေသောအသံ....။ သတိရနေသောအသံ.... အခါခါ ကြားချင်သောအသံ....

'ဟုတ်ပါတယ်'

အဖြေစကားသံက တုန်ယင်သွားလေသလား မသိ။ ဖြတ် လျှောက်သွားသော ဟိုတယ်မန်နေဂျာက လှမ်းကြည့်သည်။ ဖြူသွယ်လားဟု မမေးရဲ။ ခုချိန်ထိ မယုံမရဲ ဖြစ်နေဆဲ....။ ဖြစ်နိုင်စရာအကြောင်းရင်းကလည်း မရှိချေ။



'ဖြူပါ.... ဖြူသွယ်လေ....'

'ဟုတ်ကဲ့....ကျွန်တော် မှတ်မိပါတယ်'

'တော်သေးတာပေါ့'

'အကြောင်းထူး ရှိလို့လား'

စိတ်တထင့်ထင့် မေးမိသည်။ ဖုန်းနံပါတ် ပေးမထား ခဲ့သည့်အတွက် တယ်လီဖုန်း လမ်းညွှန်စာအုပ်ထဲ ရှာဖွေသိရှိ သွားသည်ဟု စုံစမ်းစရာမလိုဘဲ သိပြီးဖြစ်သည်။ အကြောင်း အရာ ထူးထူးထွေထွေမရှိဘဲနှင့်တော့ ဖြူသွယ် ဖုန်းဆက်ရ လောက်အောင် မင်းရင် ကံကောင်းလိမ့်မည် မထင်....

'ဘိုးဘိုးဆီ ရောက်သေးလား'

'ကျွန်တော် မရောက်ဖြစ်သေးဘူး ခင်ဗျ'

'ဒီတစ်ပတ်....စနေ၊ တနင်္ဂနွေ ဖြူ လာခဲ့မယ်'

'ဗျာ....'

'ဖြူ....ဘိုးဘိုးခြံထဲမှာ ရှိမယ်'

'ဟုတ်ကဲ့....အဲတော့....'

ကြားရသည့် နားကို မယုံချင်၊ ဖြူသွယ်က အကြောင်း ကြားနေသည်လား....လာစေချင်သည်လား....ဒါမှမဟုတ်.... မြတ်စွာဘုရား.... ဒါ အိပ်မက်မဟုတ်ပါစေနဲ့....

'ခင်ဗျား....လာမလားလို့ပါ....'

'ဟုတ်ကဲ့....ကျွန်တော်လာခဲ့ရမလား....'

'သေလိုက်....ဒီလောကကြီးထဲ ခင်ဗျားလောက် ထုံတဲ့သူ ရှိပါဦးမလား ကိုမင်းရင်'

'ကျွန်တော်အံ့ဩနေလို့ပါ၊ ဟို ကျွန်တော် လာခဲ့ပါမယ်'

'ကောင်းပြီလေ.... ဒါပဲနော်'

ဖုန်းခွက်ချလိုက်သံ.... နားထဲမှာ မိုးကြိုးပစ်သံလောက် နီးနီးကျယ်လောင်သွားသည်။ အသက်ရှူနှုန်းက ပရမ်းပတာ ဖြစ်ကုန်ပြီး အခိုက်အတန့်လောက်တော့ ပတ်ဝန်းကျင်ကို မေ့လျော့သွားရသည် အမှန်။ သည်ရက်ပိုင်းတွေမှာ အိပ်ရေးပျက်အောင် ဖြူသွယ်က ဝေဒနာတစ်ခု ပေးထားရစ်ခဲ့ ပြန်ပြီ။ တမင် ကျီစယ်နေသည်လား....

အိပ်မက် မဟုတ်ဘူးဟု ယုံကြည်ရလောက်အောင် ကိုယ့် ကိုယ့်ကိုယ်ကို အမျိုးမျိုး စမ်းသပ်ချက်တွေ လုပ်ကြည့်နေမိ တော့သည်။

✷

'ဘိုးဘိုး....'

'ဟေ....'

ကျောပေါ်ထမ်းလာသော ကုန်းနှီးကို အိမ်ရှေ့ကပြင် ပေါ် ပစ်တင်လိုက်ပြီး ဘိုးဘိုးက အောက်ခြေလှေကားရင်း မှနေ ပြီး ဖြူ့ကို မော့ကြည့်သည်။



'ဒီနေ့ ကိုမင်းရင်လာရင် သမီး သူနဲ့ ပဲခူးက ဒေါ်လေး ဆီ လိုက်လည်မယ်'

'မလည်ရဘူး'

'ဟာ.... ဘိုးကလည်း'

အိမ်ရှေ့ကပြင်မှာ သူမ ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့ သည်။ လူကို အရုပ်ကလေးတစ်ရုပ်လိုများ အောက်မေ့နေ ကြသလား မသိ....။ ဘယ်မှ မသွားရ....မလည်ရ....။

'ဒီမှာ ပေါက်ကျော်မ'

'ဟော.... ဒီနှာမည်ကြီး မခေါ်နဲ့ဆို....'

'နင် သွားလည်ချင်တာက အရေးမကြီးဘူး....၊ နင့်အမေ သိသွားရင် ငါ ပြဿနာတက်မယ်၊ နင့်အမေအကြောင်း နင် သိသားပဲ၊ နည်းနည်းလေးမှ အတိမ်းအစောင်းခံတာ မဟုတ်ဘူး၊ ငါ့ဆီမှာ လာနေရင်.... ငါ့မှာ တာဝန်ရှိတယ်၊ ဒီအသက်အရွယ်ကျမှ သမီးကပြန်ပြီး အပြစ်တင်တာ ခံရရင် ငါ့စိတ်က ကောင်းမှာ မဟုတ်ဘူး၊ ငယ်ငယ်တုန်းကလိုသာ ဆိုရင်တော့ ထ,ရိုက်ပစ်လိုက်မှာ.... အကြောင်းမဟုတ်ဘူး....'

'ဒါဆို....သမီး ဖေဖေ့ခေတ်ပုံ မရတော့ဘူးပေါ့....'

'နိုင်ငံခြားကို စာရေးပြီးတောင်းပေါ့ကွယ်'

'ဟာ.... မေမေ တွေ့သွားရင် ကတ်ကြေးနဲ့ အကိုက်ခံရ မှာ....၊ သမီးဆီ လာသမျှ စာတွေ မေမေက အလျှင်ဖတ် နေကျ'

ဘိုးဘိုးက လှေကား အပေါ်ဆုံးထစ်မှာ ထိုင်လိုက်ရင်း သက်ပြင်း မျှင်းမျှင်းချသည်။

'ဒီကလေးမနဲ့လည်း ခက်တယ်'

ဟု ညည်းညည်းညူညူ ပြော၏။ ဘိုးဘိုးသည် သမီးအငယ်ဆုံး မေမေ့ကို ခုထိ စိတ်မချနိုင်သေးသော်လည်း ခေါင်းမာတတ်သူ သမီးကို ဘယ်လို ကိုင်တွယ်ရမှန်းလည်း သိပုံမရချေ။ ငယ်ငယ်ကတည်းက မေမေသည် အငယ်ဆုံးသမီးပီပီ စိတ်ထင်ရာစွတ်ရွတ်လုပ်တတ်၏။ ပြီးတော့....မေမေက.... တစ်ကိုယ်ကောင်းဆန်သည်။ မိမိဆန္ဒကိုသာ ဦးစားပေးတတ်ပြီး တစ်ဖက်သား၏စိတ်ကိုတော့....နည်းနည်းမှပင် စောင်းငဲ့ကြည့်ဖော်မရပေ....။

'ပဲခူးတော့ လိုက်မသွားနဲ့နော်၊ ညည်း လိုက်သွားရင် ဒီအိမ်ကို နောက် ဘယ်တော့မှ လာမလည်ရတော့ဘူး'

'ဘိုးဘိုးက သမီးနဲ့ ခွဲနိုင်တယ်ပေါ့'

'ခွဲနိုင်တယ်လည်း မဟုတ်ပါဘူး၊ ဒါပေမယ့် တစ်ခုခု ပြဿနာဖြစ်လာရင် ငါ နားအပူမခံနိုင်ဘူး'

'အင်းပါ.... ဘိုးဘိုးတို့က သမီးအပေါ် ကိုယ်ချင်းစာတရားကို မရှိကြဘူး'

'ဟဲ့.... ကလေးမရဲ့.... ငါ့ကိုပါ သိမ်းကျုံး သွဲ့မထည့်စမ်းပါနဲ့'

ပြောပြီး ဘိုးဘိုးက အိမ်နောက်ဖေးဘက် လှည့်ထွက်သွားပြန်သည်။ ရှေ့ဘက်ဆီမှာ သီဟိုဠ်ပင်အုပ်တွေ စိမ်းစိမ်းညို့ညို့။ နောက်ဘက်ဆီမှာလည်း ကွဲကောခြံတွေ တစ်သီတစ်တန်း။ လက်ယာဘက်မှာတော့ ကားနှစ်စင်း ရှောင်သာရုံ မြေလမ်းပြန့်ပြန့်ရှိသည်။ ဟိုးတစ်ဖက်ဆီမှာလည်း သီးပင်



ခြံတွေပါပဲ။ ဖေဖေရှိစဉ်ကတော့ ဖေဖေနှင့်အတူ ခြံထဲဆီ မကြာခဏရောက်နေကျ။ ဖေဖေနှင့်အတူ မြင်းစီးနေကျ....။ သဘက်ဆို....ဆုံးစမထင်သည့် ကောင်းကင်ပြင် အမိုးအောက် ဖေဖေ့ ခါးကိုဖက်ပြီး.... လက်မောင်းကို တွယ်ပြီး လမ်းလျှောက်။ ဖေဖေဆိုပြသမျှ အဆုံးအစမရသည့် သီချင်းတွေကို ဖေ့ဖေအော်သလို.... လိုက်အော်....

(အသက် ကြီးလာတဲ့အခါ • ဖေဖေ ပင်စင် ယူပြီးရင်.... သမီးနဲ့ဖေဖေ့ ဒီခြံထဲမှာလာနေကြမယ်.... အပင်တွေစိုက်ရင်း အကောင်တွေမွေးရင်းလည်း အနုပညာဆိုတာကို စိတ်ဝင်စားလို့၊ ဝါသနာပါလို့၊ ဖန်တီးလို့ရပါတယ် သမီးရယ်....။ အနုပညာဆိုတာ ကျော်ကြားမှု၊ လူတွေကြားထဲ ပေါ်မြူလာ ဖြစ်မှုတွေနဲ့တခြားစီပါ....)

(ဖေဖေကတော့.... စာအုပ်တွေနဲ့.... အပင် တွေ နဲ့.... ငြိမ်းချမ်းနေမှာပဲသမီး၊ သမီး ဖေဖေ့နဲ့အတူ လိုက်နေမယ် မဟုတ်လား။ အေး....သမီးမေမေကတော့ နေနိုင်မှာမဟုတ်ဘူး ထင်တယ်။ သူက ဖေဖေနဲ့ ဦးတည်ရာချင်း မတူဘူးလေ....)

ဩော်.... ဖေဖေရယ်....

ခုတော့....မိသားစုအသစ်၊ အကြင်နာအသစ်၊ နားလည်မှုအသစ်တွေရဲ့ကြားမှာ ဖေဖေ ပျော်နေနိုင်ပြီပေါ့နော်....။

မြေလမ်းမကြီးဆီ မကြာခဏ လှည့်ကြည့်ဖြစ်သည်။ မျော်သူက ရောက်မလာသေး....။ ကိုယ်တိုင် လိုက်မသွားနိုင်လျှင်တောင်....ဖေဖေ့ဓာတ်ပုံတစ်ပုံတော့ မရအရ တောင်းခိုင်းမည်

စိတ်ကူးမိ၏။ ချက်ချင်းပဲ မနေ့တစ်နေ့ဆီက သူ့ထံ ဖုန်း ဆက်ခဲ့သည်ကို သတိရသည်။ အံ့ဩရိပ်ကို မဖုံးကွယ်နိုင် သည့်အထဲ သူ့ရဲ့ စကားသံတွေကြားမှာ ရိုးသားမှုကိုပ တွေ့နေရသည်။ အခွင့်အရေး တစ်ရပ်အတွက်.... သတိ လက် လွှတ် ပျော်ရွှင်မသွားကြောင်း.... လျှပ်စစ်လှိုင်းထဲမှ သူ့ လေသံအရ သိနေသည်။

ဘယ်လိုကောင်လေးပါလိမ့်....

သူ့ပုံစံကိုတွေးမိတိုင်း သူမ ရယ်ချင်နေမိတော့သည်။

‘ဟောဗျာ.... ခင်ဗျား လမ်းလျှောက်လာတာလား’

‘အင်းပေါ့....’

‘ဖြစ်မှ ဖြစ်ရလေ.... ဆိုင်ကယ် မပါဘူးလား’

သူက ရိုးသားစွာပြုံးလျက်....

‘ကျွန်တော့်မှာ ဆိုင်ကယ်မှမရှိတာ၊ အလျှင်တစ်ပေါက်က ကျွန်တော့်သူငယ်ချင်းဆိုင်ကယ် ငှားလာရတာ’

ဟု ပြောသည်။ သံပင်တိုမှာ ဖုန်မှုန့်တွေကပ်တင်လျက်... အင်္ကျီမှာလည်း ချွေးတွေရွှဲနစ်လို့... ကားလမ်းမကြီးမှအတွင်း





ယ် တစ်မိုင်ခွဲမျှခရီးကို သူလမ်းလျှောက်လာခဲ့ရသည်တဲ့လေ။ ခရီးကြုံ ဆိုင်ကယ်လေး.... စက်ဘီး လေး ပင် မတွေ့ခဲ့လေ သလား မသိ....

‘ကဲ....နားလိုက်ပါဦး၊ ခင်ဗျားကြည့်ရတာ ပင်ပန်းလာပုံ ရတယ်....’

ဆိုတော့.... သူက....

‘ဟုတ်ကဲ့’တဲ့။ ပြီးတော့ ဧည့်ခန်းထဲက အဘိုး ပက်လက် ကုလားထိုင်မှာ...စိတ်အေးလက်အေးထိုင်နေလေတော့သည်။ တစ်ကိုယ်လုံး ဖုန်တွေ ပေရေနေသည့်အပြင် သူ့ မျက်မှန်မှာ လည်း ဖုန်တွေအပြည့်....။ သူက မျက်မှန်ကိုချွတ်ပြီး အင်္ကျီ အိတ်ထဲမှ လက်ကိုင်ပဝါဖြင့် သုတ်နေသည်။ နှာတံ တစ်ဖက် တစ်ချက်မှာ....မျက်မှန်ကြောင့် ဒဏ်ရာရေးရေးထင်ချင်သည်။

‘ဖြူသွယ်ဖုန်းဆက်တော့ ကျွန်တော်အံ့ဩနေတယ်’

‘တမင် အံ့ဩအောင်လုပ်လိုက်တာပဲ’

‘ကိစ္စ အထွေအထူးများ ရှိသလားလို့’

‘ရှိတာပေါ့.... ခင်ဗျားကို ထမင်းဖိတ်ကျွေးတာလေ’

‘ဟာဗျာ....’

သူ့မျက်နှာ ချက်ချင်း ရဲတက်လာသည်။ ကြည့်စမ်း.... တော်တော်အရှက်သည်းတတ်တဲ့ ကောင်လေးပါလား....

သည်လိုဆိုတော့ သူမ၏ နဂိုဉာဉ်အတိုင်း သူတစ်ပါး အနေခက်အောင် စ,ချင် နောက်ချင်လာ၏။

‘ဟိုတစ်လေက အကြွေးကိုပြန်ချေတဲ့အနေနဲ့....’

‘ဘာ.... အကြွေးလဲ....’

'ဆိုင်ကယ် မှောက်တဲ့ အကြောင်းလေ....၊ ဖြူ့ ကြောင့် ခင်ဗျား ဆိုင်ကယ်မှောက်တာမဟုတ်လား'

'မဟုတ်ပါဘူးဗျာ.... ကျွန်တော့်ဘာသာ အမြင်မှားပြီး ကြောက်အားလန့်အား ဖြစ်သွားတာပါ'

'ခင်ဗျား.... အတော်ကြောက်တတ်ပုံရတယ်'

သူ.... ရှက်ရယ်, ရယ်ရင်း ခေါင်းငုံ့သွား၏။

'ဟုတ်တယ်.... ကျွန်တော်ငယ်ငယ်က အိမ်မြှောင်မြင်ရင် အော်ငိုရော....'

ဖြူ.... သူ့ကိုကြည့်ရင်း ဟက်ဟက်ပက်ပက် ရယ်မိတော့သည်။ လူမှုရေးအရ ရိုင်းပျသလို ဖြစ်နိုင်သော်လည်း.... သူ့ စိတ်ဆိုးမှာကိုတော့ ဖြူ မကြောက်ပါ။ သူ့ကို စိတ်ဆိုးတာ အောင်ပင် ဖြူက သင်ပေးရဦးမည် ထင်ပါရဲ့....

လှေကားပေါ်က ခြေသံပြင်းပြင်းနှင့် တစ်ဆက်တည်း....

'မြင်းစီး သင်ချင်တဲ့ကောင်ကတော့ကွာ....'

ဟူသောဘိုးဘိုး၏တစ်ပိုင်းတစ်စချီထားသောစကားသံကို ကြားရမှ သူ ခေါင်းထောင်လှည့်ကြည့်သည်။

'ကျွန်တော် မအားလို့အဘိုးရဲ့....ခုတလော သူများဂျူတီ အစားဝင်ပေးရတာတွေက များနေတယ်'

'အေး,အေး.... သူများကိုကူညီတာ ကောင်းပါရဲ့ကွာ'

အဘိုးက ကျောပေါ်မှ ချွေးများကို တဘက်ဟောင်းဖြင့် သုတ်ရင်း....

'မင်းခြေထောက် ကောင်းသွားပြီလား'



ဟု မေးတော့မှ.... ဖြူ လည်း သတင်းမေးဖို့ သတိရသည်။

'ဟုတ်ကဲ့....'

ဟု.... ပက်လက်ကုလားထိုင်မှ နေရာရွှေ့ထိုင်ရင်း သူ ဖြေ၏။

'အဘိုးအတွက်.... ကျွန်တော် ဆေးပြင်းလိပ် တစ်ထုပ် ဝယ်ခဲ့တယ်....'

'ဟာ.... အတော်ဘဲဟေ့.... ငါ့မှာလဲ ပြတ်ခါနီးနေပြီ'

ဘိုးဘိုးက အားတက်သရော ပြောလိုက်တော့ သူက သူ့လက်ဆောင်အတွက် ဝမ်းသာကျေနပ် ဖြစ်သွားပြီး.... အားပါးတရ ပြုံးလေသည်။ သူပြုံးလိုက်တော့ မျက်မှန်ကြောင့် ရင့်ရော်သလို ထင်ရသော မျက်နှာလေး နုပျိုသန့်စင်သွားပြီး ခင်မင်နှစ်လိုဖွယ် ပို၍ ကောင်းသွားသည်။ ပြီးမှ သူက ရုတ်တရက် သတိရသွားဟန်ဖြင့်....

'ဖြူသွယ့်ဖို့တော့ ဘာမှမပါဘူး....'

ဟု မျက်နှာအိုအိုဖြင့် ပြောသည်။

'ဟင်.... ဒါ သက်သက် မျက်နှာလိုက်တာ....'

'ဟာ.... မဟုတ်ပါဘူး ဖြူသွယ်ရဲ့.... ကျွန်တော် နောက်တစ်ခေါက် ယူလာခဲ့ပါ့မယ်၊ ကျွန်တော် ဘာဝယ်ရမှန်း မသိလို့....'

ပြူးပြူးပျာပျာ ဖြစ်သွားသည့် သူ့မျက်နှာကိုငေးကြည့်ရင်း ရယ်ချင်မိသော်လည်း အားနာစိတ်ဖြင့် နှုတ်ခမ်းကို ကိုက်လျက် အောင့်အည်းနေရသည်။ ပြီးတော့ စိတ်ထဲမှာ

လည်း သနုားမိသလိုလို.... သူ့ကိုမှ မြင်မြင်ချင်း ခင်မင
သွားတာကိုတော့ ထူးခြားသည်ဟု ဆိုရလေမလားမသ
သူကတော့ ဖြူ့ကို သိကျွမ်းရသည့်အတွက် နေ့ဝင်ထ
ရချင် ရနေနိုင်သည်။

'ခင်ဗျား မြင်းစီးသင်ချင်ရင် ဖြူ သင်ပေးပါ့မယ်'

'ဗျာ.... တကယ်လား....'

ဖြူက ဝင့်ကြွားစွာ ပြုံးလျက်....

'တကယ်ပေါ့'

ဟု ခပ်မော့မော့ ပြောလိုက်သည်။

'ဒါပေမယ့် ဖြူ့ကို တစ်ခုတော့ ကူညီရမယ်နော်...

'တစ်ခုတည်းလား....'

'ဟုတ်တယ်.... တစ်ခုတည်းပဲ....'

'ကျွန်တော် တတ်နိုင်တာဆိုရင် ကူညီပါ့မယ်'

'တတ်နိုင်မှာပါ၊ တတ်နိုင်မယ်ထင်လို့ ဖြူ အကူအ
တောင်းတာပေါ့....'

ဘိုးဘိုးက ဆေးပြင်းလိပ် မီးညှိနေရင်း....'

'ညည်းကလည်း အတင်းကာရောပါလား....'

ဟု.... ညည်းညူသံဖြင့် ပြော၏။

'ဘိုးဘိုးပြောတာနဲ့ပဲ သူ ကူညီချင်စိတ် ပျောက်သွ
ပါဦးမယ်ဘိုးရဲ့....'

'ဟင့်အင်း.... မပျောက်ပါဘူး၊ ကူညီမှာပါ....'

ကြည့်....





နေ့ခက်လို့နေခက်မှန်းလည်း မသိ။ အနည်းငယ် အမြင်
ကတ်စွာ သူ့ကို ဖြူ မျက်စောင်းကြီးကြီး ထိုးပစ်လိုက်
တော့သည်။

✱

'ကျွန်တော်ထင်ပါတယ်၊ ကျွန်တော့်ဆီ ဖြူ ဖုန်းဆက်
ကတည်းက အကြောင်းတစ်ခုခုရှိလိမ့်မယ်လို့....'

'ဘာကြောင့် အဲလို ထင်ရတာလဲ....'

'ဘာအကြောင်းမှ မရှိဘဲနဲ့တော့ ဖြူက ကျွန်တော့်လို
ကောင်ဆီကို ဖုန်းနံပါတ်ရှာပြီး တကူးတက ဖုန်းဆက်ပါ့
မလား....'

'ဒါကတော့.... ခင်ဗျား ဖြူ့ကို သက်သက်စော်ကား
တာပဲ....'

'ဟာ.... အဲဒီသဘော မဟုတ်ပါဘူး....'

သူ ချက်ချင်း မျက်နှာပျက်ချင်သည်။ သူ့ကို ကျီစယ်
နေရင်း သူနှင့် စကားပြောရသည့်အတွက် ပျော်ရသည့်
အပျော်ကို ခံခြိမ်း စိတ်ဖြာနေမိ၏။ တစ်ယောက်တည်း အထီး
ကျန် နေခဲ့ရသည့် နှစ်ပေါင်းများစွာကို မေ့လျော့ထားနိုင်

လောက်အောင်ပင် သည်အပျော်က သူမကို လွှမ်းခြုံထားနိုင်စွမ်း ရှိသည်။ ပြီးတော့.... သူ့မျက်နှာကို ငေးမော ကြည့်နေရခြင်းအတွက်လည်း အဓိပ္ပာယ်တစ်ခုခု ရှိနေသလိုပင်၊ ဘယ်လိုအဓိပ္ပာယ်လဲ ဆိုတာကိုတော့ အသေအချာ မသိ။

'အခု.... မင်းရင်နဲ့ဖြူ ရင်းနှီးသွားကြပြီဆိုတော့ မင်းရင်ဆီကို သတိရတဲ့အခါ ဖြူ ဖုန်းဆက်မှာပါ....'

'ကျွန်တော်ကတော့ ဖုန်းမဆက်ဘဲ ဖြူ့ကို သတိရနေမယ်....'

သူ့မျက်ဝန်းတွေမှာ ဆန်းပြားစွာ အခွင့်အရေးယူသည့် အရိပ် အယောင် မျိုးတွေ ရှိမနေဘဲ သူ သည်စကားကို ခပ်အေးအေးပင် ပြောလေသည်။ စကားတစ်ခွန်းအတွက် ဖြူ့ကို ထိခိုက်စေရန် သူ ရည်ရွယ်ပုံမရပါ။

'ခု ကျွန်တော်က ဒီစာကို ဆေးလိပ်ခုံကို သွားပေးရပဲလား....'

'မဟုတ်ဘူး.... သူတို့ပေးတဲ့ပစ္စည်းကို ပြန်ယူခဲ့ပေးဦး အဲဒါကို မနက်ဖြန်မနက် စောစော ဖြူ့ဆီကိုလာပေး။ ဆယ်နှစ်နာရီကျော်လို့မှ မလာနိုင်ရင်တော့ မလာနဲ့တော့ မင်းရင်ဆီမှာဘဲ သိမ်းထားလိုက်။ နောက်တစ်ပတ်လာမှ ဖြူယူတော့မယ်'

'ပစ္စည်းက . အကြီးကြီးလား.... အသေးလေးလား...'

'သေးသေးလေးပါ၊ ဘာလဲ.... မှောင်ခိုပစ္စည်း သယ်ခိုင်းနေတယ်လို့ ထင်"လား'





ဆံပင်တွေထဲ လက်ငါးချောင်းဖြင့် ထိုးဖွရင်း သူ ခေါင်းတမ်းလျက် ရယ်လေသည်။

'မဟုတ်ပါဘူး.... ဘာနဲ့သယ်ရမလဲလို့ပါ'

'အမလေး ရှည်ရှည်ဝေးဝေး စဉ်းစားမနေနဲ့၊ ပစ္စည်းက အင်္ကျီအိတ်ထဲ ထည့်လာလို့ရတယ်၊ ခေါတ်ပုံလေးတစ်ပုံ....'

'ဩော်....'

သူ တွေတွေဝေဝေ ဖြစ်သွားပြန်လေသည်။ အိမ်ရှေ့အပြင်မှာ တင်ပလ္လင်ခွေထိုင်ရင်း မျိုးစေ့များ ရွေးနေသော ဘိုးဘိုးကို လှည့်ကြည့်ပြီး အသံတိုးတိုးဖြင့်....

'ဘိုးဘိုး သိလား....'

ဟု မေးပြန်၏။

'အမေးအမြန်းထူလိုက်တာ.... သိတာပေါ့၊ သိလို့ ဘာမှ ပြောတာပေါ့၊ ဖြူ့ အဒေါ်တွေဆီမှာ ဖေဖေ့ခေါတ်ပုံ တောင်းခိုင်းတာ သိပြီလား....'

'ဗျာ.... ဖြူ့အဖေခေါတ်ပုံ....'

သူ တကယ့်ကို ဇဝေဇဝါ ဖြစ်သွားတော့သည်။ ဖြူကိုယ်တိုင်လည်း ဖေဖေ့ခေါတ်ပုံတစ်ပုံအတွက် သူစိမ်း တစ်ယောက်ထံ အကူအညီ တောင်းနေရသည့် အဖြစ်ကို ရှက်ရွံ့အားနာ၊ နာကြည်းချင်လာသည်။ တကယ်ဆို မေမေ့ သည်မျှအထိတော့ အတ္တမကြီးသင့်ဟု ထင်သည်။ ဖြူသွယ့်အတွက် ဖြူသွယ် ဖခင်ဟု အသိအမှတ်ပြုစရာ၊ အလွမ်းပြေစရာ ခေါတ်ပုံလေး တစ်ပုံလောက်တော့ ချန်ထားသင့်သည် မဟုတ်လား။

ခုတော့.... မိသားစုအတွင်းရေးအတွက် သူစိမ်း တစ်ယောက်ကို အကူအညီတောင်းနေရပြီ။

'ကျွန်တော်....ဒီညသွားလိုက်မယ်လေ....၊ မနက်ဖြန်မနက် စောစော ဖြူ့ကို လာပေးမယ်၊ ဒါဆို ရတယ် မဟုတ်လား'

'ရတယ်....မင်းရင်....။ သိပ်လည်း အလောတကြီးမဟုတ်ပါဘူး၊ အခက်အခဲရှိတယ်ဆိုရင်.... နောက်တစ်ပတ်မှပဲ လာပါ၊ မင်းရင်.... အလုပ်ပျက်နေပါ့မယ်'

'ကျွန်တော် ကြိုးစားကြည့်မယ်လေ'

'ကျေးဇူးတင်ပါတယ်.... မင်းရင်' -

'ဟာ.... မလိုပါဘူးဗျာ....'

သည့်ထက်ပိုပြီးတော့လည်း သူ ပြောတတ်ဟန် မတူပါ။ နှစ်ဦးသားကြားမှာ ပြောစရာစကား ရှားပါးသွားပြီး.... အချိန်အတော်ကြာ တိတ်ဆိတ်နေသည်။ အဘိုး၏ ပါးစပ်ဆိုင်းတီးသံထွက်လာသောအခါ သူက.... နှားစွင့်လျက် ပြုံးပြီး နားထောင်နေ၏။

'မင်းရင်မှာ.... မောင်နှမတွေ အများကြီးရှိလားဟင်....'

'သုံးယောက်.... အစ်မ တစ်ယောက်.... ညီလေး တစ်ယောက်၊ ကျွန်တော်က အလတ်....'

'မင်းရင်တို့ မောင်နှမတွေ သိပ်ချစ်ကြမှာပဲနော်.... သုံးယောက် ဆိုတော့ အဖော်လည်းရမှာပဲ၊ ပျော်စရာကောင်းမှာပေါ့....'

'အင်း....စိတ်တောက် ရန်ဖြစ်လိုက်ကြ၊ ပြန်တည့်လိုက်ကြနဲ့ ပျော်စရာကောင်းတာတော့ အမှန်ပဲ'





ပြောနေသူ၏တက်ကြွခြင်းက သူမထံ ကူးစက်လာသည်။ င်းရင်သည် နူးညံ့ပြီး မေတ္တာတရားကြီးမားသော မိသားစုအတွင်းမှ သားတစ်ယောက် ဖြစ်သည်ဆိုတာ ယုံမှားသံသယ င်စရာမလိုပါ။ စကားပြောနူးညံ့ပြီး ကိုယ်အမူအရာ သိမ် မွေ့သည်က.... ဖြူသွယ်နှင့် ဆန့်ကျင်ဘက်ပင် ဖြစ်နိုင်သေး ည်။

'ဖြူကတော့ တစ်ယောက်တည်းပဲ'

'မောင်နှမ မရှိဘူးလား'

'ဟင့်အင်း.... တစ်ဦးတည်းသော သမီး'

'မိ ာတွေက သိပ်ချစ်မှာပေါ့....'

'အဲဒီ....သိပ်ချစ်တာကိုကြောက်တယ်၊ အတ္တကြီးတဲ့အချစ် ာပဲ၊ ဖြူ မောင်နှမတွေအများကြီးနဲ့ သိပ်နေချင်တာ'

'လူဆိုတာ ရတာမလို၊ လိုတာမရပဲ ဖြူရယ်....'

'ဟုတ်တယ်.... ဖြူက လို၍မရသော ဆင်းရဲလေ....'

'ဒါဆို....ကျွန်တော်နဲ့ဖြူ နေရာချင်း လဲမလား'

ရယ်သံတွေဖိတ်လျှံထွက်သည်။ ဓာအချိန်အတွင်းတော့ ပျော်ရွှင်ဖွယ်အတိဖြစ်၏။ မကြာခင် သူ နှုတ်ဆက် ပြန်တော့ ည်။ သံယောဇဉ်ဆိုသည် အချိန် အပိုင်းအခြားငယ်လေး အတွင်း ဘယ်မျှအထိ ခိုင်ခံ့ နက်ရှိုင်းလေမည်လဲ....

'ကျွန်တော့်ကို ဖြူ မြင်းစီး သင်ပေးမယ်လို့ ပြောထား ယ်နော်'

'အင်းပါ.... ဖြူ မမေ့ပါဘူး'

'ကျွန်တော်ပြန်တော့မယ် ဖြူ၊ မိုးသိပ်ချုပ်ရင် ကားမရ
တော့ဘူး'

ဘိုးဘိုးကိုပါ တစ်ဆက်တည်း သူ နှုတ်ဆက်သည်။ နေ
အရောင် ခပ်ရင့်ရင့် ရှိနေဆဲပင်....။ သို့ပေမယ့်.... သူ ကား
လမ်းမှ ရောက်ချိန်မှာတော့.... နေအေးသွားလိမ့်မည် ထင်
သည်။ ပြန်ခါနီးမှာ....

'ကျွန်တော်မနက်ဖြန်လာနိုင်အောင် ကြိုးစားပါမယ်'

ဟု သူထပ်ပြော၏။ စွန့်စားခန်း တစ်ခုလို ကြိုတင် ရင်ခုန်
ချင်သည်။

✱

ဆောင်းနှောင်း နံနက်ခင်းမို့ နှင်းငွေ့ပိတ်ပိတ်ရှိသည်။
စောစောစီးစီး.... အိပ်ရာမှ နိုးလာသော မြေးဖြစ်သူကို
ဘိုးဘိုးက အံ့သြတကြီးကြည့်လျက်....

'အိပ်မက်,မက်ပြီးများ ထ,လာသလား ငါ့မြေးရယ်'

ဟု ရယ်ရယ်ပြုံးပြုံးပြောသည်။

'မင်းရင်များ စောစောစီးစီး ,လာမလားလို့ ဘိုးရဲ့...
ဒီနေ့ ဖေဖေ့ခွာတပ်ပုံ ရမယ်လေ'



'အြော်....သူ့ အကြောင်းကိစ္စရှိလို့ မလာနိုင်ရင် ဘယ့်
နှယ်လုပ်ပါ့မလဲ'

'ကြိုးစားမယ်လို့ ပြောတာပဲ ဘိုးဘိုးရဲ့'

'သိပ်ပြီး မျှော်လင့်မထားနဲ့လေ.... မျှော်လင့်တိုင်း ဖြစ်
မလာတော့ စိတ်မောရတာပေါ့ သမီးရယ်'

ရွှေညိုကြီးအသံကို ကြားရသည်။ ခပ်မြန်မြန်မျက်နှာသစ်
ပြီး....တက်တရက်စ်ဘောင်းဘီပျော့ပွပွကို စွပ်သည်။ စပို့ရှပ်
အပြာနှင့်အဝါရောင်စင်းကို လဲလှယ်ပြီး ဆံပင်ကို ထိပ်ဘက်
ကျကျမြင့်မြင့်စည်းနှောင်လျက်ရွှေညိုကြီး ရှိရာမြင်းဇောင်းဆီ
အပြေးအလွှားသွားလိုက်၏။

'ဟဲ့....ကလေး အဝေးကြီး မသွားနဲ့နော်....'

'ဟုတ်ကဲ့ပါ ဘိုးဘိုး'

ရွှေညိုကြီးက သူမမျက်နှာကို နှာမှုတ်လျက် ဆီးကြို နှုတ်
ဆက်သည်။ ကုန်းနှီးတင်ပြီးသည့်အခါ နှင်းကွဲစ ပြုလာပြီ။
ဇက်ကြိုးကိုဆွဲပြီး ဇောင်းမှ ထုတ်လာသည့်အခါ နံနက်ခင်း
၏ နေခြည်နုအောက်မှာ ရွှေညိုကြီးက ခုန်ပေါက်မြူးထူး
လျက် လောကကြီးကို အော်ဟစ်နှုတ်ဆက်လေသည်။ ခြေတံ
ရှည်သော ရွှေညိုကြီး၏ ကျောပေါ်သို့ ခုန်တက်ဖို့က သိပ်
တော့မလွယ်.... သို့ပေမယ့် နှစ်အတော်ကြာ ရင်းနှီးပြီးလေပြီ
ဖြစ်သော ဖြူကတော့ အလေ့အကျင့်ဖြစ်နေပြီ။ မြေလမ်း
တစ်လျှောက် ခပ်ဖြည်းဖြည်း စီးလာရင်း ကားလမ်းမကြီးဆီ
အထိ သွားကြည့်မလား စိတ်ကူးသည်။ တကယ်တော့လည်း
သူ သည်မျှ စောစောတော့ ရောက်မလာနိုင်ပါ။ စိတ်စော

နေသော ကိုယ့်ကိုယ်ကို ထိန်းသိမ်းရင်းပင် သည်နေ့ရောက်လာနိုင်ပါ့မလားဟု စိုးရိမ်ပူပန်ရပြန်သည်။

မြေလမ်းရှည်သည် သစ်ပင်အုပ်များကြားမှ ကွေ့ကွေ့ကောက်ကောက်သွားနေ၏။ တစ်ခါတစ်ရံလည်း ကုန်းမို့မို့ပေါ်တက်သွားပြီး တစ်ခါတစ်ရံလည်း.... ဆင်ခြေလျောလမ်းအတိုင်း ပြေလျောဆင်းသွားပြန်၏။ ပတ္တမြားရောင်လက်ဖြာသောနံနက်ခင်း နေရောင်သည် သီဟိုဠ်ရွက်စိမ်းအုပ်အုပ်များအပေါ် ဖြန့်ကျက်ထားလျက် ကျက်သရေတင့်စွာ လှပနေသည်။ ပတ်ဝန်းကျင်၏ အလှအပ ခန့်ထည်မှုအပေါ် စိတ်အာရုံဝင်စားနစ်မြုပ်ရင်းစိုးရိမ်စိတ်စောမှုတွေလျော့ပါးချင်သလို ဖြစ်လာသည်။ မြက်ခင်းစိမ်းပြန့်ပြန့်ပေါ် ရောက်သောအခါ ရွှေညိုသည် ဦးစိုက်လျက် အစာစားလိုက်.... တစ်လှမ်းချင်းသွားလိုက်ဖြင့် ပျင်းရိလေးကန်သွား၏။

ဖေဖေရှိစဉ်ကတော့ ရွှေညိုသည် မြင်းပေါက်စသာသာရှိသေးသည်။ ကုန်းနှီးပင် မတင်ရဟတ်သေး....။ သည်တုန်းက မြင့်မိုရ်ဟု အမည်ပေးထားသည့် ဖေဖေ့အချစ်တော်မြင်းကြီးလည်း ရှိနေသေးသည်။ ဖြူသည် ဖေဖေ့ ရင်ခွင်အတွင်းမှီထိုင်လျက် ဖေဖေ့လေချွန်သံကို နားထောင်ရင်း ကောင်းကင်ကျယ်ကြီးကို မော့ကြည့်ရင်း သည်လိုပဲ လှည့်လည်ပျော်ရှင်ခဲ့ဖူးသည်။ ပြီးတော့ ဖေဖေ မျှော်လင့် စိတ်ကူးယဉ်ခဲ့သော ဂေဟာလေးထဲ....

ကျဲကောခြံ၏ နောက်ဘက်အစွန်သို့ မြင်းဇက်ကြိုး လှည့်ပေးလိုက်သည်။ ဘိုးဘိုးဦးလွန်းသာ၏ ပိုင်ဆိုင်သော ကျဲကော





အကျယ်အဝန်းက သယ်ကေကျော်ရှိမည်ဟု ခန့်မှန်းရ
ည်။ ဖေဖေကိုယ်တိုင် ဘိုးဘိုးနေဖို့အတွက် အိမ်ကလေး
င်လုံးကို ခြံ၏ နောက်ဘက်အစွန်တွင် အနောက်တိုင်း
န်ဆန် ပျပ်ပျပ်ဝပ်ဝပ် လှလှပပ တည်ဆောက်ပေးခဲ့သည်။
တော့ ဘိုးဘိုးက လူနေအိမ်ခြေ ပို၍စိပ်စိပ်ရှိသည့် အရှေ့
က် မြေကွက်လပ်ဆီ ပြောင်းရွှေ့ နေထိုင်သည့်အတွက်
နောက်ဘက် အိမ်ကလေးက ဖုန်မှုန် အလိမ်းလိမ်းဖြင့်
းတည်းရှိနေခဲ့ရသည်။ ဖြူ ကတော့.... ဘိုးဘိုးထံ ရောက်
င်း သည်အိမ်ကလေးကို ဖုန်ရှင်း....တံမြက်လှည်း၊ သန့်ရှင်း
ပြီး ဖေဖေ့အရိပ်ကို မြန်မြင်ရနိုး ရှာဖွေတတ်စမြဲ....။
ယ်စဉ်ကတည်းက ရင်းနှီးကျွမ်းဝင်ခဲ့ပြီးဖြစ်သော သည်
သ သည်နေရာမှာ စိတ်တိုင်းတကျ မဖြစ်နိုင်ခဲ့သည့် ဘဝ
လုပ်ဟာနေမှုကို ခဏတဖြုတ် မေ့ထားနိုင်လျှင်ပင်....
အတွက်.... စိတ်သက်သာရာရပြီ....

စိတ်သက်သာရာ....

ဖေဖေရယ်....

သမီးအတွက် နေ့ရက်တွေ တဖြည်းဖြည်း အထီးကျန်
န့်လာပြီ။ သမီးတစ်ယောက်တည်း ဖြတ်သန်းရမယ့် အချိန်
တွေ များလာပြီ ထင်ပါရဲ့ ဖေဖေရယ်....။ သမီးကို ဘယ်သူ
ားလည်ပေးနိုင်မှာလဲ....

သစ်ပင်အုပ်တွေကြားထဲမှ ပျဉ်ထောင်အိမ်လေးကို မြင်ရ
တော့ နှင်းခြား ရှပ်ရှင်ကားတွေထဲက.... တောလိုက်မုဆိုး
များ၏သစ်လုံးအိမ်ကလေးများကို မျက်စိထဲ သွားမြင်သည်။

ဖေဖေ့လက်ရာ ပျဥ်ထောင်အိမ်ကလေးကတော့ ဆေးရောင်များပြယ်လွင့်.... ရေနံချေးပင် မသုတ်နိုင်ဘဲ အတော့်ကို အိုဟောင်းနေမှုန်း သိသာနေပြီ။ ဘိုးဘိုးကိုယ်တိုင်ကလည်း ခြံအလုပ်သမားများ ချက်ပြုတ်ကျွေးမွေးသည့် ထမင်းဟင်းကိုစားပြီး ခြံကို ကြီးကြပ်ခြင်း၊ မြင်းများ ထိန်းသိမ်းခြင်းစသည့် အတော်အတန် သက်သောင့်သက်သာရှိရမည့် အလုပ်များကိုသာ ဂရုတစိုက် လုပ်ကိုင်နိုင်သည့်အတွက် သည်အိမ်ကလေးကို ပြန်လှည့်မကြည့်နိုင်လောက်အောင်ပင်။

အို.... ဖေဖေ....

ဖေဖေ လေချွန်နေတတ်တဲ့ Somewhere my love သီချင်းလေး....

သူမ လန့်ဖျပ်ပြီး ရှေ့ညိုကြီးကို နောက်ပြန်လှည့်ပြီး ကြည့်မိတော့သည်။ မြေလမ်းမဆီ အတော်လှမ်းလှမ်းမှ.... ကြားရသည့် အသံ....

ဖေဖေ....၊ မဟုတ်သေးပါဘူး....

စီရီညီညာနေသော ကျွဲကောပင်များကြားမှ ရှေ့ညိုကြီးကို ခပ်သွက်သွက် စီးသွားလိုက်သည်။ လမ်းမနှင့်နီးလာတိုင်း ရင်ခုန်သံ ပို၍ကျယ်လောင်လာသလိုပင်.... အလေ့အကျင့်ရှိနေကျ လေ့ကျင့်ခန်းဖြစ်လျက် မောပမ်းပြီး အသက်ရှူကျပ်ချင်လာသည်။ ဇက်ကြိုးကိုင်ထားသော လက်ဖဝါးမှာ ချွေးစေးတွေ စိုထိုင်းထိုင်း ပေကျံနေသည်။ သစ်ပင်တွေ ရိပ်ခနဲ ဖြတ်သန်းသွားတိုင်း ခေါင်းထဲ မူးနောက်ရီဝေဝေ....



လေချွန်သံ....တဖြည်းဖြည်း နီးလာပြီ....

လမ်းမပေါ်မှ အရိပ်ကလေးကို လှမ်းမြင်ရတော့မှ ဖြူ့စိတ်တွေ ပုံမှန် ပြန်ဖြစ်သွားရသည်။ ရုတ်တရက်မို့.... သတိလက်လွှတ် ထင်ယောင်ထင်မှား အာရုံတွေလည်း သူ့ကိုမြင်ရတော့ ရယ်ချင်စိတ်နှင့်အတူ လွင့်ပြယ်သွားတော့သည်။

ကြည့်စမ်း....

လမ်းမပေါ် စိတ်အေးလက်အေး လျှောက်လာနေပုံက....

သူ့ကိုယ်သူ.... အမေရိကန်မင်းသား စတိုင်လ်နဲ့....

ဘောင်းဘီအိတ်တွေထဲ လက်နှစ်ဖက်ထည့်ပြီး ကောင်းကင်ကြီးဆီ မော့ကြည့်လို့.... လေကလေး တချွန်ချွန်နဲ့....။ အပြာနုကွက် ရှပ်လက်ရှည်က သူနှင့် လိုက်ဖက်လိုက်တာ....။ မျက်မှန်ကိုင်း နက်နက်လေးကြောင့်များ သူ့မျက်နှာက....ပိုပြီး တည်ငြိမ်နေလေသလား....

'ဟိတ်....'

လေချွန်သံ ရုတ်တရက် ရပ်သွားသည်။ မော့ကြည့်လိုက်သော ဝမ်းသာအားရမျက်နှာ၊ ကြည်ကြည်ရွှင်ရွှင်အပြုံး....၊ ဖေဖေ့ကို ရုတ်တရက် အာရုံမှ လျော့ပါးသွားသည်ကိုတော့ ဝန်ခံရမည်။

'ဟာ....ဖြူ သွယ်....'

'တကယ့်ကို.... အစောကြီးပါလား'

'အင်းလေ.... ဆယ့်နှစ်နာရီ မထိုးခင် လာခဲ့ရမယ်ဆို....'

'ခုမှ.... ခုနစ်နာရီခွဲပဲ ရှိသေးတာ.... ဖြူ မှာလိုက်တာ အိုကေလား'

မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်သော ဖြူ[...] စိုးရိမ်တကြီး မျက်ဝန်းများဖြင့် သူ ငေးကြည့်နေသည[...] မှတ်မှတ်ထင်ထင် မြင်၏။ ရွှေညို၏ ဇက်ကြိုးကိုဆွဲပြီး [...] လမ်းအတိုင်း ပြန်လှည့်သည့်အခါ....

'ဘယ်လဲ....ဖြူသွယ်'

ဟု သူ ဝေဝေဝါဝါ မေး၏။

'မင်းရင်ကို ပြစရာရှိလို့ပါ.... ဒေါ်လေးက.... ဓာတ်ပုံ[...] လိုက်သလားဟင်....'

'ပေးလိုက်တယ်.... စာဖတ်ပြီးတော့ နဂါးစောင့် [...] ကျွန်တော့်ကို စက္ကူအိတ်ကလေး ပေးလိုက်တာပဲ'

အင်္ကျီအိတ်ထဲမှာ ထိပ်ပိုင်းခေါက်ထားသော စက္ကူအိတ်[...] ကို ဆွဲထုတ်လျက် သူ လှမ်းပေး၏။ ဖျော့ရှင် ဝမ်းသာ[...] ကြောင့် ရင်ထဲမှာ လှုပ်ခနဲခါသည်။

'ကျေးဇူးတင်လိုက်တာ မင်းရင်'

'ဟင့်အင်း.... ကျွန်တော်က.... ကျေးဇူးတင်ရမှာပါ'

'ဘာကြောင့်....'

သူ့စကား အထူးအဆန်းကြောင့်.... သူ့ကို မျက်မှော[င်] ကြုတ်လျက် ကြည့်မိသည်။ နှုတ်ခမ်းလွှာများ ပါးသ[...] အောင် ပြုံးလျက်....

'ဖြူ့ဆန္ဒတွေပြည့်အောင် ကူညီခွင့်ရလို့ပေါ့'

ဟု.... အားတက်သရော ဖြေ၏။ ကြည်နူးခြင်းတို့ ရင်တ[...] လုံး ပျံ့နှံ့ စီးဆင်းသွားသည်။





မျက်ခုံးနက်နက်၊ ပိုရိုသေသပ်သော နှုတ်ခမ်းထူများနှင့် သော့ကျသောမေးရိုး။ မျက်ဝန်းများတောက်ပပြီး မျက်အိမ် ကျယ်သည်။ မြန်မာအမျိုးသားတစ်ယောက် ပီသသော မျက်နှာ.... အစတ်အစားနှင့် ဓာတ်ပုံထဲမှ ပုဂ္ဂိုလ်သည်.... မင်းရင်ကို စူးစူးစိုက်စိုက် ကြည့်နေသလိုပင်....

'အဲဒါ ဖြူ့ဖေဖေပဲ.... မင်းရင်'

နံဘေးမှ အသံတိုးတိုးကြားရသည်။ ဖြူ့ မျက်ဝန်းအစုံ သည် ရွှေညိုဟုခေါ်သော မြင်းကြီးထံမှာသာ ခပ်စိုက်စိုက် ရှိနေ၏။ အစက်အပြောက် မှထင်သော မျက်နှာ ပြင်ပေါ် ရှိသော လိမ်းကျံထားခြင်းလည်းမရှိဘဲ အသားအရေ ချော မွေ့မွေ့ရှိ၏။ ဖြူသွယ်သည် အပေတူ သမီးတစ်ယောက်တော့ မဟုတ်နိုင်။

'ဖြူနဲ့ သိပ်မတူဘူးနော်'

'ဟုတ်တယ်....ဖြူက မေမေနဲ့တူတာ၊ ပြင်ပခန္ဓာရုပ်ရည် အနေအထား မေမေနဲ့ တော်တော့်ကိုတူတယ်၊ ဒါပေမယ့်.... ဖြူ့စိတ်ဓာတ် ဖြူ့ဝါသနာကတော့ ဖေဖေနဲ့ချွတ်စွပ်'

ခုထက်တိ အခြေအနေအရပ်ရပ်ကို သဘောမပေါက်နိုင် သေး။ မခင်နှင့်ပတ်သက်ပြီး ဖြူသွယ်တို့မိသားစုမှာပြဿနာ တစ်စုံတစ်ရာ ရှိနေမည်ဟုတော့ ရိပ်စားမိသည်။ ဖြူသွယ် သည် မိသားစုပြဿနာတစ်ခုကို တစ်ယောက်တည်းကြိတ်မှိတ် ခံစားနေခဲ့သည်ဟုလည်း သဘောပေါက်သည်။

သို့ပေမယ့်...., သိခွင့်မရှိ။ မေးခွင့်မရှိ....။

ဖြူသွယ်နှင့် မင်းရင်သည် တောင်နှင့်မြောက် ယဉ်စွန်း
တန်း နှစ်ခု ဖြစ်နိုင်သည်။ ရထားသံလမ်း နှစ်ခု ဖြစ်နိုင်သည်
ဖြူသွယ်၏ သဘောထားပြည့်ဝမှုကို ခုထိသံသယရှိနေခဲ့သေး
သည်။

သစ်တောနက်နက်ထဲ ရောက်နေသလို စိတ်ထဲမှာ ထ
သည်။ ပတ်ဝန်းကျင်မှာ သစ်ပင်တွေသာရှိသည်။ သို့သေ
လည်း အပင်ကြီးတွေ မဟုတ်သည့် အတွက်.... နေပြော
မထိုးနိုင်လောက်အောင် ပိန်းပိတ် နေသည်တော့ မဟုတ်
ကျွဲကောပင်များအလယ် မြေကွက်လပ်ကလေးမှာ ဘန်ဂလ
ဆန်ဆန် အိမ်ကလေးတစ်လုံးရှိနေပြီး အိမ်ရှေ့ တည့်တည့်
လမ်းကလေးက ကား တစ် စီး ဝင် သာ ရုံ ကျယ်ပြန့်သည်
လမ်းမဆီမှ သီချင်းသံကို ရံဖန်ရံခါ ကြားရတတ်၏။

သည်အိမ်ကလေးဆီ ဖြူသွယ် ဘာကြောင့် ခေါ်လာ
မှန်းမသိ။ အိမ်ရှေ့ ပုံနှိမ့်များဖွေးလျက်ရှိသော လှေကားပေ
ဖြူသွယ် ထိုင်ချလိုက်တော့ ဖြူသွယ့်ရှေ့ လှေကားရင်းမှ
ရပ်ရင်း အံ့သြနေခဲ့သည်။ တကယ်တော့ ဖြူ သွယ် သ
ကလေးစိတ်မပျောက်တတ်သေးသော ကျောင်းသူမလေးပ
ရိုးသားလွတ်လပ်မှုကိုသာနှစ်ခြိုက်တတ်သောဆယ်ကျော်သ
မိန်းကလေးတစ်ယောက်ပဲ။ ဖန်သားပြင်ပေါ်မှ ဆေးခ
မျက်နှာနှင့် မိန်းကလေးကို မေ့လျော့ချင်သလိုပင် ဖြစ်လ
သည်။ သူမဟာ ဖြူသွယ်မဟုတ်သလိုပါဘဲလေ....

တကယ့် တကယ် တောအုပ်ထဲမှာ မဟုတ်သည့်အတ
မင်းရင် ရင်ခုန်သံမြန်ဆန်မလာနိုင်ပါ။ အနီးအပါးမှ ဖြ



သန်းသွားသူ တစ်ယောက်စ၊ နှစ်ယောက်စ ဖြူသွယ့်ကို အော်ဟစ်နှုတ်ဆက်သွားကြသည်။ သည်မျက်လုံးများသည် ဖြူသွယ့်ကို ရွယ်တူ ယောကျ်ားလေးတစ်ယောက်နှင့် အတူတွဲပြီး တွေ့ရသည့်အတွက် စိတ်ဝင်စားဟန်၊ စိတ်အနှောင့်အယှက်ဖြစ်ဟန်တွေ ရှိမနေ။ သည် ပတ် ဝန်း ကျင် သည် ဖြူသွယ် ရင်းနှီးနေကျ ပတ်ဝန်းကျင်။ ဖြူသွယ်ကို ကလေးတစ်ယောက်လိုသာ မြင်ကြည့်တတ်ကြသည့် ပတ်ဝန်းကျင်....

ဖြူသွယ် ဟူသော မိန်းကလေးကို နားလည်စ ပြုလာသည်။

'မင်းရင်ကို ဒီအိမ်ကလေးရဲ့ ရာဇဝင်အကြောင်း ပြောချင်လို့'

'ဟုတ်ကဲ့....'

'ဒီအိမ်ကလေးကို ဖြူ့ဖေဖေကိုယ်တိုင် ဆောက်သွားခဲ့တာ မင်းရင်ရဲ့'

'ဆောက်....သွား....ခဲ့....တာ....'

တစ်ယောက်တည်းရေရွတ်သလို တီးတိုး ရွတ်ဆိုလိုက်မိသည်။ ဖြူ့ဖခင်က.... ခု.... လောကကြီးထဲမှာ မရှိတော့သည်လား....

'အရင်တုန်းကတော့ ဘိုးဘိုးနေဖို့ရယ်ဆိုပြီး ဆောက်တာပေါ့၊ ဒါပေမယ့် ဘိုးဘိုးက ဒီနေရာကို အိမ်တွေနဲ့ဝေးတယ်ဆိုပြီး ရွှေ့ဘက်ကို ရွှေ့လိုက်ရော၊ အဲတော့.... ဒီအိမ်ကလေးက နေမယ့်သူမရှိတော့ဘူးလေ....

'ဒါပေမယ့်... ပေပေရှိတုန်းကတော့ ပေပေ့နဲ့ဖြူ မကြ
ခဏ ဒီကို ရောက်ပါတယ်၊ သိပ်ပျော်စရာကောင်းတာ
သိလား၊ ပေပေက ဖြူ့ကို လှေသေနတ်ပစ်သင်ပေးတာ
မြင်းစီးသင်ပေးတယ်၊ ဖြူက မိန်းမကောင်းဘွဲ့င်ပေ
အဲလို နေရတာကို ဖြူ သိပ်သဘောကျတာ၊ မေမေနဲ့ ပေ
ကတော့ ဖြူ့ကြောင့် ခဏ ခဏ ရန်ဖြစ်...၊ မေမေက
အဲလိုနေတာကို သဘောမကျဘူးလေ၊ ပေပေနဲ့ မေမေ
တကယ့်ကို ဆန့်ကျင်တက်...'

'ခု... ဖြူ့ ပေပေက....'

'ပေပေက....မရှိတော့ဘူး....'

'ဘယ်တုန်းက ဆုံးသွားတာလဲ'

ဖြူက ဖျတ်ခနဲ လှည့်ကြည့် မျက်မှောင်ကြုတ်ရင်း
'ဆုံးသွားတာ မဟုတ်ပါဘူး'

ဟု ခပ်ဆတ်ဆတ်ပြောသည်။ မင်းရင်....အူလည်လည်
ဆောရီး....ဟု ကမန်းကတမ်း တောင်းပန်ရ၏။

'ပေပေ....မရှိတော့ဘူးဆိုတာက.... ဖြူတို့ရဲ့ ကမ္ဘာ
ပေပေ ထွက်သွားပြီ၊ ဒါပေမယ့်....ပေပေက ဖြူတို့ကို
ရစ်ခဲ့တာမဟုတ်ပါဘူးလေ....၊ မေမေက ပေပေ့ကို စွန့်
ခဲ့တာပါ'

စွန့်လွှတ် ဟူသော စကားရပ်ကို သူမ ဘာကြော
သုံးနှုန်းသည်လဲ။ ဖြူသွယ်သည် ဖခင်ကို ခုထိ.... တမ
နေဆဲဖြစ်သည်ဆိုတာကို ပြက်ပြက်ထင်ထင်မြင်တွေ့နေရသ





ကံကြမ္မာတရားက.... သူမတို့ မိသားစုကို ဘာကြောင့်များ
ပြိုကွဲစေခဲ့သည်တဲ့လဲ...

'ခုတော့....ပေပေလည်း သူ့မိသားစုအသစ်နဲ့ ပျော်ရွှင်
နေလောက်ရောပေါ့လေ....၊ မေမေက ပေပေ့ကို စိတ်နာဖြီး
ပေပေ့ဓာတ်ပုံတွေ၊ မိသားစုဓာတ်ပုံတွေအားလုံး ကတ်ကျေး
နဲ့ညှပ် မီးရှို့ပစ်ခဲ့တာ၊ အဲတော့....ဖြူ့မှာ ပေပေ့ကို သတိရ
ရင်တောင် ပြန်ကြည့်စရာ ဓာတ်ပုံ မရှိတော့ဘူးလေ၊ အဲဒါ
ကြောင့်.... မင်းရင်ကို အကူအညီတောင်းရတာ....ခုလို ကူညီ
တဲ့အတွက် ကျေးဇူးတင်ပါတယ်....မင်းရင်'

'ပြောပြန်ပြီ....'

'မပြောရဘူးလား'

'လိုမှ မလိုအပ်တာဘဲ'

ရှေ့သို့ ငိုက်ကျလာသော ဆံပင်များကို လက်ဖဝါးဖြင့်
သပ်တင်ရင်း ဖြူသွယ် ရယ်မောလေသည်။ သည်အရယ်
မျက်နှာက တစိမ့်စိမ့် ထိုင် ကြည့် ချင် စ ရာ ကောင်း သည်။
တစ်နေကုန် ငေးမောချင်စရာကောင်းသည်။ သည်လိုနှင့်ပဲ
ဖြူသွယ်တို့သည် မိန်းကလေးတစ်ယောက် နှလုံးသားထဲ
ထာဝစဉ် စိုးမိုးနေတော့မည်ဆိုတာ.... ကြိုတင် နားလည်
သိနေသည်။

သြော်...

အံ့သြစရာကောင်းလိုက်ပါဘိတော့ လောကကြီးရယ်....

'ဖြူလေ.... ပျော်ရွှင်နေတဲ့ မိသားစုတွေမြင်ရင် သိပ်
အားကျတာပဲ မင်းရင်....၊ ဖြူတို့ မိသားစုအတွက်တော့

ကြည်နူးရတယ်ဆိုတဲ့အချိန်က ခဏလေးရယ်၊ နှားလည် လဲချော်နေတာကြောင့်ပဲ ပြီးခဲ့တဲ့အချိန်တော်တော်များများ ကို စိတ်ကသိကအောင့်နဲ့ ဖြတ်ကျော်ခဲ့ရတယ်၊ တကယ်တော့ ဖေဖေက မေမေရဲ့ အရိပ်ထိုးမှုအောက်မှာ အချိန် အကြာကြီး သည်းခံနေခဲ့ရှာတာပါ၊ ဖြူကတော့ ဖေဖေ စိတ်မနာနိုင်ဘူး၊ ဖေဖေ ဖြူ့ကို သိပ်ချစ်တယ်ဆိုတာ သိနေတာပဲ၊ ပြီးတော့.... ဖေဖေ မေမေ့ကို သိပ်ချစ်တ ဆိုတာလည်း ဖြူ သိနေပါတယ်၊ ဒါပေမယ့်.... မေ ကတော့ မသိဘူး'

ဖြူသွယ့် စကားများက မင်းရင်အတွက် အံ့သြစ ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ သို့ပေမယ့်.... မင်းရင် အကယ်စင်စစ် အံ့သြစေသည်ကတော့ ဖြူသွယ်ဟူသေ မိန်းကလေးပင် ဖြစ်သည်။ ဘယ်လို ယုံကြည်စိတ်ချမှု....ယုံ အားကိုးမှုများဖြင့် ဖြူသွယ် သည်စကားတွေကို သူ့ တိုင်တည်နေသည်ဆိုတာ မင်းရင် စဉ်းစားမရနိုင်ချေ။ သူမ ဖြူစင်မှုက သူ့ထံ ကူးစက်လာပြီး စိတ်ကျဉ်းကျဉ်းကျပ်ကျ ဖြစ်စေသည်။

မရိုးသားနိုင်သော နှလုံးသားကို သူမ ရိပ်မိခဲ့လျှင် စိတ်ဆိုးမည်လား။ မျက်တောင်စိပ်စိပ်များဆီ ငေးစိုက်ကြ မိရင်း ဘယ်လို အားပေးဖြေသိမ့်ရမလဲဟု စဉ်းစားမရနိ မေတ္တာငတ်မွတ်နေသူ ညီမငယ်လေး တစ်ယောက်အတွ ဖြူစင်သော မေတ္တာတရားသက်သက်ကိုသာ လက်ဆော



ားသင့်မှန်း သိပါလျက်.... စ,ကတည်းက ချစ်ခြင်းဖြင့် ယ်နှောင်မိသည်ကို ပြောင်းလဲပစ်ဖို့ မတတ်နိုင်တော့....။

'ကျွန်တော် ဖြူ့ကို ဘာကူညီရမလဲ....၊ ဖြူ စိတ်ချမ်း ာရမယ့် အရေးကိစ္စမှန်သမျှ ကျွန်တော် ကူညီချင်ပါတယ်'

ခေါင်းကို ဖြည်းဖြည်းရမ်းလျက်....

'ဘယ်သူမှ မကူညီနိုင်တဲ့ကိစ္စပါ မင်းရင်ရယ်'

ဟု ဖြူ ညည်းညူလေသည်။ 'အစားထိုးပေးဖို့လည်း ဖြစ်နိုင်သည်ပဲလေ....။

'အခု....ဖြူ့ ဖေဖေက ဘယ်မှာလဲဟင်'

'သြစတေးလျမှာ'

'အဆက်အသွယ်မရဘူးလား'

'မေမေက မဆက်သွယ်ရဘူးတဲ့'

'ဩော်....'

'ဖေဖေ့ကို ဖြူ ဘယ်တော့မှ မမုန်းဘူးဆိုတာတော့ ဖေသိအောင် ပြောခွင့်ရချင်ပါတယ်'

ဖြူသွယ်ရယ်....

ရင်ထဲမှ ကရုဏာတရားသည် ချစ်ခြင်းအထုပေါ် တ်လျှ ကျလျက်.... ပိုမို ခိုင်မာကျယ်ပြန့်လာစေတော့သည်။ ည်အခါမှာတော့....ဖြူသွယ်ဟူသော ရိုးသားသန့်စင်သည့် း်းကလေးအပေါ် ချစ်ခြင်းတရားသက်သက်ဟု ကိုယ့်ကိုယ် ယုံကြည်ရပြန်လေသည်။ ကြည်နူးခြင်းကြောင့် နူးညံ့စွာ ်ခုန်၏။ ဖြူသွယ့်အတွက် ရှေ့ဆက်ရမည့် အချိန်များစွာ

မှာလည်း အားပေးကူညီခွင့်ရချင်သည်။ သူမ ခွင့်ပြုနိုင်မည် ဆိုလျှင်ပေါ့လေ....

'မင်းရင် ကို ဖြူ့ရဲ့ အစ်ကိုရင်း တစ်ယောက်လို ဖြူ မြင် မြင်ချင်း ခင်မင်မိသွားတယ်၊ အဲ့ဒါကြောင့်လည်း ဖြူ့တစ္စ ကို အကူအညီတောင်းဖို့ ဆုံးဖြတ်မိတာပေါ့။ ယုံကြည်တယ် ဆိုတဲ့ အတိုင်းအတာလည်း ပါတယ်လေ၊ နောက်ပြီး.... ဖြူ့ မှာ တိုင်ပင်ရမှာယ့် မောင်နှမသားချင်းဆိုတာလည်း မရှိတော့ မင်းရင်ကို ဖြူ အားကိုးမိတာ အမှန်ပါပဲ'

'ဝမ်းသာပါတယ် ဖြူ၊ ဖြူ့ အတွက်ဆို တစ်သက်လုံး ကူညီပါရစေ၊ လိုအပ်တဲ့အခါ.... ရောက်ရာ နေရာကနေ.... မင်းရင်ဆိုတဲ့ ကောင်လေးတစ်ယောက်ကို သတိရတယ်ဆိုရင် ကျွန်တော်ကျေနပ်ပြီ'

စကားအဆုံးမှာ ဖြူက ဟက်ဟက်ပက်ပက် ရယ်လျက်....

'မင်းရင်က ကဗျာဆန်ဆန် ပြောတတ်သားပဲ....'

ဟု ကျီစယ်လေသည်။ ရှက်ရွံ့ရွံ့ ဖြစ်ရသော်လည်း ပိုမို လာသည့် ရင်းနှီးမှုအတွက်တော့ ကျေနပ်ရသည်။ သည့်နောက် မှာတော့ ဖြူက ထိုင်ရာမှ ထ ရပ်လျက်....

'ပြန်ရအောင်'

ဟု ရုတ်တရက် ပြောသည်။

'ကျွန်တော် ပြန်တော့မယ်'

'ဘိုးဘိုးဆီ မလိုက်တော့ဘူးလား'

'မလိုက်တော့ဘူးလေ....၊ ကျွန်တော် ဂျူတီအားတဲ့ ရက် တစ်ရက် ဘိုးဘိုးဆီသွားပြီး မြင်းစီးသင်ရမယ်၊ ဒီနေ့တော့





ျွန်တော်မအားဘူး၊ နောက်တစ်ပတ် ဖြူသွယ် ဒီကိုလာဖြ းမှာလား'

'သိပ်မသေချာဘူး မင်းရင်၊ ဒါပေမယ့်.... ဖြူ ဖုန်းဆက် ိုက်မယ်လေ'

'ဟုတ်ကဲ့....'

မြေ လမ်းမပေါ် ရောက်သည်အထိ ဖြူက နံဘေး မှာ ိုက်ပါလာသည်။ နှုတ်ဆက်ရမည် ဆိုတော့လည်း ခြေလှမ်း ျားက လေးကန်လွန်းလှ၏။

'သွားတော့မယ်.... ဖြူသွယ်'

'O.K. good luck'

အလျင် ကျောခိုင်းထွက်သူ ဖြစ်သော်လည်း မြင်းခွာသံ ေးသွားတော့.... ရင်ထဲလွမ်းဆွတ်ရပြန်သည်။ သည်လိုနှင့်ပဲ ေဒနာတွေ ပိုပြီး ရင့်သန်လာပြန်ဦးတော့မည်။ မျက်နှာ ကြည်ကြည်သည့် အာရုံမှာ ပြတ်သားစွာပေါ်လာတတ်ဆဲ....

ကောင်းကင်ပြာ အောက်မှာ တစ် ယောက် တည်း ရှိနေ သလို ခံစားရသည့်အခါ ဖြူသွယ်နှင့် ဘယ်သူ ပိုပြီး အထီး ျန် ဆန်လေမလဲ....ဟု မေးခွန်းထုတ်ကြည့်မိသည်။နောက် ဆုံ တွေ့ရဖို့သည်လည်း မသေချာ....။ မနက်ဖြန် ဆိုတာကို ျှော်လင့် မနေမိအောင်.... ကိုယ်တိုင်ကြိုးစားမှပဲ ဖြစ်လေ တော့မည်....။

✺✺✺

[ ၄ ]

'မင်းရင်.... ခုတလော တီဗွီမကြည့်တော့ပါလား....'

ဟု သူငယ်ချင်းများက စ,သလို နောက်သလို ပြောကြသည့် အခါတိုင်း ရင်ထဲမှာ အခံရခက်သည့် ဝေဒနာတစ်ခု ပေါ်လာတတ်စမြဲ။ ဖြူသွယ့်ကို တမ်းတမိသည့်ဝေဒနာ....

ဖြူဖြူစင်စင် နှလုံးသားမှာ.... အစက်အပြောက်မျှ ထင်ရှားဖက်ရာမရခဲ့ဘူးပါဘဲ.... ခုတော့ဖြင့်.... ဝေဒနာကို အစပျိုးလျက် ကြည်ဖြူစွာ ယူနေမိပြီ။ အလွမ်းဆိုတာကို ခုချိန်မှာ ပီပီပြင်ပြင် နားလည်ခဲ့ပြီ။ ဖြူသွယ်နှင့်လည်း မဆုံဖြစ်တာ ကြာပြီလေ။ သည်ကြားထဲ ဖြူသန့်စင်ဟူသော မိန်းကလေးကိုတော့ မဂ္ဂဇင်းမျက်နှာဖုံးတွေမှာ.... ပြက္ခဒိန်တချို့မှာ.... တွေ့ဆုံခန်းတွေမှာ.... ဘီစကစ် ကြော်ညာတွေမှာ မကြာခဏဆုံဖြစ်နေသည်။



သူမက.... ဖြူသွယ်မှ မဟုတ်ဘဲ....

တကယ်လွမ်းရတတ်သည့် မိန်းကလေးက.... အသံကျယ်ကျယ် အော်ဟစ် ရယ်တတ်သော....၊ ယောကျ်ားလေး တစ်ယောက်လို စကားပြောတတ်သော....၊ ရှပ်အင်္ကျီ ပွပွနှင့်.... အရောင်မှိုင်းမှိုင်း ဘောင်းဘီရှည်ဝတ်တတ်သော....။ မျက်နှာပြင်မှာ သနပ်ခါးရောင်မျှပင်မတင်တတ်သည့် ရိုးသားလှစွာသော မိန်းကလေး တစ်ယောက်ပင်....။

နှင်းတို့ပြယ်ပြီးနွေဦးကာလတော့်လွန်သည်အထိ....ဖြူသွယ်ဘိုးဘိုး ဦးလွန်းသာထံ ရောက်မလာတော့ပါ။ မင်းရင်ကတော့.... 'ဖြူသွယ် ရောက်မလာတော့ဘူးလား ဘိုးဘိုး' ဟု စကားစရှာမေးရမှာကို မဝံ့မရဲဖြစ်နေဆဲပင်။ မျှော်လင့်ချက်တစ်ခုဖြင့် ချဉ်းကပ်တတ်သော... အခွင့်အရေးသမား.... ဟု အထင်ခံရမှာလည်းကြောက်သည်။ ရင်ထဲမှာတော့ ခဏခဏမေး.... အထပ်ထပ်မေး....။ ရွှေညိုကြီးကို မြင်တိုင်း လှည်းဘီရစိတ် ပိုသည်။

ရွှေညိုကြီးက.... ခုဆို မင်းရင်ကို အတော်ပင် ရင်းနှီးနေပြီ။ သူ့သခင်မအတွက် အစားထိုး ဝင်ရောက်လာသည်ဟု ထင်ရှာလေ့သလား မသိ။ ဖြူသွယ်နှင့် ဆက်နွယ်သည့် ယောဇဉ်တရားက.... ရွှေညိုကြီးအပေါ်မှာပင် အတော့်ကို ခိုင်ခိုင်မာမာ....။

တစ်ရက်ပြီးတစ်ရက်.... မျှော်ရသည့် ရက်တွေလည်း ရှည်လျား နေခဲ့ပြီ။ လက်ပံပွင့်ရဲရဲတွေ၊ ပျဉ်းမပန်းတွေ....၊ ငုပန်းတွေ.... အရောင်စုံပွင့်တတ်သည့် နွေကာလ သရုပ်သကန်ကို

ကြည့်နေချင်း.... လွမ်းသွတ်ဖွယ်ဟု အများက စာဖွဲ့တတ်ခဲ့သည်ကို အခုမှပင် နားလည်ရကောင်းမှန်းသိသည်။ ဖြူသွယ်နှင့် စ၍တင်ဆုံရသည့်နေရာကို တစ်ယောက်တည်းရောက်သွားတတ်ခြင်းက....သတိရစိတ်ကို ပို၍ ခိုင်မာစေသည်။ အလုပ်အားလပ်သည့်အခါ.... ဘိုးတိုးဦးလွန်းသာထံ....ရောက်တတ်သည်။

ရွှေညိုကြီးကျောပေါ် တက်ရသည့်အခါ.... ဖြူသွယ်၏ မကျေနပ်ချင်သော မျက်နှာကို မြင် ယောင် ကြည့် မိ သည်။ သေချာ စဉ်းစားကြည့်တော့လည်း ဖြူသွယ်နှင့် မင်းရင်ခင်မင် ရင်းနှီးမှု ကာလက.... သိပ်ပြီး ကြာကြာ ရှည်ရှည်မှ မ ဟုတ် သည် ဘဲ။ ဖြူသွယ့်ရင်ထဲ အရာထင်ကျန်ဖို့ဆိုသည် မျှော်လင့်ချက်ကတော့ ရှူးသွပ်လွန်းမည် ထင်သည်။

'ဘာပဲဖြစ်ဖြစ်လေ....

သတိရနေမိသည့် စိတ် အ စဉ် ကို တော့ အတင်းအကျပ်ချုပ်ချယ်မနေပစ်ဖို့ မကြိုးစားချင်.... ချစ်ခြင်းကြောင့် လွမ်းရသည် ဆို လျှင် လည်း ရဲရဲသာလွမ်း မည်။ သည် အ တွက် အဓိပ္ပာယ်ရှိသည်ဟုလည်း ထင်၏။



'ရွှေညိုကြီးနေ့မကောင်းဘူးထင်တယ်အဘိုး၊ လေးလေးကန်နဲ့'

'အင်း.... ဟိုကလေးမ မလာတော့.... သူလည်း လွမ်း း, ဖျားထင်ပါရဲ့'

ဆေးမြင်းလိပ်ကို သွားဖြင့်ဖိကိုက်ထားရင်း ဗလုံးဗထွေး ဖြင့် အဘိုးကပြောသည်။ ရွှေညိုကြီးကို ဇက်ကြိုးဆွဲပြီး င်းထဲ ပြန်သွင်းထားလိုက်၏။ အဘိုးသည် မြင်းဇောင်း ဘက်မှာ ဆောင့် ကြောင့် ထိုင် လျက်.... အရှေ့ဘက် ကောပင်အုပ်များဆီ မျှော်ကြည့်ရင်း.... ရေနွေးပန်းကန် ခမ်းမှာတော့ ပြီး ငြိမ်သက်နေသည်။ ချွေး စို နေ သော အင်္ကျီကိုချွတ်ပြီး ပခုံးပေါ် အလိုက်သင့် တင်လိုက်သည်။

'ဖြူမ တစ်ယောက်လည်း.... မပေါ်လာတာ.... အတော် ပြီ'

ဟုသော အဘိုး၏ ညည်းတွား ရေရွတ်သံ ကြားရသည်။ ထဲမှာတော့ သည်စကားကို စက္ကန့်တိုင်းပြောဖြစ်နေသည် ကိုယ်တိုင်ပဲသိသည်။

'နေမှ ကောင်းရဲ့လား....မသိ'

လေပူပူတစ်ချက်အဝေ့ မျက်နှာပြင် တစ်ခုလုံး စပ်ဖျဉ်း ခံ စား လိုက် ရ သည်။ သစ်ပင်အုပ်နှင့် အိမ်အကြား း‌လင်းပြင်သည် ဖုန်ငွေ့ဖြင့် အ တိ ပြီး လျက် နေ ၏။ ောင်းကင်ပေါ် မော့ကြည့် မရလောက်အောင် နေအပူရှိန် ပြင်းထန်လွန်းသည်။

'အဘိုးမှာ့ တခြားမြေးတွေ မရှိတော့ဘူးလားဟင်'

ဆေးပြင်းလိပ်ကိုဖွာတ်.... မျက်နှာမှအကြောအခြင်များ ကို ရှုံ့လိုက်ရင်း....အဘိုးက....

'ရှိသားပဲ'

ဟု ပြန်ဖြေသည်။

'သူတို့က ဖြူသွယ်ထက် အကြီးတွေလေ၊ အလုပ်တွေ အကိုင်တွေနဲ့ အိမ်ထောင်ကျတဲ့လူလည်းကျကုန်ပြီ၊ သမီးကြီး က မွေးတာပေါ့၊ ဖြူမှအမေကတော့ သမီးအငယ်ဆုံး၊ ဖြူမ ကို တခြားမြေးတွေထက်ပိုချစ်တာက.... သူ မွေးကတည်းက တို့လင်မယားလက်ပေါ်မှာကြီးရတာ....၊ ဖြူမအမေက သမီး အငယ်ဆုံး ဆိုတော့ နည်းနည်း ဆိုးချင်တယ်၊ အိမ်မှုကိစ္စ လည်း မနိုင်နင်းဘူး၊ ဒီတော့.... သူ့ယောကျ်ားတာဝန်ကျ တဲ့ဆီ လိုက်မနေဘဲ.... တို့နဲ့အတူနေတယ်....

အဘွားကြီးဆုံးတော့မှ သူတို့ တစ်အိုးတစ်အိမ် ခွဲနေတာ၊ အရင်ကတော့ လှည်းကူးမြို့ပေါ်မှာ တို့ နေတာပဲ....၊ ခြံနဲ့ စီးပွားရေးလုပ်ငန်းတွေကိုတော့ ဒီလိုပဲ အလုပ်သမားတွေနဲ့ လွှဲထားတာပဲ....၊ အမယ်ကြီး ဆုံးခါနီးတော့ သူတို့ ရထိုက် တာလေးတွေ ခွဲဝေပေးပြီး ကျန်တာ လှူပစ်ဖို့စိတ်ကူးရတယ်၊ ဒါနဲ့ပဲ အားလုံးစီစဉ်ပြီး သူဆုံးတာနဲ့ ငါလည်း ဒီပြောင်း နေတာပဲ၊ ဒီမှာ တပည့်တပန်းတွေကလည်း တော်ပါတယ်၊ ဂရုစိုက်ကြတယ်....

ဖြူမနဲ့ကတော့ အဆက်အသွယ် မပြတ်ဘူး၊ သူကလေး က အဘိုးအဘွားကို အတော်သံယောဇဉ် ကြီးရှာတာ....၊



သူ့အဖေရှိတုန်းကလည်း သူတို့သားအဖ မကြာခဏ လာ နေတာပဲ၊ ဖြူမ အမေကတော့.... လိုက်လာခဲပါတယ်'

အဘိုးက ရံဖန်ရံခါလည်း အရှုပ်တစ်ရှုပ်လိုမလှုပ်မယှက် နေတတ်ပြီး စိတ်လိုလက်ရ ရှိသည့်အခါမှာလည်း သူ တစ်ယောက်တည်း ပြောသလို.... စကားတွေ တတွတ်တွတ် ပြောနေတတ်ပြန်သည်။ အဘိုး ပြောသည့် စကားတွေက ဗဟုသုတဖြစ်စရာ.... စိတ်ဝင်စားစရာတွေချည်းသာ ဖြစ်နေ တတ်သော်လည်း.... ဖြူသွယ်နှင့် ပတ်သက်သမျှ ကိုတော့.... အခြား အကြောင်းအရာများထက်ပိုပြီး ဂရုတစိုက် အာရုံ ဝင်စားစွာ နားထောင်တတ်သည်။ ဖြူသွယ့် ပြော ဟန် ဆိုဟန် စကားသံတွေကို သည်အခိုက်မှာ ပြန် ကြား သည်။ ပြန်မြင်ယောင်တတ်သည်။

'ဖြူမ အဖေက တော်တယ် ကွယ့်.... တို့မှာ သမက်က သားဖြစ်နေပြီး.... သမီးက ချွေးမ ဖြစ်နေရတယ်၊ ဖြူမ အမေက သိပ်စိတ်ထက်တာ။ ပြီးတော့.... တစ် ကိုယ် ကောင်း ဆန်တယ်၊ မောင်ဖေဝင်းက သည်းခံရှာပါတယ်၊ ဒါပေ မယ့်...အိမ်ထောင်ကျ သမီးတစ်ယောက် ရပြီးတဲ့အထိ အလှ အပ အပျော်အပါးက မလျှော့ချင်ဘူး၊ အိမ်ထောင်ဦးစီး အပေါ်မှာလည်း သိပ်ဩဇာလွှမ်းချင်တာပဲ၊ ခုထိ ဖြူမဟာ သူ့အမေကိုမလွန်ဆန်ရဲဘူး၊ ကလေးက သူ့အဖေကို သိပ် ချစ်တာ.... ဒါပေမယ့်....သူ့အမေ စိတ်တိုင်းကျ နေရတယ်။ အဖေနဲ့ အဆက်အသွယ် မလုပ်ရဲဘူး၊ တို့လည်း ဘာမှဝင်ပြော

လို့ မရဘူးလေ၊ အသက်ကြီးလာတော့လည်း သိပ်လှူရမ
ချင်တော့ဘူး မဟုတ်လားကွယ့်'

'ဟာ.... အဘိုးကလည်း.... မဟုတ်တာ'

'ဟုတ်ပါတယ်ကွာ.... ကိုယ့်အနေအထား ကိုယ်သိ
ပေါ့၊ ဒါတောင် ကျန်းမာရေး ကောင်းပြီး ကိုယ့်စီးပွား
ကိုယ် အဆင်ပြေနေလို့၊ တို့က သားသမီးတွေကို အကူအ
မတက်စေချင်ပါဘူး....'

'ကုသိုလ်ရတာပေါ့ အဘိုးရဲ့....'

'မင်း မသိပါဘူး....'

အဘိုးက မီးသေနေသော ဆေးပြင်းလိပ်ကို ယမ်းမီးခြ
ဖြင့် ခတ်လျက် မီးညှိသည်။

'ခုခေတ်မှာ မိဘကို သားသမီးက အိမ်ပေါ်တင်ထာ
ပြီး မသေမချင်း စောင့်ရှောက် ကျွေးမွေးဖို့ဆိုတာ မလွ
ဘူးကွ.... သိတတ်တဲ့ သားသမီးဆို တော်ရဲ့၊ မသိတတ်
မသိဟန် ဆောင်နေတဲ့ သားသမီးကို တို့က တာဝန်ပေး
သူတို့ အကုသိုလ် ပိုများနေမှာ.... ဒီလိုမျိုးတော့ မဖြစ်
ချင်ဘူးကွာ.... ဒါပေမယ့် ငါက ခုထိ သန်သန်မာမာ
သွားလာ လှုပ်ရှားနိုင်တုန်းကိုး.... အိပ်ရာထဲ လဲနေရင်တော
တစ်မျိုးပေါ့....'

'ကျွန်တော်တို့ မောင်နှမတွေကတော့ အဖေနဲ့ အမေ
သိပ်ချစ်ကြတာ အဘိုးရဲ့၊ ဂရုလည်းစိုက်တယ်၊ မမကြီး
မေမေ့အတွက် ခုထိ သနပ်ခါး သွေးပေးတုန်း....၊ မေမေ
အိမ်မှာ ဘာမှလုပ်ရတာမဟုတ်ဘူး....'





'ဒါ သိပ်ကောင်းတဲ့ ဓလေ့၊ ဘုရားကြိုက်တဲ့.... နှစ်
ချစ်တဲ့ အကျင့်ကောင်းတွေပေါ့ကွာ.... တစ်သက်လုံး ဒီပုံစံ
အတိုင်းသွား.... မင်း ဘယ်တော့မှ မဆင်းရဲဘူး၊ ဒါ
နေစမ်းပါဦး မင်းက ကျောင်းမနေတော့ဘူးလား....'

'နေပါတယ် အဘိုး.... စာပေးစာယူ ဒုတိယနှစ်ပါ'

'ဟေ.... ဟုတ်လား....'

အဘိုးက အံ့ဩဘကြီး လှည့်ကြည့်လျက် ရေရွတ်သည်။
အလုပ်တစ်ဖက်နှင့် ကျောင်းတက်ရင်း အိမ်စီးပွားရေးကို
တစ်ဖက်တစ်လမ်းမှ ကူညီနေသူဟု.... အဘိုးက မင်းရင်ကို
အထင်ကြီးထားပုံ မရချေ။ တကယ်တော့လည်း သည်အခြေ
အနေက အတော်ပင် သက်တောင့်သက်သာ ရှိနေသေးသည်။
ပို၍ နွမ်းပါးသော ပို၍ ရုန်းကန်ရသော ပို၍အခြေအနေ
မဲ့သော ဘဝမျိုးတွေကို တွေ့လာ မြင်လာရသည့်အခါ
သယ်ယန်းအောင်ပြီး ကံကောင်းတာမှာ အိပ်မက်လှလှ
မက်ခွင့်မရသည့် အတွက်တာကို မကျေမနပ် မဖြစ်
မိတော့။ ကံကြမ္မာက ကိုယ့်ဘက်မှာ အတော်အတန် ရှိနေ
သေးသည်ဟု စိတ်ချလက်ချ နေ၍မဖြစ်မှန်း သိသည်။
အိမ်ထောင့်တာဝန်ကို ဖေဖေနှင့်အတူ မျှယူရခြင်းအတွက်
ဂုဏ်ယူရသည်ဟုပင် ထင်မိချေသေး၏။

'ဪ.... မဆိုးဘူးဘဲကွ.... မင်းမိဘများက ဘာသူ
သလဲ....'

'ပွဲရုံ လုပ်ငန်းပါ အဘိုး....၊ ဖေဖေက ဆေးရွက်ကြ
ပွဲရုံမှာ မန်နေဂျာ ဆိုပါတော့၊ ပွဲရုံကတော့ အမွေဆိုင်ပ
လူတန်းစေ့ရုံတော့ ရှိမှာပေါ့ အဘိုးရယ်....'

'တော်ပြီပေါ့ကွ.... ဘာများ လိုသေးလို့တုန်း၊ လူပြ
လာရတဲ့ဘဝမှာ စားဖို့၊ ဝတ်ဖို့ နေဖို့ဆိုတာကို စေ့ငှရုံ
ပြီးပြီပေါ့၊ ဒီထက်အရေးကြီးတဲ့ အလုပ်တွေ လုပ်စရာ အများ
ကြီး ရှိသေးတာပဲ၊ မင်းက တက္ကသိုလ် ဆက်မတ
ဘူးလား....'

'ဘာထူးမှာလဲ အဘိုးရယ်၊ ဘွဲ့ရတာချင်း အတူတူပါ
ကျွန်တော့်ရဲ့ အချိန်တွေကို အိပ်မက်ထဲမှာ ဖြုန်းမပစ်ချ
ဘူး....'

'ဟုတ်ပါ့ကွာ....'

အဘိုးသည် ရေနွေးကြမ်းပူပူကို နောက်တစ်ခွက် ငှဲ့ပြ
၏။ နေပူပူ လေပူပူထဲ ရေနွေးပူပူနှင့် စည်းစိမ်ခံရသ
အရသာကို အဘိုးနှင့်အတူ မျှဝေခံစားဖို့ ကြိုးစားကြ
မိ၏။ အမှိုက်တွေ သစ်ရွက်ခြောက်တွေ တောင်လေရူးနှ
အတူ ရှပ်တိုက် ပြေးသွား၏။ ဥသြငှက် မြည်သံကို ခပ်ဝေ
ဝေးဆီမှ ကြားသည်။

ဩော်.... နွေ.... ဆိုပါလား....





'သမီးမှသွားချင်တော့ဘူး မေမေ'

မေမေ ဖျတ်ခနဲ လှည့်ကြည့်လျက်....

'ဘာဖြစ်လို့လဲ သမီး....'

ဟု မကျေလည်စွာ မေး၏။

'တစ်နေကုန် မိတ်ကပ်တွေလူး၊ နေပူထဲ သွား ပြီးတော့
ဘာမှလဲ ဟုတ်တာမဟုတ်ဘူး၊ တစ်ခါတစ်လေကျတော့ တစ်
ခန်း နှစ်ခန်းတောင် မရိုက်ရ....'

'ဒါကတော့သမီးရယ်.... ကိုယ်က ဒီနယ်ပယ်မှာ အသစ်ပဲ၊
ဒီလောက်တော့ ရှိမှာပေါ့၊ ခဲ့ရှိမှပေါ့ သမီးရယ်.... အောင်
မြင်မှုဆိုတာ လွယ်လွယ်နဲ့တော့ ဘယ်ရပါ့မလဲ....'

'အောင်မြင်မှု....'

ဟားတိုက်သို့သာ ရယ်ပစ်လိုက်ချင်တော့သည်။ ဘာ
အတွက်လဲ.... အခိပ္ပာယ်မဲ့လိုက်တာ၊

အရောင်တောက်နေသော မေမေ့မျက်လုံးတွေကို ရင်ဆိုင်
ကြည့်ရင်း....

'အဲဒီအောင်မြင်မှုကို သမီး ဘာလုပ်ရမှာလဲ....'

ဟု အသံမာမာ မေးလိုက်မိသည်။ ရှူးခနဲ ပါးပြင်း
ထောင်လာသော မြွေဟောက်တစ်ကောင်လို မေမေ သူမ
အနား ရောက်လာ၏။

'ဖြူသန့်စင်....'

'ဖြူသွယ်ပါ မေမေ'

'သမီးဟာ ရုပ်ရှင်မင်းသမီး ဖြူသန့်စင် ဖြစ်ရမယ်... ပရိသတ်တွေ အများကြီးရဲ့ ချစ်ခင် အားပေးမှု ကြားက ဖြူသန့်စင်ဖြစ်ရမယ်'

'လူ တစ် ယောက် မှ မ သိ တဲ့ အနုပညာဝါသနာရှင် တစ်ယောက်ပဲ သမီးဖြစ်ချင်တယ် မေမေ'

'အံ့ပါရဲ့ ဖြူသွယ်ရယ်.... ညည်း ဘယ်လို မိန်းကလေး လဲ....'

မေမေ့ထံမှ စိတ်ပျက်လက်ပျက် ညည်းတွားသံကို ကြား ရတော့.... မေမေ့ကို ဖြူသွယ် သနားသွားမိပြန်သည်၊

'အောင်မြင်မှု ကျော်ကြားမှု ဆိုတာကို မလိုချင်တဲ့သူ ငါ့တစ်သက်မှာ ညည်းတစ်ယောက်ပဲ တွေ့ဖူးသေးတယ်'

('ရှိပါတယ် မေမေရဲ့၊ သမီးရဲ့ဖေဖေ.... မေမေ့ရဲ့ ခင်ပွန်းလေ....')

နှလုံးသားထဲ ပဲ့တင်ထပ်နေသော စကားကို မေမေ မကြားနိုင်ပါ။ ကြားချင်မည်ဟုလည်း မထင်ပါ။ မေမေသည် ဖေဖေ့အပေါ်မှာ တစ်ဖက်သတ် ကျလွန်းစွာ အနိုင်ပိုင်း နာကြည်းတတ်သည်ဟု ဖြူသွယ် နားလည်ထားသည်။

'ဒီလောကကြီးမှာ ရှိသမျှ လူအားလုံး အောင်မြင်ဖို့ အတွက် လုံးပန်း နေကြတာချည်းပဲ၊ အနုပညာ လောက ဆိုတဲ့ အသိုက်အဝန်းထဲမှာလည်း အနုပညာသမားတိုင်း ဟာ.... အောင်မြင်ကျော်ကြားဖို့အတွက် ကြိုးစားနေကြ တာချည်းပဲ၊ သူတို့မျှော်လင့်တဲ့ ပန်းတိုင်ဟာ အောင်မြင်မှုပဲ၊





မအောင်မြင်ချင်တဲ့ လူရယ်လို့ လောကကြီးထဲမှာ မရှိဘူး သိရဲ့လား....'

'ဘဝမှာ သမီး အောင်မြင်ချင်ပါတယ်၊ သမီးရဲ့ဘဝကို အောင်မြင်မှုနဲ့ ထုထောင်ချင်ပါတယ်၊ ဒါပေမယ့်.... သမီး မကျော်ကြားချင်ဘူး မေမေ၊ အောင်မြင်မှုနဲ့ ကျော်ကြားမှု ဟာ အဓိပ္ပာယ် သီးခြားဆီ ရှိပါတယ်....'

ပန်းခရမ်းဖျော့ရောင် အင်္ကျီပေါ်မှာ ပုလဲအခိုင် ရင်ထိုး ကို အပြီးသတ် တပ်ဆင်လိုက်ရင်း....

'ဖြူသွယ်....'

ဟု မေမေ ခပ်တိုးတိုး ခေါ်သည်။ ပြီးတော့ ဖြူသွယ့် အနားသို့ တစ်လှမ်းချင်း လျှောက်လာပြီး ပုခုံးကို ခပ်ဖွဖွ ဖက်ထားလျက်....

'သမီးက သိပ် စိတ်ဓာတ်ကျ လွယ်တာကိုး....'

ဟု လေသံပျော့ပျော့နှင့် ပြော၏။ ဖြူ အော်ဟစ်၍သာ ငိုလိုက်ချင်တော့သည်။ သမီးကို မေမေ ခုထိ နားမလည်နိုင် သေးပါလား....

'မဟုတ်ဘူးမေမေ....၊ မေမေနားလည်မှု လွဲနေပြီ၊ မေမေ ပြောတဲ့ ကျော်ကြားမှုတွေ ပွေ့ပိုက်ထားရတဲ့ ဘဝကြီးမှာ သမီး မပျော်ဘူးမေမေ....'

ခုဆို သမီးရဲ့ လွတ်လပ်ခွင့်တွေဘယ်လောက် ဆုံးရှုံးသလဲ၊ အရင်လို သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင် မထိုင်ရ၊ စာ အုပ်အဟောင်းတန်း မသွားရ၊ လမ်းဘေးဆိုင်မှာ မုန့်စားချင် လို့ မစားရ၊ ပြီးတော့.... မိတ်ကပ်တွေလိမ်း၊ အရုပ်တစ်ရုပ်

[illegible] ဆက်တဲ့သူတိုင်းကို သဘောတွေတွေ မတွေ့တွေ့ [illegible] ဒါဘောင် သမီးက ဘာမှဟုတ်သေးတာမဟုတ် [illegible] ဒီလောကမှာ ငချွတ်လေးပဲ ရှိသေးတယ်....

သမီး ဝါသနာမပါတဲ့ အလုပ်ကို ဆက်မလုပ်ပါရစေနဲ့တော့ မေမေရယ်....'

သူမစကားကို စိတ်ရှည်လက်ရှည် နားထောင်ပေးသည့်အတွက်ပင်.... မေမေ့ကို ကျေးဇူးတင်ရလိမ့်ဦးမည်။ မေမေသည် ဖြူသွယ့်ကိုငေးကြည့်နေရင်း.... မျက်နှာပြင် တစ်ခုလုံး သွေးကြောများ နီရဲလျက် အသက်ရှူသံ ပြင်းလာသည်။ မေမေ့ဒေါသကို မကြာခဏ ဖျင်ဆိုင်နေကျဖြစ်သော်လည်း ဖြူသွယ့်အတွက် ရိုးမသွားချေ။ မေမေ ဒေါသဖြစ်သည့်အခါတိုင်း မေမေ့ကို ဖြူသွယ် ကြောက်လန့်မုန်းတီးသည်။ သို့ပေမယ့် ထိုမုန်းတီးမှုက တာရှည်မခံပါ။ မေမေ့အပြုံးကို မြင်ရသည့်အခါ အလိုလို စိတ်ပြေလျော့ကျရပြန်၏။

တကယ်တော့ ဖြူသွယ်သည် မေမေဟူသော ကောင်းကင် အမိုးအောက်မှ သတ္တဝါငယ် တစ်ကောင်သာဖြစ်သည်။ ကြည့်လေရာရာတိုင်းမှာ သည်ကောင်းကင်အမိုးက ဖုံးအုပ်လွှမ်းမိုးထားတော့သည်။

'ဖြူသွယ်.... ညည်းဟာလေ ညည်းအဖေလို တေလေ ကြမ်းပိုးဘဝမှာပဲ ပျော်တတ်တဲ့ မိန်းကလေးပဲ၊ ညည်းအဖေနဲ့များဆိုရင်တော့ ညည်းလမ်းဘေး ရောက်သွားမှာပဲ'

ရိုးသားစွာ မွေ့လျော်တတ်ခြင်းကို တေလေဆန်မှုနှင့် မေမေ ခွဲခြားမတတ်ပြီလား မသိပါ။ စနစ်ကျ သပ်ရပ်နေ





သော ဘဝကလေးတစ်ခုအတွင်း ရောင့်ရဲ မွေ့လျော်နေတတ်ခြင်းသည် ရိုးသားမှု သက်သက်ဖြစ်ကြောင်း မေမေ နားလည်အောင် ဘယ်လိုရှင်းပြရပါ့မလဲ။ မေမေ့ ခင်ပွန်းသည့် အရက်သမား.... ဖဲသမား....ဖြစ်သလို အပျော်ရှာတတ်သည့် တေလေတစ်ယောက်မဟုတ်ကြောင်း မေမေကောင်းကောင်း မှတ်မိနေမည်သာဖြစ်သည်။

'ကောင်းပြီ....မေမေ....၊ သမီး အခုသွားပါ့မယ်၊ ဒါပေမယ့် သမီးကို တစ်ပတ်မှာ နှစ်ရက်တော့ အားလပ်ရက်ပေးရမယ်၊ ပြီးတော့....အမှတ်စာရင်းတွေ ထွက်ရင် သမီးစိတ်ကြိုက်ဘာသာရပ်ကို ရွေးချယ်ခွင့်ပြုရမယ်နော်'

'သမီးဟာ.... ဘာကြောင့်များ သူ့အဖေစိတ်နဲ့ ချွတ်စွပ်တူနေရတာလဲ....ငါ စဉ်းစားမရပါဘူးဟယ်'

မေမေ ချက်ချင်း ဒေါသတွေ လျော့ကျသွားပြီး တစ်ယောက်တည်း ညည်းညူလျက် ဧည့်ခန်းဆီ ထွက်သွားတော့သည်။ လေးဆယ့်ငါးနှစ်ကျော်ရှိ အသက်အရွယ် မိန်းမတစ်ယောက်သည် သမီးတစ်ယောက်ကို ပြုစုပျိုးထောင်ရန် သူမဘဝကို အထီးကျန်ကုန်ဆုံးစေခဲ့မည်ဆိုလျှင် မိခင်အတွက် သမီးဘက်ကလည်း တစ်ခုခု ပြန်လည်ပေးဆပ်သင့်လေသည်ပေါ့။ သည်အတွေးကြောင့်ပဲ ဖြူသွယ်သည် မေမေ့ မျှော်လင့်ချက်များကို အမွေဆက်ခံရန် ကြိုးစားကြည့် နေခြင်းဖြစ်သည်။

မေမေရယ်....

ဘိုးဘိုးရဲ့ ကျွဲကောခြံလေးထဲ တစ်လမှ တစ်ပတ်သောက်သမီးနဲ့အတူ အနားယူဖို့ စိတ်ကူး မေမေ့မှာ ရှိခဲ့ရင် ဘယ်လောက်ကောင်းမလဲနော်....

❋

ဖုန်လိပ်တွေ နောက်ဘက်မှာ....ပိတ်လျက် ကျန်ရစ်ခဲ့သည်။ လမ်းမရှည်သည် နေခြည်ပြင်းပြင်းထဲ အရည်ပျော်တော့မည်ထင်ရ၏။ ရှေ့အတော်လှမ်းလှမ်းမှာ ရောက်နေသည့် မင်းရင်ကို လှမ်းအော်ခေါ်ပြီး မြင်းဇက်ကြိုးကို တန့်၍ ရပ်လိုက်သည်။ သူမရှေ့မှာရှိနေသည့် ကောင်လေး၏ ဆံပင်နီကျင်ကျင်များသည် နောက်ဘက်သို့ လန်ကျနေပြီး မျက်နှာပေါ်မှာလည်း ဖုန်မှုန့်တွေ ကပ်တင်နေ၏။ နှုတ်ခမ်းသွေး အနီရောင်သည်ပင် ပျောက်ချင်ချင်ဖြစ်နေသည်။

'အရှိန်နဲ့ သွားနေရာကနေ ကြိုးကို အချမ်းကြီး တုန့်မဆွဲနဲ့လေ....မြင်းက လန့်ပြီး ပတတ်ရပ်လိုက်မှ လန်ကျနေမယ်'

'ဟုတ်ကဲ့....ဆရာမ'

'စေတနာနဲ့ ပြောနေတာ.... ပြောင်ချော်ချော် လုပ်မနေစမ်းနဲ့'





တကယ့် ကျောင်းသားလေး တစ်ယောက်လို အရယ်.... ချိုရင်ဘတ်ကျယ်သီးတွေ ဟင်းလင်းပွင့်နေပြီး.... ဆံပင်ကြမ်းကြမ်းတွေ လေမှာ တဖျပ်ဖျပ် လွင့်ပါနေသည့် အခါ သဏ္ဍာန်သည် အရိုင်းဆန်လျက်.... ချစ်စရာကောင်းသည်ဟု ထင်မိသည်။ မျက်မှန်ကိုင်းနက်နှင့်.... ရှပ်ကြယ်သီးကို သည်ပင်းစေ့ တပ်ထားသည့် အခါမှာလည်း တည်ငြိမ်သလိုရှိပြီး လေးစားချင်စရာ ရှိနေတာဘဲ ပြန်သည်။ ယောကျ်ားလေးအငေါင်းအသင်း မရှိတတ်သော သူမသည် မင်းရင်ကို သူငယ်ချင်း တစ်ယောက်လို ခင်မင်သည်ဟု လိပ်ပြာလုံစွာ ပြောရဲဖို့ တော်တော် စဉ်းစားရလိမ့်မည်။ တကယ်တော့ တွယ်ငြိချင်နေမိပြီ။ ဘယ်လို အကြောင်းပြချက်မျိုးမှတော့ အဆင်သင့် ရှိမနေ....။ ရင်ခုန်ခြင်းလား.... စိတ်လှုပ်ရှားခြင်းလား' စဉ်းစားတော့လည်း မသေချာပြန်....

'ပြန်လှည့်ကြမယ်နော်.... လမ်းမရောက်တော့မယ်....'

ကလေးတစ်ယောက်လို နာခံတတ်သော ကောင်လေးက ချက်ချင်းပင် ဇက်ကြိုးတစ်ဖက်ကို ဆွဲလျက် သူမရှေ့မှာ လာရပ်သည်။

'ပင်ပန်းနေပြီလား ဖြူသွယ်....'

'ဒါလေးများ....'

နှုတ်ခမ်းတစ်ဖက်တွန့်ရုံ ပြုံးလိုက်ရင်း ပြောမိတော့— သူက....

'မေးမိတာ မှားပါတယ်'

ခင်ဦး ဟက်ဟက်ပက်ပက်ရယ်သည်။ အရွက်စိပ်စိပ် သီတိုင်း ပင်အုပ်တွေကြား ခွာသံမကြားရအောင် ခပ်ဖြည်းဖြည်း စီးလာရင်း မင်းရင်က **Some where my love** ကို လေချွန်လျက် လေတိုးသံ ဂီတထဲ ဈာန်ဝင်စားနေ၏။

'မင်းရင်....'

လေချွန်မပျက် သူ လှည့်ကြည့်သည်။

'အဲဒီ လေချွန်သံကြားရင် ဖေဖေ့ကို သိပ် သတိရတာပဲ သိလား.... ဖေဖေဟာ အဲဒီသီချင်းကို မင်းရင်လိုပဲ အမြဲ လေချွန်တတ်တယ်....'

သူ့အသံ တိတ်သွားလျက် ဖြူသွယ့်ကို အကြာကြီး စိုက်ကြည့်နေသည်။ မျက်မှန်၏ အကာအကွယ်မဲ့နေသော သူ့မျက်ဝန်းများနှင့် ဆုံရသည့်အခါမှာတော့ သည်မျက်ဝန်း၏နက်ရှိုင်းမှု နောက်ကွယ်မှ အရိပ်များကို နားလည်မိသလိုလိုပင်....

'ဟုတ်လား....'

'မင်းရင် ခေတ်ပိုလာပေးတဲ့နေ့ကဆို လေချွန်သံကြားတော့ သတိလက်လွတ်နဲ့ ဖေဖေထင်ပြီး ရင်တွေခုန်လာတာ အရမ်းပဲ....။ နောက်တော့ မဖြစ်နိုင်မှန်း ပြန်ပြီးစဉ်းစားမိတယ်။ မင်းရင်ကို တွေ့လိုက်ရတော့လည်း တိုက်ဆိုင်တာကို အံ့ဩမိပြန်ရော....'

'လောကကြီးမှာ တိုက်ဆိုင်တာတွေ အများကြီး ရှိနိုင်သလို လွဲချော်တာတွေလည်း အများကြီး ရှိနိုင်ပါတယ်.... ဖြူသွယ်....'





'ဩြော်... ဟုတ်လား'

ဟု အံ့ဩဟန်ပြုပြီး ဖြူ ရယ်မိတော့ သူက အကြည့်လွှဲလျက် ရှက်နီးစွာ ပြုံးလေ၏။

'ကျွန်တော်ပြောတာ ရယ်စရာ ကောင်းနေလို့လား....'

'မဟုတ်ပါဘူး'

'ဒါဆို ဘာဖြစ်လို့ ရယ်တာလဲ'

'မသိဘူး'

'ဟောဗျာ....'

သည်အခါမှာတော့ သူ ဟက်ဟက်ပက်ပက် ရယ်လေသည်။ သွားရှည်ရှည်ဖြူဖြူကလေးတွေ ပေါ်လွင်သည့်အခါ သူ့မျက်နှာက နုမျစ်ပြီး အတော်ပင် ချစ်စရာကောင်းသွားတတ်သည်။ သည်ကောင်လေးဟာ.... သူမချစ်သူ ဖြစ်လာခဲ့လျှင်....

တင်ပိုင်းတစ်စ အတွေးတွေကိုရပ်ပစ်ပြီး ဖြူ တစ်ယောက်တည်း ပြုံးမိသည်။ ကြည့်စမ်း.... စိတ်ကူးတွေ ယဉ်နေလိုက်တာ....။ သူ့ဘက်က အပြောင်းအလဲကို စောင့်မျှော်နေရမှာ စိတ်မောစရာ မကောင်းဘူးလား။ ဖြူ.... ဘာကြောင့် ရောက်မလာတာလဲ....ဟု သူမေးတုန်းက....တစ်စုံတစ်ခု မျှော်ဝင်နေသည့် သူ့အကြည့်တွေကို သတိထားမိသား....။

(ဖြူ....ရောက်လာမလားလို့ ကျွန်တော် ဒီကိုရောက်တိုင်း မျှော်တယ်)ဟူသော သူ့စကားမှာ ကြည်နူးချင်မိတာလည်း ကိုယ့်ဘာသာ သတိထားမိသည်။ သည်မျှအတိုင်းအတာနှင့်တော့ အချစ်ဟု ပြောမဖြစ်နိုင်သေးဘူး ထင်သည်နော်....။

ရန်ကုန်မှာနေလျက် လှည်းကူးခြံထဲကို အပြေးလာချင်တတ်တာကိုတော့ သူ့ကြောင့်ဟု သေချာ ပြော၍မရပါ။ သည်နေရာကလေးကိုမှ တွယ်ငင်နေသော သံယောဇဉ်ကြောင့်သာ ဖြစ်ပါလိမ့်မည်။

မြေလမ်းမအတိုင်း.... အတော်ကြာကြာ ဝင်လာပြီးမှ.... ဘိုးဘိုး၏ မြင်းဇောင်း ရှိရာ ကွင်းပြင်ဆီသို့ ရောက်သည်။ ရာသီတွေထဲမှာတော့ နွေသည် နည်းနည်းလေးမှ ချစ်စရာမကောင်းဟု ဖြူထင်သည်။ ကြည့်လေရာတိုင်း ဖုန်တွေ မြူတွေနှင့် အပူရှိပ်သာ လွှမ်းနေတတ်တော့သည်လား....။ ခုလည်း.... မြင်းဇောင်းနှင့် ဘိုးဘိုး၏ပျဉ်ထောင်အိမ်ကလေးသည် နေအပူရောင်အောက်မှာ ပြားပြားဝပ် ခံနေရရှာ၏။ တစ်ချက် တစ်ချက် လေဝှေ့ပြန်တော့လည်း သဲမှုန်တွေက အလိပ်လိုက်....

ပင်စည်က မြေပြင်နှင့်ယှဉ်လျက်သွားနေပြီးမှ.... အပေါ်ထောင်တက်သွားသည့် ကိုးရိုးကားရား ပေါက်နေသော သီဟိုဠ်ပင်ကြီးကို.... ရွှေညိုကြီး၏ဇက်ကိုပုတ်လျက် လွှားခနဲ ကျော်လိုက်ပြီးမှ....

သတိဘာရနောက်ဘက်သို့ပြန်လှည့်ကြည့်မိသည်။ မင်းချင်က သီဟိုဠ်ပင်ကို ကွေ့ရှောင်သွားရန်း စဉ်းစားဆဲ ထင်သည်။ သည်မှာပင် မြင်းကြီး ရွှေဝါက ကျောပေါ်မှ မင်းရင်၏ ဇက်တုန့်အဆွဲကြောင့် ခြေလှမ်းပျက်ပြီး သီဟိုဠ်ပင်ကို ခုန်ကျော်လိုက်တော့သည်။

'မင်းရင်....'





အထင်အတွေးမှမဆုံးခင်....ရွှေဝါ ခြေတစ်ဖက် ခေါက်လျက်.... ရှေ့ဘက်သို့ ဝမ်းလျားထိုး ကျလာပြီး.... မင်းရင်လည်း အရှိန်ဖြင့် ဦးစိုက်လျက် မြေကြီးပေါ်သို့ ပြုတ်ကျတော့၏။ စက္ကန့်ပိုင်း အတွင်းမှာ.... အဖြစ်အပျက်ကို ဖြူကြောင်အမ်းစွာ ငေးကြည့်နေမိသေးသည်။

နာကျင်စွာအော်သံ....

ရွှေဝါကြီး၏ ကျယ်လောင်စွာ မြည်ဟည်းသံ....

'မင်းရင်....'

မင်းရင်က မြေပေါ်မှာ မလှုပ်မရှား....

'ဘိုးဘိုးရေ....'

မြင်းကြီးရွှေဝါသည် ခွာတရှပ်ရှပ်ဖြင့် လဲနေရာမှ ပြန်ထဖို့ ကြိုးစား၏။ မင်းရင်ကိုပွေ့ထူလိုက်ရင်း.... နှုတ်မှလည်း အဆက်မပြတ်ခေါ်သည်။ မင်းရင်က.... မျက်လုံးအဝိုင်းသားဖြင့် သူမကိုစိုက်ကြည့်နေ၏။ ပါးပြင် တစ်ဖက်နှင့် ခန္ဓာကိုယ်တစ်ခြမ်းလုံး သဲမှုန်တွေ ကပ်လျက်ပင် သူက.... ဖြူသွယ့်ကို မချိတရိ ပြုံးပြလေသည်။

'ဘာဖြစ်သွားလဲ.... ဘာဖြစ်သွားလဲဟင်'

'ဟင်အင်း....'

အလောတကြီး အမေးမှာ စိုးရိမ်ရိပ်တွေ ပါသွားလိမ့်မည် ဆိုတာ ဂရုမထားမိတော့။ နှလုံးအိမ်ဆီမှ တဒိတ်ဒိတ် ခုန်သံကို ကိုယ်ထိုင်ကြားနေရသည်။ မြေပေါ် လက်ဘစ်ဖက် ထောက်လျက် သူ.... အားယူထသည်။ မြင်းပေါ်မှ ဦးစိုက်

လျက် လဲပြိုကျသွားသည်ကို ခုထိ မြင်ယောင်နေဆဲ.... ခန္ဓာကိုယ်ထဲ သွေးကြောများ ပူနွေးလာသည်။

မြတ်စွာဘုရား....

တံကောင်းလို့....။ သူ ဘာတစ်ခုမှ ထိ ခိုက် မ သွား ဘူးဆိုတာ သေချာအောင် အားထုတ်နေမိရင်းပင်.... စိုးရိမ်စိတ်ကဲနေသည့် နှလုံးအိမ်ကိုလည်း တားဆီး မရနိုင်ပြန်....

'ဖြူသွယ်.... ဖြူသွယ်....'

'အင်....'

'ကျွန်တော် ဘာမှမဖြစ်ပါဘူးဖြူသွယ်၊ ဖြူသွယ်ဘာဖြစ်လို့လဲ'

ရွှေဝါကြီးသည် မြေပြင်ပေါ်မှာရပ်လျက် ညည်းညူနေ၏။ သူက ဖြူသွယ့်မျက်လုံးတွေကိုတည့်တည့်စိုက်ကြည့်ရင်း....

'ဖြူသွယ် သိပ်လန့်သွားတယ် ထင်တယ်'

ဟု တိုးတိုးသက်သာ ပြောလေသည်။

'ဩော်....အင်း'

ခုချိန်ထိ ဖြူသွယ့်နှလုံးခုန်သံ ပုံမှန် ပြန်မဖြစ်နိုင်သေး။ သူက ဖြူ့လက်မောင်းတစ်ဖက်ကို ကိုင်လှုပ်လျက်....

'ဖြူသွယ်....'

ဟု အသံကျယ်ကျယ် ခေါ်လိုက်တော့မှ ဖြူသွယ် စိတ်သက်သာရာရသွားပြီး သက်ပြင်း ရှိုက် ရင်း မြေ ပြင် ပေါ် အရှပ်ကြိုးပြတ် ထိုင်ချလိုက်တော့သည်။ သည်တော့မှပဲ... သူ့မျက်ဝန်းတွေအောက်မှာ ဖျတ်ခနဲ တုန်လှုပ်လျက်...





ရင်တစ်ခုလုံး အေးစက်.... ရင်ခုန်သံ စည်းချက်တွေလည်း ကစဉ့်ကလျား ဖြစ်ရပြန်တော့သည်။ ခက်လိုက်တာ....

ဘာကြောင့်များ သည်လောက် သတိလက်လွှတ် ဖြစ်ရသည်လဲ....

သူ့ မျက်ဝန်းတွေက နူးညံ့လိုက်တာ....။ ရင် ခုန် ဖွယ်ကောင်းသည်ဟုလည်း ထင်မိသည်၊ မဝံ့မရဲ မော့ကြည့်မိတော့ သူက ဖြူသွယ့်ကို ငေးစိုက်ကြည့်ဆဲ....။ နောက်.... ချက်ခြည်းသတိရသွားပြီး ဖြူ့လက်မောင်းကို ဆုပ်ကိုင်ထားသည့် လက်ချောင်းများ ဖြေလျော့ပစ်လိုက်၏။

'ဘာမှ မဖြစ်ဘူးနော်....'

'အင်း.... ဟုတ်ကဲ့.... ဘာမှမဖြစ်ပါဘူး'

'တော်ပါသေးရဲ့....'

'ဟုတ် တယ်.... တော် သေး တာ ပေါ့....၊ ခေါင်း ကွဲ ပြီး အောက်မေ့တာ.... ကိုယ်ကိုလှိမ့်လိုက်လို့၊ ခေါင်းနဲ့သာကျရင်မချောင်ဘူး'

သူက ကိုယ်ပေါ်မှဖုန်များကို လက်ဖဝါးဖြင့် ခါချရင်းပြောသည်။ ထိုင်နေရာမှ ထ လျက် ရွှေညိုကြီး ဇက်ကိုဆွဲပြီး သူ့ကို ကျောခိုင်းထွက်ဖို့ ကြိုးစားလိုက်သည်။ ရှေ့မှာ တံလျှပ်ရောင်ပင် မြင်ရလောက်အောင် ပူပြင်းလွန်းသည့်.... လွင်ပြင်။ နောက်ဘက်မှခြေသံကိုနားစွင့်ရင်း တစ်လှမ်းချင်း လျှောက်သွားမိ၏။ အေးစက်နေသော ရင်ခွင်သည် သွေးလှည့်ပတ်မှုဖြင့် ပြန်လည်မနွေးထွေးနိုင်သေး။ လွှပ်းမိုးလွှန်း

သည့် အကြည့်စူးများအောက်မှ ရုန်းထွက်ဖို့ ကြိုးစားနေရဆဲ....

မင်းရင်....

ဒါဟာ.... စိတ်ကူးယဉ် သက်သက်လား....

နှက်ရှိုင်းစွာငြိတွယ်မှုတော့ မဖြစ်နိုင်သေးဘူး ထင်သည်။

နောက်ဘက်မှခြေသံကို မကြားရ။ သူနှင့် သူမကြားမှာ မိုင်ပေါင်းများစွာ ခြားနားနေသလို စိတ်ထဲ ထင်မြင်နေမိသည်။ ချစ်ခြင်းသည် ဘဝမှာ ဘယ် အတိုင်းအတာအထိ အရေးပါနိုင်သလဲ.... ဖြူသွယ် သေချာမသိချေ....။ဖေဖေနှင့် မေမေလည်း တချိန်ကတော့ သိပ်ချစ်ခဲ့ကြဖူးလိမ့်မည်။

ဘာဆိုင်လို့လဲ....

နှုတ်ခမ်းများ သွေးခြောက် လျက် သူနှင့် ရင်ဆိုင်ဖို့ကို ကြောက်လန့်လာသလိုလိုပင်....

ဆတ်ခနဲ.... နောက်ဖက်ဆီ ပြန်လှည့်ကြည့်လိုက်မိသည်။

---

သူ့ အကြည့်တွေ....

သူက ဖြူသွယ့်ကို မလှုပ်မယှက် ငေးမောနေဆဲပင်။ ချာခနဲ အိမ်ဆီ လှည့်အပြေး သူ့မျက်ဝန်းတွေ နောက်ကထပ်ချပ် လိုက်ပါလာသလို ထင်သည်။ သူ့... နေရာမှသဲ





နေဆဲ ဆိုတာလည်း စိတ်ထဲ သိနေသည်။ ငေးကြည့်နေသော သူ့ မျက်ဝန်းတွေထဲမှာ နွေးထွေး စိုလက်သော အရိပ်အယောင် တစ်ခုခု....

'ဟဲ့.... ဖြူမ....'

မြင်းဇောင်းနားရောက်မှ ဘိုးဘိုး၏ လှမ်းခေါ်သံ ကြားသည်။

'ဘိုးဘိုး....'

'ဘာဖြစ်လာတာလဲ....'

'မင်းရင်လေ.... မြင်းပေါ်ကလိမ့်ကျလို့'

'ဟေ.... ဘာဖြစ်သွားပြီလဲ....'

အဘိုးက ကမန်းကတန်း ကုန်းထ,ပြီး ဟိုဟိုသည်သည် လှည့်ပတ်ကြည့်သည်။ စိတ်အငမ်းတွေ အနည်းအပါး ငြိမ်သက်သွားသလို ရှိ၏။

'ဘာမှမဖြစ်ပါဘူး ဘိုးဘိုးရဲ့၊ ဘိုးဘိုးကို လှမ်းခေါ်နေတာ'

'ငါမှ မကြားဘဲ....'

'ရွှေဝါကြီး ခြေထောက်ခေါက်လဲသွားလို့၊ ဘာမှမဖြစ်ဘူး၊ နည်းနည်းပါးပါး ပွန်းပဲ့ရုံလောက်ပဲ၊ နောက်မှာလိုက်လာနေပြီ....'

ဘိုးဘိုးက မြင်းဇောင်းနောက်ဘက် သီဟိုဠ်ပင်အုပ်ဆီမျှော်ကြည့်ပြန်သည်။ ရွှေညိုကြီးကို ဘိုးဘိုးလက်ထဲအပ်ခဲ့ပြီး ပျဉ်ထောင်အိမ်ကလေးဆီ ဒုန်းစိုင်း ပြေးခဲ့သည်။

လှေကားရင်းမှာ ထိုင်ချပြီး ရင်အသမာပြေဖို့ ကြိုးစားစဉ်မှာပဲ အတွေးထဲ သူရောက်လာပြန်၏။ Some where my love သီချင်းသံကို တကယ်လိုလို ကြားရသည်။

ဖေဖေ ရှိမနေနိုင်မှန်းတော့ သေချာသိသား....

သူနှင့် မျက်နှာချင်းဆိုင်ရလျှင် သန့်စင်စွာ ပြုံးပြနိုင်ဖို့ ကြိုးစားရမည်ဆိုတာ ကိုယ့်ဘာသာ သိနေသည်၊

နည်းနည်းမှ မျက်နှာမပျက်စေနဲ့.... ဟု ကိုယ့်ကိုယ်ကို အားတင်းနေရင်း သူ့ခြေသံကို နားစွင့်နေမိသည်၊ နေအာရောင်က မျက်ဝန်းမှ သည်ရင်ထဲအထိ တိုက်ရိုက် ထိုးဖောက်လာသည်။ သို့ပေမယ့် ရင်ထဲမှာ အိုအေစစ်တစ်ခု ရှိနေပြီထင်၏။

နေပြင်းသလောက် ရင်အပူ လျော့ပါးနေခဲ့သည်။

ရင်ခုန်သံဆိုသည်ကတော့ စမ်းရေစီးသလောက် နာပျော့ဖွယ် နူးညံ့၏။

'ဖြူသွယ်....'

မျက်လုံးများကို မျက်မှန်ဖြင့် ဖုံးကွယ်လိုက်ရင်း....

'သိပ်လန့်သွားသလား....'

ဟု သူမေးသည်။



'ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ ရုတ်တရက် ဆိုတော့ ဖြူသွယ် လန့်ပြီး ရင်တုန်သွားတယ် ထင်တယ် ဟုတ်လား....'

စိတ်မရှည်နိုင်စွာဖြင့် သက်ပြင်းရှိုက်မိရင်း သူ့အမေးကို ခေါင်းညိတ်ဖြေသည်။ သူက ခုတော့လည်း ဘာဆိုဘာမျှ မသိ နားမလည်ဟန် ရိုးသားသော ကလေးသူငယ် တစ်ယောက်လို။ ဟန်ဆောင်ကောင်းသူ တစ်ယောက်လို့ပဲ သတ်မှတ်ရမည်လား။ လှေကားထစ်များကို ဖြတ်နင်းလျက် သူ အိမ်ပေါ်တက်သွားပြီး ခဏအကြာမှာ ရေအပြည့် ဖန်ခွက်နှင့် ပြန်ရောက်လာသည်။ ဖန်ခွက်လှမ်းပေးရင်း....

'ဖြည်းဖြည်းသောက်နော် ဖြူသွယ်'

ဟု သူ မှာနေပြန်သေး၏။ ခုချိန်ထိ ဖြူ သူ့ကို စကားတစ်ခွန်းမှပင် မ တုန့်ပြန် ဖြစ် သေး.... သူကတော့ လှုပ်ခတ်နေသော ဖြူ့ စိတ်အစဉ်ကို နေသားတကျ တည်ငြိမ်သွားအောင် ကြိုးစား အားပေးနေသူနှင့်ပင် တူသေးတော့၏။ ဘယ်လိုဖြစ်ဖြစ် သူ့ရင်တွင်းအထိ ဖြူ သိထားနားလည်နိုင်ခဲ့ပြီ။ သူကလည်း ဖမ်းယူဆုပ်ကိုင်မရသည့် အရိပ်အယောင်များကို ဖြူ့ထံမှာ ရှာဖွေနေလိမ့်မည် ထင်သည်။ မိန်းမသားတစ်ဦး၏ ဣန္ဒြေသိက္ခာ စောင့်စည်းမှုကို ဟိုးအရင်က ကိုယ်နှင့်မဆိုင်သလိုနေတတ်ခဲ့သော်လည်း ခုအခါမှာတော့ ဖြူ ကောင်းစွာ နားလည် သဘောပေါက်နေတတ်ပြီ။

'မင်းရင်.... ဘာဖြစ်သွားသေးလဲ....'

သူက ဖြူ့ နံဘေးမှာ ထိုင်ချလိုက်ရင်း....

'ဘာမှ မဖြစ်ပါဘူး'

ဟု ဖန်ခွက်လွတ်ကို လှမ်းယူလျက်ဖြေ၏။

'ခုနေတော့ သွေးပူနေတုန်း ဘယ်ဖြစ်ဦးမလဲ၊ အိမ်ပြန်ရောက်ရင်တော့ ပစ်ကျထားတဲ့အရှိန်နဲ့ ကိုယ်တွေ လက်တွေ နာနေလိမ့်မယ်၊ ဘိုးဘိုးဆီက လိမ်းဆေး ယူသွားပါလား'

'ဟင်အင်း.... ကိစ္စမရှိပါဘူး၊ တော်ကြာ မေမေက ဆေးလိမ်းနေတာတွေ့ရင် မေးမြန်းစပ်စုပြီး စိတ်ပူနေဦးမယ်...'

'မင်းရင်.... မေမေက မင်းရင်ကို ချစ်လား....'

သူ ဖြူ့ကို လှည့်ကြည့်ပြီး ဟက်ခနဲ ရယ်မောလျက်...

'ချစ်တာပေါ့ ဖြူသွယ်ကလည်း....'

ဟု ကလေးငယ်တစ်ယောက်၏ မသိနားလည်မှုကို သနားကရုဏာ သက်နေဟန်ဖြင့် ပြောလေသည်။

'ဖေဖေကရော....'

'ချစ်တာပေါ့ ဖြူသွယ်ရဲ့.... သိပ်လည်း စိတ်ပူတတ်တာ၊ ဘယ်သွားသွား ဘာလုပ်လုပ် ဖေဖေနဲ့ မေမေကို အသိပေးပြီးမှ သွားရတယ်၊ ပြောထားတဲ့အချိန် ကျော်လို့မှ ပြန်မလာရင် စိတ်ပူနေရော....'

'ဟုတ်လား ကလေးတွေလိုပေါ့ နော်....'

'အလေးတွေ မဟုတ်မှန်းတော့ သိတာပေါ့ ဖြူသွယ်၊ ဒါပေမယ့်.... သားသမီးဆိုတဲ့ သံယောဇဉ်ကတော့ သူတို့ ဆင်ခြင်နိုင်စွမ်းကို ထိန်းချုပ်မထားနိုင်ဘူး၊ ဘယ်လောက်ပဲ အရွယ်ရောက်ရောက် စိတ်ထဲမှာ ငယ်ငယ်ကလေးတွေလို





ပန်နေတတ်တုန်း၊ စိုးရိမ်နေတတ်တုန်း၊ ဖြူသွယ့်မေမေလည်း သွယ့်ကို အဲလိုပဲ သိပ်ချစ်မှာပေါ့ ဟုတ်ဘူးလား....'

ဟုတ်တာပေါ့....

သိပ်ချစ်တာပေါ့....

သူကတော့ ဖြူသွယ့်အဖြေစကားကို မျှော်လင့်တကြီးဖြင့် မျက်ဝန်းတွေကို ငေးမောကြည့်နေသည်။ ခေါင်းညိတ်လိုက်ဖို့ ဖြူ ဝန်လေးနေခဲ့....။ ငြင်းဆန်၍ မဖြစ်နိုင်မှန်းလည်း သိသည်။ တကယ်တော့ မေမေ ဖြူသွယ့်ကို သိပ်ချစ်သည်ဆိုတာ အတိုင်းအတာတစ်ခုအထိ ဖြူ နားလည်ပြီးသား။

'မေမေက ဖြူ့ကိုသိပ်ချစ်ပါတယ်၊ ဒါပေမယ့်....မေမေ့အချစ်က တစ်ကိုယ်ကောင်းဆန်လွန်းတယ် လို့ ထင်တယ်၊ မေမေက သားသမီးကို မိဘဆိုတဲ့အရှိန်အဝါနဲ့ သူဖြစ်စေချင်တဲ့ သူ့ရဲ့ပုံစံခွက်ထဲ ဇွတ်အတင်းထည့်တတ်တယ်'

သူက....ဖြူသွယ့်ကို....ယူဖိုးအာကာသယာဉ်ကို ရှုတ်တရက် တွေ့လိုက်ရသလိုမျိုး ပါးစပ်အဟောင်းသားဖြင့် တအံ့တသြ ကြည့်နေလေသည်။

'ဒါပေမယ့်.... အဲ့ဒီပုံစံခွက်ထဲမှာ ဖြူက အံဝင်ခွင်ကျ ဖြစ်တော့ သူ စိတ်ညစ်နေရတာပေါ့.... ဖြူလည်း အတတ်နိုင်ဆုံး မေမေ့ကိုလိုက်လျောနိုင်ဖို့ ကြိုးစားပါတယ်၊ ဒါပေမယ့်....ဖြူက ဖေဖေ့သမီးပဲဖြစ်နေတယ်'

နောက်ထပ်မေးခွန်းများ သူ့ထံမှမကြားရသည့်အတွက် ဖြူ စိတ်သက်သာရာရသည်။ မင်းရင်သည် ဖြူ့စကား အားလုံးကို သေချာနားလည်ဟန် မတူပါ။ သည် စကားတွေကို

အခိပ္ပာယ်ကောက် အနက်ဖော်ဖို့အတွက်.... သူ့ဘာသာ ကြိုးစားနေရင်း.... စိတ်ရှုပ်ထွေးနေပုံရ၏။ မျက်ခုံးနှစ်ဖက် က တွန့်လျက်....မျက်လုံးများက တစ်နေရာတည်းမှာ စူးစူး စိုက်စိုက် နေသည်။ အစိတ်အပိုင်းတစ်ခုစီ ကွဲထွက်နေသော မိသားစုတစ်စု၏ စိတ်ဒဏ်ရာဒဏ်ချက်များကို သူ သေချာ နားလည်နိုင်မည်မထင်ပါ။ သူ့ မိသားစုက.... နွေးထွေး ဖြင့် ပြည့်စုံနေခဲ့သည်ပဲ....

နောက်ပြီး....ဖြူလှုပ်ရှားနေရသည့် လက်ရှိ အနေအထား ကိုလည်း သူ သိထားနိုင်လိမ့်မည် မထင်....၊ ဖြူသန့် ဆိုသည့် မိန်းကလေးတစ်ဦးနှင့် ပတ်သက်သမျှ.... သူ့ထံမှ အစအနပင် မကြားခဲ့၊ မသိခဲ့ရ။ သူက ဖြူ သွယ် ဆိုသော မိန်းကလေးကိုသာ ဖြူစင်စွာ နှစ်လို ရင်းနှီးချင်ပုံ ရသေး သည်။

'ဖြူ့ မေမေကို ဖြူချစ်ပါတယ်၊ ဒါပေမယ့်.... တစ် တစ်ခါတော့ မေမေက ဖြူ့အပေါ် ရက်စက်လွန်းတယ်လို့ ထင်တယ်'

'မဟုတ်သေးဘူး ဖြူရဲ့'

သူ့ထံမှ လူကြီးဆန်ဆန်လေသံကိုကြားရတော့ ဖြူအံ့ဩ သွားရသည်။

'လူနှစ်ယောက်ရဲ့ ပဋိပက္ခ ဆိုတာ အခြေခံတစ်ခု ရှိရမှာ ပေါ့၊ နှစ်ယောက်စလုံး မှားနေသလား၊တစ်ယောက်မှန်ပြီး တစ်ယောက်မှားနေသလား၊ နှစ်ယောက်စလုံး မှန်နေတာ ဆိုတာတော့ ဘယ်မဖြစ်နိုင်ဘူး။ ဖြူ့မေမေရဲ့ ပုံစံခွက်က ဖြူ



တွက် သိပ်ကိုအကျဉ်းအကျပ် ဖြစ်စေသလား၊ သူကခရာ.... ခုလို စိတ်ဒုက္ခရောက်နေတယ်ဆိုတာကို မသိဘူးလား၊ းမလည်နိုင်ဘူးလား၊ တစ်ခါတစ်ရံ ဘာမဟုတ်တဲ့ နား ည်မှု လွဲချော်တာသက်သက်နဲ့လည်း လူနှစ်ယောက်သဘော ား ကွဲလွဲနိုင်ပါတယ်'

'နားလည်မှု....ဟုတ်လား၊ တစ်ယောက်တည်းက တစ်ဖက် တ် နားလည်ပေးနေရရင်တော့ ဘယ်မှာ တရားမျှတနိုင်ပါ့ ဲ၊ဖေဖေနဲ့မေမေ ကွဲခဲ့ကြတာကိုလည်း နားလည်မှု လွဲချော် ာလို့ ပြောကြတာပဲ၊ ဒါပေမယ့် ဖေဖေကချည်း မေမေ့ တစ်ဖက်သတ်နားလည်ပေးနေရတာ၊ အဲ့ဒါကို ဘယ်သူ မသိပေမယ့် ဖြူကောင်းကောင်းသိတယ်'

'ဖြူ....'

ခေါ်သံကနူးညံ့လွန်း၏။ ခေါင်းမာသော ညီမငယ် တစ် ာက် ကို အစွမ်း ကုန် သည်း ခံ လိုက်လျောတတ်သော ကိုတစ်ယောက်၏ အကြည့်မျိုး.... အပြုံးမျိုးဖြင့် သူ ရင်း....

'ဖြူက အဖေ့သမီးပဲ၊ ဆက်ပြီး....နားလည်ပေးလိုက်ပါ ား.... ဖြူရယ်....'

ု လေသံပျော့ဖြင့် ပြောလေသည်။ ဖြူ ဟင်ခနဲ ညည်း ၏။ သည့်ထက် ပိုပြီး ကောင်းမွန်သည့်နည်းလမ်း သူ့ မရှိနိုင်တော့ဘူးတဲ့လား....

ညီမလေး....ကိုယ့်ဘဝကိုယ်....ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်နိုင် အချိန်အခါ အသက်အရွယ်ကျတော့....ညီမလေးရဲ့မေမေ

ကို နွားလည်းသဘောပေါက်နိုင်အောင် ရှင်းပြပြီး ညီမလေး ကြိုက်တဲ့လမ်းကိုရွေးပေါ့၊ ခုချိန်မှာတော့.... ဖြူက မိခင့် အုပ်ထိန်းမှုအောက်မှာပဲ ရှိသင့်သေးတယ်၊ သူ့ရဲ့ပုံစံခွက်က လည်း ဖြူ့ရဲ့တန်ဖိုးကို မြင့်မားနိုင်စေတဲ့ ပုံစံခွက်မျိုးပဲ ဖြ မှာပါ.... ဟုတ်တယ် မဟုတ်လား'

ဖြူ....ခေါင်းညိတ်မိတော့မလို ဖြစ်သွားရင်းသူ့ကို ဆ ခနဲ မော့ကြည့်လိုက်မိသည်။

ဘဝမှာကုန်ဆုံးခဲ့ပြီးသော အချိန်တာကာလတစ်လျှော လုံး သည်လိုနူးညံ့ကြင်နာမှုမျိုး ဘယ်သူ့ထံကမှ ဖြူ မရ စဖူး။ ဖြူစင်သော၊ အင်အားကြီးမားသော မေတ္တာတရား သည် ဖေဖေ တစ်ယောက်တည်းထံမှ ရရှိခဲ့ပြီးသည့်နောက် ဘယ်လို ယောကျ်ားသားထံမှာမှ ရှာဖွေမရနိုင်ဘဲ ဖြစ်ခဲ့ သည်။ မောင်နှမရင်းချာဟူ၍ တစ်ဦးတစ်ယောက်မှ မရှိ သည့် ဖြူသည် အစ်ကို၊ အစ်မ၊ သို့မဟုတ် မောင်၊ ညီမဆိုသည် ကို သံယောဇဉ် တွယ်ချင်တတ်သည်ဆိုတာ မေမေ အသိ သို့ပေမယ့် ဝမ်းကွဲ မောင်နှမများနှင့်လည်း ရင်းရင်းနှီးနှီး နေခွင့်ကို မေမေ မပေးခဲ့။

ခုတော့...နူးညံ့သော မေတ္တာတရားသက်သက်ဖြင့် ဖြူ့ ကို နွေးထွေးစေတတ်သူ တစ်ယောက်ကို ဖြူ သံယောဇဉ် ငြိတွယ်မိတော့မည်ထင်သည်။

သူသာ ဖြူ့အစ်ကိုရင်းချာ တစ်ယောက်ဖြစ်ရင် ဘယ် လောက် ကောင်းမလဲ....

'မင်းရင်....'



'ဟင်....'

လေပူတစ်ချက်အခဲ့မှာ သံပင်တွေ မျက်လုံးပေါ်ဖုံးအုပ် ပြီး သူ့မျက်နှာရိပ်ကို ကောင်းကောင်း မမြင်နိုင်ခဲ့....

'မင်းရင်သာ ဖြူ့အစ်ကို ဖြစ်ခဲ့ရင် သိပ် ကောင်းမှာပဲ နော်'

စကားအဆုံးမှာ သူတဖြည်းဖြည်းပြုံးလာပြီး.... ခေါင်း ယမ်းလျက် နေသည်။ ဖြူကတော့ အရုပ်ကလေး တစ်ရုပ် ကောက်ရလာသလို သူ့ကိုပဲ 'မျက်တောင်မခတ် ကြည့်နေ မိ၏။ သေချာစဉ်းစားကြည့်တော့.... သူနဲ့ခွဲရမှာ ကြောက်နေ မိသလိုလို....

'ဟင့်အင်း.... မဖြစ်နိုင်ပါဘူး ဖြူ'

သူက ဖုန်ငွေ့ အတန်သိပ်သည်းနေသော ကွင်းပြင် ဆီ လှမ်းကြည့်သည်။

'ပြီးတော့....ဖြစ်လည်း မဖြစ်ချင်ပါဘူး'

'အဲ....'

သူက ဖြူ့ကိုလှည့်မကြည့်ဘဲ.... လှေကားထစ်ကို နင်း လျက်.... အိမ်ပေါ်တက်သွားတော့သည်။

[ ၅ ]

အစိမ်းရောင်....

မျက်ဝန်းထောင့်မှာ ရိပ်ခနဲ မြင်သည်။ လှည့်မကြည့်မိအောင် မျက်နှာလွှဲရင်း ညှော်အဝင်အထွက် စာရင်းများကို ပြန်စစ်ရမည်လား စဉ်းစား၏။ နောက်ခံတီးလုံးသံကို ကြားနေရသည်။ မျှော်လင့် သတိရတတ်သည့် အသံလွင်လွင်ကို မကြားခင်မှာကြားရလိမ့်မည်။ သည်အခါ.... ရင်ထဲ လှပ်ခနဲ တုန်မသွားဖို့ ထိန်းနိုင်မည်လား။

ဖြူသွယ်....

နေ့ည သတိရနေတတ်သည့်အတွက်လည်း ကိုယ့်ကိုယ်ကို အားငိုမိကဲ့မိပြီ။ မကြာခဏကြုံဖူးသည့် ရင်ခုန်ခြင်း ဆိုသည်



အကိုင်းအတာ အကန့်အသတ် တိုတိုကလေး အတွင်းမှာ ပျောက်ဆုံးသွားတတ်စမြဲမို့....အချစ်ဆိုတာကိုလည်း.... ပေါ့ ပေါ့ တန်တန်၊ တလေးတစား မရှိခဲ့တာအမှန်.... သတိရနေ တတ်ခြင်းက.... အချစ်ဟု သေချာပြီလား။ စွဲလန်း သည် ဆိုတာကရော.... နှလုံးသားအတွင်းထိ နက်ရှိုင်းစွာ ငြိတွယ် တတ်သည်တဲ့လား။

အရည်ကြည်လဲ့နေတတ်သော မျက်ဝန်းကိုသတိရနေသည်။ ပြီးတော့.... နှလုံးကို လှုပ်ခတ်ငြိတွယ်နိုင်စွမ်းသည့် စိုးရိမ်ရိပ် လမ်းသောအကြည့်တွေ....၊ သည်မိန်းကလေးသည် မင်းရင် ၏ နှလုံးသားကို ကောင်းစွာထိန်းချုပ် တောင်ခတ်ထားနိုင် သည်ကတော့ အမှန်။ အတွေးတိုင်းသည် ဖြူသွယ့် ထံသို့သာ ဦးတည်နေတတ်၏။ စကားသံ၊ အမူအရာ၊ မျက်တောင်အဖွင့် အပိတ်၊ နှုတ်ခမ်း အလှုပ်အခတ် အားလုံး.... စက္ကန့်တိုင်း မြင်ယောင် သတိရနေတတ်သည်ကပဲ မင်းရင်အတွက် ဒုက္ခ နှင့် ယှဉ်သော ကြည်နူးမှုဖြစ်၏။

(ဒီမှာ.... လှယမင်းလေ....)

ကြားနေကျ အသံကို ကြားရသည်။ တစ်ဆက် တည်း....

'မင်းရင်....'

ဟူသော.... ခေါ်သံကိုပါ ကြားရသည်။

'တစ်ချက်လောက်တော့ ငဲ့ကြည့်သင့်ပါတယ်ကွာ....'

'ဒီကောင် ကြည့်ရမှာတောင် ကြောက်နေပြီလား မသိ....'

သန်းဆောင်နှင့် မျိုးကို အတိုင်အဖောက်ညီစွာ မင်းရင် ဘက် လှည့်စနေပြန်တော့သည်။

'ဘယ်လိုလဲ....ငါတို့ကို ရုပ်ရှင် ဘယ်တော့ပြမှာလဲ....'

'အခွံးပေးရင်လည်း ပေးပြီပေါ့ကွ.... မင်း ဒီလို ချောင်ကပ်နေလို့တော့ ဘယ်ရပါ့မလဲ၊ ငါတို့က ဘယ်နေ့ ရုပ်ရှင်ကြည့်ရပါ့မလဲ တမျှော်မျှော်နဲ့'

'မင်းတို့....အဲဒီကိစ္စကို မမေ့ကြသေးဘူးလား'

သန်းဆောင်....မျက်နှာကြီး ရှုံ့မဲ့ပြီး....

'လုံးဝပဲ....'

ဟု ခေါင်းခါခါ လက်ခါခါဖြင့် ပြောသည်။

'ကိုယ်နိုင်မယ့်ကိစ္စဆို.... ငါတို့က ဘယ်တော့မှ မမေ့ဘူး'

'ငါကတော့....မေ့ထားလိုက်ပြီ'

'ဟေ့ကောင်.... ဒီလိုနဲ့ ပြီးကြေးလား၊ မင်း.... ငါတို့ကို ရုပ်ရှင်တစ်ပွဲပြလေ'

'အေးပါကွာ....ပြမယ်....ပြမယ်'

ခပ်မြန်မြန်ပဲ စကားလက်စ, သတ်လိုက်ရသည်။ ဖြူသွယ်နှင့်ပတ်သက်ပြီး ပေါ့ပေါ့တန်တန် အလေလောင်းအစား ပြုခဲ့မိသည်ကိုပင် ခုချိန်မှာ နောင်တ,ရနေပြီ။ တကယ်တော့လည်း ဖြူသွယ်သည် ရင်ထဲတစိမ့်စိမ့် တိုးဝင်လာတတ်သော ရနံ့။ မချော်လင့် မှတ်ထင်မှတ်စွာ ဝေ့ဝဲတိုက်ခတ်လာသော လေပွေ။ ဖြူသွယ် နှင့်ဆုံစည်းခဲ့ရခြင်းက အိပ်မက်ဆန်လှသည်။ ဖြူသွယ်နှင့် ရင်းနှီးခွင့်ရခဲ့ခြင်းက စိတ်ကူးယဉ်ဆန်လှသည်။ မင်းရင်နှင့် ဖြူသွယ်၏ အနာဂတ်ကတော့ ဒဏ္ဍာရီ.... ပုံပြင်တစ်ပုဒ်ဖြစ်မှာပါ....



ဖြူသွယ့် အပေါ် ဘယ်အတိုင်းအတာအထိ ရှိုးသားဟန်ဆောင်နေနိုင်မည်ဆိုတာ....ကိုယ်တိုင်ပင် မခန့်မှန်းနိုင်....။

ရိုးသားနိုင်ခွင့် အတိုင်းအတာ ကုန်ဆုံးသွားသည့် နေ့ရက်သည် ဖြူသွယ်နှင့်မင်းရင်၏ နောက်ဆုံးအချိန်ဖြစ်နိုင်သည်။ သို့မဟုတ် ပထမဆုံး အချိန်လည်း ဖြစ်နိုင်သည်။ သေချာစဉ်းစားပြန်တော့လည်း ခု အခြေအနေကို ပြောင်းလဲပစ်ဖို့က....တိမ်ဖြူတွေကို အရောင်ဆိုးရသလိုပင် ခဲယဉ်းလှန်းပေလိမ့်မည်။

မပြောတော့ဘူး ဖြူသွယ်....

ကိုယ့်ရင်ထဲမှာ ရှိတာတွေ ဘယ်တော့မှ မပြောတော့ဘူး။

နှလုံးအိမ်မှာသိပ်သည်းနာကျင်သည့် ဒဏ်ရာဒဏ်ချက်သည် မင်းရင်အတွက် အစိမ်းသက်သက်ပင်ဖြစ်သည်။ ဘယ်ကာလအထိ သည်နာကျင်မှု ဒဏ်ဖြင့် သိမ်းဆည်း မျိုသိပ်ရမည်တဲ့လဲ....

တစ်သက်တာ....

ချစ်မိတဲ့ အတွက် အလွမ်းဒဏ် ဆိုတာကိုလည်း ခံရမယ်ပေါ့ ဖြူသွယ်....

❋

ပြတင်းပေါက်ကို အလျင်ဆုံး ဖွင့်လိုက်သည်။ ပြီးတော့ အဝတ်အစား လဲလှယ်သည်။ မျက်နှာပေါ်က ဆေးရောင်စုံ မိတ်ကပ်များကို အမြန်ဆုံး ဆေးကြောသန့်စင်ပစ်လိုက်ပြီး စာကြည့်စားပွဲ အံ့ဆွဲကို ဖွင့်၏။ အံဆွဲထဲမှာတော့ ကျောင်း စာအုပ်ဟောင်းများ၊ ခဲတံ၊ ဘောလ်ပင်များ၊ စာရွက်စာ တမ်း အတိုအစများ ရှိနေသည်။ အောက်ဆုံးမှာ သတင်းစာ စက္ကူခပ်ကြီးကြီး ခင်းထား၏။ ဖြူက သတင်းစာစက္ကူကို အနည်းငယ်ဟ,ပြီး လက်ချောင်းကလေးများဖြင့် စမ်းလိုက် သည်။

'ဟင်....'

သူမ တအံ့တဩ အာမေဋိတ်သံ ထွက်သွားမိသည်နှင့် တစ်ပြိုင်နက်တည်းပင် အခန်းတံခါး ဖွင့်သံကြားရသည်။ တရားခံကို သိပ်အပန်းတကြီး ဆန်းစစ်စရာ မလိုတော့.... သွားပြန်ပြီ....

ဖြူ ကြိုးစားပန်းစား ဆောင်ကျဉ်းပြီး သိပ်သည်းလျှို့ဝှက် ထားရသည့် ဖေဖေ့ဓာတ်ပုံ....

'သမီး....'

မျက်နှာချင်း မဆိုင်ချင်တော့ဘဲ ပြတင်းမှ မြင်နေရသည့် ခွက်လှပန်းပင်များကိုသာ ဖြူ ငေးမောနေမိဆဲရှိသည်။

'ဘာရှာနေတာလဲ....'

'ဘာမှ မဟုတ်ပါဘူး'

'အမီးတစ်ခုခု ရှာနေတာ မဟုတ်လား.... ဘာလဲ သမီး အဖေ့ဓာတ်ပုံလား'



'သိရင်လည်း ပြီးရောပေါ့ မေမေရယ်'

'ဓာတ်ပုံက.... သူ တက္ကသိုလ်ကျောင်းသားဘဝက ပုံပဲ၊ ဒီပုံကို သမီး ဘယ်ကရသလဲ၊ မေမေ့ကို မှန်မှန်ပြောစမ်း'

လာပြီ....။ ဖြူ့ကို တရားခံစစ်သလိုစစ်ဆေးပြန်ဦးတော့ မည်။ စာကြည့်စားပွဲ အံ့ဆွဲအောက်ဆုံး သတင်းစာအောက် မှာ ဝှက်ထားပြီး နေ့တိုင်းခိုးကြည့်လေ့ရှိသည့်ဖေဖေ့ ဓာတ်ပုံ ကို မေမေ ဘယ်လိုများ တွေ့သွားခဲ့ပါလိမ့်....။ တွေ့သွားခဲ့ သည်ထားဦး၊ ဘာကြောင့်များ ခွင့်မပြုနိုင်ရပါလိမ့်။ မေမေ သည်မျှအထိ ရက်စက်ဖို့တော့ မကောင်းပါဘူးနော်....

'ပြောလေ....သမီး'

'သမီးခိုးပြီး သိမ်းထားတာပေါ့ မေမေ'

ခုတင်ခေါင်းရင်းတိုင်ကို မှီပြီး ခပ်လျော့လျော့ ထိုင်ချ လိုက်သည်၊ မေမေ့မျက်ဝန်းရိပ်မှာ ဒေါသ မရှိ။ သို့ပေမယ့် လျှို့ဝှက်သိပ်သည်းတတ်သော မေမေ့သဘောကို ဖြူ အဆုံး ထိ နားလည်ပြီးသား။ အုန်းပင်ပုကလေး ယိမ်းနွဲ့နေရာဆီ ငေးကြည့်သည်။ လိမ္မော်ရောင်စက္ကူပန်းရုံသည် ပင်လုံးကျွတ် မျှ အုံလိုက်ခဲလိုက်ပွင့်နေ၏။

'အစကတည်းက ဒီဓာတ်ပုံ အိမ်မှာ ရှိမှမရှိဘဲ'

စာကြည့်စားပွဲအောက် ထည့်ထားသော ကြိမ်ကုလား ထိုင်ကို ဆွဲယူလျက် မေမေ ထိုင်သည်။ ပြီးတော့.... ဖြူ့ကို တောက်ပရွှန်းလက်သော မျက်ဝန်းများဖြင့် ခပ်စိုက်စိုက် ကြည့်၏။ မေမေသည် ခုချိန်ထိပင် အပျိုစင် တစ်ယောက်လို လှပချောမွေ့ဆဲဖြစ်သည်။ ဒါကြောင့်ပဲ ဖေဖေက မေမေ့ကို

သိပ်မြတ်နိုးခဲ့တာ ဖြစ်မှာ.... မျက်စိအောက်က အပျောက်မခံနိုင်အောင် တန်ဖိုးထားခဲ့တာလည်း ဖြစ်မှာ....

မေမေ့တစ်သက်မှာ ဘယ်ယောကျ်ားကိုမှ မချစ်ခဲ့ဖူးသေးသလားဟု ဖြူ မကြာခဏ သံသယဖြင့် တွေးမိတတ်သည်။ တကယ်တော့ မေမေက ဖေဖေ့ကို အသုံးချချင်ခဲ့တာ....ခုတုံးလုပ်ချင်ခဲ့တာ....သို့ပေမယ့် ဖေဖေကလည်း မေမေ ကြိုးတပ်ပြီး က,ခိုင်းရမည့် ရုပ်သေးရုပ်မဟုတ်ခဲ့။ တတ်နိုင်သမျှတော့ မေမေ့ကို ဖေဖေ အလိုလိုက်တတ်သားပဲ။ ဒါပေမယ့် မေမေကတော့ ဘယ်တော့မှ ကျေနပ်နိုင်သည် မရှိပါ။

'မေမေရယ်.... သမီးကို ဒီအခွင့်အရေးလေးတော့ ပေးသင့်ပါတယ်'

'ဘာအခွင့်အရေးလဲ၊ သစ္စာမရှိတဲ့ သူ့ရဲ့ဓာတ်ပုံကို သိမ်းသွားပြီး နေ့တိုင်းကန်တော့အိပ်ရမယ့် အခွင့်အရေးလား....'

'ဖေဖေ့ကို သစ္စာမရှိဘူးလို့ မပြောပါနဲ့ မေမေ'

'ဟဲ့....ငါပြောတာ မဟုတ်လို့လား'

'မဟုတ်ဘူး....'

'အံမယ်.... သူ့ကိုပစ်သွားတဲ့ သူ့အဖေကိုပဲ လွမ်းနေသေးတော့၊ ဒီမှာ မိဖြူသွယ်... ညည်းအဖေကဖြင့် ညည်းကို နည်းနည်းလေးတောင် သတိရမှာ မဟုတ်ဘူး၊ ဟိုမှာ သူ့ဘဝသစ် မိသားစုအသစ်နဲ့ ပျော်လို့....'

'ပျော်ပါစေ မေမေရယ်၊ ဖေဖေ့မှာ ပျော်စရာအချိန်တွေ ရှိသင့်တာပေါ့၊ မေမေနဲ့ အတူနေခဲ့ရတုန်းက ဖေဖေ ဘယ်မှာ ပျော်ခဲ့ရလို့လဲ၊ ဒါပေမယ့် ဖေဖေ ကြိတ်မှိတ်





သည်းခံပြီး နေခဲ့တာပဲ မဟုတ်လား၊ နောက်ဆုံး မေမေကိုယ်တိုင်ဘဲ ဖေဖေ့ကို အတင်းအကျပ် ကွာရှင်းခိုင်းခဲ့တာလေ၊ မေမေ့ စိတ်ချမ်းသာမှု တစ်ခုတည်းကို ဖေဖေ လိုက်လျောခဲ့တာ၊ အဲဒါ ဖေဖေ သစ္စာမဲ့တာမှ မဟုတ်ဘဲ....'

'ဖြူသွယ်....'

မေမေ ဒေါသတကြီး အော်ပစ်လိုက်တော့မှ ဖြူ အနည်းအကျဉ်း စိတ်လက်ပေါ့ပါးသွားသည်။ ဟုတ်ပြီလေ။ သည်လိုပဲ ဖြစ်သင့်သည်ပေါ့။ ကြိတ်မှိတ် ဟန်ဆောင်ထားရင်း ကြာလျှင် မေမေ နှလုံးရောဂါ စွဲလာမှာကိုတော့ ဖြူ စိုးရိမ်သည်။

'ညည်းက မေမေ့ကို တရားခံတစ်ယောက်လို စွဲချက်တင်နေတာပေါ့လေ ဟုတ်လား၊ တချိန်လုံး အနားမှာ မျက်စိဒေါက်ထောက် စောင့်ရှောက်နေတဲ့ အမေကိုတော့ ကျေးဇူးတင်ရကောင်းမှန်း မသိ၊ နားလည်ရကောင်းမှန်း မသိ၊ ကိုယ့်ကို ပြန်လှည့်ကြည့်ဖော်မရတဲ့ အဖေကိုတော့ နေရာမ ကျေးဇူးရှင်ကြီးလို ရှိခိုးဦးတင် ပြောနေလိုက်တာ၊ သွား.... ညည်းအဖေနောက်သာ ညည်း လိုက်သွားတော့....'

'ဟင်အင်း....'

ခပ်ပြင်းပြင်း ခေါင်းခါလိုက်သောအခါ ဆံပင်တွေ မျက်နှာရှေ့နှင့် လည်တိုင်တွေဆီ ပြန့်ကြဲရစ်ပတ်သွားသည်။ မေမေ့ မျက်ဝန်းမှာ မျက်ရည်ကြည်တွေကို မြင်ရတော့ ဖြူ ကိုယ့်ကိုယ်ကို အပြစ်တင်မိပြန်သည်၊ တကယ်တော့ မေမေ

မျက်ရည်ကျမှာကို ဖြူ မလိုလားနိုင်ဆုံး။ မေမေ စိတ်ဆင်း
မှာကို ဖြူ အကြောက်တတ်ဆုံး။

ဖြူ့ကမ္ဘာမှာ မေမေတစ်ယောက်တည်းသာ အဖေ
ဖြူ့ဝန်းကျင်မှာ မေမေကသာ တံတိုင်းမဟုတ်လား....

'ဖြူ မသွားပါဘူး၊ မသွားချင်ပါဘူး၊ သမီးမရှိရင် စိ
မေမေတစ်ယောက်တည်း.... မေမေ့ကို သမီး တစ်ယော
တည်း မထားခဲ့ချင်ပါဘူး'

'ဘာများ အရေးကြီးသလဲ၊ ညည်းက အဖေကို ပို
တဲ့ သမီးပဲ....'

'မဟုတ်တာ မေမေရယ်၊ မေမေ့ကို ပိုချစ်လို့ သ
မေမေနဲ့ နေခဲ့တာပေါ့၊ ဖေဖေ့ကိုသာ ပိုချစ်ရင် အစော
ကတည်းက ဖေဖေ့နောက်ကို လိုက်သွားမှာပေါ့....'

မေမေသည် ကလေးတစ်ယောက်လိုပင် စိတ်ကျေနပ်သ
လျက် မျက်နှာရိပ် ပျော့ပျောင်းလာပြီး....

'သွားစမ်းပါ.... လာချွဲနေပြန်ပြီ....'

ဟု ပြုံးစစဖြင့် ပြော၏။ ဖြူက မေမေ့လက်နှစ်ဖ
ဆုပ်ကိုင်ပြီး မေမေ့ရင်ခွင်ထဲ ခေါင်းတိုးဝင်လိုက်သည်။

'တကယ်ပါ မေမေရဲ့၊ ဒါပေမယ့် တစ်ခါတလေ လွမ်
အခါ ကြည့်ဖို့ ဖေဖေ့ဓာတ်ပုံလေး တစ်ပုံလောက်
ရှိချင်တယ်.... သမီးကို ပြန်ပေးပါနော် မေမေ....'

'အမှိုက်တောင်းထဲ ရောက်သွားပြီ....'

'ဟင်....'



ဖြူ အကြီးအကျယ် စိတ်ဓာတ်ကျသွားရတော့သည်။
မင်းရင်ကို ခက်ခက်ခဲခဲ တောင်းခိုင်းထားရတာ။ ချက်ချင်း
ပင် ငိုချင်လာမိလျက် မျက်ရည်မကျဖြစ်အောင် ခဲခဲယဉ်းယဉ်း
ကြိုးစား ထိန်းချုပ်နေရသည်။ မေမေ့ရှေ့မှာ မငိုချင်ပါ၊
ဘယ်သူ့ရှေ့မှာမှ ဖြူ မငိုချင်ပါ။ လူတွေရှေ့မှာ ဖြူ
ရယ်ပြ ငိုပြရသည့် အလုပ်ကိုလည်းဖြူ စိတ်မဝင်စားပါ။
ဒါပေမယ့်.... ခု အခြေအနေမှာတော့ ဖြူ စိတ်မဝင်စား
သည့် အလုပ်ကိုဘဲ မေမေ့အလိုကျ ဖြူ ဆက်လက် လုပ်ရှား
ရပေဦးမည်။ ဒါကို မေမေ နည်းနည်းတော့ သဘော
ပေါက်စေချင်သည်။ ဖြူ့အပေါ် အနည်းအ ဦးတော့
နားလည်တတ်စေချင်သည်။

'မေမေရယ်....'

'မေမေလည်း တွေ့တွေ့ချင်း ဒေါသဖြစ်ဖြစ်နဲ့ ဆုတ်ပစ်
လိုက်မိတာပဲ.... သမီးကို စိတ်ဆင်းရဲစေလို့တော့ မရည်ရွယ်
ပါဘူး'

အတ္တကြီးလွန်းသော မေမေသည် ဖေဖေ့ကို သူမထက်
ပိုပြီး ဖြူ တွယ်တာမနေစေချင်မှန်းအရိပ်အယောင်အမျိုးမျိုး
ဖြင့် ထင်ရှားအောင် ပြောခဲ့ပြခဲ့ပြီး ဖြစ်သည်။ ဖြူ့စိတ်
ဆင်းရဲမှု တစ်စိတ်တစ်ပိုင်းကို မေမေသိလျှင် သိမည်။ ဖြူ့
လိုအင်ဆန္ဒအလုံးစုံကိုတော့ မေမေ ဘယ်သောအခါမျှ သိနိုင်
မည် မထင်ပါလေ....

'ဓာတ်ပုံလေးတစ်ပုံလောက်တော့ သိမ်းထားခွင့်ပေးသင့်
ပါတယ် မေမေ'

'ဘယ်ကရတယ်ဆိုတာ သမီး....မေမေ့ကို မပြောရသေးဘူးနော်'

'ပြောပြရင် မေမေ သမီးကို ခွင့်ပြုမှာလား'

'ဘာကိုလဲ'

'ဖေဖေ့ဓာတ်ပုံ သိမ်းထားခွင့်လေ'

မေမေက မျက်နှာကြက်ဆီ မော့ကြည့်လျက် အချိန်အတော်ကြာ ငြိမ်သက်နေပြီးမှ အင်း....ဟု သံရှည်ဆွဲလျက် ခေါင်းညိတ်သည်။

'မေမေ ခွင့်ပြုပါတယ်၊ ဒါပေမယ့် မေမေ မမြင်နိုင်တဲ့နေရာမှာ သိမ်းနော်၊သူ့ဓာတ်ပုံကိုမြင်ပြီး မေမေ စိတ်ဆင်းရဲဒေါသထွက်နေရမှာမျိုး မဖြစ်ချင်ဘူး၊ ကဲ.... သမီး ဘယ်ကရသလဲ.... မေမေ့စိတ်အထင်ပြောရရင်တော့ ပဲခူးက ထင်တယ် ဟုတ်လား'

'ဟုတ်တယ် မေမေ'

မေမေ မျက်မှောင်ကြုတ်သွားရင်း....

'သမီးက ပဲခူးကို သွားကယ်ပေါ့'

ဟု မကျေမနပ်လေသံဖြင့် မေး၏။

'မဟုတ်ပါဘူး မေမေရဲ့'

'သမီးမသွားဘဲ သူတို့က လာပေးတာလား'

'မဟုတ်ဘူး၊ သမီးက ယူခိုင်းလိုက်တာပါ'

'ဘယ်သူသွားယူသလဲ....ဘိုးဘိုးလား'

မျက်နှာကို အစွမ်းကုန် ရှုံ့မဲ့ပစ်လိုက်သည်။





'ဟာ....မဟုတ်ပါဘူး မေမေကလည်း.... ဘိုးဘိုး မသိအောင် သွားယူခိုင်းတာပေါ့'

'ဘယ်သူ့ကိုလဲ'

'မင်းရင်....'

'ဘာ....'

'မင်းရင်....ဆိုတဲ့ကောင်လေးတစ်ယောက်ကိုပေါ့ မေမေ'

မေမေ့မျက်နှာသည် ချက်ချင်းပင် ဆယ်နှစ်စာလောက် ညိုးရော် အိုစာသွားလေသည် ထင်၏။

* * *

'သမီးကတော့ မင်း မြင်တဲ့အတိုင်းပဲ.... ခုထိကလေးစိတ်မကုန်သေးဘူး မင်းရင်....'

မျက်မှန်အောက်မှ မျက်ဝန်းအစုံသည် ပျပ်ဝပ်ကျိုးနွံမှုကို ကျင့်သား ရနေသည့်နှယ်ပင်။ ခုထက်ထိ သူ စကား ကေားတစ်လုံးမှ မပြောသေးဘဲ မေမေ ပြောသမျှကို သာ ခေါင်းညိတ် နားထောင်နေ၏။ ဘိုးဘိုးသည် ပက်လက်ကုလားထိုင်မှာ ဆေးပြင်းလိပ်ခဲလျက် ဇိမ်ကျနေပြီး သမီးကို မသိမသာအကဲခတ်နေ၏။ ပြီးလျှင်.... အဲဒါတွေကြောင့်

နှင့်နဲ့ငါ အတူမနေချင်တာ ဟု ပြောနေကျ စကားကိုပဲ ပြောလိမ့်မည် ထင်သည်။ ဘိုးဘိုးသည် ကိုယ်တိုင် လည်း စကား နည်းပြီး နားပူခံဖို့လည်း ခံနိုင်စွမ်းရည် မရှိသူ ဖြစ်သည်။

မိုးရေကြောင့် ဖုန်မှုန့်များ သိပ်သည်းပြီး ဝန်းကျင် စို ထိုင်း ထိုင်း ဖြစ် နေ သည်။ အမိုးတံစက်မြိတ်အောက်မှာ တွဲလွဲဆွဲထားသော စာဘူးတောင်းအတွင်းမှ စာကလေး၏ တကျီကျီမြည်သံကို ကြားရ၏။ လွန်ခဲ့သည့် သုံးလေးရက် က.... မိုး အဆက်မပြတ်ရွာပြီး ခုတော့ မိုးပါးနေပြန်ပြီ။ နေရောင် လင်းတလှည့် မှိန်တစ်လှည့် ရှိသော်လည်း မိုးရိပ် သိသိသာသာမထင်သေး။ ဘိုးဘိုး၏ ခြံထဲ မေမေ စိတ်လို လက်ရ လိုက်လာပြီး.... မင်းရင်ကို တွေ့ ကတည်း က ဖြူ ရင်တထိတ်ထိတ် ရှိနေရသည်။ ဘိုးဘိုး ရှေ့မှာမို့ မေမေ စကားကို မယုတ်မလွန် ထိန်းပြော၏။ မင်းရင်ကတော့... အနေကျုံ့နေဟန်ရှိပြီး.... ခေါင်းညိတ် ခေါင်းခါမှလွဲလျက် စကားတစ်ခွန်းမဆို။ မေးခွန်းများကို အတိုတောင်းဆုံး နှင့် အရိုသေဆုံးဖြေ၏။ သူနှင့်တစောင်းထိုင်နေသော ဖြူ့ ကိုပင် မျက်လုံးတိမ်းလျက်မကြည့်။ မေမေ့ဩဇာသက်ရောက် မှုက သူ့အပေါ်မှာပင် အတော်အတန် လွှမ်းမိုးထားနိုင် လေသလား။ ဖြူကတော့ မေမေ့စကားများကို နားထောင် ရင်း စိတ်မောရသည်က တစ်ဖက်.... သူ့ကို ကိုယ်ချင်းစာ သနားမိသည်က တစ်ဖက်ဖြင့် စိတ်မအားရအောင် ရှိနေ တော့သည်။





'တစ်ဦးတည်းသမီးမို့ အားလုံးက အလိုလိုက်ထားတော့ မိန်းကလေးတန်မဲ့ ဆိုးချင်တယ်'

ဒါ.... သမားရိုးကျ သမီးရှင်တစ်ယောက်ရဲ့ စကားတွေ ပါ မေမေရယ်...။ မင်းရင်ကတော့ ယုံမယ်မထင်ဘူး....

ဖြူ.... စိတ်မရှည်စွာ တွေးလိုက်မိသည်။

'ဒီတော့ ကိုယ့်ညီမလေးတစ်ယောက်လို ခေါင့်ရှောက် ပါ၊ ဆုံးမပါ'

သူ ခေါင်းညိတ်ပြန်သည်။

'အန်တီကတော့ ကိုယ့်စီးပွားရေးနဲ့ကိုယ်ဆိုတော့ ဒီဘက် ကို သိပ်မရောက်ဖြစ်ဘူး၊ သမီးလာချင်တယ်ဆိုလို့သာ ပို့ထား ရတာ၊ ပြီးတော့.... ကျောင်းပိတ်ရက်လည်း ဖြစ်နေလို့လေ။ တက္ကသိုလ်တွေပြန်ဖွင့်ရင်တော့ ဒီလိုနေလို့ ဘယ်ရတော့မလဲ၊ တက္ကသိုလ် ကျောင်းသူ ပုံစံဝင်အောင် မနည်းကြီး သင်ရ ဦးမှာ၊ နေပါဦး.... မင်းက ရွှေဝါထွန်း တိုတယ်မှာ.... အလုပ်လုပ်တယ်ဆို'

'ဟုတ်ကဲ့အန်တီ၊ ကျွန်တော် ညည်ကြီးဌာနမှာ လုပ်ပါ တယ်၊ အကူအညီလိုရင် ပြောနိုင်ပါတယ်ခင်ဗျာ'

'အေး....လိုအပ်တော့ပြောတာပေါ့ကွယ်၊ သမီး.... မောင် မင်းရင်ကို ကြာဆံချက် ထည့်ပေးလိုက်ဦးလေကွယ်၊ ဒီနေ့ ကြာဆံချက် ချက်စားကြတယ်ကွယ့်၊ သမီး လက်ရာလေ.... သမီးရ ... အဲ့လို အချက်အပြုတ်တော့ ဝါသနာပါသား'

မေမေက ဖြူ့ကို စကားဝိုင်းအနီးမှာ ရှိစေချင်ပုံ မရပါ၊ ဖြူ.... မင်းရင်ကို နှာခေါင်းရှုံ့ပြခဲ့ပြီး မီးဖိုချောင်ဘက်ဆီ လျှောက်လာခဲ့၏။

'မင်းက.... ဒီမှာ မြင်းစီး လာသင်တာဆို'

'ဟုတ်ကဲ့ ခင်ဗျ'

'တော်တော် ကျွမ်းကျင်ပြီလား'

'ဟင့်အင်း.... ဖြူသွယ့်လောက်တောင် မကျွမ်းကျင်သေးပါဘူး'

ကြည့်စမ်း.... ဖြူသွယ့်နာမည်ကို ဘာသို့သည့်ပြောရပြန်တာတုန်း။ တော်တော်တုံးတဲ့သူ.... သူ့အမေက ဒီလူနဲ့ မြင်းအတူစီးမှာကိုတွေးပြီး စိတ်ပူနေမှာလို့များ ယောင်လို့တောင် မတွေးမိဘူးလား။

ကြာဆံချက်ထည့်ရင်း.... စိတ်ကူးထဲမှာ မင်းရင်ကို ရန်ထောင်နေမိပြန်သည်။

'ဘာအတွက်လဲ'

'ဘာအတွက်ရယ် မဟုတ်ပါဘူးအန်တီ ဝါသနာ သက်သက်ပါ'

'ဝါသနာအတွက် အချိန်လာဖြုန်းတယ် ဆိုပါတော့....'

အဲ....စပြီ။ သင်ခန်းစာတစ် စပြီ....။ ဖြူသွယ့် ဝဋ်ဒုက္ခတွေ မင်းရင် မျှယူခံပေဦးတော့.... စိတ်တွေဖရိုဖရဲ လွင့်မျောနေသည့်အတွက် စလောင်းအိုး အဖုံးကိုပင် တည့်တည့်မတ်မတ် ပြန်ဖုံးနိုင်ဘဲ အသံကျယ်ကျယ် မြည်လျက် ပြုတ်ကျတော့မှ ကိုယ့်အမှားကိုယ် သတိထားမိလေတော့သည်။

---

စေတနာဝေဒေ



'ဟဲ့....သမီး၊ ဘာတွေဖြစ်ကုန်ပြီလဲ'

'အိုးဖုံးပြုတ်ကျတာ မေမေ'

'အေး.... ဖြူလေးတို့ကတော့ အဲ့လို အသံဗလံသေးမြည် လိုက်ရမှ....'

ဘိုးဘိုး၏ ရယ်သံနှင့် တစ်ဆက်တည်း....

'အမေအတိုင်းပါပဲကွာ'

ဟူသော စကားသံကိုကြားရတော့ ဖြူသွယ် ကြိတ်ရယ်မိသေးသည်။ ကြာဆံချက်ပန်းကန်ကို လက်သုတ်ပဝါ ခုကိုင်ပြီး အိမ်ရှေ့ပြန်အထွက်.... မင်းရင်က.... စိတ်ကျဉ်းကျပ်နေသော မျက်ဝန်းများဖြင့် သူမကို လှမ်းကြည့်၏။

'မင်း....မိဘများက ဘာမှမပြောဘူးလား'

မင်းရင်က ကြောင်အမ်းအမ်းဖြင့် ခေါင်းခါသည်။

'မပြောပါဘူးအန်တီ၊ ကျွန်တော့်ရဲ့ အားအပ်ချိန်တိုင်း ကျွန်တော် သင်တန်းတစ်ခုခု တက်နေကျပဲ၊ အိမ်က ဘာမှ မကန့်ကွက်ပါဘူး'

'မင်းက.... ကျောင်း မနေတော့ဘူးလား'

'ကျွန်တော်.... စာပေးစာယူ ဒုတိယနှစ်ပါ အန်တီ'

'ဪ....'

မေမေ.... အောင့်သက်သက်ဖြင့်နှုတ်ဆိတ်သွားလေတော့သည်။ မေမေ့လေသံ အထက်စီး ဆန်လှကြောင်း မင်းရင် သတိထားမိကောင်း ထားမိလိမ့်မည်။ ကြာဆံချက်ပန်းကန်ကို မင်းရင်ရှေ့ ချလိုက်ရင်း....

'စားလိုက်ဦး မင်းရင်....'

---

စေတနာ့စာမေ

ဟုမကျွမ်းကျင်စွာ လောကွတ်ပြုတော့....မေမေက ဖြူ့ကို စူးစူးစမ်းစမ်းမော့ကြည့်လေသည်။ ပြီးတော့မှ မင်းရင်နှင့် မျက်နှာချင်းဆိုင် ထိုင်နေရာမှ ထလျက်....

'အေးအေးဆေးဆေး စားနော်'

ဟု အလိုက်တသိ ထသွားလေသည်။ ဖြူ.... မင်းရင်ကို အားပေးပြုံးဖြင့် နှုတ်ဆက်စဉ် မင်း ရင် က မချိပြုံးဖြင့် တုံ့ပြန်ရင်း....

'ဖြူရော.... စားပြီးပြီလား'

ဟု ဝတ္တရားကျေမေး၏။ သူ ဘယ်လောက်ထိ အကျဉ်းအကျပ် ဖြစ်နေရသည်ဆိုတာ ဖြူအသိ....၊ မေမေ့.... ဆုံးမစကားများကြား အမြဲချောင်ပိတ်မိနေတတ်သည့် ဖြူသွယ့်အဖို့တော့ သည်လို မေမေ့အဆက်အသံက အဆန်းတကြယ် မဟုတ်တော့။ မလိုလားသူများကို အလေးမထားသလို.... ပြောဆိုဆက်ဆံတတ်သည့် မေမေ့စရိုက်ကို ဖြူ.... နားလည်ထားပြီးဖြစ်သော်လည်း မင်းရင်ကတော့.... အထူးအဆန်းသဖွယ် ဖြစ်လိမ့်မည်။

'ဖြူ စားပြီးပါပြီ.... ဘယ့်နှယ်လဲ.... အိုကေရဲ့လား'

'ဟုတ်ကဲ့....'

'အံမယ်.... သိပ်ရိုသေနေပါလား'

သူ သတိလက်လွတ် ဖြစ်နေသလားထင်သည်။ ဖြူသွယ့်အရယ်ကို သူ ငေးမော ကြည့်နေပြီးမှ.... သတိရသည့်အခါ ရှက်ရိပ်ဖြင့် ပြုံးရင်း....

'တာဗျာ....'





ဟု ခပ်ညည်းညည်း ပြောလေသည်။

'မေမေ့ဆီက.... ခွင့်ရပြီ သိလား'

လေသံမျှဖြင့်ပြောသော.... ဖြူ့ စကားကို သူ သဘောပေါက်နိုင်ဘဲရှိသည်။

'ဖေဖေ့ဓာတ်ပုံ သိမ်းထားဖို့လေ'

'ဪ....'

'အဲဒါ....မင်းရင် နောက်တစ်ပုံ တောင်းပေးဦး သိလား'

'ဒီအတိုင်း ဘယ်ပေးပါ့မလဲ'

'ဖြူ စာရေးပေးလိုက်မှာပေါ့'

ခြေသံကြားတော့ သူက ကြာဆံချက်ကို ခပ် သွက်သွက်သွားသည်။ ဖြူက ဘာမှမပြောခဲ့သလို နှုတ်ဆိတ်နေလိုက်သည်။ မေမေ့ဆက်ဆံရေးကြောင့်.... သူ ဖြူသွယ့်ကို လိုလိုလားလား အကူအညီ မပေးချင်ခဲ့လျှင်....

စက္ကန့်ပိုင်းအတွင်းမှာ သည်အတွေးက ဖြူ့ကို အတော်င် လွှမ်းမိုးနှိပ်စက်နိုင်၏။ ပြီးတော့.... နောက်ရက်တွေမှာ သည်ကိုရောက်လာဖို့လည်း မသေချာတော့။ ဖြူကိုယ်တိုင်ည်း ဘိုးဘိုး၏ခြံကို နောက်ထပ်လာလည်ခွင့်ရဖို့မသေချာတော့မှန်း စိတ်တထင့်ထင့်ဖြင့် သိနေရသည်။

'ကျွန်တော် ပြန်တော့မယ် ဖြူသွယ်'

'ချက်ချင်းကြီး'

'ဟုတ်တယ်.... ကျွန်တော် ဆက် မ နေ သင့် တော့ ဘူး လို့င်လို့'

နှုတ်ခမ်းကို လက်သုတ်ပဝါဖြင့် တို့သုတ်ရင်း သူပြော သည်။ ထိုင်ရာမှထပြီး ဘိုးဘိုးကို သူ နှုတ်ဆက်၏။

'အားတဲ့ရက် လာပေါ့ကွာ....'

ဟု ညှော်မျှော်နေဟန်တူသော ဘိုးဘိုးက ဖိတ်ခေါ်သည် သူ ခေါင်းညိတ်ရုံညိတ်၏။ မေမေ မီးဖိုခန်းမှ ထွက်လာပြီး—

'ပြန်တော့မလား'

ဟု မေးသည်။ မေမေ့ကို နှုတ် ဆက် ပြီး အိမ် တိုင် ဆိုင်ကယ်သော့ကို သူဖြုတ်ယူ၏။

ဆိုင်ကယ်အနားအထိလိုက်ပို့ခွင့်ကိုတော့ မေမေကန့်ကွ လိမ့်မည် မထင်။ စကား ဆက် မ ပြတ် အောင် ပြော ရင်း ဆိုင်ကယ်အနားထိ ဖြူလိုက်သွားသည်။

'ဖြူ့ မေမေက....ကျွန်တော့်ကို ကြည်ဖြူပုံ မရဘူး၊ ဖြူ ခင်ခင်မင်မင်ရှိနေတာကို မကြိုက်ဘူးနဲ့တူတယ်'

ဟု စကား အဆင်တန်ဆာမပါဘဲ သူပြောသည်။

'မေမေက ဖြူ ယောကျ်ားလေး အပေါင်းအသင်းထား တာ မကြိုက်ဘူး'

'ဒါဆို....ကျွန်တော့်ကြောင့် ဖြူ စိတ် အနှောင့်အယှ များ ဖြစ်နေမလားပဲ'

'ကိစ္စမရှိပါဘူးမင်းရင်.... မေမေနဲ့ ဖြူ့ကြားမှာ စိ အနှောင့်အယှက်ဆိုတာ ဆန်းတဲ့ကိစ္စမှ မဟုတ်ဘဲ'

'ကျွန်တော့်ကြောင့် ဆိုရင်တော့.... ကျွန်တော် မ ကောင်း ဖြစ်ရမှာပေါ့'

'ပဲခူးကို ဖြူ လာလည်နိုင်ဖို့ ကြိုးစားမယ်'





'တကယ်လား'

သူ အားတက်သရော မေးသည်။ သူ့ စိတ်ဒုက္ခ အကျပ် အတည်းကို လမ်းကြောင်းလွဲပေးလိုက်ခြင်း ဖြစ်ကြောင်း.... သူ မရိပ်မိပါ။ ဖြူ့စကားကို တကယ်ပင်ယုံကြည်လျက်....သူ ဝမ်းသာ ပျော်ရွှင်သွားသည်ကို ကြည့်ရင်း ဖြူ့ စိတ်ထဲမှာ လည်း အလိုလိုပျော်ရွှင်လာရသည်။ ရိုးသားသည့်အပေါင်း အသင်းတစ်ယောက်အနေဖြင့်....မင်းရင်ကို မေမေ စိတ်မချ နိုင်ဘူးလား....

အင်းလေ....

သူကရော.... ဘယ် အတိုင်းအတာအထိ ရိုးသားနေမှာမို့ လဲ....။ ဖြူ ကိုယ်တိုင်ကရော သူ့အပေါ် ဘယ်လောက်အထိ ရိုးသားနေမှာမို့ လဲ....

'လာလည်ပါဖြူ....၊ ဖြူ အစစအရာရာ အဆင်ပြေအောင် ကျွန်တော်တာဝန်ယူပါတယ်'

'အာမခံ ရဲလှချည်လား'

'ဖြူ ပျော်စေချင်လို့ပါ'

သည်စကားတစ်ခွန်းကိုပဲ သူပြောတတ်လေသလား မသိ။ နောက်ထပ်စကားများစွာ ဆိုချင်သေးသည့် ဖြူ့ ဆန္ဒကို မသိကျိုးကျွံ ပြုလျက် သူနှုတ်ဆက်သည်။ ဆိုင်ကယ်စက်နှိုးသံ ကြားတော့....ရင်ထဲမှာ တစ်ခုခု ထိခိုက်ချင်သည်။ စိတ်ကစား ဟု ကိုယ့်ကိုယ်ကို အမည်တပ်ရမှာ ကြောက်သည်။

(ဒီအရွယ်ဟာ စိတ်ထွေပြားတတ်တာပဲ)

ဟု မေမေ 'စွပ်စွပ်စွဲစွဲ' ပြောမှာကိုလည်း စိုးရိမ်သည်။

'သွားမယ် ဖြူသွယ်....'

'ဆီးယူ....'

သည် နှုတ်ဆက်စကားကိုတော့ သူယုံကြည်ပုံမရ။ ဆိုင်ကယ်ကို ကွေ့လိုက်ပြီးမှ ဖြူ့ရှေ့တည့်တည့်မှာ သူ ရပ်သည်။

'ဖြူသွယ်....'

ဖြူ ကြောင်အမ်းလျက် သူ့ကို ငေးနေမိဆဲ....

'ကျွန်တော်တို့ နောက်ထပ်တွေ့ရပါဦးမလားလို့ စိုးရိမ်နေတယ်'

သူ့စကားသည် နှလုံးသားမှလာသော အသံဖြစ်ကြောင်း ဖြူ သေချာ သိလိုက်၏။

✷✷

စက်ဘီးကို နံရံမှာကပ်လျက်ထောင်ပြီး ပေါ်တီကိုရှေ့သို့ လျှောက်လာခဲ့သည်။ အိပ်ခန်းဆောင် တာဝန်ကျ အရှည်ကြီးသည် အိပ်ယာခင်း၊ စောင်အသစ်များ လဲလှယ်ရန် အတွက် အိပ်ဆောင်များဆီ ခပ်သွက်သွက် လျှောက်သွားနေ၏။ ညှို့သည်ပါးသည့်ရာသီမို့ အလျင်အချိန်များထက် ပိုပြီး အလုပ်သက်သာသည်ကတော့ အမှန်....





'မနေ့က ဘယ်နှစ်ယောက် ဝင်သလဲ'

ဂျူတီချိန်အလဲမှာ မေးနေကျ စကားပင်ဖြစ်သည်။ ဆံပင်တိုတို အသားဖြူဖြူနှင့် ကိုအောင်သည် ရုပ်ရှင်မင်းသား တစ်ယောက်လိုပင် ဂိုက်ဆိုက်ကျလွန်းနေ၏။

'သုံးယောက်'

ညှို့ကြိုကောင်တာထဲ ရောက်သွားချိန်မှာ မိုးတဖောက်ဖောက်ကျလာသံကြားသည်။

'မင်းရင်....'

'ဗျာ....'

သော့တွဲနှင့် အခန်းနံပါတ်များ တိုက်လျက်စစ်ဆေးနေရင်း ကိုအောင့် အပေါ်ကို ပြန်ထူးလိုက်မိ၏။

'မင်းကောင်မလေးက ဗွီဒီယိုတွေ ဘာတွေတောင် ရိုက်နေပြီနော်၊ ညက ကြော်ငြာတွေ့တယ်ကွ၊ အသစ်ဆိုပေမယ့် မဆိုးပါဘူး'

'လုပ်ချလိုက်ပြန်ဖြီ၊ ဘယ်က ကျွန်တော့် ကောင်မလေးလဲ'

'အလဲ့လဲ့.... မသိဟန်ဆောင်နေပြန်ပြီ မင်းသားကလဲ'

ကိုအောင်က ရယ်ကျဲကျဲဖြင့်....

'ဖြူသန့်စင်လေကွာ'

ဟု ပြောသည်။ ရင်ထဲ အေးစက်သွားလျက် ပီတိလား.... ထိတ်လန့်မှုလား ခွဲခြားမရနိုင်သည့် ဝေဒနာတစ်ရပ်ကျန်ရစ်သည်။ မျိုးကိုနှင့် သန်းဆောင်၏ ကောင်းမှုကြောင့် မင်းရင်၏ အလောင်းအစားဇာတ်လမ်းကို အားလုံးက သိနေကြပြီ။

တစ်ယောက်တည်း ကြိတ်မှိတ်မျိုသိပ်နေခဲ့ရသည့် စွဲလမ်းမှုကိုလည်း သူတို့တွေ ဘယ်လို ရိပ်မိကြသည် မသိ။

လှယမင်း....ကြော်ငြာလာတိုင်း မင်းရင် အစ အနောက်ခံရတတ်သလို....ဖြူသန့်စင်နှင့် ပတ်သက်တိုင်းလည်း မင်းရင်ကို အသားလွတ် ဆွဲထည့်ဖို့ ဝန်မလေးတတ်ကြ။ အေးဆေးသော....သည်းခံတတ်သော.... မင်းရင်သည် ရွှေဝါထွန်းမှ အပေါင်းအသင်းအားလုံး၏ ပျော်ရွှင်ဖွယ် ပစ်မှတ်တစ်ခုပင် ဖြစ်သည်။

'ပေါက်ကရတွေ မပြောစမ်းပါနဲ့ ကိုအောင်ရာ'

'ဘာလဲ.... မင်းက အသရေဖျက်မှုနဲ့ ကောင်မလေးကို တရားစွဲချင်သေးလို့လား၊ တစ်ဖက်သား နစ်နာနေပါ့မယ်ကွာ....'

ပြောပြီး.... ကိုအောင်က တဟားဟား ရယ်လေသည်။ မင်းရင်ဆိုသော ကောင်လေးကတော့ မျက်နှာမြင် နောက်ချင်ပါစေ ဟူသော ဆုတောင်းနှင့်များ ပြည့်စုံခဲ့လေသလား မသိ။ အင်းလေ.... မိန်းကလေးအများစုအတွက် နှာခေါင်းရှုံ့ချင်စရာ ဖြစ်ကောင်းဖြစ်နေနိုင်သော သူ့ရုပ်ရည်အတွက် ခုမှ ထူးပြီး စိတ်ဓာတ်ကျမနေချင်တော့ပါ။ စကားနည်းတတ်သော ကလေးအကျင့်အတွက်လည်း မိန်းကလေးများ ရှေ့မှောက်ရောက်မှ နောင်တ ရမနေချင်ပါ။ သို့ပေမယ့်.... မိန်းကလေးများနှင့် ပတ်သက်လာတိုင်း အပေါင်းအသင်းများက ရယ်စရာ လှောင်စရာ ဟားစရာ လူတစ်ယောက်လို ဆဲဘောထားကြသည်ကိုတော့ဖြင့် ရင်ထဲအောင့်သက်သက်....





တယ်လီဖုန်းသံ မြည်လာတော့ သတိပြန်နိုးကြားလာရသည်။ ကိုအောင် တယ်လီဖုန်းခွက်ကို မ ယူပြီး....

'ရွှေဝါထွန်းကပါ ခင်ဗျာ....'

ဟု ချိုချိုသာသာ ပြောတော့ ရယ်ချင်သွားမိ၏။ လိုသည်က် ပိုပြီးနူးညံ့လွန်းနေမလား....သည်ဌာနမှ ဝန်ထမ်းများတွက်တော့ လူမှုဆက်ဆံရေးက အသက်တစ်မျှပင်ဖြစ်သည်။ ည်းခံရမည်၊ စိတ်ရှည်ရမည်၊ ကျွမ်းကျင်ရမည်၊ လိမ္မားနပ်ရမည်၊ ချိုသာပြေပြစ်ရမည်....သည်စည်းကမ်းဘောင်ထဲမှာ အားလုံး ပုံစံတကျ ဖြစ်နေခဲ့ပြီ။

'ဟုတ်ကဲ့....ရှိပါတယ် ခင်ဗျာ၊ ဘယ်သူလို့ ပြောလိုက်ရလဲ'

ကိုအောင်က မင်းရင်ထံ မျက်လုံးတစ်ချက်ဝေ့ကြည့်သည်။ ယ်သူ့ကို ခေါ်ပေးရမလဲဟု မျက်လုံးဖြင့် ကိုအောင့်ကို မေး ကိုအောင်က စကားပြောခွက်ကို လက်ဖဝါးဖြင့်အုပ်က်....

'ဖြူသွယ်....တဲ့'

ဟု ခပ်တိုးတိုးပြောရင်း တယ်လီဖုန်းခွက်ကို လှမ်းပေး၏။ းသားအစုံ ထိတ်ခနဲ အေးစက်သွားသည်က စိတ်အထင်နိုင်ပါ။ ချစ်ခြင်းသည် စိတ်ခံစားမှုသက်သက် မဟုတ် ခုချိန်မှာ သေချာလက်ခံရလိမ့်မည်။ ဘာကြောင့်များတွေ ခုန်လာရသည်လဲ....'

'ဟဲလို မင်းရင်....'

'ဖြူသွယ်....'

နေ့စဉ်ပင် ကြားနေကျ သူမ၏ အသံလွင်လွင်ကို လျှပ်[illegible] လိုင်းမှတစ်ဆင့် ကြားရသည်။ သည်အသံက ဆုံးဖြတ်[illegible] တစ်ခုခုဖြင့် တက်ကြွနေသယောင်....

'အလုပ်တွေ ရှုပ်နေသလား'

ဟင့်အင်း....မရှုပ်ပါဘူး'

'ဒါဆို....ဘာတွေလုပ်နေသလဲ'

'ဟို....'

ရုတ်တရက်မို့ ဘာပြောရမှန်း မသိဘဲ.... သတိလက်လွ[illegible] အတွေးတွေ.... မေးခွန်းတွေ ဦးနှောက်ထဲမှာ ကစဉ့်ကလျ[illegible] ချပ်ခတ်ကုန်သည်။ ကိုအောင်က မင်းရင်ကို ပြုံးစိစိ ကြ[illegible] လျက် လက်မထောင်ပြရင်း ထွက်သွားတော့၏။

'ဘာမှ မလုပ်ပါဘူး ဖြူသွယ်.... ဖြူသွယ် ဘိုးဘိုးခြံ[illegible] မလာတာ ကြာပြီနော်'

'ဟုတ်တယ်.... မေမေက ဖြူသွယ့်ကို ပါမစ်ပိတ်လိုက်[illegible] လေ'

'ဗျာ....'

'ဘိုးဘိုးခြံထဲကို မသွားရတော့ဘူးတဲ့....'

ကြိမ်ကုလားထိုင်ပေါ် အရှိန်ကြီးပြတ် ထိုင်ချပစ်လိုက်ရ[illegible] သက်ပြင်းငွေ့ငွေ့ချမိသည်။ ဖြူသွယ် ကြားလေမည်လား[illegible] သတိမမူမိ။

ဖြူသွယ်လည်းကူးမရောက်တာ တစ်လကျော်ကျော်ရှိပြ[illegible] သတိထားဖြစ်သည်။ ဒါကိုလည်း ကြိုတင်ပြီး သိနေခဲ့သ[illegible] ပါပဲ။ ဖြူသွယ့်မေမေနှင့် ဆုံပြီးကတည်းက အခြေအ[illegible]





တစ်ရပ်ကို မသိစိတ်ဖြင့် ရိပ်မိနေခဲ့သည်။ သို့ကြောင့်လည်း ဖြူသွယ့်မေမေရှေ့မှာ အတတ်နိုင်ဆုံး ရိုးသားပြခဲ့မိတာ.... ဖြူသွယ်နှင့် ဆုံခွင့်ကို ခုလိုပိတ်ပင်လိုက်မှာကို စိုးရိမ်လို့ပါပဲ။ သို့သော်လည်း,... ဖြူသွယ့် မိခင်က နှလုံးသားကို ထွင်းဖောက်မြင်တတ်လေသည့် အတတ်ပညာရှင်လား မဆိုနိုင်....

'ကျွန်တော် ထင်ပါတယ်လေ၊ ကျွန်တော့်ကြောင့် ဖြူသွယ့် လွတ်လပ်ခွင့်တစ်ခု ဆုံးရှုံးသွားရပြန်ပြီပေါ့'

ဖြူသွယ့်ထံမှ အဖြေစကား မကြားရ....

'ကျွန်တော် ကတိပေးပါတယ် ဖြူသွယ်၊ ဘိုးဘိုးခြံထဲကို ကျွန်တော် ဘယ်တော့မှ မသွားတော့ဘူး ဆိုတဲ့အကြောင်း ဖြူသွယ့်မေမေကို ပြောပြလိုက်ပါ'

'နေစမ်းပါဦး၊ ဘယ်သူက ကတိတောင်းနေလို့လဲ'

စိတ်မကြည်လင်သောအပြော၊ နောက်ထပ် ဘယ်လိုစကား ဆက်ရမှန်းမသိ ဖြစ်သွားသည်။ ရယ်သံကို ဖုန်းထဲမှ ကြားရတော့ အနည်းငယ် စိတ်သက်သောင့်သက်သာ ဖြစ်ရသည်။ ဖြူသွယ် ဖြူစုမှာကိုလည်း ကူးစက်ရောဂါတစ်ခုလို ကြောက်လန့်တတ်နေပြန်၏။ မင်းရင်အတွက်တော့ သည်မိန်းကလေးနှင့်ပတ်သက်သမျှ ဝေဒနာ အထူးအဆန်းများနှင့်နှလုံးသားကို စောင့်ကြည့်နေသလိုပင် ဖြစ်သည်။

'ကျွန်တော်က အလိုက်သိတတ်ရမယ်လေ'

'တော်ပါတော့ ကိုလူကြီးရဲ၊ ဖြူ ပဲခူးကို လာလည်မယ့် အကြောင်း ပြောမလို့ပါ'

'တကယ်လား'

'ဒါ.... နောက်ဆုံးစရောလား'

'ဘယ်သူတွေနဲ့လာမှာလဲ.... ဘယ်တော့လဲ'

'တစ်ယောက်တည်း.....နက်ဖြန်'

'ဖြူသွယ်'

'ဖြူ ဖုန်းထပ်ဆက်လိုက်မယ်နော်'

အလောတကြီးနိုင်လှသည့် စကားသံ....။ စိုးရိမ်စိတ်က... သွေးများကို ချက်ချင်း ပူနွေးလာစေသည်။

'ဖြူ သွယ့်ဖုန်းနံပါတ်'

'ဖြူ ပြန်ဆက်မှာပေါ့.... နောက်မှနော်'

ဖုန်းချသွားသံ ကြားသည်။ နေရာမှာပင် ခေါင်းငိုက် စိုက်ကျသွားချင်၏။ တမင် ကျီစယ်လေသလားဟု သံသယ ဝင်သည်။

မြွေမင်းသမီးလေးက.... သတိတရရှိနေသတဲ့လား....

ကြယ်စင်နှင့် ပင်လယ်ပြင်လောက်တော့ အလှမ်းမကွာ သေးမှန်း သိသည်။ သို့ပေမယ့်.... လူတန်းစား တံတိုင်းက တရှုတ်မြည်မှ မဟာရံတံတိုင်းထက် ခိုင်ခန့်ပြီး ထိုးဖောက် မှလွယ်မှန်း အဓိပ္ပာယ်သဘော နားလည်နေ၏။

နောက်ပြီး....

ခုတိုင် ဖြူသွယ် ဆိုသည့် ဖြူသန့်စင်ကို ယုံကြည်မရနိုင် အသေး....



'စွတ်စွတ်ရွတ်ရွတ်နိုင်လှတဲ့ ကံတရားကိုပဲ ခုတော့ အပြစ် တင်ရမလား မသိဘူး'

စကား အဆုံးသတ်မှာ မချင့်မရဲ စိတ်သပ်လိုက်သည့် သန်းဆောင်အသံကိုကြားသည်။ညနေခင်းကျနေမှာ အရောင် က မှိုးရိပ်ကြောင့်ခပ်မှိန်မှိန်သာ ရှိတော့၏။ မကြာခင်မှာ မိုး ရွာလေမည်လား မပြောတတ်။ ရထားသံလမ်းမှ ကားလမ်းမ ဘက်ဆီသို့ ဖြတ်လျှောက်ခဲ့သည်။ လယ်ကွင်းများ အလယ်မှာ ဝဲကာ လှည့်ကာ ရှိတတ်သော ဗျိုင်းဖြူကလေးများကို မြင်ရသည်။ ပုစဉ်းရင်ကွဲ အော်သံ မစဲနိုင်တော့သလို ထင်၏။ မိုးကြောင့် စပါးရွက်တို့ စိမ်းလန်း ဖွံ့ဖြိုးနေကြသည်။ မကြာ ခင်မှာပဲ အနံ့ထွက်လာပြီး မိုးကုန်လျှင် ရင့်မှည့်ကြလေပေ တော့မည်။ ငယ်ကတည်းက သည်မှာပဲ ကြီးပြင်းလာခဲ့ရ သည်မို့ လယ်တောရနံ့ကို မစိမ်းတော့....

'မင်းက ငါတို့ကို ဘာဖြစ်လို့ စောစောက မပြော တာလဲ....'

မျိုးကိုက အပြစ်တင်စကားလိုလို ပြောသည်။ ဖွင့်မပြော ဖြစ်ခဲ့တာ အပြစ်မရှိနိုင်ဟု ကိုယ့်ဘာသာ ထင်မိသည်။ ဖြူသွယ့်အပေါ် အမြင်စောင်းမည်ကို မလိုလား။ ပြီးတော့ အများကြားမှာ ဖြူသွယ့်ကို စ,စရာ၊နောက်စရာလို သဘော ထားကြမှာကိုလည်း မခံချင်....။

'မင်းတို့ နောက်မှာစိုးလို့ပေါ့ကွာ ယုံနိုင်စရာကလည်း ကောင်းမှ မကောင်းတာ.... သူ့ဘက်ကို ပြန်ပြီး ငဲ့ရသေး

တယ်လေ၊ ငါ့ကြောင့် ကွယ်ရာမှာ သူ အလှောင်ခံရမှာ စိုးလို့....'

'သည်းပါကွာ....'

ဟု သန်းဆောင်က အမြင်ကတ်ဟန် ပြောသည်။

'ဒါဆို ငါတို့က ကတိအတိုင်း မင်းကို ကျွေးရတော့မှာပေါ့'

ဟု ပြန်ပြီး အစဖော်စကား မျိုးကိုပြော၏။ အရေးထဲဟု စိတ်ထဲမှာ ရှုပ်ထွေးစွာ ညည်းညူ လိုက်မိသည်၊ သည် နှစ်ယောက်ကတော့ ကမ္ဘာကြီးကို နှုတ်ခမ်းမွေးဆွဲပြီး ရယ်စရာ လုပ်ပစ်ဖို့လောက်သာ စိတ်ဝင်စားကြပုံရ၏။

'ထားလိုက်စမ်းပါကွာ.... အရေးမပါတာ၊ အဲဒါက... နောက်နောက်ပြောင်ပြောင် ပြောခဲ့ကြတာပဲ'

'မင်းက အဲဒီကို တမင် ကြိုးစားပမ်းစား သွားတာ မဟုတ်ဘူးပေါ့....'

'မဟုတ်ရပါဘူးကွာ.... မေမေက ကြွေးတောင်းခိုင်းလို့ပါဆို....'

'အင်း.... မင်းကိစ္စကလည်း'

ကတ္တရာလမ်းပေါ်မှာ စိုစိုစွတ်စွတ် ရှိသည်။ ထိကရုံးပင်ကလေးများပေါ် ရေစက်လေးများ တင်နေတတ်သည်က ပုလဲလုံးလေးများနှယ်ပင် လှပသေးတော့။ အိပ်တန်းပြန် ငှက်အုပ်စုဖွဲ့ ပျံသန်းလာသည်ကို တိမ်လိပ်ကောင်းကင် နောက်ခံလျက် မြင်ရသည်။ ဓာတ်ကြိုးတန်းများပေါ် နားနေသော ဆက်ရက်ကလေးများ ရေစိုလျက် အရောင်တောက်ပနေ၏



'အခြေအနေအရ ဆက်လုပ်ရှားပေါ့ကွာ....'

'ပေါ့ပေါ့တန်တန် မပြောစမ်းနဲ့ သန်းဆောင်....၊ ဒါ အိမ်ကမသိအောင် ဘီယာခိုးသောက်တဲ့ ကိစ္စမှဟုတ်ဘူး၊ ငါမှာ တိုင်ပင်ဖော် တိုင်ပင်ဖက် တခြားသူမရှိလို့ မင်းတို့ကို ဖွင့်ပြောရတာ၊ မင်းတို့ကောင်တွေက လောင်စိန် လုပ်ဖို့လောက်ပဲ စဉ်းစားနေ....'

'ဟာ.... ဒီလိုမဟုတ်ပါဘူးကွ၊ ငါတို့လည်းကူပြီးစဉ်းစားနေတာပါပဲ၊ ဒါပေမယ့် ခက်တာက ကောင်မလေးရဲ့ မင်းအပေါ် ဆက်ဆံရေးကို မမြင်ရသေးဘဲ တဘက်သတ်ကြီး မှတ်ချက်ချလို့တော့ ဘယ်ဖြစ်မလဲကွ၊ နောက်ပြီး... သူ့ကို မင်းက ဖြူသန့်စင်အနေနဲ့ ရင်းနှီးရတာမှ မဟုတ်ဘဲ၊ ဖြူဘွယ် အနေနဲ့ ရင်းနှီးရတာပဲ....'

'အဲဒါကြောင့်.... ငါမှာ စဉ်းစားရ ခက်နေတာပေါ့၊ သူ ငါ့ကို တမင်ကစားနေတာများလားလို့ ခဏခဏ စဉ်းစားမိတယ်'

'အဲတော့.... မင်းစိတ်ထဲမှာ သူနဲ့ပတ်သက်ပြီး သိပ် အစွဲအလမ်း မထားနဲ့ပေါ့ကွ....'

မျိုးကိုဘက် လှည့်ကြည့်မိသည်။ အရယ်စကား မဟုတ်သည်ကတော့ အသေအချာ၊ သူတို့လည်း သည်လိုပြောရုံက လွဲပြီး ဘာများတတ်နိုင်မှာလဲလေ။ နောက်ပြီး သူတို့ရဲ့ နှလုံးသား ရေးရာတွေကလည်း မင်းရင်လို ဆန်းဆန်းပြားပြား မဟုတ်....။

'ငါတစ်ခု စဉ်းစားမိတယ် မင်းရင်....'

'အင်း....သို'

သန်းဆောင် စကားကို ဇဝေဇဝါ အင်း့လိုက်မိသည်။ အားကိုးအားထား ပြုခလောက်စရာဟုတော့ သိပ်မယုံကြည်။

'လာမယ့်အေး.... ပြေးတွေ့ ဆိုတာလို မင်းစိတ်ထဲမှာ ရှိနေတာတွေ သူ့ကို ဖွင့်ပြောလိုက်ပါလား.... မဖြစ်နိုင်ဘူး ဆိုရင်လည်း တစ်ခါထဲညီး ကိစ္စပြတ်သွားတာပေါ့!'

'မင်းကလည်း မကောင်းတဲ့ဘက်ကချည်း တွေးနေတာ ကိုး....တကယ်လို့ ကောင်မလေးက အိုကေလို့ မီးစိမ်းပြလိုက် ရင် ဘယ်လိုလုပ်မလဲ....'

မျိုးကိုစကားက မထင်မှတ်ထားသော ကွက်လပ်တစ်ခုကို ပြက်ပြက်ထင်ထင် မီးမောင်းထိုးပြလိုက်သလိုပင်၊ ဝမ်းသာ ချင်ပေမယ့် ဝမ်းမသာရဲ၊ ပျော်ချင်ပေမယ့် မပျော်ရဲ....။ မဖြစ်နိုင်ဘူးဆိုသည့် အဖြေကသာ သေချာပြီးသား ဖြစ်နေ သည်။

'အဲတော့လည်း စိုပြည်ပြီပေါ့ကွ....'

'မင်းကြီးတော်ကြီး စိုပြည်မလား၊ သူ့အမေကြီးက မှကြည်လင်ပါဘူးဆိုမှ....မဖြစ်နိုင်ရင် မစ,တာ ကောင်းတယ်။ ဘုပ်အတိုင်းဆို မင်းက ခံရမယ့် အပိုင်းက ပိုများနေတယ် မင်းရင်....၊ အဲတော့ ခံနိုင်ရည်ရှိမရှိဆိုတာ မင်း ကိုယ့်ကိုယ်ကို ချိန်ဆကြည့်၊ သူက မင်းသမီး လုပ်မယ့်သူဆိုတော့ အမှု အဆုတော့ ပိုင်ပြီးသား နေမှာ....'



'ဟေ့ကောင် အဲဒါက အရေးမကြီးဘူးနော်....'သူ ပဲခူး လာမယ်ဆိုတဲ့ ကိစ္စ သေချာလည်း မေးစမ်းဦး၊ ကံမကောင်း အကြောင်းမသင့်ရင် ထောင်ထဲရောက်သွားနိုင်တယ်'

မျိုးကိုနှင့် သန်းဆောင် နှစ်ယောက်သား၏ စကားတွေ ကြားမှာ ရာသီအေးအေးထဲ ဇောချွေးပြန်နေရတော့သည်။ သတ္တိနည်းသူဟု ကိုယ့်ကိုယ်ကိုထင်၏။ တကယ်တော့ ဖြူသွယ့် ဥပေက္ခာကို မခံနိုင်။ ဖြူသွယ့်အမုန်းကို မခံနိုင်၊ ဖြူသွယ်နှင့် ဝေးရမည်ကိုလည်း မစဉ်းစားရဲ.... ဖွင့်ပြောဖို့ ဆိုတာလည်း မရဲဝံ့....

သည်လိုနှင့်ပဲ....

လှည့်စားခံရမှာကိုလည်း ကြောက်တတ်ပြန်သေးသည်။ စ,ကတည်းက မဆုံဖြစ်ကြရင် ကောင်းသားဟု ပြေတွေး ဘွေးမိပြန်တော့လည်း ရင်ထဲမှာ နာကျင်သည်။

တကယ်ပါ ဖြူသွယ်....

ဖြူသွယ့်ကို ချစ်တဲ့စိတ်ကြောင့် ကျွန်တော် သတ္တိနည်း ရပါတယ်။

'ဟုတ်တယ် မင်းရင်၊ မင်းပြောသလိုဆို ကောင်မလေးက ဘဇာတ်ထိုးလေး၊ ခေါင်းအေးအေး စဉ်း စား ဦး ကွာ၊ ဝရှန်းသုန်းကားတော့ အဖြစ်မခံနဲ့၊ တတ်နိုင်သမျှတော့ ဝေးအောင်နေနိုင်ရင် အကောင်းဆုံးပဲ၊ ကောင်မလေးကို နိမ့်ပြီးပြောတာ မဟုတ်ဘူး၊ ကောင်မလေးက အချိန်တန်ရင် သူ့လမ်း သူလျှောက်သွားမှာပဲ၊ မင်းသာကျန်ရစ်မှာ၊ ငါတို့ ပြောနေတာ မင်းအတွက်.... မင်းမှာက ဒါမျိုးနဲ့ပတ်သက်

ပြီး အတွေ့အကြုံရှိတာ မဟုတ်ဘူး၊ ဘာမဟုတ်တာနဲ့ မင်း ထိထိခိုက်ခိုက် ခံစားနေရတာမျိုး ငါတို့ မမြင်ချင်ဘူး'

ထွက်သက်လေက ပူလောင်လွန်းသည် ထင်၏။ ကုန်တင် ကားကြီး တစ်စီး ဘေးမှ ဖြတ်သွားပြီး ရှေ့ ခပ်လှမ်းလှမ်း မှာ ရပ်သည်။ ဘရိတ်မီးနီနီအထက်မှာ ဆေးဖြူ စာတန်း တစ်ခု မြင်ရ၏။

'ဝေးလေ ကောင်းလေ တဲ့....'

✱

[ ၆ ]

Scene တစ်ခုဖြတ်တိုင်း မင်းသား၊မင်းသမီးတွေအနှား အော်တိုစာအုပ်တွေ ပလူပျံအောင် ထွက်လာတတ်၏။ မင်းသား၊ မင်းသမီးများခမျာ.... ထမင်းကိုသော်မှ ဖြောင့် ဖြောင့် မစားနိုင်။ သည်ကြားထဲ မှတ်မိရဲ့လားဟု မိတ်ဆက် စကားဆိုချင်သူတွေက ရှိသေး။ ပရိသတ်က ရှေ့နောက်ဝဲယာ မှာ ပွတ်ချာလည် ဝိုင်းလို့....။ မေမေကတော့သူတို့ကို ငေးရင်း မေးရင်း....

'အားမကျဘူးလား သမီး'

ဟု မေးချင်ဟန်ရှိသည်။ သို့သော်လည်း....

'အားမကျပါဘူး'

ဟု မဲ့ကာခွဲ့ကာ ဖြေလေမည့် သမီးငယ်အကြောင်းကိုလည်း ကောင်းစွာ သိထားပြီးလေသည်မို့ စကားတစ်ခွန်းမှ မဆိုဘဲ ပြုံးလျက် ငေးရီသာ ငေးနေလေသည်။ ဖြူ့အနားမှာတော့ မေမေတစ်ယောက်မှလွဲပြီး ဘယ်သူမှ ရှိမနေပါ၊ မျက်နှာမှ ခပ်တင်းတင်း မိတ်ကပ်၊ နှုတ်ခမ်းနီများသည် ဖြူ့အတွက်တော့ သည်တစ်သက် အသားကျပါ့မလားဟု ထင်ချင်စရာပင်။ သည်လို လူတွေအများကြီးကြားမှာ ဝတ်စားပြင်ဆင်ပြီး တစ်နေကုန် ထိုင်နေရသည်ထက် စာလျှင်တော့....ဘိုးဘိုးရဲ့ ခြံလေးထဲ ပန်းချီဆွဲနေရတာကမှ တော်ပေသေးရဲ့။

ကြည့်နေရင်းပင်.... ဖြူ သည်အသိုင်းအဝိုင်းကို ငြီးငွေ့စိတ်ရှုပ်လာမိသည်။ကိုယ်တိုင်က လိုလိုချင်ချင် ကြိုးစားယူခဲ့သည်ထက် တွန်းအားပေးမှုတစ်ခုကြောင့် ဇွတ်အတင်းတိုးဝင်နေသည့် လောကငယ်တစ်ခုမှာ ဖြူ မပျော်မွေ့တတ်တာ နည်းနည်းမျှပင်မဆန်းပါ။ မိုက်မဲသည်ဟု ပြောချင်လည်း ပြောပါစေ။ သည်ပတ်ဝန်းကျင်ကို ဖြူ အနည်းအကျဉ်းမျှပင် ခင်တွယ်မရ....

'မေမေ....'

'အင်....'

ငေးမောနေရာမှ မေမေ လှည့်ကြည့်သည်။

'ဒီတစ်ကတ်ပြီးရင် ပြန်ကြရအောင်'

'အင်း...ဦးကျော်မင်းကို မေးပြီး ပြန်ကြတာပေါ့'



ရိုက်ကွင်းတာဝန်ခံ ဦးကျော်မင်း တစ်ယောက် ဟိုပြေးသည်လွှား အလုပ်ရှုပ်နေသည်ကို ကြည့်ရင်း ဘယ်အချိန် အိမ်ပြန်ရလဲဟုသာ တစ်ယောက်တည်း ထပ်ပြန်တလဲလဲ အသံတိတ်ဒမေးနေမိသည်။ ကျောင်းတွေ မကြာခင် ဖွင့်တော့မည်တဲ့...။ ဒီအိုးဘွဲ့တစ်ခုရအောင်ယူပြီး တောထဲတောင်ထဲမှာ အလုပ်တာဝန်တွေ ပိနေသည့် အင်ဂျင်နီယာ တစ်ယောက်ဖြစ်အောင် ကြိုးစားရခြင်းက ဖြူ့အတွက် ပို၍ပျော်မွေ့ဖွယ်ဖြစ်ပြီး ပို၍အဓိပ္ပာယ်ရှိလိမ့်မည် ထင်သည်။

အကာယ်ဒမီ မင်းသားက မေမေ့ ရှေ့မှ ဖြတ်သွားရင်း မေမေ့ကို လှမ်းနှုတ်ဆက်၏။ အခွင့်ရခိုက် မေမေက မင်းသားကို စကားတဖောင်ဖောင် ပြောနေသည်။

'သမီးအခြေအနေ ဘယ်လိုလဲ.... မောင်နှမရင်းချာလို အဘာထားပြီး သင်ပြပေးပါနော်၊ ဆိုးမစရာရှိရင်လည်း ဆူနဲ့.... သမီးက မင်းတို့ကို အားကျနေတာ.... ဟိုတစ်နေ့ပြီးသွားတဲ့ အကွက်လေး သိပ်ကောင်းတာပဲ၊ နောက်ထပ် အကာယ်ဒမီ တစ်ခုပေါ့...ဟုတ်လား....'

မေမေ့ အသံတွေ...အပြုံးတွေ...အာရုံမှာ ဝေဝါးသွားပြီး သတိရခြင်းတစ်ခု နင့်နင့်သီးသီး ဝင်ရောက်လာသည်။ မင်းရင်...

သူ...မျှော်နေလေမလား....

လှည့်စားသလိုဖြစ်နေမည့် စကားတစ်ခွန်းအတွက် အားနာသည်။ သို့ပေမယ့် အချိန်တွေက လွန်မြောက်သွားခဲ့ပြီ....။ အကာယ့်ကို အရောက်သွားဖို့ ကြိုးစားခဲ့သည်ဆိုတာလည်း သူ

သိနိုင်မည်မဟုတ်ပါ။ ခွဲနေရသည့် နေ့ရက်တွေ ကြာလာမ ရင်ထဲမှာ တစ်ရစ်ပြီး တစ်ရစ် တင်းလာသော နှောင်ကြိုးကို သတိထားမိလာရသည်။ ဒါဟာ.... ရင်ခုန်ခြင်း သက်သက်မှ မဟုတ်တာဘဲ....

ငြိတွယ်မှု....နှောင်တည်းမှု....

ရေတမာပင်တန်းများနှင့် လမ်းမရှည်သည် မိုးရိပ်အောက် မှာ ပို၍ လွမ်းဆွတ်ဖွယ်အသွင်ဆောင်နေ၏။ အကောင်ပေ ကလေးများ၏ အသံမျိုးစုံကို ညဘက်မှာ ကြားနေရသော် လည်း သဲသဲကွဲကွဲမရှိလှချေ။ ကိုယ့်ကိုယ်ကို နှလုံးသားနူးညံ့ လွန်းသူတစ်ယောက် မဟုတ်ဘူးဟု ယုံကြည်ထားဆဲမှာပင်.... ရင်ထဲ တင်းတင်းကျပ်ကျပ် ဖြစ်လာပြီး မျက်ရည်ဝဲချင်သည်။ ဘာဖြစ်လို့များ သတိရနေတတ်တာပါလိမ့်။ အလွမ်းဆိုတာ ကိုတော့ ဟိုစဉ်ကတည်းက ယုံကြည်ထားခဲ့ပြီးသားမို့.... သူမ မလွမ်းတတ်ချင်....။ ဖေဖေတစ်ယောက်မှလွဲပြီး ဘယ်သူ တစ်ဦးတစ်ယောက်ကိုမှ သတိမရဘတ်သည့် စိတ်အစဉ်မှာ.... ခုတော့ နေရာတစ်ခု ထပ်တိုးလာပြီ။

သတိရတယ် မှင်းရင်....

နောက်ပြီး....တွေ့ချင်တယ်....

နှလုံးသားဆန္ဒသည် ဦးနှောက်အသိနှင့် ယှဉ်တွဲမလာ တတ်မှန်း မကြုံဘူးသော်လည်း သိနေခဲ့ပြီ။ ချစ်ခြင်းသက်သက် သည် ဘဝနှင့် အံဝင်ခွင်ကျ ဖြစ်နိုင်ပါ့မလား။ ခုချိန်မှာတော့ ဖြူ တစ်စုံတစ်ယောက်ကို နင့်နင့်သီးသီး လွမ်းဆွတ်နေတာ



ဖြစ်သည်။ ပြီးတော့ သူ့ အနားမှာအမြဲအစဉ်ရှိနေချင်သော ဆန္ဒ....

ဝန်ခံရဲပြီ....မှင်းရင်....

ချစ်ခြင်း ဆိုတာကိုလည်း ဖြူ....တလေးတစား နားလည် ပြီ....

ဘဝမှာ ဖြစ်သင့်တာတွေကို နှုတ်ပယ်လိုက်ရင် ဆန္ဒတွေပဲ ကျန်ရစ်မယ်ထင်ရဲ့။ အဲဒီဆန္ဒတွေရဲ့ ထိပ်ဆုံးမှာ 'အချစ်'ဆို တာ ရှိလိမ့်မယ်.... အဲ့ဒီချစ်ခြင်းက ကျန်တဲ့အရာတွေကို မှေး မှိန်သွားအောင် ပြုနိုင်စွမ်း ရှိကောင်းရှိမယ်.... ဒါပေမယ့်.... လုံးဝ ပျက်ပြယ်သွားအောင်တော့ မစွမ်းနိုင်ဘူးလေ....

ဒီတော့....ဝေးနေကြဦးပေါ့ မှင်းရင်ရယ်....

'မိုးရွာလာပြီဟေ့'

အနားကပ်ပြီး အော်ဟစ်လိုက်သံကြောင့် ဖြူ့စိတ်တွေ အလန့်တကြား လွင့်ထွက်ပျံ့ကျဲကုန်သည်။

ဟုတ်ပါရဲ့....မိုးဖွဲ့ကလေးတွေ ကျလာပြီ....

သိမ်ကောင်း....ဒါမှ ရှုတင်မြန်မြန်ပြီးမှာ....

'ဟော....မမတင်တို့သားအမိ မပြန်ရသေးဘဲကိုး'

'ဟုတ်ကဲ့ရှင့်'

'ကျွန်တော့်ကားနဲ့ လိုက်ခဲ့လေ....ကျွန်တော် လှည့်ပို့ပေး မှာပေါ့'

'မိုးများ သိပ်ချုပ်သွားမလား မောင်လေးရယ်....'

'ဟာ....မချုပ်နိုင်ပါဘူး၊ အစောကြီးရှိသေးတာပဲ၊ မိုး မှောင်နေလို့ပါ'

သူထ်လုပ်သူ ကုမ္ပဏီပိုင်ရှင်သည် မေမေ့ထက် အသက် ကြီးသည်ပြီး အသားဖြူဖြူ... အရပ်မြင့်မြင့်နှင့် ကြည့်ကောင်း သူဖြစ်၏။ မြန်မာစစ်စစ် မျက်နှာပေါက်မျိုးတော့မဟုတ်... မေမေနှင့် ယခင်ကတည်းကရင်းနှီးကျွမ်းဝင်နေပြီး ဖြူ့သူ အတွက်ဟု မေမေက လိုလိုလားလား အကူအညီတောင်း ခဲ့သူလည်း ဖြစ်သည်။

'မမတင်ကို အရင်ကတည်းက ကျွန်တော်ပြောခဲ့သား မမတင် ရုပ်ရှင်မင်းသမီးလုပ်ဖို့ကောင်းတယ်လို့'

ဟူသောစကားမျိုးကိုလည်း စိတ်ထဲက ပါသလိုလို ပြော တတ်သဖြင့် မေမေကတော့ သူ့ကို လိုလားနှစ်ခြိုက်သူမျာ စာရင်းထဲ ထိပ်ဆုံးက ထည့်ထားလေသည်။ ဖြူကတော့ ဥပေက္ခာတရားဖြင့်သာ အရာအားလုံးကို သိမ်းကျုံးမြင်တ အောင် လေ့ကျင့်ထားသည်။

'အချိန်တွေ ဘယ်လောက်နဲ့မြောဖို့ကောင်းလဲ... မမတ အိမ်ထောင်ဖက်က မမတင်ကို နားလည်ပေးဖို့ကောင်းတယ်

ဆိုသော စကားမျိုးပြောတတ်သည့် ထိုသူ့ကိုတော့ ကြည့်မရချင်။ မေမေ့နေရာမှာ တခြားသူတစ်ယောက် လျှင် မေမေ့လောက် သည်းခံ ခွင့်လွှတ် နားလည်နိုင် မဟုတ်တာကို ဖြူ အသိဆုံး... မေမေ ရုပ်ရှင်မင်းသမီး ရထာ မေမေ့ကြောင့်မှ မဟုတ်ဘဲ...

'သမီး... မေမေတို့ ကိုသက်ကားနဲ့ပဲ ပြန်ကြရအောင်...

'မေမေ့ သဘောပဲလေ...ဒါပေမယ့် သမီးတို့ကို အ ဆုံးပို့ခိုင်း'



'အေးပါ သမီးရဲ့'

တခြားသူတွေ နေထိုင်ရာ... ဝေးလံခေါင်ဖျားတွေအထိ သွည့်ပတ်သွားရင်း စကားတွေ တဖောင်ဖောင်ရှိတတ်သည် ဆိုတော့ ဖြူ သည်းညည်းမခံချင်...။ မေမေကိုယ်တိုင်က သည်း အလိုက်အထိုက် ဆက်ဆံရသည်လား... ခင်မင်ရင်းစွဲ သည်လွှား... ဖြူ မသဝခဲ့တတ်...။

မေမေကတော့ ဖြူ့ကို ခုထက်ထိ... ကလေးအတွေး လောက်သာ ဦးနှောက်ထဲ ရှိသည်ထင်၏။ လူကြီး သို့မဟုတ် ခေင်ဟူသော အရွယ်အဝါဖြင့် အထက်စီးမှုကြည့်သည့်အခါ ဖြူ့ကို ပီတိကလေးတစ်ယောက်လိုသာ မြင်သည်။ သူမ တွေးသလို မြင်သလို ဖြူ တွေးတတ် မြင်တတ်မည်မဟုတ်ဟု သည်း အထင်သေးလက်စ ရှိသည်ထင်၏။ လူကြီးနှင့် ငယ်ကြား... ဆက်စပ်မရသော ခြားနားမှုသည်... ခုလိုပဲ အပြုခဲ့သည်။ တကယ်တော့... အသက်အရွယ်ငယ်သည်၊ အတွေ့အကြုံနုနယ်သည်ဟု တစ်ဖက်သတ်အတွေးဖြင့် အထင် သေးသင့်ဟု... ရင်တွင်းမှ ဖြူ စောဒကတက်နေမိ၏။ မိခင် ပြန်လည်ဝေဖန်ဖို့ သားသမီးတွေမှာ ဘာကြောင့် အခွင့် အရေး မရှိရတာပါလိမ့်...။

ဝက်သမားတွေက ပစ္စည်းတွေသိမ်းဆည်းပြီး ဒေါ့ဂျစ် အားပေါ် တင်နေကြသည်။

'သွားရအောင်...'

ဟု.... ဦးသက်အောင်က မေမေ့ကို လှမ်းခေါ်၏။ မေမေ့
နောက်....ခပ်ကွာကွာမှ လိုက်သည်။ မေမေ.... နောက်ဘ
လှည့်မကြည့်....။

'တစ်ခါ တစ်ခါတော့လည်း ငယ်ငယ်ကလို ကျော
လစ်ပြီး ရှုပ်ရှင်ခိုးကြည့်ရတဲ့ အရသာလေး ပြန်လိုချင်လို
တာ....'

ရယ်မောသံများကြားမှ စကားကို ကြားရတော့
တစ်ယောက်တည်း.... ပြုံးလိုက်မိသည်။ သည်အသံကို
ကောင်းစွာမှတ်မိသည်ပေါ့....။

အကယ်ဒမီ.... မင်းသား....

'သမီး....ကတော့ အမေ့အလှကို အမွေရထားတာပဲ...
ကား စတီယာရင်နောက်မှ ဦးသက်အောင်ထံ ဖြူ ခပ
စူး ကြည့်မိသည်။ ဦးသက်အောင်သည် ဖြူ့ကို တစ်ချ
သာ လှမ်းကြည့်ပြီး မေမေနှင့် စကားပြောနေ၏။

လူတွေ....

ဘာအတွက် အသက်ရှင်နေကြသလဲ....

ဖြူ မသိ....

ဖြူသွယ်ကတော့ မေမေ့အတွက် အသက်ရှင်နေရသ
ဟုသာ ထင်မိ၏။

✵



'မသွားရပါဘူး'

ဖြီးလက်စ ဆံပင်တွေကို မေမေ့လက်ထဲမှ အတင်းရုန်း
ထွက်ရင်း ဖွပစ်လိုက်သည်။ ပထမတော့ မေမေ ကြောင်အမ်း
နေပြီး စက္ကန့်ပိုင်းအတွင်းမှာ အကြီးအကျယ် ဒေါသထွက်
သွားလျက် မျက်နှာတစ်ပြင်လုံး နီရဲလာ၏။ နှုတ်ခမ်းကို
ကိုက်ပြီး တက်တစ်ချက်ခေါက်သည်။ မီးလျှံများလို မေမေ့
မျက်လုံးများကို မတုန်မလှုပ် ငေးကြည့်နေမိရင်း.... ရင်ထဲ
မှာ....မုန်တိုင်းတစ်ခုလို ပြင်းပြင်းထန်ထန် လှုပ်ခတ်နေသည်။
မေမေသည် တောရိုင်းဘုရင်မတစ်ပါးလိုပင် အရာခပ်သိမ်းကို
လှမ်းမိုး ချုပ်ကိုင်ချင်တတ်ကြောင်း ဖြူ ကောင်းကောင်း
သိပြီး ဖြစ်၏။ သို့ပေမယ့် ဖြူသွယ်သည် သံပတ်စက်ရုပ်
တစ်ရုပ် မဟုတ်ဘူးဆိုတာကိုတော့ မေမေ သိဖို့ မကြိုးစား
ချေ။

'ကျောင်းတွေဖွင့်တော့မယ် မေမေ....'

'အဲတော့....'

'သမီးအတွက် စိတ်လွတ်လက်လွတ်နားဖို့ အချိန်တစ်ရက်
လောက်တော့ ပေးသင့်တယ်လို့ မေမေ မထင်ဘူးလား'

'နားရအောင် ညည်းက ဘာတွေများ တပင်တပန်းလုပ်
နေရလို့လဲ....'

'လူမပင်ပန်းပေမယ့် စိတ်ပင်ပန်းတယ် မေမေရဲ့'

'အမယ်လေးတော်....ကြီးကြီးကျယ်ကျယ်'

ဒေါသနှင့် မေမေ့မျက်နှာရိပ်ကို မှန်ထဲမှာမြင်နေရသည် dryer ကို မွှေရာပေါ်ပစ်တင်လိုက်ရင်း မေမေက.... ဖြူ ကို ခပ်စူးစူးကြည့်နေ၏။

'ဘာတွေများ စိတ်ပင်ပန်းနေရတာတုန်း၊ အမေက အားလုံး အလိုက်သင့် လုပ်ပေးသွားတာချည်းပဲ၊ ငါ....ခင်းပေးတဲ့ လမ်းမှာ သက်သောင့်သက်သာ လျှောက်ရတာကို ညည်းက ပင်ပန်းတယ်ထင်သေးလား၊ အစစအရာရာ အဆင်သင့် ဖြစ်နေအောင် ငါ ရှေ့က လုပ်သွားပေးတာချည်း မဟုတ်လား၊ ပြောစမ်း.... ဘာကို ပင်ပန်းချင်တာလဲ၊ ညည်း မှာ သင်တန်းတက်ရတဲ့ အလုပ်၊ ခေတ်ပုံရိုက်ခံရတဲ့ အလုပ် ညှိသည့် စကားညှိခံပြောရတဲ့ အလုပ်အပြင် ဘာများ ပင်ပန်းတာရှိလို့တုန်း.... ငါ ထက်ပိုပြီး ဘယ်သူကများ ညည်း အပေါ် ကောင်းနိုင်မယ်လို့ထင်သလဲ ဖြူသွယ်....၊ ခု....ငါ အပင်ပန်းခံနေရသမျှ အားလုံးဟာ ညည်းအတွက်ပဲ၊ ညည်း ကျော်ကြားဖို့၊ အောင်မြင်ဖို့၊ ချမ်းသာဖို့.... ငါ့ရည်ရွယ်ချက် က ဒါပဲ....။

'ညည်းကတော့ ငါ့ကိုခြေစုံကန်ဖို့ပဲ အခါမလပ်စဉ်းစား နေတယ် မဟုတ်လား'

ခြေစုံကန်ဖို့....

မဟုတ်သေးပါဘူး မေမေရယ်....

ပန်းသွေးရောင်ကြွနေသော မေမေ့နှုတ်ခမ်းများကို သည်ဟု ထင်သော်လည်း တစ်ခါတစ်ရံမှာ အကျည်းတ သွန်း၏။ မေမေသည် လိုရာဆွဲပြောတတ်သော အတတ်ပညာ



သည်း တစ်ဖက်ကမ်းခတ် တတ်မြောက်ပါမှုသည်။ မေမေ့ အားများကို ပြန်လည်ချေပဖို့ ကြိုးစားတိုင်း ဖြူ အမြဲ ခံခဲ့ရသည်ပင်....။ သည်တော့လည်း ဖြူသည် အလိုလိုပင် မေ့ ကြိုးဆွဲရာပါရမည့် ရုပ်သေးရုပ်လို ဖြစ်ခဲ့ရတော့သည်။ ကိုယ်တိုင်ကလည်း မေမေ့ကို စိတ်ချမ်းသာစေချင်သည် ....။

'မဟုတ်ဘူး မေမေ....၊ မေမေ့ကိုခြေစုံကန်ဖို့ သမီး ဘယ် တုန်းကမှ မစဉ်းစားခဲ့ဘူး၊ ခုပြောနေတာ.... သမီးအတွက် အားလပ်ရက် တစ်ရက်ပေးဖို့....'

'ဘာလဲ....ဟိုကောင်လေးနဲ့ တွေ့ဖို့လား'

သူမ ခန္ဓာကိုယ်တစ်ခုလုံး တောင့်တောင့်တင်းတင်း ဖြစ် သွားသည်။

'ညည်း.... အိမ်ထောင်ပြုဖို့ စဉ်းစားနေပြီလား ဖြူသွယ်'

'အဝေးကြီးပါ မေမေ'

'ဒါပေမယ့်.... ရည်းစားထားဖို့တော့ နီးနေပြီ မဟုတ်လား'

ပြီသနာ....။

မေမေ့ တယူသန် အစွဲအလမ်းကို ဖြူ ဖြေသိမ့်ပေးရန် မတတ်နိုင်တော့....။ ငှက်တစ်ကောင်ကိုသာ လှောင်အိမ်ထဲ ထားလို့ရမည်ပေါ့....။

ဖြူက.... သက်ရှိလူသားပဲ....

'သမီးကို ယောကျ်ားလေးတွေနဲ့ ရင်းရင်းနှီးနှီးဆက်ဆံ တာ မေမေ မကြိုက်ဘူးလို့ ပြောထားတယ် မဟုတ်လား'

စဉ္စာနီပိုင်းအတွင်း မေမေ့ လေသံ ပြောင်းသွားပြန်
'ဟုတ်ပါတယ် မေမေ ဒါပေမယ့်.... မေမေစိုးရိမ်
သမီး ဖြစ်မလာစေရပါဘူးလို့ ကတိပေးပါတယ်၊
ကတိကို ယုံကြည်သော အားဖြင့် သမီးနဲ့မင်းရင်ခင်မင်
မပိုတ်ပင်ပါနဲ့လား မေမေ....'

'မေမေ.... ဘယ်လိုစိတ်ချထားရမှာလဲ သမီးရယ်'

'သမီးရဲ့ ပညာရေး မဆုံးမချင်း မေမေ့ရဲ့ ရည်မှန်း
တွေ မအောင်မြင်မချင်း သမီး.... တစ်စုံတစ်ယောက်နဲ့
မဖြစ်စေရပါဘူး မေမေ....၊ အိမ်ထောင်ရေးကိုလည်း
မကူးပါဘူး၊ အဲ့ဒါကို သမီး သေချာ ကတိပေးတယ်၊
လွတ်လပ်ခွင့်တွေကိုတော့ မချုပ်ချယ်ပါနဲ့ မေမေ....'

'သမီးရဲ့ လွတ်လပ်ခွင့်ကို အသားလွတ် မေမေ ပိ
နေတာ မဟုတ်ဘူး....'

နံရံပေါ်မှ အားကစားဝတ်စုံနှင့် ဖြူ့ ဓာတ်ပုံကို
မော့ကြည့်နေရင်း မျက်တောင် တဖျတ်ဖျတ် ခတ်
မျက်ရည်စတို့ကို သိမ်းသည်။ မေမေ့ မျက်ရည်ကို သူမ
ချင်ပါ၊ မေမေ့ မျက်ရည်ကြောင့် ဖေဖေ မကြာခဏ
ရသည်ဆိုတာကို ဖြူ မမေ့နိုင်....။

နိုးစပ်မှုကြောင့် သမီးရဲ့ စိတ်တွေ ယိမ်းယိုင်သွား
မေမေ မလိုလားဘူး'

နိုးစပ်မှု....

နိုးစပ်မှုတိုင်းမှာ အချစ် တည်မနေနိုင်ဘူးဆိုတာ
သေချာ သိမှာပါ။ ဆယ့်ငါးနှစ်ကျော်ကျော် ပေါင်း



ည့် ယောကျ်ားတစ်ယောက်ကို မေမေ ချစ်ခဲ့လို့လား။
တော့ အဲသည် နိုးစပ်မှုဆိုသည့် စကားလုံးကြမ်းကြမ်း
ငယ်ဆန်ဆန် ခင်မင်မှုကို မညစ်နွမ်းပါစေနဲ့ မေမေ

းခပ်တိုင်းလည်း မယိမ်းယိုင်ပါဘူးမေမေ၊ သမီးဟာ
ိုင်လွယ်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး၊
ိတာ မပါဘဲနဲ့တော့ ယောကျ်ားတစ်ယောက်အပေါ်
ိုင်း တိမ်းညွှတ်ဖို့ မဖြစ်နိုင်ပါဘူး....'
ဘြဉ်.... သမီးက အချစ်ဆိုတာကို နားလည်နေ
....'

ည့်စကားသံက ခနဲ့သံ....

ဘာမှ ပြန်မဖြေလိုက်နိုင်ပါ။ နားလည်ပြီရယ်လို့
ကိုယ့်ကိုယ်ကို အထင်တကြီး ရှိမနေသေးတာ အမှန်။
ယ့် ခံစားကြည့်လျှင် သိနိုင်တာဘဲ။ နှလုံးသားထဲမှာ
တစ်ယောက် ရှိနေကြောင်း ကိုယ့်ဘာသာ ဆန်းစစ်
နိုင်တာပဲ....

ဒါကြောင့် သမီးကို မေမေ စိတ်မချနိုင်တာပဲ....'
တစ်ခုလုံး ဖျဉ်းခနဲ ကျဉ်တက်သွားသည်၊ သည်လို
ားမှုကို သည်းမခံနိုင်ဆုံး.... ကတိတစ်ခုကို နှုတ်ဖျားမှ
ကတကူ ပေး၍ရသည်လို့များ မေမေ သတ်မှတ်ထား
လားမသိ....

မေမေ.... သမီးဟာ ဆယ့်ရှစ်နှစ် ပြည့်ပြီးပါပြီ၊
ာက်ဖွံ့ဖြိုးမှုအရဆိုရင် သမီးရဲ့ဘဝ အကောင်းအဆိုးကို

သမီးဘာသာ ဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိနေပါပြီ၊ ...
...တော့ သမီး ဘာဖြစ်ချင်တယ် ဆိုတာကို သမီးကိုယ်...
...ဆုံးဖြတ်ရွေးချယ်ပြီး သမီးရဲ့ဘဝကို ကိုယ်တိုင်ပဲ ကိုင်...
အခြေအနေအားလုံး ပြည့်စုံနေပါပြီ....

ဒါပေမယ်.... သမီးဟာ မေမေ့ရဲ့ ဆန္ဒတွေအားလုံး...
တစ်သဝေမတိမ်း လိုက်နာခဲ့တယ်၊ မေမေ ဖြစ်စေချင်သ...
သမီးရဲ့ ဆန္ဒမပါပဲ အားလုံး ဖြည့်ဆည်းပေးခဲ့...
မဟုတ်လား။ တကယ်တော့ သမီးက ဖေဖေ့လို အ...
ပညာရှင်ပဲ ဖြစ်ချင်ခဲ့တာ။ သမီး ဘာဖြစ်ချင်တယ် ဆို...
သမီးကိုယ် သမီးသိတယ်။ သမီး ပန်းတိုင်ပျောက်နေ...
မဟုတ်ဘူး မေမေ....။ သမီးဟာ ဘာကိုမှ မလိုချင်တ...
မေမေ့ရဲ့ ဦးဆောင်မှုနောက် စမ်းတဝါးဝါး လိုက်နေခဲ့...
မဟုတ်ဘူး၊ သမီးရဲ့ ဆန္ဒတွေကို မျိုသိပ်ပြီး မေမေ့ကို...
ဆည်းပေးနေရတာ။ ဒါကို ဘာလို့များ မသိဟန်ဆော...
မေမေက သူ့ရဲ့ကောင်း လုပ်ချင်ရတာလဲ။ သမီး ဒီအသ...
နည်းနည်းမှ ဝါသနာမပါဘူးဆိုတာ မေမေသိရဲ့သာ...
သမီးကို ဒီလောကထဲမှာပဲ အချိန်ပြည့် နှစ်မြှုပ်ထား...
တယ်။ သမီးရဲ့ ကိုယ်ပိုင် အခွင့်အရေးတွေ အားလုံးကို...
မသိဟန်နေခဲ့တယ်။ ဒါနည်းနည်းမှ မတရားဘူးမေမေ...

'ဖြူသွယ် ခုဘော့ သတ္တိတွေ သိပ်ရှိနေပါလား သမီး...
ဒီသတ္တိတွေ ဘယ်သူက ပေးထားတာလဲ ဟင်....'

'သမီးကို မရိပါနဲ့ မေမေ....'



မေမေ့အပြုံးက ကြောက်စရာ ကောင်းလှသည်။ မေမေ
...သည် လူတစ်ဦးတစ်ယောက်ကို ခွင့်လွှတ်ဖို့ သိပ်ခဲယဉ်းသည့်
...မှတ်အတေးကြီးသော မိန်းမတစ်ယောက်လည်း ဖြစ်ပြန်
...သည်။ ခုချိန်မှာ မေမေ့အမုန်းကို ရနိုင်မည်ဆိုလျှင် ယူချင်ပါရဲ့။
...ပေမယ့် မေမေ ဖြူသွယ့်ကို ဘယ်တော့မှ မမုန်းနိုင်
...ကြောင်းကိုလည်း ဖြူ နာကျင်စွာ သိနေရပြန်လေသည်။

'မင်းရှင် ဆိုတဲ့ ကောင်လေးက အင်မတန် စည်းရုံးရေး
...ကောင်းတာပဲ....'

'ဘာမှမဆိုင်ဘူး မေမေ.... မင်းရှင်နဲ့ သမီး ဘာမှမဆိုင်
...ဘူး၊ မင်းရှင်ဟာ ရိုးရိုးသားသား ကောင်လေးတစ်ယောက်
...ပါ....'

'လောကကြီးရဲ့လှည့်ကွက်တွေကို သမီးနားမလည်နိုင်သေး
...ပါဘူးကွယ်'

'သူက သမီးကို ဖြူသွယ်အဖြစ်သာ သိခဲ့တာပါ မေမေ....
...ချိန်ထိလည်း ဖြူသွယ့်ကိုသာ ရိုးရိုးသားသား ခင်မင်
...နေတာပါ။ ဖြူသန့်စင် ဆိုတဲ့ မင်းသမီးပေါက်စအကြောင်း
...နည်းနည်းလေးတောင် မရိပ်မိပါဘူး....'

'သမီး.... သူ့ကို အယုံအကြည် လွန်ကဲနေပြီ....'

'မဟုတ်ဘူး....'

အသံကျယ်ကျယ် အော်ပစ်လိုက်တော့ မေမေက သူမကို
...က်ခုံးပင့်လျက် ကြည့်ရင်း....

'သမီး ဘယ်ကိုမှ မသွားရဘူး....'

ဟု သံပြတ်ဖြင့် ပြော၏။ သူမ နှလုံးသားကို မေမေ ကောင်းကောင်း ရိပ်မိသွားနိုင်သည်။ အံ ကြိတ် တင်း ထား ရာက်မှ မျက်ရည်များ သွန်ကျလာတော့၏။ မေမေ အပြုံးဝိုး အောက်မှာ မခံချိ မခံသာ ကျန်ရစ်ရင်း ခေါင်းအုံးမှာ မျက်နှာအပ်လျက် ဖြူ အားပါးတရ ရှိုက်ငိုလိုက်မိတော့ သည်။

အနားမှာ ဖေဖေရှိမနေသည့်အတွက် ဖြူ႕ အငိုကို ချော့ မည့်သူ တစ်ယောက်မှမရှိပါ။ မေမေကတော့ ငယ်စဉ်ကတည်း က ဖြူ႕ကို ငိုအောင်သာ ဖန်တီးတတ်ပြီး အငိုတိတ်အော ချော့မော့ဖို့ စိတ်မဝင်စားတတ်သူ ဖြစ်သည်။

ဖေဖေ....

ဖေဖေရယ်....

မောပန်း အိပ်ပျော်သွားသည့်အခါ ဖေဖေနှင့်အတ သီဟိုဠ်ပင်များအလယ်မှာရှိသော အိမ်ကလေးဆီ မြင့်မိုး ကြီးကို စီးပြီး ရောက်သွားသည်။ ဖေဖေက Somewhere my love သီချင်းကလေးကို လေချွန်လို့....။ မိုးတွေက ရွာလို့....

ဖေဖေ....

သမီးဆီ ပြန်လာပါတော့ ဖေဖေရယ်....



'နှစ်ယောက်ခန်း ရှိသေးလား'

ရေသဘင် မျက်မှန်ဟု သန်းဆောင်တို့ နောက်ပြောင် ခေါ်တတ်သော မျက်မှန်အနက်တပ်ထားသူသည် သားရေ ဒိတ်ခပ်ပျော့ပျော့ကို ကောင်တာပေါ်တင်လျက်.... လေသံ ဘမာဖြင့် မေး၏။ သူ့နောက်မှ အမျိုးသမီးက ဟိုတယ် သော့ခန်းမှာ ချိတ်ဆွဲထားသော မန်းချိကားများကို မျက်လုံး ကကြည့်နေသည်။ ပျားရည်ဆမ်း ခရီးထွက်သော ဇနီး မောင်နှံထင်၏။

အဝင်အထွက်စာရင်းကို အလွတ်ရနေသော မင်းရင်က....

'နှစ်ယောက်ခန်း မကျန်တော့ပါဘူးခင်ဗျာ'

ဆိုတော့ ပုဂ္ဂိုလ်မျက်နှာရှုံ့မဲ့ပြီး အမျိုးသမီးဘက် လှည့် သွားသည်။

'ကြိုပြီး ဘွတ်ခ်ကင်လုပ်ထားပါ ပြောသားနဲ့....'

သူ စကားမစမီမှာပင် အမျိုးသမီးက အပြစ်တင်စကား ဆိုးပြော၏။ စိတ်ထဲ ရယ်ချင်ချင်....

'ဒါဆို သုံးယောက်ခန်းတော့ ကျန်ဦးမှာပေါ့ နော....'

'ဟုတ်ကဲ့.... ရှိပါတယ်ခင်ဗျာ... သုံးယောက်ခန်းဆိုတော့ ပိုပြီး ကျယ်ကျယ်လွင့်လွင့်ရှိတာပေါ့၊ တန်ဖိုးလဲ သိပ်မကွာ ပါဘူးခင်ဗျ... တစ်ကယ်လို့ အစ်ကို ကြာကြာတည်းမယ်ဆို ရင်တော့ မနက်ဖြန်မှာ အခန်းလဲပေးလို့ ရပါတယ်၊ တချို့ နက်ဖြန်ပြန်မယ့် သူတွေရှိတယ်ခင်ဗျ'

'အေးကွာ… လောလောဆယ်တော့ ဘုံးယောက်ခန်းပဲ ပေးပေါ့'

လွှတ်နေသော အခန်းသော့ကို အခန်းနံပါတ်နှင့် ဖြည့် တိုက်စစ်ပြီး စာရင်းဇယား ဖြည့်သွင်းသည်။ ငွေလက်ခံ သည်။

'မှတ်ပုံတင်ထားခဲ့ရမယ် ခင်ဗျာ၊ ပြန်မယ့်ရက် တောင်းယူ နိုင်ပါတယ်'

'အိုပ်ခန်းတာဝန်ကျဝန်ထမ်းက အခန်းသော့နှင့်အတူ အပိုးများကို သယ်ဆောင်သွားသည်။

အမျိုးသမီးက အမျိုးသားလက်မောင်းကို တွဲမှီပြီး ခပ် နွဲ့နွဲ့လိုက်ပါသွား၏။ ငွေစာရင်းမှ မအေးရီက…

'မင်းရင်….ထမင်းစားပြီးပြီလား'

ဟု လှမ်းနှုတ်ဆက်သည်။ ခေါင်းညိတ်ပြီး ဖတ်လက်စ စာအုပ်ကို ပြန်ဖွင့်၏။ စိတ်တွေ…. မျောလွင့်မနေအောင်…. အကောင်းဆုံး စုစည်းထိန်းသိမ်းနည်းက စာဖတ်ခြင်းနှင့် တသုံးထိုင်ခြင်းပဲဖြစ်မည်ထင်သည်။ ဒါတောင် တစ်ခါတစ်ရံ နှလုံးသားက မှတ်သိပ်ချင်သေး….

'ဟယ်လို….'

ဘဘာစ်မျက်နှာ မဆုံးခင် ကောင်တာရှေ့မှ အသံကို ကြားရ၏။ စိတ်ထဲ ထင့်ခနဲဖြစ်ပြီး ခေါင်းမော့အကြည့်မှာ….

လောကကြီးနှင့် ပတ်ဝန်းကျင်ကို မေ့လျော့သွားရတော့ သည်။



'ဖြူသွယ်….'

ချစ်သူ့မျက်နှာသည် အကောင်းဆုံး စိတ်ငြိမ်ဆေး တစ်ခွက်….တဲ့။

✻

'ဘယ်မှမလည်ချင်ဘူး၊ ဘယ်မှမသွားချင်ဘူး….မင်းရင်နဲ့ အတူ စက်ဘီးလျှောက်စီးမယ်လေ၊ ပြီးတော့ တစ်ခုခုစား မယ်၊ ဖြူ ဘာမှ မစားခဲ့ရသေးဘူး'

ကလေးတစ်ယောက်လိုပင်…. သူမစိတ်ထဲရှိသလို ပြောနေ တတ်သည့် မိန်းကလေးကို ငေးကြည့်ရင်း ကရုဏာစိတ်လား ခွဲခြားမရသည့် ဝေဒနာတစ်ခု ရင်ထဲခိုဝင်လာသည်။ မေ့ပစ် ဖို့ အစွမ်းကုန်ကြိုးစားနေရင်းပဲ သတိရအဲ ဖြစ်သည်ဆိုတာ နေ့တိုင်းနေ့တိုင်း ဝန်ခံနေရသည် မဟုတ်လား…. လှည့်စား သွားခဲ့သည်ဟု ရင်ထဲမှာနာကျင်လျက် ကိုယ့်ရှုံးနိမ့်မှုကိုလည်း အားမလို အားမရဖြစ်လျက် သူ့ကို မုန်းတီးဖို့ အခါမလပ် ကြိုးစားကြည့်ဖူးသည် ဆိုတာ ခုချိန်မှာ ပြန်တွေးတော့ နောင်တ ရချင်ချင်….

သူမ ရောက်လာခဲ့သားပဲ….

'ဖြူ—တစ်ယောက်တည်းလား'
'တစ်ယောက်တည်းပေါ့မင်းရင်'
'ဖြူရယ်—ဒီအထိ တစ်ယောက်တည်း လာရသလား....၊ ဖြူ မကြောက်ဘူးလား'
'ဘာကို ကြောက်ရမှာလဲ'
'လမ်းခရီးမှာ....တစ်ခုခုဖြစ်မှာ.... ပြီးတော့ နှောင့်ယှက်တဲ့သူတွေ တွေ့မှာ....'
'အဲလိုသာ ကြောက်နေရရင် ဖြူ နောက်ထပ် ဘယ်တော့မှ ခုလိုအခွင့်အရေးရတော့မှာ မဟုတ်ဘူး၊ ခုတောင် ပထမဆုံးနဲ့ နောက်ဆုံးအခွင့်အရေးဖြစ်မယ်ထင်တယ်....'
'ဖြူ့မေမေက အဲလို ပြောလိုက်သလား'
'မပြောပါဘူး၊ ဖြူ ဒီကိုလာတာ မေမေမှ မသိဘဲ'
'ဟောဗျာ'
ခိတ်မောပန်းစွာ ပင့်သက်ရှိုက်မိသော မင်းရင်ကို ဖြူက ငေးကြည့်ရင်း ချစ်ဖို့ကောင်းစွာ ရယ်နေလေတော့သည်။ သည်မိန်းကလေးက ခုတော့လည်း ဘယ်လိုအပူအပင်မျိုးမှ မရှိသလို ငြိမ်းချမ်းလို့ပါလား....
'ကောင်းပြီ ဖြူ.... ဒီလိုဆိုရင် ဖြူ ကျွန်တော့်အိမ်မှာ ထမင်းလိုက်စား၊ ကျွန်တော့်မေမေက ဟင်းချက်ကောင်းပါတယ် ဖြူရဲ့၊ ပြီးတော့ ကျွန်တော့်မိသားစုနဲ့ မိတ်ဆက်ပေးပါမယ်၊ ကျွန်တော့်မိသားစုက သိပ်ဖော်ရွေတာ၊ ဖြူ.... မြို့မြင်ချင်း ခင်သွားမှာပါ၊ ပြီးတော့မှ ဖြူ သွားချင်တဲ့ဆီကို လိုက်ပို့ပေးမယ်'



ဖြူက နာခံတတ်သော ညီမငယ်တစ်ယောက်လို ခေါင်းညိတ်သည်။
'ဪ....ပြီးတော့ ဖြူပြန်တဲ့အခါ ကျွန်တော် ရန်ကုန်အထိ လိုက်ပို့ပေးမယ်နော်၊ ဖြူတစ်ယောက်တည်း ကျွန်တော်စိတ်မချဘူး'
'မင်းရင် သဘောပါပဲ'
ကိုယ့်အစီအမံကိုကိုယ့်ဘာသာသဘောကျမဆုံးရှိနေတော့သည်။ ဖြူ့ အတွက်သိက္ခာရှိသော....တည်ငြိမ်သောစွန့်စားခန်းတစ်ခု၊ တွေ့ဆုံပွဲတစ်ခုဖြစ်မည်။ လုံခြုံသော အကာအကွယ်လည်းဖြစ်မည်။ မေမေတို့က ဖြူသွယ့်ကို သိပ်ချစ်ကြမည်ဆိုတာ သေချာပြီးသား....
သို့ပေမယ့်....
ဖြူသွယ်က ညှိသည်....

✹

ထင်ထားသည့်အတိုင်းပင်....မင်းရင်၏မိသားစုက ဖြူသွယ့်ကို လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြသည်။ ပဲခူးမြို့ရှိ အဒေါ်များထံ အလည်လာရင်း အိမ်သို့ ထမင်းစားဖိတ်ခဲ့ခြင်း ဖြစ်

ကြောင်း ရှင်းပြတော့ မေမေနှင့် ဖေဖေက မင်းရင် စကား ကို အခါများစွာကလိုပင်.... သံသယကင်းစွာ ယုံကြည်ခဲ့ကြ သည်။ ကိုန်းကြီးခန်းကြီး နေလှေ့မရှိသော ဖြူသွယ်သည် လည်း မင်းရင်၏ မိသားစုကို အချိန်တိုတိုအတွင်းမှာပင် ခင်မင်ကျွမ်းဝင်လျက်.... ဆွေမျိုးအိမ်လို.... လွတ်လပ်ပျော်ရွှင် နေတော့သည်။

ဖြူသွယ်က မျက်နှာမြင် ချစ်ခင်ပါစေဟူသော သံသရာ ဆုတောင်းနှင့် ပြည့်စုံခဲ့လေသည်တင်၏။ မင်းရင်၏မောင်နှမ များကလည်း ဖြူသွယ့်ကို မြင်မြင်ချင်းပင် ခင်ခင်မင်မင်.... ရှိကြ၏။ မမကြီးကတော့ မင်းရင်.... အနားကပ်လျက်....

'အမျိုးတော်ရမှာလား မောင်လေး'

ဟု အသံတိုးတိုးဖြင့် နှစ်လိုစွာ မေးသည်။

'ဟာ....မမကြီးကလည်း ပေါက်ကရ သူငယ်ချင်းတွေပါ'

'သိဘူးလေ.... မင်းမှာက.... အရင်ဆို မိန်းကလေး အပေါင်းအသင်းမှ မရှိတတ်တာတဲ'

'ခင်တာ သိပ်မကြာသေးဘူး'

တစ်ဦးနှင့် တစ်ဦး နားလည်ချစ်ခင်ဟန်ရှိသော မင်းရင် တို့ မောင်နှမသုံးယောက်ကိုကြည့်ရင်း ဖြူသွယ်က.... သည် မိသားစုဘဝကို အားကျနေပုံ ရလေသည်။ ရိုးသားဖြိုး အေးဆေးသော.... မေမေက.... ဖြူသွယ့်ဘက် တစ်ချက်မှပင် စိတ်ဝင်တစား စပ်စုခြင်းမရှိ။ ပဲခူးဆေးလိပ်ခုံ အမည်သိရုံနှင့် ပင် လုံလောက်နေပြီ....။ ဘယ်သူ့ သားသမီး၊ မောင်နှမ ဘယ်နှစ်ယောက်၊ စီးပွားရေးကဘယ်လို စသဖြင့် မေးခွန်း





တွေ မေးဖို့ ဝါသနာမပါလှချေ။ ဖြစ်နိုင်လျှင် မေမေက သားသမီးအားလုံး ဥမကွဲ သိုက်မပျက် တစ်စည်း တစ်လုံး တည်းသာ ခုအတိုင်း နေထိုင်ဖို့ ဆန္ဒပြင်းပြ၏။ သားသမီး များ၏ အိမ်ထောင်ရေးအတွက် လိုလိုလားလား မရှိလှ။ ဖေဖေက....တစ်ခါတစ်ရံ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ဟု အစချီလိုက်လျှင်ပင် မေမေက မျက်စောင်းတစ္ဆယ်ဆယ်ရှိတတ် ၏။ ခုလည်း မေမေသည် ဖြူသွယ်ဟူသော မိန်းကလေးက သားလတ်၏ ချစ်သူများဖြစ်နေလေမလားဟု ယောင်ယမ်း၍ ပင် တွေးမိပုံမရချေ။

'မင်းရင်တို့ မိသားစုက ပျော်စရာကောင်းတယ်နော်....၊ ဖြူတို့မိသားစုနဲ့များ တခြားစီပဲ....၊ ဖြူက မောင်နှမတွေ အများကြီးနဲ့ ခုလိုပဲနေချင်တာ၊ ဖြူက သမီးတစ်ယောက် တည်းလေ၊ အဖော်လည်းမရှိ၊ အပေါင်းအသင်းကလည်း နည်းတော့ သိပ်ပျင်းစရာကောင်းတာ.... မေမေကလည်း အပေါင်းအသင်း များများထားတာ မကြိုက်ဘူး'

'နောက်များဆို မကြာခဏ လာလည်ပေါ့ သမီးရယ်၊ ဒေါ်လေးကတော့.... အိမ်မှာ အလုပ်လည်း သိပ်မရှိတော့ ညှိမျော်နေတာပဲ၊ စနေ့ တနင်္ဂနွေ အလုပ်ပိတ်ရက် လူစုံ တော့ ပိုပြီး ပျော်ဖို့ကောင်းတာပေါ့၊ မင်းရင်တစ်ယောက်ပဲ၊ သူ့ဂျူတီကတော့ ဘယ်ရက်နားရမယ်ဆိုတာ.... မသေချာ ဘူးလေ....၊ ကျောင်းဆရာမကလည်း စနေ တနင်္ဂနွေဆို ကျောင်းပိတ်၊ ကောလိပ် ကျောင်း သား က လည်း စနေ

[illegible] အိမ်ပြန်လာ.... သမီးရော ဘယ်ကျောင်းမှာ [illegible]

'သမီးက.... ဒီနှစ် တက္ကသိုလ်တွေဖွင့်မှ တက်ရမှာပါ [illegible] ဒေါ်လေး'

'ဟုတ်လား.... ဘယ်လိုင်းယူသလဲကွယ့်'

'စက်မှုတက္ကသိုလ်တော့ လျှောက်ထားတာပဲ.... ရ၊ မ[illegible] မသေချာဘူး ဒေါ်လေးရဲ့'

'အေး....ကောင်းတယ်၊ အလတ်ကောင်တုန်းက အဲဒီလို [illegible] လျှောက်ခိုင်းတာ ပြောမရပါဘူးကွယ်၊ ခြောက်နှစ်တော [illegible] ဆိုတော့ စရိတ်ထောင်းသတဲ့'

'ဟုတ်လား.... ဒါဆို မင်းရင် ဆယ်တန်းအောင်တုန်း[illegible] အမှတ်တွေ အများကြီးပေါ့'

ဖြူသွယ်က.... မျက်လုံးအဝိုင်းသားဖြင့် လှမ်းမေးသည်[illegible]

'မများပါဘူး ဖြူသွယ်ရာ.... မေမေက သူလိုချင်တာ[illegible] ပြောနေတာ....၊ ကျွန်တော် ဆယ်တန်းအောင်တုန်းက [illegible] ဗေဒ အမှတ်မီရုံလေးတင်'

'ဩော်....'

ဟု ဖြူသွယ်က အားနာပြုံးလေး ပြုံးသည်။ မေ[illegible] ပညာအရည်အချင်းက ဖြူသွယ့်အတွက် အထင်ကြီး[illegible] ဖြစ်မည်မထင်ပါ။ မေမေက မြန်မာဘုန်းတော်ကြီးကျောင်း[illegible] လေးတန်းနှင့် ကျောင်းထွက်ခဲ့သည်။

'ဖြူ့ ဖေဖေက ဆည်မြောင်းအင်ဂျင်နီယာ....ခု နိုင်ငံခြား[illegible] မှာ.... ပြန်မလာတော့ဘူးထင်ပါရဲ့ ဒေါ်လေးရယ်'



'ဟောတော်.... ဘယ်လိုဖြစ်လို့တုန်း....'

မေမေ့ကို မျက်ရိပ်ပြပြီး ဆက်မမေးဖို့ဟန့်နေသည့်ကြား မှပင် မေးခွန်းတစ်ခု အလျင်စလို ထွက်သွားသေးသည်။

ဖေဖေကတော့....

'သူ လေ့လာစရာတွေ မပြီးပြတ်သေးလို့နေမှာပေါ့ကွ'

ဟု စကားပြေပြစ်အောင် ဖာဖာထေးထေး ဝင်ပြော၏။ နေထိပန်းလို.... နွမ်းနေသည့် ဖြူသွယ့်မျက်နှာကိုမြင်ရစဉ်.... စာနာစိတ်ကြောင့် အနေခက်သလိုပင်။ ဝေဒနာ တစ်ပိုင်း တစ်စ မျှယူရနိုင်လျှင်လည်း အကောင်းသား....။ ဖြူသွယ့် ရင်ထဲက နှလုံးသားဒဏ်ရာတစ်ခု သက်သာလို သက်သာငြား ကူညီရချင်သည်။

'မဟုတ်ဘူး ဦးရဲ့.... မေမေနဲ့စိတ်ဆိုးပြီး ပြန်မလာတော့တာ....'

'ဖြူ့ သရက်သီး စားဦးလေ၊ မချစ်စုအစစ်'

မမကြီးက လိမ္မာပါးနပ်စွာ ဖြူသွယ့်ကို အာရုံပြောင်း ပေးသည်။ ဖြူသည် ကလေးတစ်ယောက်လိုပင် ပြောခဲ့သမျှ ကို ချက်ချင်း မေ့လျော့သွားပြီး အစားအသောက်ဘက် စိတ်ပြောင်းသွားပြန်၏။ မိတ်ကပ်ရောင်ကင်းလျက် သနပ်ခါး ခပ်မှုန်မှုန်သာတင်သော.... ပုလဲရောင်ပါးပြင်ထက်မှာ သွေး ကြောစိမ်းများ ယှက်ဖြာနေသည်ကို ခပ်ပါးပါးမြင်ရသည်။ မျက်တောင်ကော့များ ဝန်းရံလျက် ကြည်ပြီးတောက်သော မျက်ဝန်းအလှသည် ဖန်သားပြင်ပေါ်မှာထက် ထင်ရှားနေ၏။ ရိုးသားလွန်းပြီး မှတ်မှတ်သားသား မရှိတတ်သော

[illegible]မှာ မင်းရင်နှင့် အငယ်ကောင် မင်းထင်မှ လွဲပြီး [illegible]တူ ဖြူသွယ့်ကို ဘယ်သူမှမသိကြ....။ ဖြူသန့်စင် [illegible]ဆိုလျှင်တောင် ဖြူသန့်စင်ဆိုတာ ဘယ်သူလဲဟူသော... နောက်ထပ် မေးခွန်းတစ်ခုကို ကြားရလိမ့်ဦးမည်။

'ပြီးရင်....မိုးမရွာခင်သွားကြ....ဖြူက ပြန်ဖို့ရှိသေးတယ် မဟုတ်လား'

ဟု.... မမကြီးက လောဆော်သည်။

'နောက်လည်း ရောက်ရင်ဝင်လည်နော်သမီး၊ ဒေါ်လေး ချက်တဲ့ဟင်း စားလို့ကောင်းရဲ့လား'

'သိပ်ကောင်းတာပဲ ဒေါ်လေးရဲ့၊ ဘဲသားကို ဒီလောက် ကောင်းအောင်ချက်နိုင်တာ ဒီတစ်ခါပဲ စားဖူးသေးတယ်'

'အလဲ့.... ဒေါ်ဖြူသွယ်က အပြောကောင်း'

စကားအဆုံးမှာ ဖြူသွယ့်မျက်စောင်း ဒိုင်းခနဲ ရောက် လာပြီး....

'တကယ်ပြောတာပါနော်'

ဟု.... မကျေမနပ်လေသံဖြင့် သူမ ပြောသည်။ ရင်းနှီးမှု တွေ ပိုလာတိုင်း စိုးရိမ်စိတ်တွေ ထုထည်ပိုများလာရသည် မှာ ဘာကြောင့်လဲ....။ သံယောဇဉ်ဆိုသည့် ရေအလျဉ်ကို ဘယ်လိုအင်အားနှင့်များ ပိတ်ဆို့ရပါ့မလဲ ဖြူသွယ်....

နှစ်ဦးသားကြား.... သံယောဇဉ်တွေ အရောင်စွန်းထင်း လာပြီဖြစ်ကြောင်း သိသွားခဲ့လျှင် သူမ ဘယ်လိုတုံ့ပြန်မလဲ၊ မေးခွန်းတွေကြား အသက်ရှူ ကျပ်လာရသည်။ ရှေ့ဆက်ရ မလွှား.... နောက်ဆုတ်ရမလဲ။.... တွေဝေရင်းပဲ အခြေအနေ





တွေက သူ့အလိုလျောက် ဖန်တီးသွားခဲ့တော့သည်။ ဒါ ဟာ ကောင်းသော နိမိတ်လား....။

ရင်မှာ ဒဏ်ရာဒဏ်ချက် ကျန်ရစ်ခဲ့လျှင်လည်း....

ချစ်သူ့ လက်ဆောင်ဟု ကျေနပ်နေရမည်လား မသိပါ။

✱

စက်ဘီးကို ကုက္ကိုပင်၏နောက်ကျောတွင် ထောင်ထား လိုက်သည်။ အကြော်ဆိုင်သည် နေ့ခင်း ထမင်းစားချိန်မို့ လား မသိ လူရှင်းနေ၏။ မိုးရာသီမို့ ဘုရားဖူးပါးသည် ကြောင့်လည်း ဖြစ်မည်။ ရာသီအေးသောကြောင့် စက်ဘီး နင်းရသည်မှာလည်း မပင်ပန်း။ နောက်ကျောမှာ ဖြူသွယ် ရှိနေသည်ဟူသော အသိကြောင့် ပို၍ပင် အမောပြေစေ သည်။ ဖြူသွယ်က ဆံပင်များကို လည်တိုင်နောက်မှာ သိမ်းပြီး လက်ကိုင်ပဝါဖြင့်ချည်နှောင်လိုက်သည်။ ကုက္ကို ရိပ်မှာ နှစ်ဦးသား ဝင်ထိုင်၏။ မျက်နှာချင်းဆိုင်နေရာကို မသိစိတ်ဖြင့် ရွေးမိကြသည်။ ဆံနွယ်ဖရိုဖရဲနှင့် နီ့သာရောင် ကင်းသော မျက်နှာဖူးဖူးကို ငေးကြည့်ချင်လည်း အကြည့် ချင်းသည်ဟု အထင်ခံရမှာစိုးသည့်အတွက် တမင်ရှောင်ဖယ်

ရေရှည်တလည်း တစ်ဒုက္ခ....။ ဖြူ အနေခက်နေမှာလည်း စိုးသည်။

ရေနွေးနှင့် အကြော်ပန်းကန်များ ရောက်လာသည်အထိ နှစ်ဦးသား စကားမစ,ဖြစ်ကြသေး။ တိမ်များကြားမှ နေ ရောင် ထိုးဖောက်ကျလာသည့်အခါ.... ဖြူ့မျက်နှာ ပို အရောင်လဲ့ လှပလာသည်။ လမ်းတလျှောက်မှာ ဖြူ စကား တဖောင်ဖောင် ပြောလာပြီးမှ ခုမှ ဘာကြောင့် နှုတ်ဆိတ် နေရသည်မသိ....။ ရွှေမောဓော့ဘုရားမှသည်... မဟာစေတီ ဟသ်ာကုန်း၊ နောက်ဆုံး ရွှေသာလျောင်း....

စေတီတွေအားလုံး ရောက်ခဲ့ပြီးပြီ....။ မြို့လယ် ရုပ်ရှင် ဈေးလမ်းမများကိုလည်း ဖြတ်သွား ဖြတ်လာ ဝင်ထွက် ပြီးပြီ....

'ကဲ.... ဘယ်သွားချင်သေးလဲ ဖြူသွယ်'

ဖြူသွယ်က ခေါင်းယမ်းလျက် ကြက်သွန်ကြော်တစ် လှမ်းပေးသည်။

'ဘယ်မှ မသွားချင်တော့ဘူး၊ ဖြူ နည်းနည်း ပင်ပန်း လာပြီ.... ဒီမှာပဲ အေးအေးဆေးဆေး ထိုင်နားတော့မယ် 'သဘောလေ'

မိုးရေစိုစွတ်စွတ်နှင့် စိမ်းလန်းနေသော ပတ်ဝန်းကျင်မှာ ဖြူ အာရုံနစ်မြုပ်လျက် ငြိမ်သက်နေလေသည်။ တစောင်း မြင်နေရသော ဖြူ့မျက်နှာကို ခိုးကြည့်ရင်း ဖြူ့ရင်ထဲ ရှိသမျှ သိချင် နားလည်ချင်နေမိသည်။



'ပဲခူးဆိုတာ တစ်ချိန်ကတော့ မြို့တော်တစ်ခုပဲနော်.... င်းရင်၊ နေပြည်တော်ဟောင်းတစ်ခု မဟုတ်လား'

ဟု ဖြူ စိတ်ဝင်တစားမေး၏။ ကောင်မလေး၏ ပတ် န်းကျင် လေ့လာမှုကို တအံ့တသြဖြစ်သွားရပြန်၏။ သည် အတိုင်း လည်ပတ်ရုံသက်သက်ဖြင့်တော့ အကျိုးမများနိုင် ူးဟု သူမ နားလည်သဘောပေါက်ထားပုံရသည်။

'ဟုတ်တယ် ဖြူသွယ်....၊ ဟံသာဝတီလို့ခေါ်တဲ့ မွန်တို့ရဲ့ င်းနေပြည်တော်ပေါ့၊ တစ်ချိန်က....ကျုံးနဲ့ မြို့ရိုးနဲ့ ထီးနန်း ာထင်အရှားရှိခဲ့တဲ့ မြို့တော်ပေါ့၊ ခုထက်ထိလည်း ဘုရား ေတီတွေ....မြို့ရိုးတွေ တစ်စိတ်တစ်ဒေသ မြင်နိုင်သေးတာပဲ၊ ့ လမ်းမှာတွေ့ခဲ့တဲ့ ကလျာဏီ သိမ်တော်ကြီးဆိုတာ.... ဓမ္မ ေတီမင်းရဲ့ ကောင်းမှုတော်ပေါ့၊ ကလျာဏီသိမ်နဲ့ ကလျာဏီ ကျောက်စာဆိုတာ မြန်မာပြည်ဗုဒ္ဓသာသနာရဲ့ ရှေးအကျဆုံး ာဒမ္မအနှစ်တွေပဲ....။

'စည်းလုံးတဲ့ မြန်မာနိုင်ငံ့ရယ်လို့ အသေအချာ မတည် ထောင်နိုင်သေးခင်တုန်းက.... မွန်နဲ့ မြန်မာတွေဟာ မကြာ ကာ စစ်တိုက်ခဲ့ကြတယ်၊ ဒီတော့ ဒီဟံသာဝတီမြို့တော်ဟာ ာည်း မြန်မာနဲ့ မွန်လက်အောက်မှာ တစ်လှည့်စီပေါ့၊ ဟံသာဝတီမြို့တော်ရယ်လို့ ထင်ထင်ရှားရှား ဖြစ်လာတာက တော့ မွန်ဘုရင် ဗညားဦးရဲ့လက်ထက်.... သက္ကရာဇ် ၇၀၀ ကျော်လောက်က....၊ ဗညားနွဲ့လို့ခေါ်တဲ့ ရာဇာဓိရာဇ်ကို တော့ ဖြူသွယ် ကောင်းကောင်းသိမှာပါ'

ဖြူသွယ်က ခပ်ငေးငေးဖြင့် ခေါင်းညိတ်လေသည်။

'ဘုရားကြီးဟာ.... ဗညားနွဲ့ရဲ့ အဖေပေါ့....၊ ရာဇာဓိရာဇ်လက်ထက်မှာဖြစ်ခဲ့တဲ့ မွန် မြန်မာ စစ်ပွဲတွေကတော့ အရှည်ကြီးနဲ့ အထင်ရှားဆုံးပဲ....ဖြူသွယ် သိပြီးသားနေမှာပေါ့၊ ပဲခူးမှာ မြန်မာဘုရင်တည်ထားတဲ့ ဘုရားကတော့ မဟာစေတီပဲ၊ မဟာစေတီကို ဘုရင့်နောင်မင်းတရားကြီးက တည်ခဲ့တာ... မဟာစေတီမှာ ဌာပနာမယ့် ဓာတ်တော်တွေ ပို့ဆောင်တဲ့နေ့မှာ မွေးလို့ ရာဇဓာတုကလျာလို့ နာမည်ပေးခဲ့တဲ့ နတ်သျှင်နောင်ရဲ့ ဓာတုကလျာ အကြောင်းကိုလည်း သိပြီးသား မဟုတ်လား'

'ဘုရင့်နောင်မင်းကြီးရဲ့ သမီးတော်လေ'

'ဟုတ်ကဲ့ခင်ဗျ'

'နောက်ပြီး.... ဖြူ စိတ်ဝင်စားတာရှိသေးတယ်၊ မြန်မာ ရာဇဝင်မှာ ဘုရင်မကြီးလို့ မှတ်မှတ်ထင်ထင်ကျော်ကြားခဲ့တဲ့ ရှင်စောပုလေ၊ သူက ရာဇာဓိရာဇ်ရဲ့ သမီးတော်တစ်ပါး မဟုတ်လား'

'ဟုတ်ကဲ့ခင်ဗျ'

'အင်းဝဘုရင်ဘိုးဘွားကို စစ်လျော်ကြေးအဖြစ်ပေးလိုက်ရတယ် ဆိုတာလေ...'

'စစ်လျော်ကြေးမဟုတ်ပါဘူး ဖြူရဲ့....၊ နှစ်ပြည်တစ်ပြည် ငြိမ်းချမ်းရေးယူပြီး ရွှေလမ်း ငွေလမ်း ဖောက်တဲ့အနေနဲ့ ဆက်သလိုက်တာပါ'

'သနားစရာကွယ်'



ဖြူသွယ် ခပ်ညည်းညည်း ပြော၏။ ပြည့်ဖောင်းနေသော ချစ်စဖွယ်မျက်နှာလေးကိုကြည့်ပြီး ရင်ထဲမှာအလိုလိုကြည်နူးလာသည်။

'ဟုတ်ကဲ့ခင်ဗျ'

'မင်းရင်နော်....ဘယ်လို ဖြစ်နေတာလဲ'

'ဟုတ်မှန်ကြောင်း ထောက်ခံနေတာပါ၊ ဖြူသွယ်က ဒီဒူးရာဇဝင်ကို ပါဒူးသားထက် ပိုသိနေတာကိုး....၊ ဒီတော့လည်း ဟုတ်ကဲ့ပဲ ပြောရတော့မှာပေါ့'

'ကောင်းကောင်း ပြောပါလား'

'ကောင်းကောင်းပဲ ပြောနေတာ ဥစ္စာ'

'ကြည့်....'

'ဟုတ်ကဲ့ခင်ဗျ'

'မင်းရင်....'

'ဟုတ်ကဲ့....'

ဖြူ.... အောက်နှုတ်ခမ်းကို သွားဖြင့်ကိုက်ရင်း.... မင်းရင် ပခုံးကို လက်သီးဆုပ်ဖြင့် လှမ်းထုသည်။ ပြီးတော့.... မျက်စောင်းထိုး နှုတ်ခမ်းစူနေတော့၏။

'စက်ပုတ်....'

'ကြည့်စမ်း.... မစ,နဲ့ဆို....'

'ရှာနာမည်ကို ပြောတာပါ'

အရယ်ကို အတောမသတ်နိုင်။ ဖြူသွယ်က.... နှုတ်ခမ်းစူထားလျက်မှ ပြုံးယောင်ယောင်ဖြစ်လာ၏။

စားပွဲမှာလက်ထောက် ကိုယ်ကိုကိုင်းလျက်....

'ဘာဖြစ်သဲ လှတာပါပဲ'

ဆိုတော့.... ဖြူ ကျိတ်ပြုံးနေရာမှ ဟက်ဟက်ပက်ပ
အော်ရယ်တော့သည်။

'အစုပ်ပလုပ် မင်းရင်.... ကဲ'

'ဟာ....'

လက်ဖျံမှာ ဖျဉ်းခနဲ ဖြစ်သွားပြီးမှ အပူဒဏ်ကိုသိသ
အရေပြား ချက်ချင်းနီရဲတက်လာ၏။ ဖြူသွယ်ငုံ့ကြည့်
ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။ ပန်းကန်တွင်းငှဲ့ထားသေ
ရေနွေး၏အပူပမာဏကို သူမ သတိထားမိဟန်မတူ....

'ဟောတော့....ဒုက္ခပဲ၊ ဖြူက ရေနွေးအအေးထင်လို့'

'အငွေ့သေနေပါပြီ ဖြူရဲ့.... သိပ်မပူပါဘူး၊ ကြွေပန်းက
က ထူနေတော့ ရုတ်တရက် ဘယ်သတိထားမိမလဲ'

'ဖြူတစ်ယောက်က လုပ်လိုက်မှဖြင့် အဲလိုချည်းပဲ'

ဖြူသွယ်က သူ့ဘာသာ အပြစ်တင်ရေရွတ်ရင်း အ
လောင်ထားသောလက်ကို ခပ်ဖွဖွကိုင်ကြည့်သည်။ အ
ပြား....ကြွတက်လာရလောက်အောင်တော့ အပူရှိန်ကမပြင်
ခဏနေလျှင်တော့ အပူသက်သာသွားမည် ထင်ရသည်။

'ဘယ်လိုလုပ်မလဲဟင်'

'ဘယ်လိုမှ မလုပ်နဲ့၊ တော်နေကြာ ပျောက်သွားမှာ'

'ဟုတ်ရဲ့လား'

'ဟုတ်ပါတယ် ဖြူရဲ့၊ ဘာမှ စိတ်ပူမနေနဲ့'

ဖြူက ခေါင်းမှာ စည်းထားသော လက်ကိုင်ပဝါ
ဖြုတ်ရင်း မင်းရင်လက်မှာ စည်းပေးသည်။ ရှေးဦးသူနာပြု



နည်းကိုတော့ ဖြူ နားလည်ကျွမ်းကျင်ဟန် မတူပါ။ ခုချိန်
မှာတော့ သေစေလောက်သည့် မျက်ကန်းမှန်းဆပြုစုနည်းကို
ပဲဖြစ်ဖြစ် မငြင်းဆန်ဘဲခံယူဖို့ ရူးသွပ်စွာ ဆုံးဖြတ်ထားမိသည်။
ဖြူ့ထံမှ ကြင်နာဘတ်ခြင်းကို တခြားနည်းဖြင့် မျှော်လင့်
မရနိုင်ဟု ယုံကြည်ထားသည်လေ....

'ဘယ်လိုနေလဲဟင်....'

'အားလုံးကောင်းသွားမှာပါ'

'ကြည့်.... နေ ကျ်နေပြန်ပြီ၊ ဘယ်လိုဖြစ်လို့ ဒီလောက်
တောင် အူရှင်နေရတာလဲ'

'ပျော်လို့....'

'ဘာကိစ္စ ပျော်ရတာလဲ'

'ဖြူ....ရှိနေလို့ပေါ့'

တကယ့်ကို အမှတ်မဲ့ထင်ပင် ဖြစ်သည်။ ဖြူသွယ် မျက်လွှာ
ပင့်ကြည့်တော့မှ ကိုယ့်အမှား ကိုယ်သတိရပြီး သူခိုးလူမိ
သလို စပ်ဖြဲဖြဲ ရယ်ပြလိုက်ရတော့သည်။ သိမ်မွေ့သော ရှက်
မျက်နှာနှင့် ခေါင်းငုံ့ဖို့ဓေးစွ....ဖြူက ခပ်တည်တည် ခပ်စူးစူး
ပင်ကြည့်လျက် နှုတ်ခမ်းတစ်ချက်မဲ့သည်။ အမှား တစ်ချက်
အတွက် တစ်သက်စာ အငြိုးအတေးများ ဖြစ်နေလေမည်
လားဟု ရင်ထဲမှာ မီးလျှံတစ်ခု ဟုန်းခနဲ တောက်လာသည်။

'ကျွန်တော် စကားပြော မှားသွားလား မသိဘူး'

'မှားတယ် ထင်လို့လား'

'ဟို....ဖြူ စိတ်ဆိုးသွားသလားလို့'

'စိတ်ဆိုးတဲ့ပုံစံ ပေါက်နေလို့လား'

'ဟုတ်တယ်လေ'

သည်တော့မှ သူမှာအတောမသတ်နိုင်အောင် ရယ်ရင်း...

ဖြူလည်း ပျော်ပါတယ်'

ဟု ချိုလွင်သော စကားသံဖြင့် ဆို၏။ ရင်ထဲမှ စက္ကူပါး

လေး လေထဲလွင့်နေသလို တဖျပ်ဖျပ် လှုပ်ခတ်သွားသည်။

'အပြန်ကျရင် လယ်ကွင်းတွေဘက်က ပတ်သွားမယ်နော်

မိုးရွာလိမ့်မယ် ဖြူ....'

'ရွာပစေပေါ့'

'မိုးမိတော့ ဖြူ အအေးမိပြီး ဖျားမှာပေါ့'

'ဖျားပစေပေါ့'

'အဲလိုဆို.... ကျွန်တော် သတင်းလည်း လာမေးလို့မရ

ဖုန်းလည်းဆက်လို့မရနဲ့ အကြီးအကျယ် စိတ်ဒုက္ခ ရောက်

တော့မှာပဲ'

ဖြူသွယ်က နှာခေါင်း ရှုံ့ရယ်လေသည်။ ဒါဟာ ရယ်

စရာများဖြစ်နေလေသလား....။

'တကယ်ပြောတာပါ ဖြူသွယ်'

✱



'လူမှန်ရင် သောကနဲ့ မကင်းဘူးဆိုတာ ဖြူ နားလည်ပါ
တယ်၊ ဒါပေမယ့် ဖြူ့ရဲ့သောကက ဘယ်သူမှ နားမလည်
နိုင်တဲ့ သောက၊ ဘယ်သူမှ မျှယူပေးလို့မရတဲ့ သောက၊ ဘာ
ဆိုတာကြီးက ဘာကြောင့်များ တလွဲတချော် ဖြစ်ခဲ့တယ်
ဆိုတာကို မသိတတ်နိုင်ဘူး၊ ဖြူ ဆယ့်လေးနှစ် အရွယ်မှာ
ဖေဖေနဲ့မေမေ ကွဲကြတယ်၊ ဘာကြောင့်ရယ်လို့ တိတိကျကျ
ပြောလို့မရတဲ့ ပြဿနာတစ်ခုကြောင့်.... အစက, ကတော့....
မေမေ့ကြောင့်လို့ ဖြူ ထင်တယ်....

'မေမေက ရုပ်ရှင်မင်းသမီး သိပ်ဖြစ်ချင်တယ်၊ ဒါပေမယ့်
ဖေဖေနဲ့အိမ်ထောင်ကျတဲ့အခါ မေမေ့ရဲ့ အခွင့်အရေးတွေ
ဆုံးရှုံးခဲ့တယ်လို့ မေမေယူဆတယ်၊ အိမ်ထောင်ကျခဲ့တဲ့အတွက်
သူ့ရဲ့ အနုပညာစန်းလက် မှေးမှိန်ခဲ့ရတယ် ထင်တယ်....
ဒါပေမယ့် မေမေဟာ အဲဒီအခွင့်အရေးတစ်ခု ဆုံးရှုံးတာက
လွဲရင် ကျန်တဲ့အပိုင်းမှာ ဖေဖေ့ကို အနိုင်ရခဲ့တာချည်းပါပဲ၊
ဖေဖေက မေမေ့ကို ကလေးတစ်ယောက်လို သဘောထား
ပြီး သည်းခံတယ်.... မေမေကလည်း နည်းအမျိုးမျိုး အပြစ်
ရှာတယ်.... နောက်ဆုံးတော့ မေမေက ဖေဖေ့ကို ကွာရှင်း
ပေးဖို့ တောင်းဆိုတဲ့အထိ ဖြစ်လာတယ်၊ အဲဒီကိစ္စတွေရဲ့
အခြေခံဟာ ဘာလဲလို့ ဖြူ ဒီနေ့အထိ မသိခဲ့ရပါဘူးမင်းရင်'

ပင့်သက်ရှိုက်သံ ကြားသည်။ မိုးစက်ကျဲကျဲ ကျလာ၏။
...က်ဘီးသည် နှစ်ဦးသားကြား တံတိုင်းတစ်ခုကဲ့သို့ပင်....
...းနှောင်းကာလသည် လွမ်းဆွတ်အရောင်ဖြင့် မှုန်မှိုင်းနေ၏။
လယ်ကွက်ထဲမှာ ရေတွေ ဝင်နေသည်။ မကြာခင်ဘဲ မိုးရွာ

လိမ့်မည်။ ဖြူသည် ကားလမ်းမန်ဘေးမှာရပ်လျက် ထန်းပင်ရှုရှုဆီ မျှော်ကြည့်၏။ သူ့မျက်ဝန်းဆီများ.... မိုးစက်တွေလား.... မျက်ရည်တွေလား....

စက်ဘီးကို လမ်းမနှင့်မျဉ်းပြိုင်ထားလျက်ဒေါက်ထောက်လိုက်သည်။

'ဖေဖေ အိမ်ကဆင်းသွားတယ်၊ မေမေဟာ ကျွန်းနားတစ်ကောင်လိုပဲ ဖေဖေနဲ့ပတ်သက်တဲ့ ပစ္စည်းမှန်သမျှ အကုန်ဖျက်ဆီးပစ်တယ်၊ ဖေဖေ့ဓာတ်ပုံတွေလည်း တစ်ပုံမှ မချန်ဘူး၊ ဖေဖေမရှိတော့တဲ့အခါ ဖြူ့ဘဝလည်း မှန်ဗီရိုထဲက အရုပ်တစ်ရုပ်လိုပါပဲ၊ မေမေ့ရဲ့ လွှမ်းမိုးမှုအောက်မှာ ဖြူ... ဒီအတိုင်း.... မေမေ့ဆန္ဒအတိုင်းပေါ့လေ.... လှုပ်ရှားနေခဲ့ရတာပဲ၊ ဖြူက မေမေ့ကို စိတ်ချမ်းသာစေချင်တယ်လေ...

ဒါပေမယ့် မေမေကတော့ ဖြူ့ရင်ထဲက စေတနာကို နားမလည်ပါဘူး၊ သူ့ရဲ့အတက်အကျစာရင်းဇယားတွေထဲ... ဖြူ့ကို အတင်းထည့်နေတော့တာပဲ....

အတန်းကျောင်းမှာ ဖြူ စာသိပ်တော်တယ်၊ နှစ်နှစ်ဆက်တိုက် လူရည်ချွန်ဖြေရတယ်၊ အဲတော့ ဖြူ ကြွခိုင်ရေး လေ့ကျင့်ခန်းတွေနဲ့ ရင်းနှီးခဲ့ရတယ်၊ အဲ့ဒီကတည်းက မေမေဟာ ဖြူ့ကို သူလိုချင်တဲ့ပုံစံသွင်းဖို့ ကြိုးစားတော့တာပဲ၊ လှယဉ်ကျေးမယ် ရွေးပွဲတွေမှာ ဖြူ့ကို ဆုတွေတန်းစီပြီး ရအောင် မေမေ စိတ်ကူးယဉ်ခဲ့တယ်'





ဘယ်တုန်းကမှ သတိမထားဖြစ်ခဲ့သည့် ဖြူ့ခန္ဓာကိုယ်ဆီ အမှတ်တမဲ့ မျက်လုံးဝေ့ကြည့်ပြီးမှ ဖြူ သတိမူထားမိခင်မှာ ကိုယ့်ကိုယ်ကို ရှက်သွားမိသည်။

'ဖြူ့ဝါသနာပါတဲ့ အနုပညာက.... တစ်ယောက်တည်း ပန်းချီဆွဲဖို့၊ မေမေဖြစ်စေချင်တဲ့ အနုပညာက မင်းသမီး.... ရုပ်ရှင်သရုပ်ဆောင်....၊ ဖြူလိုချင်တာက ငြိမ်းချမ်းမှု၊ မေမေ ရစေချင်တာက ကျော်ကြားမှု၊ ဖြူက အနုပညာနဲ့ အသက်မွေးမှုကို မလုပ်ချင်ဘူး၊ မေမေက ရုပ်ရှင်နယ်ထဲမှာပဲ တစ်သက်လုံး ရှင်သန်စေချင်တယ်'

ဩော်.... ဖြူရယ်....

ပျော်ရာမှာ မနေရ ဆိုတဲ့ စကားက ဖြူ့အတွက်တော့ တစ်ဖက်သတ်ကျလွန်းနေမလား....

'ဖြူကလေ.... သဘာဝအတိုင်း လွတ်လွတ်လပ်လပ် လှုပ်ရှားနေရတဲ့ ဘဝကိုပဲ လိုချင်တာ၊ ဖြူ ဖေဖေ့လိုပဲ အင်ဂျင်နီယာလုပ်မယ်၊ ပြည်နယ်တွေကို သွားမယ်၊ တိုင်းပြည် တည်ဆောက်ရေးလုပ်ငန်းတွေအတွက် သဲတစ်ပွင့်ပဲ ဖြစ်ဖြစ်ပေါ့၊ ပြီးတော့ လူတွေရဲ့သဘာဝကျတဲ့ အဖွဲ့အစည်းထဲမှာ သာမန်လူတစ်ယောက်လိုပဲနေချင်တယ်....

'အနုပညာဆိုတာ တိုင်းပြည်တစ်ပြည်မှာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ဖြူနားလည်ပါတယ်၊ ဒါပေမယ့် မှန်အနက်တွေ ကာထားတဲ့ ကားကြီးတွေထဲမှာ အသက်ရှူကျပ်နေရမှာ ကြောက်တယ်၊ အဲဒီဘဝတွေကို ဖြူမှ မုမက်

[illegible] ကျော်ကြားမှုဆိုတာ ဖြူ မှမလိုချင်ဘဲ၊ ဒါပေမယ့် [illegible]တော့ လိုချင်တယ်....'

'ဖြူ....'

ဆံမျှင်တွေကို လက်ချောင်းဖြင့် သိမ်းပယ်ရင်း ဖြူ လှည့်ကြည့်သည်။

'ခေတ်တစ်ခေတ်၊ အချိန်ကာလတစ်ခုမှာ လူကြီးနဲ့လူငယ်ကြား နားလည်မှုလွဲတဲ့ ပြဿနာတွေ အများကြီးရှိနေတတ်ကြပါတယ် ဖြူ၊ လူကြီးတွေကလည်း လူငယ်တွေကို သူတို့လောက် မသိ.... သူတို့လောက်မတတ်ဘူးလို့ ထင်ကြတယ်၊ လူငယ်တွေကလည်း လူကြီးတွေဟာ.... ချုပ်ကိုင်ချင်တဲ့စိတ်ကြီးမားလွန်းတယ်လို့ ထင်ကြတယ်၊ ဟန့်တားပိတ်ပင်လွန်းတယ်လို့ ထင်ကြတယ်၊ ခု ဖြူလည်း ဖြူ့မေမေကို အဲလိုထင်နေတယ် မဟုတ်လား'

'ဟုတ်တယ်.... ဒါပေမယ့် ဖြူက ပုံစံခွက်တစ်ခုထဲ ဇွတ်အတင်းဆွဲနှစ်ချင်တဲ့ တယူသန်ဆန်မှုကို မကြိုက်တာ'

'ဖြူ ဝါသနာပါတဲ့ဘက်မှာ ထူးချွန်အောင်မြင်အောင် ကြိုးစားပြလိုက်ပေါ့ ဖြူ....၊ ထူးချွန်တဲ့အင်ဂျင်နီယာ တစ်ယောက်သာ ဖြစ်လာရင် ဖြူ့မေမေက ဖြူ စိတ်မဝင်စားတဲ့ဘက်ကို အတင်းဆွဲခေါ်မှာ မဟုတ်တော့ပါဘူး၊ ခုလောလောဆယ်မှာ ဖြူ့မေမေက ဖြူ့ကို ကလေးတစ်ယောက်လိုပဲ မြင်နေတာ၊ သူ ဦးဆောင်တဲ့လမ်းအတိုင်း ဖြူလိုက်မှာပဲလို့ တွေးနေတာ.... စိတ်ရှည်ရှည်နဲ့ အချိန်ကိုစောင့်ပါ



ဖြူ....၊ ဖြူ့ဘဝကို ဖြူပိုင်တဲ့နေ့.... ဖြူ့အနာဂတ်ကို ဖြူကိုယ်တိုင် ဆုံးဖြတ်နိုင်တဲ့နေ့တစ်နေ့ကို ရောက်လာမှာပါ'

'ကျေးဇူးတင်ပါတယ် မင်းရင်'

'ပြန်ကြမလား ဖြူ'

သည်စကားကို မမေးချင်ဆုံး....။ မိုးစက်တွေကြားမှာ မော့ကြည့်လာသော ဖြူ့မျက်နှာကိုမြင်ရတော့ ရင်ဆို့ချင်၏။ ခွဲရမည်ဆိုသည်က.... နောက်ထပ်မျှော်လင့်ချက် ခပ်ရေးရေးပင် မရှိ....။

ဘယ်တော့လဲ....ဘယ်နေ့လဲ....မေးစရာမလို....

တစ်သက်တာလုံးအတွက် ခွဲခွာခြင်းလည်း ဖြစ်ချင်ဖြစ်နိုင်သည်။

'မင်းရင်....'

'ကျွန်တော် ဖြူ့ကိုလိုက်ပို့ပေးမယ်လေ....'

'ဟင်အင်း....'

ဖျတ်ခနဲ ဖြူ မျက်နှာလွှဲသွား၏။ ရင်ပွင့်ထွက်မလား ထင်ရလောက်အောင်.... ရင်တစ်ခုလုံး သိပ်သည်း တင်းကျပ်လာသည်။ မျက်မှန်ပေါ် မိုးစက်တွေလာစဉ်၏။ မြင်ကွင်းက.... မှုန်မှိုင်းရီဝေသွားသည်။ မျက်ဝန်းတွေ ပူလောင်လာမှန်း သိနေရပြန်သည်။

ပြန်ရမယ်ပေါ့ ဖြူသွယ်....

အချိန်တန်တော့လည်း....

'မင်းရင်....'

'ဖြူ....'

'...တို့ ပြန်မဆုံဖြစ်ကြရင်တောင်မှ သတိရနေမယ ...ဆုံပါ'

'_ မဆုံ.... ဖြစ်ကြရင်....'

မျက်ခွံတွေ ပိတ်ကျလာသည်။ မျက်ရည်ကျနေသည်လား။

'မဆုံနိုင်ကြတော့ဘူးလား ဖြူ....'

ခပ်အက်အက်အသံ၊ ကိုယ့်ကိုယ်ကိုပင်မယုံချင်။ အသက်မှ မဝသလိုလို....။ ဖြူ့ထံမှ အတတ်နိုင်ဆုံး မျက်နှာလွှဲနေ သည်။ ပျော့ညံ့သူ တစ်ယောက်လို့ ဖြူအထင်သေးမှာ လည်း စိုးရိမ်သည်။ တကယ်တမ်းမှာ ကြေကွဲမှုကို ပမာ တိုင်းတာမရမှုန်း ဖြူကတော့ သိမည်မထင်။ ဖြူသိအော ပြောဖို့လည်းမရဲ....။ မုန်းတီးခြင်းနှင့် ခွဲရမှုည်ကိုတော့ ဘ လို့မှ မဖြစ်စေချင်ပါ။ ဖြူ ခေါင်းယမ်းတာကို မြင်လိုက် တော့ စကြဝဠာတံတိုင်းအမြင့်ဘက်ကို လွင့်ထွက်သွားသ လှုပ်ခနဲ့ လွင့်ဟာသွားသည်။

အင်းလေ....

ဖြူ့ရဲ့ အဆုံးအဖြတ်အတိုင်းပေါ့....

'မင်းရင်ကို ဖြူ တောင်းပန်ပါတယ်'

နားမလည်နိုင်ပေမယ့်....နောက်ထပ် မေးခွန်းတစ်ခုတ ပင် မမေးမိတော့....

'မင်းရင်ကို ဒုက္ခပေးမိသလို ဖြစ်နေခဲ့ရင်....'

'ကျွန်တော် ကျေနပ်ပါတယ် ဖြူ....'

မိုးစက်တွေ ခပ်စိပ်စိပ်ကျလာသည်။ ဆံပင်တွေကြား ရေစက်တွေ အရှိန်ပြင်းပြင်း တိုးဝင်လာ၏။

---



'ဖြူ့ကို ခွင့်လွှတ်ပါ'

'မလိုအပ်တဲ့စကားပါ ဖြူ....၊ ဒါပေမယ့်.... ကျွန်တော် ...ကိုမှ မျှော်လင့်မထားဘူးဆိုတာတော့ ဖြူ သိစေချင် ...ယ်၊ တစ်သက်လုံး ဝေးသွားကြရင်ပေါ့ ဖြူရယ်၊ မင်းရင် ...တဲ့ ကောင်လေးတစ်ယောက်ကို ဖြူ တစ်ခါတစ်ရံ သတိ ...ဘယ်ဆိုရင်.... ကျွန်တော့်အတွက် ကျေနပ်စရာပါ၊ သိပ်ချစ် ...ယ် ဆိုတဲ့ စကားကိုတော့ ဖြူ ကြားချင်မှယ်မထင်ဘူး'

စက်ဘီးဒေါက်ကို ခြေဖြင့်ခတ်ရင်း....

'သွားစို့'

ဟု ပြောမိသည်။ ဖြူ စကားမဆိုတော့ဘဲ ကယ်ရီယာ ...ပေါ် တက်ထိုင်၏။ မိုးရေစက်တွေကိုဆန့်ကျင်လျက် စက်ဘီး ...ကို တအားနင်းခဲ့သည်။ မမျှော်လင့်သော ပေါက်ကွဲမှုက ...တ်အင်အားတွေကို ယိုင်းနဲ့စေခဲ့ပြီ....။

ငိုချင်လိုက်တာ ဖြူသွယ်ရယ်....

ဘာကြောင့် ပြောမိခဲ့သည်လဲ....။ ဘယ်တော့မှ မပြော ...ဘူးလို့ ဆုံးဖြတ်ခဲ့ပြီးမှ....

ဖြူ သိနေသည်ဆိုတာတော့ အသေအချာ။ ဒါဆို ဖြူ့ ...ရင်ထဲမှာရော ဘာတွေရှိနိုင်မည်လဲ။ မဆုံဖြစ်ကြရင်တောင်.... သတိရနေမှာ....ဟူသော စကားကို ပြန်ကြားယောင်သည်။ ...တို့ ပြန်မှုတစ်ခုခုကို မျှော်လင့်မနေချင်ပါ။ ရှုးမိုက်သော ...စိတ် အလို လိုက် ခြင်း သက်သက်သာ ဖြစ်လိမ့်မည်ထင်သည်။ ကိုယ့်ကိုထပ်တူရှိနေသည်ဟု ဖြေသိမ့်လိုက်ရမည်လား....

သည်လိုဆိုလျှင်ဖြင့် ဝေးသွားရခြင်းက မတရားပါ။ ... ချယ်ခွင့်ထဲမှာ.... မင်းရင်ဆိုသော အမည်နာမ မပါဝင်... သသား....။

မိုးစက်တွေ ပိုသည်းလာသည်။ ဖြူသွယ်.... မိုးမိပြီးမျ... မှာကို ကြိုတင်ပြီး စိုးရိမ်နေ၏။

'အိမ်ပြန်ရောက်ရင် နွေးနွေးထွေးထွေးနေနော်....၊ ... ကြိုသောက်ထား'

ဟု မိုးသံကြားမှ အော်ပြောမိသည်။

'ဟုတ်ကဲ့....'

ဟူသော.... ဖြူသွယ့် အသံတိုးတိုးကို ကြား၏။

မျှော်လင့်မထားပါဘဲလျက်နှင့် ဝေးသွားရတော့မည်... တော့လည်း နှလုံးသားက နင့်သည်းစွာ ဒဏ်ရာဒဏ်ချ... ထင်နေပြန်သည်။ အချိန်သမားတော် ကုစားချက်က အစွ... တက်နိုင်ပါ့မလား....။

တစ်သက်တာအတွက် ချစ်မိသည့် အချစ်က တစ်သက်... အတွက် ဝေဒနာဖြင့်သာ ပြည့်သိပ်စွာ တုံ့ပြန်ရရှိလေသလာ... ကွယ်....။

✷

---



ကားဂိတ်အရောက်မှာ မိုးက သဲသဲမဲမဲရွာလာသည်။ မိုး သည်းလွန်းသည့်အတွက် ကားအထွက်ကျသွား၏။ သုံးနာရီ ထိုးတိ....

'ငါးနာရီလောက်တော့ အိမ်ပြန်ရောက်မှာပါနော်'

ဖြူသွယ် နာရီငုံ့ကြည့်ရင်း မေးသည်။

'ရောက်ပါတယ်.... ဖြူသွယ့် မေမေ စိတ်ပူနေမလားပဲ'

'အဲသေအချာပေါ့'

'နောက်တစ်ခါ အဲ့ဒီလို မဆိုးပါနဲ့ ဖြူရယ်'

'ဖြူက ဆိုးတယ်ပေါ့'

ဖြုံးတုံ့တုံ့ဖြင့် ဖြူ မေး၏။ ပါးနှစ်ပက်ကို လက်ဖဝါး ဖြင့် ဖျစ်ညှစ်ချင်လာသည်။ ရင်ခွင်ထဲမှာ ဝှက်ထားလျှင် လုံခြုံ မည်လား.... ဆန္ဒတွေကို သိုသိပ်ထားရတာ ပင်ပန်းလွန်း၏။

'ဆိုးတာပေါ့ ဖြူ....ကျွန်တော့်ညီမလေးသာဆို....'

'ဘာဖြစ်လဲ'

ညစ်ကျယ်ကျယ် မေးခွန်းအဆုံး ဖြူက ရယ်နေသည်။

'ထိပ်ခေါက်မှာပေါ့'

'ခေါက်ရဲ ခေါက်ကြည့်ပါလား'

'မခေါက်ရက်လို့ပါ'

ဖြူ နှာခေါင်းရှုံ့ ရယ်ပြန်လေသည်။ မင်းရင်ကတော့.... ဖြူ့ကိုသာ သတိလက်လွတ် ငေးမောကြည့်နေမိတော့သည်။ ဖြူက မိုးစက်တွေကို ငေးကြည့်နေ့ရင်း....

'အမှတ်တရပဲနော်'

တု— အဆုံးအစမရှိသော စကားကိုဆိုသည်။ ရင်ထဲက အကြောင်းတွေ မပြောဘဲ သိနိုင်ရင် ဘယ်လောက် တောင်း မသိ ဖြူရယ်....

'တစ်သက်စာ အမှတ်တရလား ဖြူ....'

'ဟော....ဒေါ်သတကြီး ဖြစ်လာပြီ'

'လုံးဝ မဟုတ်ရပါဘူး'

ဖြူ့အရယ်က ကြည်ကြည်စင်စင်မဟုတ်မှန်း သိနေသည်။ ဟန်ဆောင်ခြင်းဆိုဘာ ကိုယ် မကျွမ်းကျင်သည့် အလုပ်မို့လား မသိ။ ဖြူနှင့်အတူ အလိုက်သင့်ရယ်မောဖို့မကြိုးစားမိ။ နောက်ဆုံးလို့ နှုတ်မဆက်ရုံပင်....။ ခွဲခွာ ရမည့်ခရီး ဆိုတာ သိနေတော့လည်း ရင်ထဲမှာ ရှိခဲ့ဖူးသည့် ကြည်နူးခြင်းတို့ ဆိတ်သုဉ်းလျက် ကြေကွဲခြင်းသာ ကျန်ရစ်တော့သည်။

'မင်းရင်ပြောသလိုပဲ အချိန်တွေကို စောင့်ကြည့်လိုက်ဦးမယ်လေ၊ ဖြူ့ဘဝကို ဖြူကိုယ်တိုင်ပိုင်တဲ့.... ဖြူ့အနာဂတ်ကို ဖြူ ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ တစ်နေ့မှာ မင်းရင်နဲ့ဖြူ ပြန်ဆုံချင်ပါတယ်၊ အဲဒီအခါ.... ဘဝမှာ ကိုယ်စီ အောင်မြင်မှုတွေနဲ့အတူပေါ့....

'ခုအခြေအနေမှာတော့.... ဖြူ ဘာမှ ဆုံးဖြတ်ပိုင်ခွင့် မရှိသေးဘူးလေ၊ ပြီးတော့... ဖြူ မေမေ့ကို ကတိတစ်ခုပေးခဲ့တယ်'

ဖြူ့စကားလုံးတွေပဲငြိမ်သက်စွာ နားထောင်နေမိသည်။ ငြေဆေးတစ်ခွက်ဟု ယူဆမရနိုင်ခဲ့ပါ။ အပြောင်းအလဲများသော လောကကြီးအလယ်မှာ နှလုံးသားက မြန်ဆန်စွာ

ပြောင်းလဲတတ်သည်လည်း မဟုတ်။ စွဲလမ်းတကြီး ချစ်ခဲ့မိပြီးမှ.... မေ့ပစ်ဖို့လည်း လွယ်ကူသည်မှ မဟုတ်ဘဲ....။

'ရည်မှန်းချက်ပြည့်စုံတဲ့ပန်းတိုင် မရောက်မချင်း ဖြူ့မှာ ချစ်သူတစ်ယောက်မှ မရှိစေရဘူးလို့လေ....'

'ဒါဆို.... ဖြူက ရင်ထဲမှာရှိနေခဲ့ရင်လည်း မေ့ပစ်မယ်ပေါ့'

'ဒါကတော့ နှလုံးသားရဲ့ ဆန္ဒအတိုင်းပါပဲ မင်းရင်....'

မျှော်လင့်ချက် တစ်စုံတရာကို ဖြူ ထားရစ်ခဲ့ပြန်ပြီ။ ကာလတွေ ဘယ်လောက်ကြာမည်ဆိုတာ မသိ။ သို့ပေမယ့် စောင့်ရုံပေါ့လေ။ ဖြူ့နှလုံးသားမှာ မင်းရင်နဲ့ပတ်သက်ပြီး တစ်စုံတရာ မကျန်ရစ်ဘူးလို့ မသေချာသေးသမျှ မျှော်လင့်နေရုံပေါ့။ နောက်ဆုံး မျှော်လင့်သည့်အတိုင်းဖြစ်မလာလျှင်တောင် မင်းရင်၏ ဘဝတစ်သက်တာအတွက်တော့ ဖြူ တစ်ယောက်တည်းပါပဲ....

'ဖြူ့ဘဝမှာ အောင်မြင်မှုတွေ တစ်ပွေ့တစ်ပိုက် ရပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်ဖြူ'

'ပြီးတော့ရော....'

ဖြူ ခပ်ဖျော့ဖျော့ ပြုံးလျက်မေး၏။

'အဲဒီအောင်မြင်မှုတွေကို ပွေ့ပိုက်နေရတဲ့ အချိန်မှာ မင်းရင် ဆိုတဲ့ကောင်လေးကို ခဏဖြစ်ဖြစ် သတိရနိုင်ပါစေလို့လည်း ဆုတောင်းပါတယ်'

'တောင်းတဲ့ဆုနဲ့ ပြည့်ပါစေရှင်'

ခိုး အဘာန့်ခဲ့သွားပြီ၊ မြေလမ်းမကတော့ ဗွက်ပေါက်နေ၏၊ ကားဘီးတွေမှာ ရွံ့အလိမ်းလိမ်းကပ်နေသည်။ ခရီးသည်ပါးသည့်အတွက် လူစောင့်ရင်း ကားက တော်တော်နှင့်ထွက်မည်မထင်။ ဟိုင်းလက်စ်ကား ရှေ့ခန်းမှာ နေရာရဖို့ သည်ကားထွက်သွားသည့်အခါ နောက်ထပ် ရောက်လာမည့်ကားကို ကြိုးစားကြည့်ရဦးမည်။

'ကားထွက်တော့မယ်ဖြူ.... နောက်ကားကို ကျွန်တော် နေရာသွားဦးထားလိုက်ဦးမယ်'

'မိုးတွေရွာနေတာ....'

'ကိစ္စမရှိပါဘူး.... ကျွန်တော်က မိုးထဲရေထဲ သွားနေကျပဲ'

အရောင်လက်သွားသော ဖြူ့မျက်ဝန်းတွေကို ကျော ခိုင်းပြီး အလှည့်....

'ဖြူလေး....'

'ဟာ....'



'မေမေ....'

'ဘယ်လိုလုပ်သွားတာလဲ သမီးရယ်'

'သမီး....ခု အိမ်ပြန်တော့မလို့'

'မေမေ ဘယ်လောက် စိတ်ပူနေရတယ်ဆိုတာ.... သမီး နားလည်ဖို့ကောင်းတယ်'

အခြေအနေကို သွေးအေးအေး ရင်ဆိုင်ဖို့ ကိုယ့်ကိုယ်ကို အားတင်းလည်းမရ။ နောက်ဆုံး ဆန်းစစ်ကြည့်တော့ ဖြူ့အတွက် စိုးရိမ်ခြင်းသက်သက်....။ စကားသံတွေရဲ့ အဓိပ္ပာယ်ကိုလည်း သိတစ်ချက် မသိတစ်ချက်....။ ဖြူ ရင်ဆိုင်ရမည့် အခြေအနေကို ကြိုတွေးရင်း ဖြူ့အပေါ် ကရုဏာစိတ်ဖြင့် ဆောက်တည်ရာ မရနိုင်။

ဖြေရှင်းခွင့် အနည်းငယ်ပေးခဲ့လျှင်တော့....

'မင်းရင်....'

မိုးတစ်ချုန်းသံလို ပြင်းထန်သော.... ဖြူ့မေမေမေ၏ ခေါ်သံအဆုံးမှာတော့ အလိုလို ဆတ်ခနဲ ခေါင်းမတ်သွားမိသည်။

'မင်း....ငါ့သမီးကို ဆက်ပြီး သိမ်းသွင်းဖို့ မကြိုးစားပါနဲ့'

'ဗျာ....'

'ဟာ....မေမေကလည်း'

အံ့ဩတကြီးအကြည့်မှာ မီးတောက်မီးလျှံလို မျက်ဝန်းများကို ရင်ဆိုင်လိုက်ရသည်။ ခြေဖျားလက်ဖျားတွေ အေးစက်လာပြီး နှလုံးခုန်သံတွေ ရေလှိုင်းရိုက်သံလို ဆူညံလာ၏။

'မင်းက ငါ့သမီးကို အလောင်းအစားလုပ်ပြီး သိမ်းသွင်းယူဖို့ ကြိုးစားနေတာပဲ၊ ငါအခုပဲ မင်းသူငယ်ချင်းတွေနဲ့ တွေ့ခဲ့ပြီးပြီ၊ မင်းတို့ရဲ့ ဇာတ်လမ်းစုံကိုလည်း ကြားပြီးပြီ၊ မင်းတို့ တော်တော် အောက်တန်းကျပါလား မင်းရင်၊ မိန်းကလေးတစ်ယောက်ကို မင်းတို့က အံ့စာတုံးလိုဖဲချပ်လို သဘောထားတာများ အံ့ဩပါရဲ့၊ သမီးကတော့ ခုထိ မင်းကို ရိုးသားတယ်လို့ ထင်နေတုန်း....'

'မဟုတ်ဘူး....မဟုတ်ဘူး'

'ဘာ မဟုတ်ရမှာလဲ၊ မင်းသူငယ်ချင်းတွေ ခေါ်ပြီး သက်သေပြရမလား.... သန်းဆောင်တို့လေ....'

'မေမေ ဘာတွေပြောနေတာလဲ'

ဇဝေဇဝါ မေးလိုက်သော ဖြူ့အမေးစကားကို ကြားရတော့ နားရွက်ဖျားတွေ ပူထူပြီး ဆံပင်မွေးတွေ ထောင်လာသည်အထိ ရှက်ရွံ့ဒေါသထွက်သွားရသည်။ ဒါဟာ အပျော်သက်သက် ကစားပွဲတစ်ခုပဲ။ ပြီးတော့ မီးခိုးငွေ့တွေလို မှိန်ပြယ်သွားခဲ့တာလည်း ကြာပြီ။ ဖြူ့ကို ဘယ်လိုအကြောင်းပြချက်မျိုးနှင့်မှ တမင်သက်သက် ချဉ်းကပ်ခဲ့ခြင်း မဟုတ်သည်ကို ဖြူတစ်ယောက်သာ နားလည်စေချင်သည်။

'သမီးကို သူ့သူငယ်ချင်းတွေနဲ့ ရုပ်ရှင်တစ်ပွဲစာ အလောင်းအစားလုပ်ပြီး ရင်းနှီးအောင် ကြိုးစားခဲ့တာလေ သမီးရဲ့'

'မဟုတ်နိုင်တာ....'

'မဟုတ်ဘူး ဖြူ....ကျွန်တော် ပြောပါရစေ'



အံ့ဩခြင်းမှတစ်ဆင့် တဖြည်းဖြည်းချင်း ပြောင်းလဲသွားသော ဖြူ့မျက်ဝန်းတွေကို မြင်ရတော့ ရင်မှာ ပြင်းပြင်းထန်ထန် နာကျင်လာသည်။

'မင်း ဘာမှ ဖြေရှင်းမနေနဲ့တော့....ဒီလိုပါးစပ်ကလေးနဲ့ ဖြေရှင်းလိုက်တိုင်း ပြီးသွားမယ်တဲ့လား၊ နောက်ထပ် သမီးကို နှောက်ယှက်ဖို့ မကြိုးစားနဲ့ မင်းရင်.... မင်းအချုပ်ထဲမှာ ညအိပ်ချင်ရင်ပေါ့.... လာ.... သမီး'

'ဖြူ....'

ဖြူက မျက်လုံးဝိုင်းစိုင်းဖြင့် ချာခနဲ လှည့်ကြည့်သည်။ ကန်ဆောင် ထိန်းသိမ်းမရနိုင်လောက်အောင် မျက်ရည်တွေ ပြည့်လျှံလိမ့်ဆင်းကျလာ၏။

'မင်းရင်....'

ဖြူ့နှုတ်ဖျားမှ ခေါ်သံကို ကြားသလိုလိုရှိသည်။ ပြီးတော့.... ခြေသံပြင်းပြင်း.... ပိတောက်ခြောက်ရောင် ပါပဲလကာ ကားကလေး၏ စက်သံကို ကြားရတော့မှ ခန္ဓာကိုယ်နှင့် အသိတရား ပြန်ပြီး တွဲမိသည်။

ဖြူ့မျက်ဝန်းတစ်စုံသည်အရိပ်လိုပင် ထပ်ငြိနေတော့၏။

သည် စွပ်စွဲချက်ကို ဖြေရှင်းဖို့ ဘယ်လိုမျှော်လင့်ချက်မျိုးမှ မပါတဲ့ ကြိုးစားမှု ဖြစ်မည်။ ဖြူ့အမြင်မှာ သူမကို.... သူမနှလုံးသားကို တန်ဖိုးမဲ့စွာ ကစားတတ်သူလို့ အထင်မခံစေချင်ပါ။ သည်ဘဝမှာ.... ဖြူနှင့် ဘယ်တော့မှ ပြန်မဆုံနိုင်သည်ထား....

ါမှာ သံသယ မြူတစ်မှုန်မျှ ဖြူ မတင်စေ
အမုန်းကို ယူဇနာပေါင်း ထောင်သောင်း
ပေ မရချင်ပါ။ ကမ္ဘာမြေအပြင်ဘက် ရောက်
ဦး.... မှသိရလိုပါ....

မိုးရေစက်များအကြား စက်တီးကလေး၏ ဦးတည်
ဘယ်ဆီမှာ မသိ။

နှလုံးသား၏ လောင်မြိုက်ခြင်းကို ပထမဆုံးအကြိမ်
ကြုံဖူးပြီ။

မျက်ရည် ဆိုတာကိုလည်း ကြေကွဲမှုနှင့်အတူ ရင်းနှီး
ဖူးပြီ။

ပေးဆပ်ရခြင်းတွေအတွက် ပြန်လည်ရချင်သည်ကတော
ဖြူ ထံမှ ယုံကြည်မှု တစ်ခုပါပဲ....။

[ ၃ ]

'ငါ....တောင်းပန်ပါတယ် သူငယ်ချင်းရာ'

အင်္ကျီအဖြူ၏ တောက်ပခြင်းသည် စိတ်ကို ရောင်ပြန်
ပ်စေဖို့ ဘယ်လိုမှ အထောက်အကူမပြု။ ဘိုးတိုင်ကို
ာ်လုံအောက်မှ လျှိုသွင်းပြီး ဖဲပြားပုံဖော်ချည်လိုက်သည်။
ပင်ကို သပ်သပ်ရပ်ရပ် ဖြီးသည်။ ကိုယ့်ကိုယ်ကို မှန်ထဲ
ကြည့်ရင်း စိတ်ရှုပ်ထွေးရသည်ဆိုတာ အရင် တစ်ခါမှ မှုဖြစ်
း.... မျိုးကိုက ရေပိုက်ခေါင်းကို ပိတ်လိုက်ပြီး အခန်း
င်းရှိ လိုက်ကာများကို ဘွဲ့ဖွင့်နေသည်။

'သန်းဆောင်ကိုလည်း အပြစ်မထင်နဲ့ကွ၊ အဘွားကြီး
လည်း သိပ်မဟုတ်ဘူး၊ ဝင်လာကတည်းက အသံကျယ်ကျယ်
မင်း ပြသနာတက်မှာစိုးလို့ ငါတို့ မနည်းကြီး အပြစ်ကို

ခေါ်ထုတ်သွားရတာ၊ သူ့သမီးကို မင်းခိုးသွားတယ်ချည်း
ပြောနေတာ၊မင်းကိုလည်း ပြောလိုက်တာမှ နှစ်ပြားမတန်…
ငါတို့ကိုလည်း အမျိုးမျိုး လှည့်ပတ်မေး၊ ဘယ်ကို ခေ
သွားသလဲ၊ ဘယ်မှာထားသလဲ၊ နောက်.... မင်းအိမ်လိပ်စာ
မေးတယ်၊ ငါတို့က မပြောဘူး၊ အဲတော့....မန်နေဂျာ
တိုင်မယ်၊ အလုပ်ဖြုတ်ပစ်မယ်တွေ ဖြစ်ကုန်ရော၊ အဲတော့
မင်းအိမ်လိပ်စာ ငါတို့က ပေးလိုက်ရတာပေါ့၊ တရားစွဲမ
ဆိုတာကလည်း ပါးစပ်ကမချ....

'ငါတို့က သေချာ အေးအေးဆေးဆေး ရှင်းပြပါတယ်
မင်းက ကောင်မလေးကိုခေါ်တာမဟုတ်ဘူး၊ သူ့ဘာသာ
လာလည်တာ၊ မင်းတို့နှစ်ယောက် ဘာမှ မဖြစ်ကြသေး
အကြောင်း၊ အဲဒါကို မန်နေဂျာသွားတိုင်မယ် တကဲကဲနဲ့

'အဲဒါနဲ့ သန်းဆောင်က အစ အဆုံး ဇာတ်စုံခင်
လိုက်တာ၊ အဲဒီအထဲက သူလိုချင်ရာကို ဆွဲယူသွားတာ
ကွာ၊ မင်းတို့က ငါ့သမီးကို အလောင်းအစားလုပ်ပြီး
ကျားကွက်ရွှေ့သလို ကစားနေတာလား ဘာ ညာနဲ့ ဖြစ်
ရော၊ အဲတော့.... သန်းဆောင်က ဟုတ်တယ်၊ မင်းရင်
ကျွန်တော်တို့မြှောက်ပေးလို့သာ၊ တကယ်တော့.... ခင်ဗျ
သမီးကို စိတ်ဝင်စားတာမဟုတ်ဘူး၊ အဲတော့....ခိုးသွား
ဆိုရင်လည်း မိန်းကလေးက ခိုးတာပဲဖြစ်ရမယ်၊ ကျွန်တေ
သူငယ်ချင်းခိုးတာ မဖြစ်နိုင်ဘူး....ဆိုပြီး ဘုတောလွှတ်
တာ....'



'စိတ်ထဲကပါလို့တော့ မဟုတ်ပါဘူးကွာ၊ ဒီမိန်းမကြီး
ါးစပ်ပိတ်ရင် ပြီးရောဆိုပြီး ပြောလိုက်တာ၊ ခုတော့....
ရှုပ်ကုန်တာပေါ့'

'မင်းလည်း အသိပါပဲ၊ ငါတို့ ဘယ်လောက် စိတ်ရှည်
ယ်၊ သည်းခံတယ်ဆိုတာ၊ အဲဒီလို....ပုံစံကျနေတဲ့လူတွေကို
ောင် ဒေါသထွက်အောင် ပြောနိုင်တယ်၊ တကယ်တော်တဲ့
ဘွားကြီး၊ ပြော သွား လိုက် တာ မှ သား သမီး ချင်း
ကိုယ်ချင်းမစာ....

'မင်းကို မိန်းမထဘီနားခိုစားမယ့်ကောင်တဲ့၊ သူ့သမီး
ကို မင်းက အပိုင်ကြံတာ၊ အညွန့်ချိုးတာ ဆိုပဲ'

'တော်ပါတော့ကွာ'

အဆက်မပြတ်သော စကားသံတွေကြား ထဲ အနေ
ျဉ်းကျပ်လာခဲ့ရသည်။ ခုလို အခြေအနေမျိုးဖြစ်လာမှတော့
ယ်သူ့ကိုမှလဲ အပြစ်မတင်လိုတော့ပါ။ အပြစ်တင်စကား
ိုတော့လည်း ပကတိ အတိုင်း ပြန် ဖြစ် လာ သည် မှ
ဟုတ်တာ....

'မင်း....ဘယ်လိုလုပ်ချင်လဲ'

'ဘယ်လိုလုပ်ရမှာလဲ.... အားလုံး လွန်ကုန်ပြီပဲ'

'ကောင်မလေးကို ရှင်းပြပေါ့ကွ'

'ဘယ်မှာ သွားရှင်းပြရမလဲ၊ သူ ဘယ်မှာနေမှန်းလဲ မသိ၊
ူ့ဖုန်းနံပါတ်လည်းမသိ'

'ဒါက လွယ်ပါတယ်ကွာ၊ မဂ္ဂဇင်းအင်တာဗျူးတွေထဲ
ာ်လိုက် ရတာပဲ'

အိမ်ဆောင်စကားကြားရမှ ဖြူသွယ်ကို ဖြူသန့်စင် အဖြစ် ပြန်ပြီး မှတ်မှတ်ရရ ဖြစ်လာသည်။ တကယ်တော့... မင်းရင်ဘဝမှာ ဖြူသန့်စင်ဆိုတာ အရိပ်တစ်ခုပါ။ ဖြူသန့်စင်သည် မင်းရင်အတွက် သူစိမ်းသက်သက်သာ။ ဖြူသန့်စင်နှင့် ပတ်သက်သမျှ ခံစားချက်ဆိုတာ မရှိ၊ အလေးအနက်ဆိုတာ မရှိ၊ မျှော်လင့်ချက်ဆိုတာ မရှိ...။

ဖြူသွယ်ဆိုသည့် သာမန် မိန်းကလေး တစ်ယောက် အတွက်ပဲ...

ဖြူသွယ့်အတွက် ချစ်ခြင်းသည် ဖြူသန့်စင်နှင့် မသက်ဆိုင်ပါ။ ဒါကို ဖြူသွယ် ခွဲခြားတတ်ပါ့မလားကွယ်...

'မင်း... ဘာမှ စိတ်ဓာတ်ကျမနေနဲ့၊ အဲဒီ ကိစ္စ အတွက်ကတော့ ငါတို့တာဝန်ယား၊ ငါတို့အားလုံး စုပေးမယ်၊ ပြီးတော့...လိုအပ်ရင်လည်း လိုက်ရှင်းပြပေးမယ်'

သန်းဆောင်က အားတက်သရောပြောသည်။ ရင်ထဲ သောက ကအစိတ်အပိုင်းမျှပင် မရွေ့...။

'နေစမ်းပါဦး... မင်းနဲ့ ကောင်မလေးက ဘယ်လိုလဲ'

မျိုးကို အမေးနောက်မှာ တွေတွေဝေဝေ ဖြစ်လျက်

'ဘယ်လိုမှ မလဲဘူး'

ဟု ပြန်ဖြေမိသည်။ ဟင်ခနဲ အာမေဋိတ်သံနောက်...

'မင်းတို့ဟာကလည်း'

ဟု အားမလို အားမရ စကားသံ ထက်ကြွပ်ကာ ထွက်လာ၏။





'ဘယ်လိုမှ မဖြစ်သေးဘူး၊ အမှန်တော့... နောက်ထပ် တိုးဖို့ မျှော်လင့်ချက်တောင် သိပ်မရှိတော့ဘူး၊ ဖြူက ငါ့ကို အပြီးနှုတ်ဆက်သွားတော့မှာ၊ ငါ့ရင်ထဲမှာရှိတာတွေ သူ သိသွားပေမယ့် တစ်ခုခု တုံ့ပြန်လိုက်ဖို့တော့ မဖြစ်နိုင်ဘူး လေ၊ ရည်မှန်းချက်တွေ မပြည့်စုံမချင်း ရည်းစားမထားပါ ဘူးလို့ သူ့ အမေကို ကတိပေးထားတယ်တဲ့'

'သေစမ်း'

မျိုးကိုက နဖူးကို လက်ဝါးဖြင့်ရိုက်ပြီး ညည်းသည်။

'မင်းအတွက် မျှော်လင့်ချက်က ဘယ်လိုလဲ'

သန်းဆောင်က အလောတကြီးဟန်ဖြင့် မေး၏။

'ဆုတောင်းနေရုံပေါ့ကွာ'

'မရေမရာကြီးပါလား'

'အဲဒါက အရေးမကြီးပါဘူး၊ တစ်သက်လုံး ဒီအတိုင်းပဲ ဖြစ်ဖြစ် သူ့ကို ငါ ချစ်နေနိုင်သားပဲ၊ သူ ငါ့ကို မုန်းသွား မှာပဲ ငါ ကြောက်တာ'

'မင်း...တော်တော် စိတ်ကူးယဉ်တာပဲ မင်းရင်'

ရှုတ်ချစကားလား မသိချေ။ နောက်ထပ် အချိန်တွေ ဘယ်လောက် အဓိပ္ပာယ်မဲ့စွာ ကုန်လွန်သွားမည်ဆိုတာလည်း ခန့်မှန်းတတ်။ တယ်လီဖုန်းခေါ်သံကြားတိုင်း တထိတ်ထိတ် ရင်ခုန်လာတတ်သည်မှာ ရောဂါတစ်ခုလိုပင် ဖြစ်သည်။

သူမသည် စိတ်အတွေးမှ ဝေးဝေးလွင့်ထွက်မသွားနိုင်တဲ့ ကျွန်တိုင်းလိုလိုပင် ရှိနေတတ်၏။ မေးခွန်းများစွာ ပျော်ဝင် နေသော မျက်လုံးဝိုင်းတစ်စုံကို မကြာခဏ အိပ်မက်မက်

သည်။ အိပ်မက်ထဲမှာ သူမသည် မင်းရင်ကို မှုန်းတီးစွာ ခေါင်းနှင့်ထုတ်တတ်၏။

ပြီးတော့.... ဖြူ့ မျက်ရည်တွေကို မြင်ရသည်။

ထိုအခါ....

နှလုံးအိမ်မှာ နာကျင်ပူလောင်ရစမြဲ....။

'ဖြူသွယ်နဲ့ ပြောချင်ပါတယ် ခင်ဗျာ'

ခဏမျှ အသံတိတ်သွားသည်။ သူငယ်ချင်းနှစ်ဦး၏ မျက်ဝန်းအစုံက မျှော်လင့်တကြီးရှိ၏။

'ဖြူသွယ်....'

ဟု တစ်ဖတ်မှ ရေရွတ်သံလိုလို ကြားသည်။

'ဟုတ်ကဲ့ခင်ဗျာ'

ဆံပင်တွေကြားထဲ လက်ချောင်းတွေ ထိုးသွင်းထားလိုရင်း စိတ်အိုက်သက်သာစေရန် ကြိုးစားနေရသည်။ ဖြူသွယ် အမေပဲဖြစ်မည် ထင်၏။

'မရှိဘူး'





သံပြတ်နှင့်ဖြေပြီး ဖုန်းဆောင့်ချလိုက်သည်။ သက်ပြင်းကိုက်လျက် ဖုန်းခွက်ကို ဖုန်းအိမ်ပေါ် ပြန်တင်၏။ မျိုးကိုမှ တက်ခေါက်သံတိုးတိုးကြားရသည်။

'ဘာဖြစ်လဲ....ဒီနေ့မရတော့ နက်ဖြန်ပေါ့ကွာ'

စိတ်ထဲ ချဉ်တူးတူးဖြင့် ခပ်မဲ့မဲ့လေး ပြုံးဖြစ်သည်။

ရက်စက်ပါ့ သွယ်ဖြူ....

'ဟဲလို....'

ဟူသော အသံလွင်လွင်ကို စ,ကြားရသည်။

'အမိန့်ရှိပါရှင်'

စက္ကန့်အတန်ကြာသည်အထိ စကားမစ,ဖြစ်သေး... ရယ်သံကို ပြန်ကြားယောင်သည်။

(ပြန်မဆုံဖြစ်ကြရင်တောင်မှ သတိရနေမယ်ဆိုတာ....)

ဖြူသွယ့်နှုတ်ဖျားက ပြောခဲ့သည် မဟုတ်လားကွယ်....။

ထဲမှာ နင့်ခနဲ တင်းတင်းကျပ်ကျပ် ဖြစ်လာသည်။ ဒုတိယကြိမ် အမေးစကား ကြားရ၏။

ဖြူသွယ်'

'ဟင်....'

ထိတ်လန့်တကြီးရှိသော အာမေဍိတ်သံ....တစ်ဆက်တည်း ထိုလိုပင် သက်ပြင်းရှိုက်သံကိုပါ ကြားရသည်။

'ကျွန်မ ဖြူသန့်စင်ပါ'

'ဖြူသွယ်နဲ့ပဲ ပြောချင်တယ်'

'ဖြူသွယ်ဆိုတာ မရှိဘူး'

'မင်းရင် အတွက်တော့ ဖြူသွယ်ပါပဲ၊ ဖြူသန့်စင်ကို မ

ဘူး....'

'မင်းရင်....'

လှိုက်ခနဲ ပျော်ရွှင်လို့မှ မဆုံး....

'ခုထိ ညာနေတုန်းလား'

ဟူသော စကားကို ကြားရတော့ ဦးနှောက်ပျက်ပြီး ရူးသွပ် သွားချင်သည်။

'ဖြူရယ်....'

'ရှင်းပြပါရစေ....ဆိုတာမျိုး ဆက်လာဦးမှာလား'

'ဟင်အင်း'

'ဒါဆိုလည်း ပြော....'

'ဖြူနဲ့ တွေ့ချင်တယ်'

'မဖြစ်နိုင်တော့ပါဘူး မင်းရင်'

'ကျွန်တော့်ကို မုန်းသွားတာလား'

'ဖြူသန့်စင်က ဘယ်သူ့ကိုမှ မမုန်းတတ်ပါဘူး'

'ကျွန်တော်.... ဖြူသန့်စင်ကို မေးနေတာ မဟုတ်ဘူး— ဖြူသွယ့်ကို မေးနေတာ၊ ကျွန်တော် စ,ပြီးသိခဲ့တာ ဖြူသွယ်



ခင်မင်ရင်းနှီးခဲ့တာ ဖြူသွယ်၊ ချစ်ခဲ့မိတာလည်း ဖြူသွယ်ပဲ၊ ဖြူသန့်စင်ကို သူငယ်ချင်းတွေနဲ့ နှောက်ခဲ့ ပြောင်ခဲ့မိတာ မှန်တယ်၊ ဒါပေမယ့် ဖြူသွယ့်ဆီကို အဲဒီရည်ရွယ်ချက်နဲ့ ရောက်လာခဲ့တာ မဟုတ်ဘူးဆိုတာ ကျိန်ပြောရဲတယ်....

မတော်တဆ တိုက်ဆိုင်တာ သက်သက်၊ အဲဒီတုန်းမှာ ဖြူသွယ်ဆိုတဲ့မိန်းကလေးကို ခင်မင်သွားမိတာ၊ ဖြူသန့်စင်နဲ့ ဘာမှမဆိုင်ဘူး'

စကားလုံးတွေက လျှာခလုတ်တိုက်မတတ် တရစပ် ပြေးလွှားထွက်သည်။ အကြောင်းခြင်းရာ အချက်အလက်ပြည့်စုံနိုင်လုံသလား မနိုင်လုံသလား မဆန်းစစ်မိတော့။ ရှင်းပြပြောပြခွင့်မရလိုက်တော့မှာကိုပဲ စိုးရိမ်နေသည်။ ပြီးတော့ အမှန်တရားသက်သက်ကို ဖြူသွယ် မယုံကြည်မှာသည်း စိုးရိမ်မြန်သည်။

'ဒါဖြင့် တစ်ခုမေးမယ်'

'ဟုတ်ကဲ့'

'အမှန်အတိုင်း ဖြေနော်'

'ဟုတ်ကဲ့'

'စ,တွေ့တွေ့ချင်း ဖြူသန့်စင်လို့ မသိခဲ့ဘူးပေါ့'

ရှေ့စားပွဲခုံပေါ် ခေါင်း ငိုက် စိုက် ကျသွားချင်သည်။ သူယမင်းကြော်ငြာမှ စ,တင် မြင်ဖူးခဲ့တုန်းက ဖြူသန့်စင်ဆိုသည့် အမည်နာမကိုတော့ မသိခဲ့သေး။ ဒါပေမယ့်.... မြင်ဖူးပြီးခဲ့ပြီ။

ရှင်ဆဲ လှုပ်လှုပ်ရှားရှား ခဏတော့ ဖြစ်ခဲ့မိသေးသည် မေ့ထားသား၊ ဒ့ါကြောင့်ပဲ သည်ပြဿနာအစ, စကား တွေကိုအပျော်သဘော လက်ခံခဲ့မိသေးသည်လေ....။

'ခြေလေ....မင်းရင်'

နာမည်ကိုတော့ မသိသေးဘူး'

'မြင်ဖူးပြီးသားပေါ့'

'ဟုတ်ကဲ့'

'ဒ့ါဖြင့် ဘာဖြစ်လို့ ဘာမှ မသိဟန် ဆောင်ခဲ့ရတာလဲ'

'ကျွန်တော်....ဟန်ဆောင်နေတာမှ မဟုတ်ဘဲ'

'ယုံဖို့ ကြိုးစားကြည့်ဦးမယ် မင်းရင်....'

ဂျောက်ခနဲ အသံကြားသည်။ ပြီးပြီပေါ့....။ ရှိးသားမှုက လည်း သည်နေရာမှာ ဘာမျှ အသုံးမဝင်မြန်ပါလေ....။

✷✷

ဟင့် အင်း.... လို့ မျက်စိမှိတ် ငြင်းလိုက်ပါတော့လား မင်းရင်....

ဖုန်းခွက်ကို ချပစ်ပြီးချိန်မှာ ခန္ဓာကိုယ် ထဲ ရှိသမျှ အင်အားတွေ ဆုတ်ယုတ်သွားသလို ထင်လိုက်မိသည်။



အိပ်ခန်းထဲပြေးဝင်ပြီး ခုတင်ပေါ် ပစ်လှဲလိုက်ရင်း....

'မတင့်ရေ.... လိမ္မော်ရေ'

ဟု အသံကျယ်ကျယ်အော်သော်လည်း မတင့်က ကြားမှ ကြားရဲ့လား မသိ။ ခုရက်အတွင်း သင်တန်းချိန်မှအပ အပြင် သိပ်မထွက်ဖြစ်တာ ကြာပြီ။ စန္ဒရားတီးသင်တန်းတဲ့....၊ ရေကူးသင်တန်းတဲ့။ မိုးရက်တွေ ခပ်ကျဲကျဲဖြစ်သွားတာ သတိထားနေဖြစ်သည်။ ကျောင်းဖွင့်ရက်တွေ မကြာခင် ရောက်လာတော့မည်။

ပြတင်းပေါက်ဘောင်ပေါ် လာနားသော စာကလေးကို ငေးကြည့်နေရင်း....လယ်ကွက်ထဲမှ ဗျိုင်းဖြူကလေးများကို မြင်ယောင်နေသည်။ ပြီးတော့....

နှစ်လိုဖွယ်ကောင်းသော အရယ်အပြုံး....

မျက်မှန်အောက်မှ မှိန်ဖျော့ဖျော့ မျက်ဝန်းများ....

မျက်မှန်ကိုင်းအနက်နှင့် လိုက်ဖက်သော သွယ် လျ လျ မျက်နှာကျ....

(သိပ်ချစ်တယ်....ဆိုတဲ့ စကားကိုတော့ ဖြူ....ကြားချင် ယ် မထင်ဘူး....)

စကားသံတွေ နားနှားမှာကပ်ပြီး ကြားနေရသလိုပင်။ အခန်းနံရံများက ကျဉ်းကျပ်လွန်းလှသလိုထင်သည်။ အဝတ် ဗီရိုတစ်လုံး၊ ခုတင်တစ်လုံး၊ စာကြည့်စားပွဲ တစ်လုံးနှင့် အဝတ်လျှန်းစင်တစ်ခုသာရှိသော အခန်းထဲတွင် ပစ္စည်းများ ပြည့်သိပ်ကျပ်ညပ်နေသလားဟု တစ်ခါတစ်ရံ တွေးမိ၏။

ပြတင်းပေါက်အပြင်ဘက်သို့ လှမ်းကြည့်တော့ ရေအိုင်ငယ် ဘက်ရှည်မှာ မြူးထူးနေသော စာကလေးအုပ်စုကို မြင်သည်။

ဘောင်ခတ်ထားခံရသော မိန်းကလေးတစ်ယောက်....

နှလုံးသားမှာ ဒဏ်ရာ ဒဏ်ချက်အပြည့်နှင့် မိန်းကလေး တစ်ယောက်....

မင်းရှင် ရယ်....

နာကြည်းရမလားဆိုတာ တွေးလို့မရပါဘူး....

ထိုနေ့က အိမ်ကို ဘယ်လို ပြန်ရောက်ခဲ့မှန်းပင် မသိချေ။ လမ်းတစ်လျှောက်လုံး မေမေက စကားတတွတ်တွတ် ပြော လာခဲ့သည်။ တကယ့်ကို အဆက်မပြတ်။ စကားလုံးတွေက လည်း ကောင်းကင်ပေါ်မှ ကျလာသော မြားတံများ လို ထက်ထက်ရှရှ....

'သူက....သမီးကို အစောကြီးကတည်းက ဖြူသန့်စင်လို့ သိပြီးသား၊ ကောင်မလေးနဲ့ ရင်းနှီးအောင်လုပ်နိုင်ရင် သူတို့ က ဝမ်းသာမယ်လို့ပြောပြီး လောင်းခဲ့ကြတာတဲ့၊ သူ ရှုံးရင်တော့ ရုပ်ရှင်တစ်ပွဲပြကြေးတဲ့....

'ကဲ.... ဘယ်လောက် ရှက်ဖို့ကောင်းသလဲ၊ ဒါကို.... မိဖြူ သူ့ယ်တို့က နည်းနည်းမှတောင် မရိပ်မိဘဲ စိတ်ရော ကိုယ်ပါ အသုံးချခံနေတာများ'

မဟုတ်နိုင်ဘူး....

တစ်ခုခုလွဲချော်နေမှာပါ....လို့ စိတ်ထဲမှာအမြဲတွေးသည်။ သူ့ဘက်က မဲတင်းပေးချင်စရာကောင်းလောက်အောင်ရော ဟုတ်နိုင်ပါ့မလား။ မေမေ့စကားတွေ မှန်နေခဲ့လျှင်တော့....



သည်တစ်သက်မှာ မင်းရှင်ကလွဲပြီး နာကြည်းစရာလူ ကျန် တော့မည် မထင်....။

ဖြူ့အတွက် အချစ်ဆိုသည် မစခင်ကပင် ဆုံးနှင့်ပြီး နေပြီ။ မကြာခဏ ကြားနေကျဖြစ်သော မေမေ့ထံမှ ယောကျ်ားမုန်း ဝါဒဖြန့်စကားတွေကို ထောက်ခံရ ကောင်း နိုးနိုး၊ ကန့်ကွက်ရကောင်းနိုးနိုးဖြင့် တွေဝေလျက် လက်ရှိ ဘဝမှာ စိတ်ဓာတ်တွေကို မြင့်တင်ရင်း ကျေနပ်စွာ နေတတ် အောင် ကြိုးစားနေမိပြန်လေသည်။ ထိုအခါမှာလည်း သူ့ ဖြေသိမ့်စကားတွေက မကြာခဏဆိုသလို အာရုံထဲ ရောက် လာတတ်ပြန်၏။

လှည့်စားနေမိမှာကို စိုးရိမ်ရင်း လှည့်စားခံခဲ့ရသည်ဟု နာနာကျင်ကျင် တွေးမိသည်။ ဒါဟာ....မရိုးသားမှုတစ်ခုပဲ ဟု ရံဖန်ရံခါ စွဲချက်တင်မိ၏။ သူ့ငဲ့ညှာမှုနှင့် အကြင်နာ တရားတွေကို ပြန်သတိရလာပြန်တော့လည်း ဖြေရှင်းမှု တစ်စုံတရာကို လက်ခံချင်လာပြန်သည်။

အခွင့်အရေးမယူတတ်သည့် လူတစ်ယောက်ဟုတော့ သူ့ကို ယနေ့တိုင် ယုံကြည်နေဆဲ....

နောက်ဆုံး ခွဲခဲ့ရသည့်အချိန်အထိ.... သူ့အပေါ် တိမ်း သက်နေမိသော မိန်းကလေးတစ်ယောက်အပေါ် နှုတ်ဖြင့် ဖြစ်စေ....ကိုယ်အမူအရာဖြင့်ဖြစ်စေ.... နည်းနည်းကျဉ်းကျဉ်း မျှပင် အခွင့်အရေးမယူတတ်သည်ကို သူ့ကိုယ်တိုင် အမြဲ အသိ....။

ဒါဆို.... ဘာဖြစ်လို့များ....

ဖြူသွယ့်ဆီကို အဲဒီရည်ရွယ်ချက်နဲ့ရောက်လာခဲ့တာ မဟုတ်ဘူးဆိုတာကို ကျိန်ပြောရဲတယ် ဟူသော သူ့စကားကို ကြည်ရကောင်းမလားဟု စဉ်းစားမိပြန်သည်။ ဘာကြောင့်များ မိန်းကလေးတစ်ယောက်ကို.... တန်ဖိုးမဲ့အောင် ပြုရယ် ပြုတတ်ကြသည်လဲ။ သူမကို နှစ်နာစေချင်သည်တော့ မဖြစ်နိုင်ပါ။ ဖြူနှင့် သူတို့အကြားမှာ.... ဘယ်လို အငြိုးအတေးတွေမှ ရှိမနေခဲ့တာဘဲ....။

'ဖြူလေး....လိမ္မော်ရည်'

မတင့်၏ခြေသံကို မကြားလိုက်မိ....။ လိမ္မော်ရည်ဖန်ခွက် စားပွဲပေါ်တင်ခဲ့ပြီး မတင့်က ပြန်ထွက်သွားဖို့ ပြင်သည်။

'မေမေသွားတာ ကြာလိုက်တာနော်.... မတင့်....'

'အစည်းအဝေးမပြီးလို့ ဖြစ်မှာပါ'

သည်နေ့ ဖက်စပ်ကုမ္ပဏီ၏ အစည်းအဝေးရှိသည်။ ကိုယ်ပိုင် ကားမရှိသော မေမေသည် ဦးသက်အောင် ကားကို ကျေးဇူးတင်ရလျက် မကြာခဏ အကူအညီတောင်းနေကျ....။

(ယောကျ်ားတစ်ယောက်အတွက်နဲ့ တွေဝေနေရတာများ အချိန်တွေ ကုန်လိုက်တာ....)

တစ်ယောက်တည်း ရေရွတ်လျက် ခုတင်ပေါ်မှ ထသည်။ စာကြည့်စားပွဲရှေ့မှာထိုင်ရင်း.... အမှတ်စဉ် တပ်ထားသော အင်္ဂလိပ်သတ်ပုံများနှင့် စကားပြောစာအုပ်ကို ထုတ်ပြီး ကျက်မှတ်ဖို့ပြင်သည်။ စာမျက်နှာပေါ်မှာ သီဟိုဠ်ပင်များ ကြားမှ လမ်းရှည်ကလေးတစ်ခု။ ပြီးတော့.... ပိုးမျှင်အိမ်



များ ငြိတွယ်နေသော အရောင်မှိုင်းမှိုင်း ပျဉ်ထောင်အိမ်ကလေး....။

စက်ဘီးလေးတစ်စီး....

မျက်မှန်လေးတစ်လက်....

သူ့နောက်ကျောဆီမှရတတ်သော ကိုယ်ရနံ့သည် ဖျတ်ခနဲ အာရုံထဲရောက်လာပြန်၏။

မေ့ပစ်ရမယ်....

နာကျင်စွာ ရေရွတ်ပစ်လိုက်သည်။ ခုနေ သူသာ အနားမှာရှိရင်.... ခပ်ပြင်းပြင်း ရိုက်ပစ်လိုက်မိလေမလား မသိ။ သည်တော့လည်း သူက ခေါင်းငုံ့နေဦးမှာပါပဲလေ....။

ဘာကြောင့်များ ချစ်မိခဲ့ပါလိမ့်....။

ဘာကြောင့်များ သတိရနေပါလိမ့်....။

**somewhere my love** သီချင်းကလေး၏ လေချွန်သံကို ပြန်ကြားသည်။ သူမကို ရင်ခုန်စေနိုင်စွမ်းသော အဆောင်မဲ့မျက်ဝန်းများကို ပြန်မြင်ယောင်သည်။ သူမ မေ့ပစ်ရမည့် သူတစ်ယောက်ကိုမှ တွယ်တာခဲ့မိလေသည်။

သူမ နာကြည်းရမည့်သူတစ်ယောက်ကိုမှ ချစ်မိခဲ့လေသည် ကွယ်....။

ဖြူ့ဘဝမှာ ကံကြမ္မာက အမြဲလှည့်ချော်နေခဲ့သည်လား။ စိုစွတ်ကုန်သော စာမျက်နှာများကို တဖျတ်ဖျတ်လှန်ရင်း သူမ စိတ်ရှုပ်ထွေးစွာ အော်ဟစ်ပစ်လိုက်မိတော့သည်။

[ ၈ ]

မဂ္ဂဇင်းအဖုံးမှ ရွှေအိုရောင်မိန်းကလေးကို အထပ်ထပ် အခါခါ ကြည့်ရင်း....

'မေမေ့သမီးလေးက သိပ်လှတာပဲ'

ဟု ပီတိပြုံးဖြင့် မေမေပြောသည်။ မေမေ့ကို အားတုံ့ အားနာဖြင့် ဖြူ ပြုံးလိုက်မိ၏။ တကယ်ဆို.... မေမေ ထင် သလောက် မဟုတ်ပါဘူးဟု စိတ်ထဲမှ ဝေဖန်စောကြောမိ သေးသည်။

'မနက်ဖြန် သမီးကျောင်းတက်ရတော့မလား မေမေ'

'တက်ပေါ့ သမီးရဲ့'

'မေမေတစ်ယောက်တည်း အိမ်မှာကျန်ခဲ့မှာပေါ့'



'အမယ်လေး.... ဒါများ အဆန်းလုပ်လို့ သမီးရယ်....၊ မေမေ့ ဒီလိုပဲ နေ့နေ့ကျပဲဥစ္စာ၊ သမီးသာ ကျောင်းမှာ.... မေမေ့စိုးရိမ်စရာသတင်း မကြားပါရစေနဲ့နော်'

'မေမေက သမီးကို အယုံအကြည်နည်းလွန်းတာပဲ'

ခေါင်းယမ်းလျက် မေမေရယ်လေသည်။ မေမေနှင့် ဖြူ့ ကြား မိုးလေဝသကောင်းမွန်နေသည်မှာ အတော်ကြာပြီ။ ပါးမှ ပြန်လှလာတည်းကဆိုပါတော့။ မေမေက ဖြူ့ကို ကလေးတစ်ယောက်လို ချော့မော့ဆုံးမလျက် နားဝင်လွယ် သော စကားမျိုးတွေ ရွေးချယ်လျက်.... အနုနည်းဖြင့်.... စိတ်ရှည်လက်ရှည် စည်းရုံးသိမ်းသွင်းလေသည်။ ဖြူကတော့ မေမေ့ကို သနားစိတ်ဖြင့် ဘာဆို ဘာမျှ မပြေရှင်းတဲ့ ဆိတ် ငြိတ်သာ နေလိုက်တော့သည်။

ချစ်သူတွေမှ မဟုတ်ကြတာဘဲ....

သံယောဉ်ဖြတ်ဖို့လည်း ခဲယဉ်းမည်မဆင်ဟု ကိုယ့်ကိုယ်ကို အားပေးလျက် ကြိတ်မှိတ် မေ့ပစ်နေရသည်ကိုတော့ မေမေ သိစေချင်။ လွမ်းစရာရှိလျှင် နာစရာနဲ့ဖြေ.... တဲ့....

နာကြည်းစရာဟု အထပ်ထပ်အခါခါ တွေးလည်း.... အချိန်အခါများများမှာ နာကြည်းစိတ်ဖြင့် သတိရနေ တတ်ပြန်၏။

ခွင့်လွှတ်လိုက်လျှင် မေ့သွားမလားဟု တွေးမိသေးသည်။ တဖြည်းဖြည်းတော့ ပါးလျား ပြတ်တောက်သွားလိမ့် မည်ဟု ထင်ရ၏။ သံယောဇဉ်အမြစ်က မြက်တစ်ပင်လို ဆွဲယူ တ်ပစ်လိုက်သလို လွယ်လွယ်ကူကူနုတ်ပစ်၍မရ....။

'အယုံအကြည်နည်းတာ မဟုတ်ဘူး သမီး၊ သမီးက... ငယ်သေးသယ်၊ နှလုံးသားကနုနုလေး သူများပြောသမျှ ယုံလွယ်တယ်၊ အဲတော့.... မေမေက သမီးကို မမှားတန်တာ မှားရအောင် ဆုံးမတာပါ၊ ယောကျ်ားတွေကို မယုံလွယ်နဲ့ သမီး၊ ယောကျ်ားဆိုတာ အခွင့်အရေးကို ရရင် ရသလို ယူတတ်ကြတဲ့ သူတွေချည်းပဲ'

'အဲဒီထဲမှာ ဖေဖေပါသလား မေမေ'

မေမေက နှုတ်ခမ်းမဲ့လျက်....

'ထိပ်ဆုံးကပေါ့'

ဟု သံပြတ်ဖြင့် ဖြေ၏။ ရင်ထဲ စူးခနဲ အောင့်သွားသည်

'ဟာ.... မေမေကလည်း'

'ဒါပေမယ့်.... သူ့ရဲ့ အခွင့်အရေးယူမှုမှာ မေမေ့အပြင် တွေ အမှားတွေ အများကြီးပါတယ် သမီး၊ ဒါကြောင့် မို့ သမီးကို မေမေ့လိုမမှားအောင် လိုက်ပြီး စောင့်ရှောက် နေရတာပေါ့ကွယ်'

'ဖေဖေ့အပြစ်တွေက မေမေ့အပေါ် ဘယ်လောက်များ ကြီးမားနေလို့လဲ မေမေရယ်....၊ ဖေဖေက မေမေ့အပေါ် ဝင်ပွန်းကောင်းတစ်ယောက် ပီသခဲ့တာပဲ မဟုတ်လား'

'ဒါကို မေမေ ဝန်ခံပါတယ်'

'ဖေဖေက မေမေ့ကို သိပ်ချစ်တယ်ဆိုတာရော'

'မေမေ သိတာပဲ'

'ဒါနဲ့များ မေမေရယ်'



မေမေက.... မဂ္ဂဇင်းစာအုပ်ကို စားပွဲပေါ်တင်ထားပြီး ဝတ္ထုရှင်းစာအုပ်နှင့် မျက်မှန်ကိုလှမ်းယူ၏။ မေမေ စာကြည့်လျှင် မျက်မှန်တပ်နေရပြီ။

သို့ပေမယ်.... အသက်အရွယ်နှင့် မလျှော်အောင်ပင် မေမေက နုပျို အရွယ် တင်ဆဲ ဖြစ်ပါသည်။ မေမေသာ ရုပ်ရှင် မင်းသမီး ဖြစ်ခဲ့လျှင်တော့.... မင်းသမီး ခင်ယုမေလို ချောမွေ့ ချစ်စရာ ကောင်းနေမှာ အမှန်၊ သို့သော်လည်း.... မေမေ ရုပ်ရှင်မင်းသမီးအဖြစ် မကျော်ကြားခဲ့ပါ။

တရုံးခံက ဖေဖေတဲ့....

ဖေဖေ့ကို လက်ထပ်လိုက်သည့်အတွက် မေမေ့ အရှိန် အဝါ၊ စန်း၊ မှေးမှိန်သွားခဲ့ရသည်တဲ့.... မေမေ့ တစ်ယူသန် အစွဲအလမ်းက ဖေဖေ့ကို ကောင်းစွာ စိတ်ထိခိုက်စေလိမ့် မည် ဖြစ်သည်။ ထိုစွဲချက်ကိုလည်း အိမ်ထောင်သက်တမ်း တလျှောက်လုံးမှာ မေမေ အလိုမကျချိန်တိုင်း ဖေဖေ ခေါင်းငုံ့ခံခဲ့ရသည်။ ဖြေရှင်းခွင့်မရ.... ငြင်းပယ်ခွင့်မရှိ....

'သမီး.... တစ်ချိန်ချိန်မှာ မေမေ့ကို ကိုယ်ချင်းစာနိုင်ပါ လိမ့်မယ်....'

'မေမေက တယူသန်လွန်းတယ်လို့ သမီးထင်တယ်....'

'လူတိုင်းဟာ.... ကိုယ်မှန်တယ်ထင်တာကို ယုံကြည်ခွင့် ရှိတယ် မဟုတ်လား သမီးရဲ့'

ပြုံးထေ့ထေ့ဖြင့် မေမေ မေးလေသည်။

'ကိုယ်မှန်တယ် ထင်မိတာက အမှားဖြစ်နေရင် ပြင်သင့် တာပေါ့ မေမေ....'

'မေမေ.... မမှားပါဘူး....'

'မေမေ ဒီလောက်တောင် နာကြည်းရလောက်အောင် ဖေဖေက ဘယ်လိုအပြစ်တွေ လုပ်ခဲ့မိသလဲ မေမေ၊ ဘယ်လို အခွင့်အရေးတွေ ယူခဲ့လို့လဲ....'

စက်တီပေါ်မှာ ခပ်လျောလျော ထိုင်လိုက်သည်။ သံဆူးကြိုးမှာ နွယ်တက်နေသည့် တိုက်ပန်းပင်များ ပိုမိုအုပ်ဆိုင်းလာသည်ကို သတိထားမိ၏။ ဖေဖေကိုယ်တိုင် ပုံစံဆွဲပြီး တည်ဆောက်ခဲ့သည့် အိမ်ကလေးသည် အလင်းရောင် လုံလောက်စွာ ရရှိပြီး.... အမျိုးသမီး သုံးယောက်တည်း စိတ်ချစွာ နေရဲအိပ်ရဲရလောက်အောင်ပင် လုံခြုံ၏။

'အချိန်မတန်သေးဘဲ မေမေ့ကို လက်ထပ်ခဲ့တာလေ....'

'ဒါ.... ခွင့်လွှတ်နိုင်တဲ့ အပြစ်ပါ မေမေ....'

'သမီး ဆိုရင်.... ဒီလိုအပြစ်မျိုးကို ခွင့်လွှတ်မလား....'

'ဘဝမှာ သိပ် အရေးမပါလှရင် ခွင့်လွှတ်မှာပေါ့မေမေ'

အဓိပ္ပာယ်ပါသော မဲ့ပြုံးတစ်ခုဖြင့် မေမေက သူမကို လှမ်းကြည့်လေသည်။ ဖြူ ချက်ချင်းပင် လည်ချောင်းတွေ ခြောက်သွေ့လာပြီး မေမေ့ရှေ့မှ ထပြေးချင်စိတ် ပေါက်သွား၏။ မေမေ့မျက်လုံးတွေက တရားခံ ဖမ်းသည့် စုံထောက်၏ မျက်လုံးတွေ....

'သမီး.... မင်းရင်ကို ခွင့်လွှတ်ဖို့ ကြိုးစားနေသလား....'

'မဆိုင်ပါဘူး မေမေ.... သမီးတို့ ပြောနေတာ ဖေဖေ့ အကြောင်းပါ....'

'မေမေ မေးတာကို သမီး မဖြေရဲဘူးမို့လား....'



'မေ့ထားတာ ကြာပြီပဲ မေမေ....၊ မေမေ့ မေးခွန်းကို ဖြေဖို့ သမီးမှာ အဖြေ အဆင်သင့် မရှိဘူးလေ....'

'ထားပါတော့လေ....'

မေမေ ခေါင်းဆတ်ပြီး စာရင်းစာအုပ်ကို ဖွင့်သည်။

'တစ်ခုတော့ရှိတယ် မေမေ....'

မျက်မှန်ကို ပင့်တင်လျက် မေမေ မော့ကြည့်သည်။ မေးခွန်းတစ်ခုကို မေးသင့် မမေးသင့် စဉ်းစားရင်ပင်....

'ဖေဖေ့ကို မေမေ မချစ်ခဲ့ဘူး မဟုတ်လား....'

ဟု.... နှုတ်ဖျားမှ လွှတ်ခနဲ ထွက်၏။ မေမေသည် တွေတွေဝေဝေဖြင့်ပင် ဖြူ့ မေးခွန်းကို ဖြေဖို့ စဉ်းစားနေဟန် တူ၏။

'ဘာဖြစ်လို့ မေးတာလဲ သမီးရဲ့'

ဖြူ ကျေနပ်လောက်သည့် အဖြေမဟုတ်ပါ။

'ဖေဖေ့ကို မချစ်လို့ ဒီလောက်အပြစ်ကို မေမေ ခွင့်မလွှတ်နိုင်ခဲ့တာပေါ့၊ ချစ်ခြင်းနဲ့ အခြေခံရင်.... ဖေဖေ့ အပြစ်ဟာ ပျောက်တောင် ပျောက်သွားနိုင်တာဘဲ....'

မေမေ စိတ်ရှုပ်ထွေးစွာ မျက်ခုံးကို တွန့်ရှုံ့လိုက်ပြီး စာရင်းစာအုပ်ကို ဒုတိယအကြိမ်ဖွင့်လျက် ဖြူ့စကားကို စိတ်မဝင်စားတော့သယောင် အလေးအနက် မထားတော့သယောင်.... ခပ်ဖယ်ဖယ် နေလေသည်။ ဖြူကတော့ သည်အဖြေကို သိချင်နေတာ ကြာလှပြီ။ တိုစဉ်ကတည်းက....

ဖေဖေရှိစဉ် ကတည်းက....

ဖေဖေကသာ မေမေ့အပေါ် ချစ်မြတ်နိုး ကြင်နာခြင်းကို ထင်ရှား စေခဲ့သည်။ သိစေခဲ့သည်။ မေမေကတော့ ဖေဖေ့အပေါ် ကြင်နာခြင်း အရိပ်အယောင် ခပ်ပါးပါးပင် မပြပါ။ ဒါကို.... ငယ်စဉ်ကတည်းကပင် ဖြူ တွေးမရ ဖြစ်ခဲ့သည်။

'မေမေ....'

'ဟင်....'

မေမေ စာအုပ်မှ မျက်နှာမခွာပဲ ပြန်ထူးသည်။

'မေမေ.... မချစ်ခဲ့ဖူးဘူးလားဟင်.... ဘယ်ယောက်ျားကိုမှ မချစ်ခဲ့ဖူးဘူးလား....'

'ဟာ....'

မေမေက ရှက်နိုးယောင်ဟန် ဆောင်လျက်....

'သမီးက ပေါက်တတ်ကရတွေ လာမေးနေပြန်ပြီ....'

ဟု.... ပြုံးလျက် ပြော၏။ မေမေက ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်စေချင်သော ဖြူသည် မေမေ့လောက်ဟန်ဆောင်ဖုံးကွယ်မှုအတတ်ကို မကျွမ်းကျင်ပါ။

'သမီးကို ပြောမလို့.... မေမေ ကိုသက်နဲ့ ရှယ်ယာစပ်တူ ဗွီဒီယို လုပ်ငန်းလုပ်မလို့.... ခုဆို မေမေလည်း အဲဒီလုပ်ငန်းကို အတော် တွီးမိ ခေါက်မိ ရှိနေပြီ မဟုတ်လား၊ ပြီးတော့ ကိုသက်ကလည်း စိတ်ချရတယ်လေ၊ သမီးအတွက်လည်း ပိုပြီး အဆင်ပြေတာပေါ့၊ မေမေ သမီးကို ဖတ်စ်အက်တာ First actor အနေနဲ့ တစ်ကားလောက် စမ်းကြည့်ချင်တယ်၊ ဖြစ်မယ်လို့လဲ ယုံကြည်တယ်၊ ကိုယ့်ကို ပေးပေးမ



ရှိမယ့်သူတွေတိုလည်း အကူအညီ တောင်းကြည့်ရမှာပေါ့၊ ဘယ်လိုလဲ သမီး....'

ဖြူ ပခုံးတွန့်ရင်း ထိုင်ရာမှ ထသည်။

'မေမေ့သဘောပါ.... မေမေ....'

'သမီးကတော့ ကလေးသက်သက်ပဲ.... ဘာမှ တိုင်ပင်လို့ မရဘူး....'

မေမေသည် အကျဉ်းအကျဖ်မှ လွတ်မြောက်သွားသည့်အတွက် ကျေနပ်ရွှင်မြူးစွာ ရယ်နေလေသည်။ ဖြူကတော့ နောက်ထပ် မေမေ့ကို ဘယ်လို မေးခွန်းမျိုးမှ ထပ်မမေးဖြစ်အောင် အိပ်ခန်းထဲ ဝင်ခဲ့တော့သည်။

ကုတင်ပေါ်မှာတော့.... ဆွဲလက်စ ပုံတူတစ်ခု ရှိနေလေ၏။

✺

ပြည်လမ်းမကျယ်ကြီးသည် မျက်စိအောက်မှာပင် မြေလမ်းကလေး ဖြစ်သွား၏။ လမ်းတစ်ဖက်တစ်ချက် လူနေအိမ်တိုက်တာများနှင့် အင်းလျားကန်ပေါင်သည်လည်း ကွဲကောင်၊ သိတိုင်ပင်အုပ်များဖြစ်သွားကြပြန်လေသည်။ ပြီးတော့

ကားဟွန်းသံ၊ အင်ဂျင်သံများ တဖြည်းဖြည်း မှိန်မြှယ်သွား လျက် သီချင်းတစ်ပိုင်းတစ်စလေးချွန်သံကလေးကို ကြားရ၏။

အနောက်ဘက်ကောင်းကင်ယံမှာ ပုစွန်ဆီသွေး ကြဲဖြန့် ပြီ။ အထီးကျန်ခြင်းဟူသော အမိပ္ပာယ်ကို ဖြူ... ခုမှပဲ ပီပီပြင်ပြင် နားလည်လာခဲ့ရတော့သည်။ မှတ်မိသူများက တစ်ယောက်တည်းလားဟု နှုတ်ဆက်ပြီး အော်တိုစာအုပ် ကလေးများ ဝိုင်းရံလာသောအခါ ဖြူသည် သည်မျှ စိတ် ကျဉ်းကျပ်မှုကိုပင် မခံမရပ်နိုင်ဖြစ်လျက် ထွက်ပြေးမိချင်၏။

ဝေးခဲ့တာ...လ,အတော်ကြာခဲ့ပြီ။

တမ်းတမှုတွေ...လောင်မြိုက်မှုတွေ...နာကျင်မှုတွေလည်း သိပ်သိပ်သည်းသည်းဖြင့် အနှယ်ထိုင်စပြုပြီ။ သင်ခန်းစာတွေ အကြား၊မပြီးပြတ်သေးသောရိုက်ကွင်းလုပ်ငန်းတွေအကြား၊ အင်္ဂလိပ်တာသာ လေ့လာချက်တွေအကြား မြူပ်နှံပျော် မွေ့လျက်မှာပင် အမည်နာမတစ်ခု... ပုံရိပ်တစ်ခုသည် မမေ့ မပျောက်နိုင်ဘဲ ရံဖန်ရံခါဆိုသလို ပုန်းလျှိုးကွယ်လျှိုးနေရာ မှ ပေါ်လာတတ်ပြန်၏။ သူ့တစ်ယောက်ကိုမှ နှင့်သည်းစွာ ချစ်နေမိမှန်း သိပ်ကိုသေချာပြီ။

-လုပ်ငန်းခွင် ပျော်ရှင်မှုတွေကြားမှာလည်း သူ့ကို မမေ့... အတန်းတူကျောင်းသားများ၏ ဂရုစိုက် ဖော်ရွေမှုအောက် မှာလည်း သူ့ကိုမမေ့... မေမေ့စည်းကမ်း တင်းကျပ်မှုတွေ အောက်မှာလည်း၊ သူ့ကို မမေ့...

ဒါပေမယ့်... စိတ်ကူးယဉ်ကြည့်ရမည့် အနာဂတ်လည်း မရှိ...





မိုးရေထဲ အတူလျှောက်ခဲ့ရသည့် ငြိမ်းချမ်းခြင်းကို တမ်း တသည်။ မြင်းအတူစီးရင်း ရယ်မောခဲ့ရသည့်လွတ်လပ်ခြင်း မျိုးကို ပြန်လိုချင်သည်။ပြီးတော့...သူ့မျက်ဝန်းတွေအောက် မှာ ငုံလျှိုးရင်ခုန်ခြင်းကိုလည်း စွဲမက်နေမိသေးသည်။ နာ ကျင်ခြင်းကိုလည်း မမေ့... အညာခံရသည်ဆိုတာ ဘယ် လောက် နာကြည်းစရာကောင်းသလဲ...

သွားစမ်းပါ...မင်းရင်....

သတိမရချင်ဘူး....

တိမ်တွေ လွင့်မျောနေသည့် ကောင်းကင်ကို မော့ကြည့် ရင်း စိတ်ကူးတွေက ကဗျာဆန်ချင်လာသည်။

မင်းရင်....နောက်ထပ် ဖုန်းဆက်ဖို့ ဘာဖြစ်လို့ မကြိုးစား ပါလိမ့်...ဟူသော မေးခွန်းတစ်ခုသည် လွဲပြောင်းပစ်ဖို့ ကြိုး စားနေသည့် စိတ်ကူးတွေထဲ နောက်ထပ်ဝင်လာပြန်သည်။ သူနှင့် မျက်နှာချင်းဆိုင်ရလျှင် သူမအလွယ်တကူ ကြွေအေး မိတော့မှာ.... သည်တော့ သူ့ကိုမမြင်ရတာ အကောင်းဆုံး.... သူ့အသံကို မကြားရတာ အကောင်းဆုံး....

ခုဆို.... သူ စာပေးစာယူတက္ကသိုလ်နှစ် သင်တန်းကို အမှတ် များများနှင့်အောင်ဖို့ အပြင်းအထန် ကြိုးစားနေတော့မည်။ သူက အောင်မြင်သော စီးပွားရေးသမားတစ်ယောက် ဖြစ် ချင်တာတဲ့....

ပြီးတော့... မိဘများနှင့် ဥမကွဲ သိုက်မပျက် နေချင် တာတဲ့....။ မိဘများကို အရေးတယူ တလေးတစားရှိသော ကောင်လေးတစ်ယောက်က ညနေစာ တစ်ဝိုင်း အတွက်

လောက်နှင့်တော့ မိန်းကလေးတစ်ယောက်ကို အရှက်သည်း ရအောင် ကြံစည်လိမ့်မယ် မထင်ပါဘူး....

ဘာဆိုင်လို့လဲ....

ကောင်းကင်မှာ တိမ်မျှင်စတို့ ပြန့်ကြဲနေသည်။

တချို့လည်း အဖြူရောင်.... တချို့လည်း ပုစွန်ဆီရောင်.... တချို့လည်း မီးခိုးရောင်....

ဖြူ့စိတ်အတွေးတို့သည်လည်း....

✷✷

'ဖြူ....'

အစိတ်လှန်းစင်ပေါ်ကနေ ဘာလောက်စ်ကို လှမ်းအယူ... အခန်းတံခါးဝမှာ မတင့် လာရပ်သည်။

'ညွှန့်သည်လာနေတယ်'

'မေ့မေ့ကို ခေါ်ပေးလိုက်လေ မတင့်ရဲ့'

'မမကြီး....မရှိဘူး'

'ဘယ်သွားတုန်း....'

'နေ့ခင်းကတည်းက ဘဏ်သွားမယ်ဆိုပြီး ထွက်သွားတာပဲ ခုထိပြန်မလာသေးဘူး'



'ညွှန့်သည်က ဘယ်သူလဲ'

'မသိဘူး'

'ဟောဗျာ'

ရင်စေ့ဘာလောက်စ်ကို ကြယ်သီးတပ်ရင်းမှ ထိတ်လန့်ဘကြား ဖြစ်သွားသည်။ မိန်းမသားချည်းသာရှိသော အိမ်မှာ မျက်နှာစိမ်း ညွှန့်သည်ကို အလွယ်တကူ လက်ခံလို့ မဖြစ်ပါ။

'တံခါးဖွင့်ပေးလိုက်ပြီလား'

'မဖွင့်ရသေးပါဘူး ဖြူရယ်....'

'တော်သေးတာပေါ့'

'မတင့် သိပါတယ်၊ ကိုယ်လည်း တစ်ခါမှ မမြင်ဖူးဘဲနဲ့ ဘယ့်နှယ် ချက်ချင်းကြီး တံခါးဖွင့်ပေးရပါ့မလဲ'

'ဘယ်သူ့ကို မေးတာလဲ'

ဘီဘဲလ်လုံချည်ကို အိမ်နေ့ပါတိတ်အနွမ်းဖြင့် လဲရင်း.... မေးသည်။ မတင့်က....

'ဖြူ့ကို မေးတာ'

ဟု အိမ်ရှေ့ဆီလှည့်ထွက်ရင်း ပြောသည်။ ဖြူ အနည်းငယ် အံ့သြမိသလိုဖြစ်သွားသည်။ အိမ်မှာ ဖြူ့ ညွှန့်သည် လာလေ့မရှိ....

'ဖြူ့သွယ်....တဲ့'

'ဟင်....'

ဖြူနဲ့ရွယ်တူ ကောင်လေးတစ်ယောက်ပဲ'

မတင့်က ပြောပြောဆိုဆို အိမ်ရှေ့ညှော်ခန်း ကျောက်သွား ပြီ။ဆံပင်တွေကို လည်တိုင်တစ်ဖက်တစ်ချက်စီ ဝဲလွှားအောင် ခါလိုက်ပြီးအိပ်ခန်းထဲမှ ထွက်သည်။ အိမ်ရှေ့ခန်း မရောက် မီမှာပင် ရင်ခုန်သံကို စ,တင်ကြားရ၏။ ညှော်ခန်းကိုဖြတ်ပြီး ဘာချာတံခါးရှေ့မှာ ရပ်သည်။

'ဖြူ....'

ထင်မိသည့် အတိုင်းပါပဲ....

မျှော်လင့်မထားသည်ကတော့ အမှန်....

မြင်မြင်ချင်းပင် သိသိသာသာ ချောင်ကျနေသော မျက်နှာနှင့် ခန္ဓာကိုယ်ကို သတိထားလိုက်မိသည်။ ရင်ထဲမှာ ခံရခက်ဆိုးသော ဝေဒနာတစ်ရပ် ချက်ချင်းပေါ်လာ၏။

ခါးသက်ခြင်းလား....

ဘာရယ်မသိ....

✳

'ဖြူ....'

သံဘာချာတံခါးကိုကိုင်လျက် သူလှမ်းခေါ်သည်။တံခါး ဖွင့်ပေးရကောင်းမလား စဉ်းစားသည်။ ဘာကိုမျှပြတ်ပြတ်



သားသား ဝေခွဲမရနိုင်ဘဲ မျက်စိအမြင်တွေလည်း ဝေဝါး လာ၏။ ရင်ထဲမှာတော့ တစစ်စစ် ကိုက်ခဲလျက် ဖျက်ဆီး တတ်သော ပိုးမွှားကောင် အမြစ်တွယ်နေသည်သို့ပင်....

မမြင်ချင်ဘူး....

စိတ်ထဲမှာ အကျယ်လောင်ဆုံး အော်ဟစ်ပစ်လိုက်သည်။

'ကျွန်တော့်ကို တံခါးမဖွင့်မပေးနိုင်ဘူးလား'

ခေါင်းကို ဆတ်ခနဲခါသည်။ သူ့မျက်ဝန်းတွေ အရောင် မှိန်သွားသည်ထင်၏။ မျက်မှန်ကိုချွတ်ပြီး အင်္ကျီအိတ်ထဲ သူ ထည့်နေသည်။ ပြန်တော့....ဟု နှင်ထုတ်ပစ်ဖို့ အင်အားပင် မရှိ။ မျက်လုံးနှစ်ဖက်က သွေးကြောတွေ ပူလောင်ပြီး နာ ကျင်နေပြီ။ သိပ်မကြာခင်မှာဘဲ မျက်ရည်တွေ ပြည့်လျှံလာ တော့မည်။ သူ့ရှေ့မှာတော့ ဖြူ မငိုမိချင်ပါ။

နှုတ်ခမ်းကို လျှာဖြင့်သပ်လျက် အုတ်လှေကား၏အပေါ် ထိပ်ဆုံးအထစ်ကို သူ တက်လာသည်။

'ဖြူ....'

ဟု.... ဒုတိယအကြိမ် ခေါ်သံက လှိုက်လှဲ ဆွတ်ကျဉ်ဖွယ် ဖြစ်၏။

'ကျွန်တော့်ကို တံခါးဖွင့်မပေးရင်လည်း နေပါတော့.... ဒါပေမယ့် ကျွန်တော်ပြောတာတွေကိုတော့ နားထောင်ပေး ပါ ဖြူ၊ ဖြူ....မုန်းတဲ့ဒဏ်ကို ကျွန်တော် မခံနိုင်ဘူး၊ ကျွန် တော် ဖြူ့ဆီက ဘယ်တုန်းကမှ ဘာတစ်ခုမှ မမျှော်လင့်ခဲ့ ဘူးဆိုတာ ဖြူ သိစေချင်တာသက်သက်မှပါပဲ....'

'ပြီးခဲ့သမျှကိစ္စတွေမှာ ဖြူ.... မုန်းတီးရလောက်အောင် ကျွန်တော် ဘယ်လိုအပြစ်မျိုးမှ မလုပ်ခဲ့မိဘူးလို့ ကျိန်ပြောရဲပါတယ်၊ ယုံပါဖြူရယ်....ဖြူ့ဆီက ကရုဏာတရားသက်သက်ကိုလည်းမလိုချင်ဘူး၊ ဒါပေမယ့် ဖြူမုန်းမှာတော့ စိုးရိမ်တယ်၊ ဖြူ မကျေနပ်မချင်း ကျွန်တော် ရှင်းပြရမှာပဲ ဖြူ....'

သံတံခါးတစ်ဖက်စီမှာ သူက အကျဉ်းသားလား....ကိုယ်က အကျဉ်းသားလား....

ဖြူ မုန်းမှာကို ကြောက်တတ်သတဲ့လား မင်းရင်ရယ်.... ဒါဆို ဘာဖြစ်လို့ ဖြူ့ကို ညာခဲ့သလဲ.... ဖြူ့ကို လှည့်စားခဲ့သလဲ....၊ သိလျက်နဲ့ မသိဟန်ဆောင်နေခဲ့သလဲ....

'ကျေနပ်တယ်လို့ပဲ သဘောထားလိုက်ပါ မင်းရင်....'

'ဟင့်အင်း....'

သူ့ဆံပင်တွေချွေးများဖြင့်စိုကပ်ပြီး နဖူးပေါ်အချောင်းလိုက်ကျနေသည်။ သွယ်သော မေးရိုးစိမ်းစိမ်းတို့ အုံကြိတ်ထားသဖြင့် အကြောတွေ ထင်ရှားတင်းမာနေ၏။ မာတင်ရှုပ်လက်ရှည်အဖြူ....လွတ်တော်ဆင် ရခိုင်ပုဆိုးရှားရောင်နှင့်ကောင်လေးသည် ချောမွေ့သည်ဟု မဆိုသာသော်လည်း သန့်ပြန့်သပ်ရပ်နေသည်ကတော့ အမှန်ပင်....

သူ့ကို နောက်ထပ် သည်လိုသာ အချိန်ကြာကြာ မြင်နေရလျှင်ဖြင့် ဖြူ့စိတ်တွေ ညွတ်ခွေ ယိမ်းယိုင်လာတော့မည်။

ပြန်ပါတော့ မင်းရင်....

'ကျွန်တော် ဖြူ့ကို ရည်ရွယ်ချက်တစ်ခုခုနဲ့ ချဉ်းကပ်ခဲ့တာ မဟုတ်ဘူးဆိုတာ ဖြူ ယုံအောင် ဘယ်လိုပြောရမလဲ....



ဖြူနဲ့ကျွန်တော် ဆုံကြတဲ့အဖြစ်ဟာတိုက်ဆိုင်မှုသက်သက်ပါ ဖြူ....'

'ပြန်တော့....မင်းရင်'

'ကျွန်တော့်ကို မျက်နှာချင်း မဆိုင်ချင်တော့ဘူးလား....'

'ဟုတ်တယ်'

'ကျွန်တော့်အပြစ်က အဲလောက်တောင်ထိုက်တန်လို့လားဗျာ....'

မျက်တောင်များဖြင့် မျက်ရည်စက်များကို ပုတ်လျက်....ခါထုတ်ပစ်လိုက်သည်။ သံတံခါးကို လက်ဖြင့် တင်းတင်းဆုပ်ကိုင်လျက် နံရံကိုမှီရင်း အားပြုထားရ၏။ သူ့ကို မြန်သွားစေချင်ပြီ။ မေမေပြန်လာသည့်အခါ သူ ခေါင်းမဖော်နိုင်လောက်အောင် စကားလုံးများဖြင့် ဖိနှိပ်ခံရမည်ဆိုတာ ဖြူ ကြိုသိနေပြီးသား....

ဖြူ့ ရှေ့မှောက်မှာ သူ့ကို.... သိမ်ငယ်မနေစေချင်ပါ။ ဒါကတော့ ဖြူ့ရင်ထဲက ဆန္ဒအမှန်ပင် ဖြစ်၏။ လည်ချောင်းတွေခြောက်သွေ့နေလျက်မှပင် စကားပြောဖို့ အားယူလိုက်သည်။

ဖြူ့ကို ဘာကြောင့် လှည့်စားခဲ့တာလဲ မင်းရင်....'

'ဖြူ့ကို ကျွန်တော် ဘယ်တုန်းကမှ မလှည့်စားခဲ့ပါဘူး'

'ဒါဖြင့်.... အရှုးလုပ်ခဲ့တာပေါ့....'

သူ ခေါင်းယမ်းလျက် သက်ပြင်းရှိုက်လေသည်။

'ဖြူသွယ်ဆိုတဲ့ မိန်းကလေးနဲ့ ဆုံဆည်းပြီးတဲ့အခါမှာ ဖြူသန့်စင် ဆိုတာကို ကျွန်တော် မေ့နေခဲ့တာ အမှန်ပါ၊

တမင် မသိဟန်ဆောင်နေတာ မဟုတ်ပါဘူး ဖြူသွယ်၊ ကျွန်တော့်ဘဝမှာ မှတ်မှတ်ရရ ရှိနေတဲ့ မိန်းကလေးဟာ ဖြူသွယ်ပါ၊ ဖြူသန္တာစင် မဟုတ်ပါဘူး....

ဒါကို ဖြူ နားလည်တတ်ရင် ကျွန်တော် ကျေနပ်ပါပြီ၊ ဖြူ့ရဲ့ ပိုင်ဆိုင်မှုတွေ၊ အောင်မြင်မှုတွေ ဘာတစ်ခုကိုမှ ကျွန်တော် စိတ်မဝင်စားပါဘူး ဖြူ၊ ကျွန်တော် ဖြူသွယ့်ကိုပဲ ချစ်ခဲ့တာပါ.... ဖြူသွယ့် နှလုံးသားကိုပဲ မြတ်နိုးခဲ့တာပါ၊ ဒီထက်ပိုပြီးတော့လည်း ကျွန်တော် မပြောတတ်တော့ဘူး....၊ ဖြူ နားလည်နိုင်မယ်ဆိုရင် ကျွန်တော် ဝမ်းသာရမှာပါ....

ခုတော့.... တစ်သက်တာအတွက် ကျွန်တော် နှုတ်ဆက်ပါတယ် ဖြူ....၊ ဖြူသွယ်ကိုရော ဖြူသန္တာစင်ကိုပါ နှုတ်ဆက်ပါတယ်၊ ကျွန်တော့်အဖေပါ အမျက်ပြေတဲ့နေ့မှာ ကျွန်တော် ဖြူသွယ်နဲ့ ပြန်ဆုံချင်ပါတယ်.... ဖြူ့ဆန္ဒအတိုင်းပေါ့....'

အင်္ကျီအိတ်ထဲမှ တစုံတရာကို သူ ဆွဲထုတ်ယူသည်။

'ဒါ.... ဖြူသွယ် ကျွန်တော့်ကို ချည်ပေးသွားတဲ့ လက်ကိုင်ပဝါ....'

နံ့သာရောင် လက်ကိုင်ပဝါလေး....

နောက်ဆုံး ခွဲခွာသည့်နေ့က အမှတ်တရ ပစ္စည်းလေး....

လက်ဆောင်ပေးသည်လည်း မဟုတ်ပါပဲ တမင် သူ့ဆီမှာ ချန်ထားရစ်ခဲ့တာ အမှတ်တရလေးအဖြစ် ကျန်ရစ်စေချင်လို့ပေါ့ကွယ်....

'ကျွန်တော့်ဆီမှာ ရှိမနေချင်ဘူး မဟုတ်လား....'



ဟု လှမ်းပေးရင်း သူပြောသည်။

'ဟင်အင်း....'

နှုတ်ခမ်းတင်းတင်းကိုက်လျက် သူ့ကို ကျောခိုင်းလှည့်ထွက်လာချိန်မှာတော့ မျက်ရည်တွေ ပါးပြင်မှ လည်တိုင်ဆီ စီးကျနေခဲ့ပြီ။ သူ ပြန်သွားသည်လား.... ရပ်နေဆဲလား မသိချင်တော့.... နုနယ်လွန်းသည့် နှလုံးသားက သည်မျှ ဒဏ်ရာဒဏ်ချက်ကိုပင်မခံနိုင်။ အဖြူရောင် ခေါင်းအုံးတစ်လုံး မျက်ရည်များ ရွှဲနစ် စွန်းတင်းနေ၏။

ချစ်ခြင်းက တံခါးမခေါက်ပဲ ရင်ထဲ ဘယ်အချိန်ရောက်နေသည်မသိ။ သံယောဇဉ်ဆိုသည်ကရော.... မမြင်နိုင်ပေမယ့် ပါးလွှာ ခိုင်ခန့်လွန်းသည်။

ပြတင်းပေါက်မှ မြောက်ပြန်လေ ခပ်ဖျော့ဖျော့ တိုးဝင်လာသည်။ သူ့ ကိုယ်ငွေ့ကို သတိရစဉ် လှပ်ခနဲ အေးစက်ရင်ခုန်မိသေး၏။ ကြေကွဲခြင်းတွေက စက္ကန့်မလပ် လွမ်းမိုးလျက် နှလုံးကို အင်အား ချိနဲ့စေတော့သည်။

မင်းရင်....

ဖြူ.... မမုန်းနိုင်ပါဘူးကွယ်....

✱✱

ဖြူ.ကို ဘာကြောင့် လှည့်စားခဲ့တာလဲ မင်းရင်....

ဘာကြောင့် လှည့်စားခဲ့တာလဲ....

တမ်းမမှာ အရှုးတစ်ယောက်လို ခပ်ပြင်းပြင်း ခေါင်းခါယမ်းလိုက်သည်။ ဘယ်မှာဆုံးမည် မသိသော လမ်းမရှည်ကို မျှောက်ရင်း.... သိစိတ်တွေ လွင့်မျောလျက်.... အပြင်းထန်ဆုံး ကြေကွဲနေမိ၏။

ရင်ကို ထိခိုက်စေသည့် အမေး....

ဘာကြောင့်.... လှည့်စားခဲ့တာလဲ.... တဲ့....

ဖြူရယ်....

မျက်ရည် ဝေ.ဝဲသော မျက်ဝန်းများကို ပြန်မြင်နေသည်။ သူမရင်ထဲ ကြေကွဲမှု အတိုင်းအဆသည်လည်း လျော့နည်းမည်မဟုတ်ဟု နားလည်နိုင်သည်။ ရက်စက်သည်ဟု စွဲချက်မတင်လိုတော့.... ကံကြမ္မာ ထားရာမှာ ကျေနပ်ဖို့ ဆုံးဖြတ်ခဲ့ပြီးပြီမို့ ချစ်သူ.နှလုံးသားမှာ နောက်ထပ်ဒဏ်ရာ မရစေချင်တော့.... တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ရဲဖို့ သတ္တိတွေ အဓောကြီးကတည်းက ရခဲ့ဖို့ ကောင်းသည်ဟု ခုမှ တွေးမိသည်။ ဖြူ.မျက်ရည်ကို မမြင်ရချင်၊ ချစ်သူကို နောက်ထပ် စိတ်မဆင်းရဲ စေချင်တော့....

မြတ်နိုးစွာ ချစ်ခြင်းကို တစ်သက်တာ သိမ်းဆည်းသွားတော့မည်။ တုန့်ပြန်မှု ဆိုသည်ကတော့ စ,ကတည်းကမှ မျှော်လင့် မထားခဲ့သည်ပဲ....

---





နံ့သာရောင် လက်ကိုင်ပ ဝါလေးကို လက်မှာ ပြန်စည်းနှောင်သည်။

(တကယ်လို့ ပြန်မဆုံဖြစ်ကြရင်တောင်မှ သတိရနေမယ်ဆိုတာ ယုံပါ....)

မိုးစက်တွေကြားမှ ပုံရိပ်များစွာ.... သီတိုင်ဦပင်ကြားမှ ပျဉ်ထောင်အိမ်ကလေး.... မြဖီးကြီး ရွှေညို.... ဘိုးဘိုးဦးလွန်းသာ၏ ကျွဲကောခြံ....

သတိရခြင်းတွေသာ ရင်ထဲမှာ ကျန်ရစ်သည်။ ပြီးခဲ့သမျှ အချိန်တွေကို ဗွီဒီယိုဇာတ်ထဲ ထည့်ပြီး ပြန်ရစ်လို့ ရနိုင်လျှင်လည်း ကောင်းမည်။ သည်တုန်းကတော့ ခုလို အဆုံးသတ်မျိုးဖြင့် ကြေကွဲ ကျန်ရစ်ရလိမ့်မည်ဟု မထင်ခဲ့တာ အမှန်ပါ။

ကျန်ရစ်ခဲ့သည် ဆိုဦးတော့....

ကြည်ဖြူနားလည်စွာ၊ ကြည်နူးလွမ်းဆွတ်စွာ ကျန်ရစ်ခဲ့ရဲသည်သာ....

ခုတော့....

ကြေကွဲခဲ့ရပြီ ဖြူရယ်....

ဆံပင်တွေ လေနောက် လွင့်ပါနေသည်။ ခန္ဓာကိုယ်ပေါ့ပါးလျက် စကြဝဠာအပြင်ဘက်အထိ မျောပါသွားလျှင်ကောင်းမည်....

ပထမဆုံးနှင့် နောက်ဆုံးအဖြစ် ချစ်ခြင်းကို လေးစားစွာ ကျေးဇူးတင်၏။

---

ပြီးတော့...

ရက်စက်တတ်သော ကံကြမ္မာကိုလည်း.... ကျေးဇူး တင်တောင်း တင်ရလိမ့်မည်။

✷



[ ၉ ]

တက္ကသိုလ်ဝင်တန်းစာမေးပွဲတွေ ပြီးသွားသောအခါ မင်းရင် အတွက် နောက်ထပ် အလုပ်တစ်ခု ပိုလာခဲ့သည်။ ဖေဖေက စုဆောင်းထားသောငွေဖြင့် သစ်ခွဲစက်ထောင်သည်။မင်းရင် တို့ မောင်နှမသုံးယောက်လုံးအတွက်အလှည့်ကျကြီးကြပ်ရင်း အလုပ်ချိန် မလစ်ဟင်းရအောင် ဖေဖေက စီစဉ်၏။ မေမေ ကတော့ မင်းရင်ကို အလုပ်ထွက်ရန် တိုက်တွန်းလေသည်။ မမကြီးက ကျောင်းဆရာမအလုပ်နှင့် ဗာလမြန်ရဖြစ်နေပြီး အာ ငယ် ကောင်က လည်း နေ့ကျောင်းတက်နေသူဖြစ်သည့် အတွက် ဖေဖေနှင့် မင်းရင်သာ စက်ကို ဦးစီးလည်ပတ်ရ၏။

မ အားလပ်သော အိမ်စီးပွားရေးကြောင့် ဘိုးဘိုး ဦးလွန်းသာ၏ခြံထဲသို့ မရောက်ဖြစ်သည်မှာလည်း ကြာခဲ့ပြီ။ တစ်ခါတစ်ရံ မမကြီးက မဂ္ဂဇင်းစာအုပ်များ ငှားလာပြီး မြူသန့်စင်၏ သတင်းဓာတ်ပုံများကို ပြတတ်၏။

ဖြူ ခုဘလော နာမည်လေးတက်လာတယ်'

ဟူသော မှတ်ချက်မျိုးလည်း ပေး တတ် သေး သည်။ မင်းရင်က စိတ်မဝင်စားသလို ရှောင်ဖယ်နေသည့်အခါမှာတော့ စိတ်နာလို့ကောင်းတုန်းပဲလားဟု ပြုံးထေ့ထေ့ စ တတ်ပြန်လေ၏။

'စိတ်နာလို့မဟုတ်ပါဘူး၊ အဲဒါတွေက ကျွန်တော်နဲ့မှ မဆိုင်တာ'

ဟု အမှန်အတိုင်း ပြန်ဖြေလျှင်လည်း မ ယုံ ချင် ပြန်။ တကယ်တော့.... ဖြူသန့်စင်ကို စိတ်ဝင်တစား မရှိလှသည် အမှန်။ ဖြူသွယ်ကိုတော့ ခုထိ သတိရနေဆဲ၊ ပြန်ဆုံချင်သည် ဆန္ဒတွေပြည့်သိပ်နေဆဲ။ ကိုယ့်ဘက်ကဆန္ဒသက်သက်ဖြင့်တော့ သူမနှင့် ပြန်ဆုံဖို့ ဆုမတောင်းချင်။ မုန်းတီးနာကြည်းခြင်းတွေ ပျက်ပြယ်သွားအောင် ဘယ်လိုမှလည်း မကြိုးစားတတ်တော့။ တမင်.... နာစေလိုသည့် ရည်ရွယ်ချက်ဖြင့် အညှိုးအတေးထားခဲ့သည်ကိုလည်း သတိရနေဆဲမို့ ဖြူ့ မိခင်ကိုလည်း နောက်ထပ် ရင်မဆိုင်ချင်တော့....။

မေ့နိုင်ပြီဟုတော့ မပြောချင်....

ဘယ်သောအခါမှ မေ့ပျောက် ပျက်ပြယ်မည် မဟုတ်ကြောင်းကို ဖြူ ဘယ်လို သိနိုင်ပါ့မလဲ...။



'မင်း.... ခုလို ငါတို့ကို ပြုစုကျွေးမွေးတဲ့အတွက် ဝမ်းသာရပေမယ့် မင်း အလုပ်ထွက်တော့မယ်ဆိုတာကိုတော့ ငါတို့စိတ်မကောင်းဘူး မင်းရင်'

သန်းဆောင်က သည်တစ်ခါတော့ လူကြီး ဆန် ဆန် တည်တည်တံ့တံ့ စကားတစ်ခွန်းဖြင့် ဝိုင်းကို အစပျိုးသည်။ မျိုး ကိုက တော့ သန်းဆောင်စကားကြောင့် နှာခေါင်းတရှုံ့ရှုံ့ ရှိ၏။ သုံးနှစ်ကျော်ကာလအထိ စားအတူ၊ သွားအတူ ဖြစ်ခဲ့ကြသော သည် ဝန်းကျင်နှင့် သည် အပေါင်းအသင်း မိတ်ဆွေအားလုံးကို တစ်သက်တာ မှတ်မှတ်ရရ သံယောဇဉ်တွယ်ဖြစ်နေဦးမည်ပင်....။

'အေးကွာ.... စိတ်မကောင်းစရာတော့ အမှန်ပဲ၊ မင်း မရှိတော့ရင် ငါတို့အတွက် စေ့ဖို့ နောက်ဖို့လူ အတော်ကို ရှားပါးသွားပြီ မင်းရင်....'

'ဟော့ကောင်.... မင်းရင်၊ အဲဒါ.... မင်းကို တမင် နှိပ်ကွပ်တာကွ'

ကိုအေးစိုးက ငါးရှဉ့်ခြောက်ကြော်တစ်ဖတ်ကောက်ဝါးရင်း ဝင်ပြော၏။

'ရှိပါစေတော့.... ကိုအေးစိုးရာ၊ ဝိုင်းထိုးဆိုင် သီချင်းလိုပေါ့၊ အားလုံးကို ပျော်စေချင်တယ်လေ'

'ရင်ထဲက စေတနာပါ'

သန်းဆောင် မင်းသားဟန်ဖြင့် ခပ်ရွတ်ရွတ် ဝင်ပြောတော့ နဂိုက စိုစိုပြည်ပြည်ရှိနေသည့်ဝိုင်းက ပို၍ မြူးဆိုင်သွားသည်။

'ဩော်.... ခုတော့ ဖြူသွယ် ဖုန်းဆက်လာရင်တောင် ဘယ်လိုပြောရမှန်းမသိတဲ့ အဖြစ်၊ မင်းအဖြစ်က ဆိုးပါတယ် မင်းရင်ရယ်'

'ဟော့ ကောင်.... မျိုးကို၊ တော်စမ်းပါကွာ၊ အ့ မဂ်လာ အသံနဲ့'

'အေးလေ....ငိုချင်လျက် လက်တို့နေပြန်ပြီ'

'အံမယ်မှယ်.... သံသရာတကွေ့မှာ ပြန်လည်ဆုံတွေ့ဖို့ ရှိနေသေးတယ်နော၊ မင်းရင်ကို အထင်မသေးနဲ့၊ မင်းတို့ တစ်ခါခံခဲ့ရပြီးတာ မမှတ်သေးဘူးလား၊ အဲ့ ဒီ တုန်းက မင်းတို့ ကျေးဖို့ ရှိသေးတယ်လေ၊ အဲဒါ.... မင်းရင် အလုပ် မထွက်ခင် ကျေးရမှာ'

'ကျွန်တော်တို့က ပြောပါတယ်ဗျာ၊ ဒီ ကောင် က ယောက်ျားငယ်နာဖော်သလို ဖြစ်သွားပြီး စွတ်ရှုတ် ငြင်းတော့ တာပဲ'

စကားသံတွေ စီစီညံလာသည်။ ဘီယာ မ သောက် ဘဲ မူးချင်သည့် သူငယ်ချင်းများကြားမှာ မင်းရင်တစ်ယောက် တည်း ဆွေးနေ၊ မှိုင်နေ၍တော့ မဖြစ်။ သူတို့က ဝိုင်းဖြုတ် ထွက်နေလျှင်တောင် အတင်းဆွဲခေါ်ပြီး မျောက်က,ကခိုင်း မည့် သူတွေ....

'တော်ပါတော့ ကိုအေးစိုးရာ၊ အဲဒီလို.... အပြောင် အပြက်နောက်မိတဲ့ စကားတစ်ခွန်းကြောင့် မထင်မှတ်ဘဲ ပြဿနာတွေ ကြီးကြီးကျယ်ကျယ် ဖြစ်ခဲ့ပြီးပြီ မဟုတ်လား၊



ကျွန် တော့် အ ဖို့ က တော့ တစ် သက် စာ မှတ် လောက် သွားလောက်ပါပြီ'

'ဒါကတော့.... တစ်ဖက်သတ်ကြီးပါကွာ၊ အဘွားကြီး သက်သက်ညစ်တာ'

တစ်ချိန်လုံး ငြိမ်နေသည့် ခန့်ဗင်းက အသံကျယ်ကျယ် ဖြင့် ဝင်ပြောသည်။ မခံမရပ်နိုင်မှန်း သိသာစေသည့် အသံ....၊

'ဟုတ် တယ်.... မင်း ရင်၊ အဲ ဒါ.... မင်း သက် သက် အညစ်ခံလိုက်ရတာ'

'မင်းကောင်မလေးက ခုထက်ထိ နားမလည်နိုင်သေး ဘူးလား'

'ငါ့ ကောင်မလေး မဟုတ်ပါဘူးကွ'

ပျာပျာသလဲ ငြင်းလိုက်သော မင်းရင်ကို မျိုးကိုက ခပ်ဖြီးဖြီး ကြည့်လျက်....

'အေးပါ.... မဟုတ်လည်း မင်းကောင်မလေးလို့ ခဏ သဘောထား၊ စကားပြောရလွယ်အောင်'

ဟု ပြော၏။

'ဒီလိုပဲ တစ်သက်လုံး အစွပ်စွဲခံပြီး သွားရမှာလားကွ.... ငါတို့ သွားရှင်းပေးမယ် ဆိုတော့လည်း မဟုတ်ဘူး'

'နေစမ်းပါစေကွာ'

'မင်းက နေစမ်းပါစေ ဆိုပေမယ့် ငါတို့က ဗီလင်အောက် ဘယ်ကွ'

'နေဦးကွ.... နေကြဦး'

ကိုအေးစိုးက သန်းဆောင်စကားကို မဆီမဆိုင် လှမ်းထားသည်။

'မင်း ကောင်မလေးက ရွှေမားပုံဆေးလိပ်ခုံနဲ့ အမျိုးဆို'

'ဟုတ်တယ်လေ.... ကိုအေးစိုး'

'သွားတာ လာတာလည်း မတွေ့ပါလား'

'အင်း.... ဟုတ်တယ်၊ အဖေဘက်က အမျိုးလို့တော့ ပြောတာပဲ'

မိသားစု အတွင်းရေးကိစ္စမို့ ဖြေရှင်းချက်ပေးမနေတော့ဘဲ သင့်လျော်မည့် စကားတစ်ခုဖြင့် လျော့ချလိုက်သည်။ ကိုအေးစိုးကလည်း နောက်ထပ်မေးခွန်းတွေ မထားတော့။ ဦးတည်ရာတစ်ခုဆီ ရွေ့လျားနေသော စကားဝိုင်းမှာ သတိရစိတ်၊ တမ်းတစိတ်၊ ကြေကွဲစိတ်၊ နာကျင်စိတ်များဖြင့် အနေအထိုင် ကျဉ်းကျပ်လာသည်။

'အဲဒီ ဆေးလိပ်ခုံက ကိုချိုဝင်းနဲ့ ငါ အတော်ခင်တာ၊ အဲဒီ ကောင်မလေးအကြောင်း တစ်ခါမှ ပြောသံ မကြားဖူးဘူး'

'ဒါကတော့.... စကားမစပ်မိလို့ နေမှာပေါ့ဗျ၊ သူ့မှာ တူမတစ်ယောက်ရှိကြောင်းတော့ အရပ်သိအောင် အလကား နေရင်း မောင်းခတ်နေရမှာလား'

မျိုးကိုက အသားလွှတ် စိတ်တိုသွားပြီး ကိုအေးစိုးကို ဘုတောသည်။ မင်း ရင် လို ပင် သဘော ကောင်း သော ကိုအေးစိုးက ဘာမှ ပြန်မပြောတော့ဘဲ တဟဲဟဲ ရယ်နေလေသည်။



'မင်း.... ဒီကိစ္စကို ဒီအတိုင်းထားတော့မှာလား မင်းရင်'

'ငါက ဘာလုပ်ရမှာလဲ'

'တိုးပါ့ကွာ.... မင်း တိုးလွန်းလို့ အဲဒီလို ခံလိုက်ရတာ'

'သူ့သဘောအတိုင်းပဲ ရှိပါစေတော့ကွာ'

'ခုဟာက... သူ့သဘောမဟုတ်ဘူး၊ သူ့အမေသဘောတိုင်း ဖြစ်နေတာ၊ အဲဒါကို မင်းက အမှန်အတိုင်း မြင်တ်လာအောင် ပြောင်းလဲယူရမှာ'

သည်းခံနိုင်စွမ်းတွေ တစ်စ တစ်စ နည်းလာပြီ။ သည်ကြောင်းအရာနောက် မျောပါပြီး ဟောင်းခဲ့သမျှတွေကို တစ်နေ့ကလို ပြန်လည် ထိခိုက်နာကျင်ရဦးမည်ဆိုလျှင်.... နှလုံးသားက ပါးလျှ အက်ကွဲလာတော့မည် အမှန်.... ကဲ....တော်ပါတော့ကွာ၊ ပြီးခဲ့တာတွေကို ထားလိုက်ပါ ၊ ပြန်ပြောနေလို့လည်း အကြောင်းထူးလာမှာမှမဟုတ်

'ဒမေ့ပစ်လိုက်ပြီဆိုပါတော့'

ချိုဝင်းအမေးက သွေးတိုးစမ်းသည့် သဘောလား.... ာက်စက်ပြုံးရင်း ခေါင်းယမ်းဖြေလိုက်သည်။

'မမေ့နိုင်ပါဘူး၊ ဘယ်တော့မှလဲ မေ့နိုင်မယ် မထင်ဘူး'

ဖွင့်ထားသော တံခါးမှ အိမ်ရှေ့ဧည့်ခန်းထဲ လှမ်းဝင်ပြီး ကတ္တီပါအုပ် ခြေညှပ်ဖိနပ် လေးညှင်းရောင်ကို ဖိနပ်စင်ပေါ် ထောင်ထားလိုက်စဉ်မှာပင် မကြုံစဖူးလောက်အောင် ပြင်းထန်သော မေမေ့ဒေါသကို ထိတ်လန့်တကြား ရင်ဆိုင်လိုက်ရသည်။ စက္ကူခေါက်တစ်ခုကို လက်ထဲမှာ ဆုပ်ညှစ်ခြေမွလျက် မေမေက သူမအနီးသို့ ဖြူရောက်လာသည်အထိ မစောင့်နိုင်ဟန်ဖြင့် ဖြူ့အနား အလောတကြီး ရောက်လာခဲ့သည်။ သွေးအေးတတ်သော ဖြူက မေမေ့ဒေါသကို မြင်တွေ့သိလျက်မှပင် ထိတ်လန့်ချင်သောစိတ်ကို ဖုံးကွယ်ပြီး လွယ်အိတ်ကို ဆက်တီပေါ် ပစ်တင်လျက်....

'ဘာဖြစ်နေတာလဲ မေမေ'

ဟု.... ဟန်မပျက် မေးခဲ့သေး၏။

'ညည်းအဖေဆီကို ညည်းဘယ်တုန်းက စာရေးခဲ့တယ် ဘာတွေရေးခဲ့တယ်ဆိုတာကို ပြောပြစမ်း ဖြူသွယ်'

'ဖေဖေ့ဆီကို....'

'အေးလေ'

'ဖေဖေ့ဆီကို ဘယ်ကလိပ်စာရလို့ သမီးကစာရေးရမှာလဲ'

'ညည်း.... ငါ့ကို ညာမနေနဲ့'

'တကယ်ပါ မေမေရဲ့၊ ဖေဖေ့လိပ်စာကိုသမီးမှ မသိတာ ဘဲ၊ ဖေဖေ့ဆီကရောက်လာတဲ့ စာတွေအားလုံးလည်း မေ ဘဲ မေမေ မီးရှို့ပစ်ခဲ့တာ မဟုတ်လား၊ သမီးအတွက် လိုက်တဲ့စာကို သမီးမြင်တောင်မြင်ခွင့်မရခဲ့ပါဘူး၊ အဲ့ဒီတော့



သမီးဖေဖေ့ဆီကို ဘယ်လိုစာပြန်မလဲ၊ သမီး စာမပြန်နိုင်လို့ ဖေဖေက သမီးဆီ စာမရေးတာတောင် ကြာလှပြီပဲ'

'ပဲခူးက ညည်းအမျိုးတွေဆီကလေ....'

'သမီးသူတို့ဆီ တစ်ခေါက်မှတောင် မရောက်ဘူး'

'ညည်းက ဓာတ်ပုံတောင် ရအောင် တောင်းနိုင်သေးတာပဲ၊ ညည်းကို အမျိုးတွေက လိပ်စာ မပေးလိုက်ဘူးဆိုတာ ဖြစ်နိုင်ပါ့မလား'

'မပေးတာတော့ အမှန်ပဲ မေမေ၊ သမီး စာမရေးတာလည်း အမှန်ပဲ၊ နေပါဦး....အခုဘာတွေဖြစ်နေလို့ ဒီလောက်တောင် ဒေါသတကြီးဖြစ်နေရတာလဲ'

မောမောပန်းပန်းဖြင့် ဆိုဖာဆက်တီပေါ် ဖြူ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ မေမေနှင့် ဖြူ.... ခုတလော မျက်နှာချင်း သိပ်မဆိုင်ဖြစ်ပါ။ ဖြူက ဖြူစိတ်ဝင်စားသော ကျောင်းသင်ခန်းစာများ၌သာ အာရုံရောက်နေပြီး မေမေကလည်း သူမ၏ ဗွီဒီယိုလုပ်ငန်းလိုင်စင်ကိစ္စ၊ ဇာတ်လမ်းခွင့်ပြုချက်ရရေးကိစ္စ၊ ကန်တော့ပွဲကိစ္စ.... စသည်ဖြင့် သူမ၏ လုပ်ငန်းသစ်၊ နယ်ပယ်သစ်ထဲမှာသာ အာရုံနစ်မြုပ်နေသည့်အတွက် အလျင်ကလို သားအမိနှစ်ယောက် ခေါင်းချင်းဆိုင် ဆွေးနွေးတိုင်ပင်လို့ပင် အချိန်မရတတ်။ ကျောင်းကပြန်လာသည့်အခါ ဖြူက ရေမိုးချိုး.... ထမင်းစားပြီး စာကျက်.... သင်္ချာတွက်.... ပြီးတော့.... မီးမှိတ်အိပ်။ မေမေက အိမ်မှာပင် ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်။ မင်းသားနှင့် ကားရိုက်ချက်ညှိ.... ဒါရိုက်တာကို ရက်တောင်း.... ကားတစ်စီးနှင့်

ရုပ်ရှင် အစည်းအရုံး....မြှင့်တင်ရေး.... ဇာတ်ညွှန်းရေးသူထံ ပြေး.... မအားလပ်နိုင်အောင် ရှိသည်။ သည်နေ့တော့.... မေမေ အိမ်မှာ တစ်နေကုန် ရှိနေပုံရ၏။ ပြီးတော့ ဖေဖေ နှင့်ပတ်သက်သည့် ပြဿနာ တစ်စုံတစ်ရာ....

မေမေမှာ ဖြူ့ရွှေ့ဆက်တီမှာ ဆောင့်ဆောင့် အောင့် အောင့် ဝင်ထိုင်သည်။

'ဖအေ့ဆီက လှမ်းပြီး ဘာတွေများ တိုင်တမ်းလိုက်သလဲ ဟင်.... မိထွေးနဲ့ နေချင်တဲ့ မိန်းမ....'

'မေမေ သမီးကို အသားလွှတ် မစွပ်စွဲနဲ့.... ဖေဖေ့ဆီကို ခုချိန်ထိသမီး စာတစ်စောင်မှ မရေးဖူးဘူး၊ ဖေဖေ့ လိပ်စာ လည်း သမီး မသိဘူး'

'ဒါဆို....ဒီစာကဘာအဓိပ္ပာယ်လဲ'

မေမေ့လက်ထဲမှ ကြေမွနေသော စာရွက်ခေါက်လေး သူမနှင့် မေမေ့ကြား ဖော်မီကာစားပွဲပေါ် ရောက်လာသည်။ ကြေ့စက္ကူတောင့်တောင့်သည် မေမေ့လက်ထဲမှာ မည်မျှ ဒဏ်ခံခဲ့ရရှာသည်မသိ။ တွန့်လိမ်ပြီး မနည်းကို ဖြန့်ယူရသည်။ စာရွက်ထိပ်ထောင့်မှာ မှင်အနက်ရောင်ဖြင့် တင်တင်....ဟု သော စာလုံးကို စတင် မြင်ရ၏။

နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်သည့်အတွက် မေ့ လျော့စ ပြုနေပြီဖြစ်သည့် ဖေဖေ့လက်ရေး သေးသေးနှင့် ခပ်စောင်းစောင်း....



တင်တင်....

ခင်ဗျားနဲ့ ကျုပ် ဆက်သွယ်စရာ အရေးကိစ္စ ကုန်သွားပြီ ထင်ခဲ့ပေမယ့် သမီးသတင်းတွေ ကြားတော့ ကျုပ်မနေနိုင်ပြန်ဘူး၊ သမီးဟာ.... ကျုပ်ရဲ့ အချစ်ဆုံး.... အလိမ္မာဆုံး.... သသိတတ် ဆုံးသမီးဆိုတာ ခင်ဗျားအသိပဲ.... ကျုပ်နဲ့ အတူ သမီးကို နေစေချင်ပေမယ့်....ခင်ဗျားက ခွင့်မပြုခဲ့ ဘူး၊ ကျုပ် အနေနဲ့လည်း သမီးတစ်ယောက်ကို ဖခင်က အုပ်ထိန်းခြင်းထက် မိခင် အုပ်ထိန်းမှုက ပိုထိရောက်ပြီး.... အဆင်ပြေစေမယ်လို့ ယူဆတဲ့ အတွက် သမီးကို ချစ်လျက်နဲ့ ခွဲခွာနေနိုင်ဖို့ ကြိုး စားခဲ့တယ်၊ ဖခင် တစ်ယောက်ဖြစ်ပြီး တာဝန်မဲ့ မေ့လျော့နေတယ်လို့တော့ မထင် လိုက်ပါနဲ့.... တင်တင်....၊ သမီးကို ကျုပ် အမြဲတမ်း စောင့် ကြည့်နေခဲ့တာ....

ခုတော့.... ကျုပ် ခင်ဗျားကို ပြောတော့မယ် သမီးရဲ့အပေါ် ခင်ဗျားရဲ့ အုပ်ထိန်းမှု သိပ်ပြီး ညံ့ဖျင်းတယ် တင်တင်.... ခင်ဗျား သမီးကို ကောင်းကောင်း မကိုင်တွယ်နိုင်ဘူး၊ ခုဆိုရင်.... သမီးစိတ်တွေ ထွေနေပြီ.... လေလွင့်နေပြီ....ပေါ့ လျော့နေပြီ....

မြတ်စွာဘုရား....

ဖေဖေက ဘာကြောင့်များ ဖြူ့ စိတ်တွေကို သိနေရပါလိမ့်— ဘယ်လိုနည်းနှင့်များ မြင်နိုင်ရပါလိမ့်.... မေမေ့.... အထင်နှင့် စွပ်စွဲချက်ကို ဖြူ သဘောပေါက်လာသည်။ ဖေဖေ ဖြူ့ကို မျက်ခြည်မပြတ် ဂရုတစိုက်ရှိနေသည်ဆိုသည်ကတော့ ဖြူ့အတွက် ကြည်နူး ဝမ်းမြောက်စရာပါ။ သို့ပေမယ့်.... မေမေ့အတွက်တော့ ဖြူ စိတ်ထိခိုက်ရသည်အမှန်....။ဖေဖေ့ စွပ်စွဲချက်....ထင်မြင်ချက်....မှတ်ချက်တွေ ဘယ်လောက်အထိ မှန်ကန်နေသည်ဆိုတာ ပြန်လည် ဆန်းစစ်ကြည့်ရင်း.... ဖြူ သက်ပြင်းမောကို ရှိုက်မိရပြန်သည်။

သမီးဖြစ်ချင်တဲ့ ဆန္ဒတွေ၊ ရည်ရွယ်ချက်တွေ၊ ဝါသနာတွေကို ခင်ဗျား နည်းနည်းမှနားလည်ပူ မပေးနိုင်ပဲကိုး၊ ခင်ဗျားက ခင်ဗျား ဖြစ်စေချင်တဲ့ လမ်းကြောင်းအတိုင်း သမီးကို ဇွတ် ပုံသွင်းနေတော့တာပဲ၊ သမီးဟာ ခင်ဗျားရဲ့ သမီးပါပဲ၊ ဒါပေမယ့်.... ခင်ဗျားရဲ့ စိတ်ဓာတ် ခင်ဗျားရဲ့ ဝါသနာနဲ့ တစ်စက်ကလေးမှ မတူဘူး ဆိုတာ ခင်ဗျား သတိထားမိဖို့ ကောင်းတယ်....

သမီးဟာ ရုပ်ရှင်မင်းသမီး မဖြစ်သင့်ဘူး တင်တင်၊ အကယ်၍ ဖြစ်လာခဲ့သည်ထား.... သူ့ အဲဒီဘဝကို ပျော်မှာမဟုတ်ဘူး၊ ကျုပ်ဟာ သမီး ငယ်စဉ် ကတည်း က သမီးနဲ့ လက်ပွန်းတတီး အရှိခဲ့ဆုံး ဖခင်၊ ဘာမေဖြစ်တဲ့ ခင်ဗျားတောင်



ကျုပ်လောက် သမီးနဲ့ နီးနီးစပ်စပ် မရှိခဲ့ဘူး ဆိုတာ ခင်ဗျား ဝန်ခံရပါလိမ့်မယ်....

ဒီတော့.... ခု ခင်ဗျားကြိုးစားနေတဲ့ ကိစ္စတွေ့ အတွက် သမီးနဲ့ အကြေအလည် ညှိနှိုင်း ဆွေးနွေးပါ၊ သမီးရဲ့ ဆန္ဒကို ဦးစားပေးပါ၊ မဟုတ်ရင်တော့ သမီးဟာ ခင်ဗျားရဲ့ ဆန္ဒကို လည်း ဖြည့်ချင်.... သူ့ဝါသနာမပါတဲ့ အလုပ် ကိုလည်း ဆက်မလုပ်ချင်ပဲ.... စိတ်ဆင်းရဲလာပြီး လွဲမှားတဲ့ ထွက်ပေါက်တွေဆီ ဦးတည်သွားနိုင် ကာယ်....

ဒါမှမဟုတ်ရင်တော့.... သမီးကို ကျုပ်ဆီ ပို့ပေးပါ၊ ကျုပ်ဒီမှာ သမီးကို မြန်မာစိတ်ဓာတ်၊ မြန်မာ့ ဗုဒ္ဓသတ္တိနဲ့ မြန်မာတစ်ယောက် ပီသအောင် ခင်ဗျားထက်တော့ ကောင်းကောင်း ထိန်း ကြောင်းနိုင်ပါလိမ့်မယ်၊ သမီးကလည်း ကျုပ်နဲ့ အတူနေဖို့ ဆန္ဒ ရှိလိမ့်မယ်လို့ ကျုပ်ထင်တယ်....၊ ကျုပ်ကိုယ်တိုင်လည်း သမီးကို အောက်မေ့လာပြီ။ ခင်ဗျား အတွက် လည်း သမီးနဲ့ အချိန်တွေ အတော်များများ အတူ နေခဲ့ပြီးပြီပဲ၊ သမီးကို ကျုပ်ဆီ လွှတ်ဖို့ ခွင့်ပြုနိုင်လိမ့်မယ် ထင်ပါ တယ်....။

ကျုပ်ရဲ့စာကို ပြီးဆုံးအောင် ဖတ်တဲ့အတွက်
ကျေးဇူးတင်ပါတယ်....

ဖေဝင်း

ဖေဖေ ထိုးနေကျ လက်မှတ်....

(ဖေဝင်း) ဟူသော အမည်နာမ အောက်မှာ ဖေဖေ နေထိုင်လျက်ရှိသည့် ဩစတေးလျနိုင်ငံ ဆစ်ဒနီမြို့လိပ်စာ....

မေမေ ဒေါသတကြီး ဖြစ်နေမှုအတွက် ဖြူ မအံ့ဩ တော့ပါ။ မေမေ့အတွက် အကြီးအကျယ်ဆုံး ပေါက်ကွဲစေမှုက ဖေဖေနှင့် အတူ ဖြူ နေထိုင်ဖို့ တောင်းဆိုချက်ပင် မဟုတ်ပါလား။ အတ္တကြီးသော၊ ကိုယ်ချင်းစာတရား နည်းပါးသော မေမေသည် ဖြူ့ကို အသက်မကဲ ချစ်ပြီး သူမရင်ခွင်ထဲမှ ဖြူ့အား ခွဲထုတ်ယူငင်သွားမည့် သူတိုင်းကို မုန်းတီး အညှိုးသိုလေ့ရှိကြောင်း ဖြူ ကောင်းကောင်းသိသလို ဖေဖေလည်း သိနှင့်နေပြီး ဖြစ်ပါလိမ့်မည်။

သို့ပါလျက်နှင့်.... ဖေဖေက အကျိုးမဲ့ စာကို ရေးသားခဲ့သည်ဟုလည်း ဖေဖေ့ကို အပြစ်မတင်ချင်ပြန်။ ဖေဖေသည် ဘာဝိုးတည်းသောသမီး ဖြူသွယ့်ကို မေမေနှင့် ထပ်တူသို့မဟုတ် မေမေ့ထက် သာလွန်၍ ချစ်ခဲ့သည် သာ ဖြစ်သည်။

'ကဲ.... ဘယ့်နှယ်လဲ ဒေါ်ဖြူသွယ်....

'မေမေ....'





ဖြူ့ ခေါ်သံကို ခါးသက်လိုဟန်ဖြင့် မေမေက မျက်လုံးလွှဲလျက် မဲ့ပြုံးပြုံးနေခဲ့သည်။ မေမေက တစ်ခါတစ်ရံတော့လည်း ကလေးဆန်တတ်၏။

'သမီးကို ဖေဖေက....'

'အေး.... ညည်းကို ခေါ်တဲ့စာပဲ၊ ညည်းကလည်း ခေါ်စေချင်နေတာပဲ မဟုတ်လား....'

'ဟင်အင်း....'

'သမီးကို ခေါ်ပါတော့လို့ ညည်းက စာထဲမှာ ထည့်ရေးလိုက်တယ် မဟုတ်လား....'

'ပြောပြန်ပြီ....'

မေမေ.... ဖျတ်ခနဲ မျက်နှာလှည့်လာသည်။

'ပြောမှာပေါ့.... ငါ့ကို စော်ကား ထား တာ လေ....၊ မိုင်ပေါင်း များစွာဝေးကွာတဲ့ နေရာကတောင် ငါ့စိတ်ကို ထိခိုက်အောင် ဒေါသထွက်အောင် လုပ်ချင်တဲ့လူ၊ ဒီလောက်မတောင် ခေါ်ချင်နေရင် လိုက်သွား.... ညည်း လိုက်သွား.... ညည်းက ဖအေကိုပဲ ခင်တွယ်တဲ့ သမီး.... ငါ့ကိုတော့ ရှိတယ်လို့တောင် အမှတ်မထားတဲ့ သမီး၊ ငါ့ စေတနာတွေကို စော်ကားတဲ့ သမီး....၊ ညည်းသွားချင်ရင် သွားပါတော့.... ငါကိုယ်တိုင် လိုက်စီစဉ်ပေးမယ်....'

မေမေ့မျက်ရည်စက်တွေကို ကြည့်ရင်းရင်ထဲမှာ တငွေ့ငွေ့လောင်မြိုက်လာသည်။ သံယောဇဉ်ကြိုးစ၏ အစွန်းနှစ်ဘက်သည် တင်းတင်းရစ်ရစ် ချည်နှောင်ထားရင်းမှ ရုန်းပြန်ဆွဲငင်နေပြန်တော့သည်။ မေမေ့ လွမ်းမိုးမှု အောက်မှာ ဖြူ

မပျော်ရွှင်နိုင်သည်ကတော့ အမှန်။ သို့ပေမယ့်.... မေမေ့ထံမှ ဖြူ ရှုန်းထွက် မသွားလိုပါ။ မေမေ့ကို တစ်ယောက်တည်း ချန်ထားရစ်ပြီး ဖြူ ဘယ်ကိုမှ မသွားနိုင်ပါ။ မေမေ တစ်ယောက်တည်း ဖြူ့ကို လွမ်းဆွတ်ကြေကွဲစွာ ကျန်ရစ်မည်ကို သိထား နားလည်နှင့်သလို ဖြူကိုယ်တိုင်လည်း မေမေနှင့် ဝေးပြီး မေမေ့ကို အောက်မေ့တ,သနေရမည့် အဖြစ်ကို မလိုလားနိုင်ခဲ့။

'ဖြူ.... မသွားပါဘူး မေမေ....'

'ဘာ....'

မေမေက ခုထိ ဒေါသမပြေနိုင်သေး....

'ဖြူ.... မြန်မာပြည်ကနေပြီး ဘယ်ကိုမှ မသွားချင်ဘူး၊ ဖြူ မြန်မာပြည်ကို ချစ်တယ်၊ မြန်မာပြည်မှာပဲ ဖြူနေမယ်၊ မြန်မာပြည်မှာပဲ ဖြူ သေမယ်.... နောက်ပြီး ဖြူ မေမေ့ကို မခွဲနိုင်ဘူး မေမေ....၊ ဖေဖေ့ကို လာခေါ်ပါလို့ ဖြူ ဘယ်တုန်းကမှ စာရေးပြီး မပြောခဲ့ပါဘူး.... ဘယ်တော့မှလဲ ပြောမှာ မဟုတ်ပါဘူး မေမေ....

အဲဒါ မေမေ့ကို ချစ်လို့၊ မေမေ့ကို မခွဲနိုင်လို့....၊ မေမေ့ဆန္ဒတွေကို ဖြည့်ပေးဖို့၊ မေမေ့ကို သမီး နားမလည်နိုင်ပေမယ့်.... သမီး မေမေ့ကို ချစ်တယ်လေ....'

ဖြူက မေမေ့ခြေရင်း ကြမ်းပြင်မှာ တင်ပြင်ခွေ ထိုင်လိုက်သည်၊ မေမေက ဖြူ့ကို တွေတွေဝေဝေကြည့်နေဆဲ....





မေမေ့ပေါင်ပေါ်မှာ မျက်နှာအပ်ရင်း.... မေမေ့ မျက်ရည်ပေါက်တွေ ဆံပင်တွေကြားထဲ ကျဆင်းကုန်သည်ကို သိနေရင်းပဲ ဖြူ ဘည်းထန်စွာ ငိုမိတော့သည်။

ကြေကွဲခြင်းသည် ဖေဖေ့အတွက်လား၊ ဖြူ့ ကိုယ်တိုင် အတွက်ပဲလား၊ သမီးကို ခွင့်လွှတ်ပါတော့ ဖေဖေ....

'ဖြူလေး....'

'မေမေ....'

'သမီး မေမေ့ရင်ခွင်ထဲက ပျောက်သွားမှာကို မေမေ အစိုးရိမ်ဆုံးပါကွယ်....'

နွေးထွေးသော မျက်ရည်စက်များကြား စီးမျောပျော် ဝင်လျက် ဖေဖေ ခွင့်လွှတ်နိုင်ဖို့ကိုသာ ဖြူ့ ရင်တွင်းက အထပ်ထပ် တောင်းပန်နေမိတော့သည်။

ရှေးဘဝ ဝဋ်ကြွေးများလဲကွယ်....။

'ဖြူသွယ်'

လွယ်အိတ်ကို နောက်ပစ်လျက် မှန်ဗီရိုအတွင်းမှ ယွန်း ပန်းချီကားများ.... ကောက်ရိုးပန်းချီကားများကို တမေ့ တမော ကြည့်နေစဉ်မှာပဲ ရင်းနှီးဖူးသည်ဟု ထင်ရသော သေံကိုကြားရသည်။ ဘေးဘက်ဆီ အနည်းငယ် စောင်းငဲ့ ကြည့်မိ၏။

'ဟာ.... လေးလေးချိုဝင်းကြီး'

'တော်သေးရဲ့....ငါ့မှာ လူများ မှားခေါ်မိပြီလားလို့... မတွေ့တာကြာတော့ သိပ်မမှတ်မိတော့ဘူးဟ်....'

'သမီးကတော့ တွေ့တွေ့ချင်း မှတ်မိပါတယ်နော်... ဘယ်လိုလဲ.... အားလုံး နေကောင်းကြလား.... ကြီးလှတို့... ကြီးမြတို့....ဒေါ်လေးဝင်းတို့....'

'နေကောင်းပါတယ်ဟာ.... နင့်ကိုလည်း အားလုံးက တွေ့ ချင်နေကြတာ၊ ဘယ့်နှယ် တစ်ယောက်တည်းလား'

'တစ်ယောက်တည်းပေါ့၊ လေးလေးတူမအကြောင်း... သိလျက်သားနဲ့.... အပေါင်းအသင်း ရင်းရင်းနှီးနှီးလည်း မထားတတ်တော့ ဘယ်သွားသွား.... ဘယ်လာလာ.... တစ် ယောက်တည်းပေါ့'

ဗိုလ်ချုပ်ဈေး ပလက်ဖောင်း အလယ်တည့်တည့်မှာမို့... ကိုချိုဝင်းနှင့်အတူ ပါလာသူက....

'ဘေးရွှေ့ရပ်ပါလား'

ဟု သတိပေးစကား ပြော၏။

'ဟာ....တစ်ခုခုစားရင်း ပြောမယ်လာ.... ငါ့တူမကို ငါ မုန့်ကျွေးရမှာယ်'

'သမီး ကျွေးပါ့မယ်'

'လူကြီးက ကျွေးရတာ ထုံးစံဟ'

ပြောရင်းဆိုရင်း....ရွှေမှ ခပ်သွက်သွက်လျှောက်သွားသည့် လေးလေးချိုဝင်းနောက်.... အမိ ပြေးလိုက်ရင်း.... ဖေဖေ





အကြောင်း တစ်စွန်းတစ်စတော့ သိရကောင်းရဲ့ဟု တွေးမိ မေမေသာမြင်လျှင်တော့ ဒေါသူပုန် ထ လိမ့်ဦးမည်။

'အာရ်အိုင်တီ ကျောင်းသူ.... ဗွီဒီယိုကြော်ငြာ မင်းသမီး လုပ်နေပြီး ခုထိ အတွဲလေး တစ်ယောက်တောင် မရသေး ဘူးလား....ညံ့ပါ့'

ဖြူက ဟက်ဟက်ပက်ပက် ရယ်မောပစ်လိုက်သည်။

'အံ့မယ်....ညံ့တာ မဟုတ်ပါဘူးနော်.... မေမေ့က မကြိုက် လို့ပါ'

'နင့်အဖေကတော့ လွန်ပါတယ်'

'ဟာ....လေးလေးကလည်း....'

'ဘာလဲ.... ပြောတာ မကြိုက်ဘူးလား....'

'မဟုတ်ပါဘူး'

'ငါတို့ကတော့ နင့်ကို သနားလို့....၊ ဒါပေမယ့်.... နင် ကျေနပ်ရင် ပြီးတာပဲ၊ နင့်အဖေကတော့ နင့်ကို သူ့ဆီ ခေါ် ချင်နေတာ'

သက်ပြင်း ခိုးရှိုက်ရင်း.... သည်တရားခံကို မေမေသာ သိ လျှင်တော့ ကွယ်ရာမှာ မှိုချိုးမျှစ်ချိုး ပြောဦးတော့မှာပဲဟု စိတ်မသက်မသာ တွေးလိုက်မိသေး၏။

ခေါက်ဆွဲသုပ်ဆိုင်မှာထိုင်ပြီး စားသောက် ...

'... လေးတို့ ရန်ကုန်ကို ဘာလာလုပ်တာလဲ'

ဟု မေးသော့....

'ငါတို့အိမ်ပြင်ဖို့ ပစ္စည်းဈေးတွေ လာစုံစမ်းရင်း အိမ်က ဈေးမှာလိုက်လို့'

ဟု ဖြေ၏။ တစ်ဆက်တည်း....

'နှင်ရော.... ဈေးထဲ တစ်ယောက်တည်း ဘာလာလုပ်တာလဲ....'

ဟု မေးသည်။

'အလုပ်ခန်းမှာသုံးရမယ့်ပစ္စည်းလေးတချို့မြို့ထဲလာရှာရင်း ဈေးဘက်ဝင်ကြည့်တာ၊ ပန်းချီဆွဲဖို့စုတ်တံလည်းဝယ်ရင်းနဲ့၊ ဖေဖေ့ဆီက စာလာတယ် ဟုတ်လား....'

'အေး.... တို့နဲ့လည်း အဆက်အသွယ်ရတာ မကြာသေးဘူး၊ သူက အိမ်ပြောင်းသွားတာကိုး....နောက်ပြီး.... အစိုးမ ပျော်ကြေးကိစ္စတွေ အတော်လိုက်နေရတော့ မအားမလပ်နဲ့၊ နေမကောင်းလို့ ဆေးရုံတက်နေရသေးတယ်တဲ့၊ တို့ကတော့ သူရေးမှ စာပြန်ရေးလို့ ရမှာကိုး....၊ သူသွားတဲ့ လေးနှင် နိုးပါးမှာ စာသုံးစောင်ပဲ ဖတ်ရဖူးတယ်၊ ဒါနဲ့ စာပြန်လိုက်တယ်၊ နှင့်အကြောင်းတွေလည်း မေးလိုက်တာ စုံလို့ပဲ-- မမဝင်းက စာပြန်တော့ သူ မေးထားတဲ့ နှင့်အကြောင်းတွေ ထည့်ရေးလိုက်ရသေးတယ်'

'ဘာတွေလဲဟင်....'



'နှင့် လက်ရှိ အကြောင်းတွေနေမှာပေါ့၊ သူ ရေးတာဆိုတော့ ငါလည်း သေချာမသိဘူး။ ငါတို့အိမ်ကိုတောင် မလာရဘူးလို့ အမိန့်ထုတ်ထားတဲ့ အကြောင်းကိုတော့ ထည့်ရေးလိုက်တယ်၊ ဘယ့်နှယ်....ဆွေပြတ် မျိုးပြတ်.... မဘရားကြီး'

လေးလေးချိုက အလျင်ကာလများစွာကလိုပင် စိတ်ထဲရှိသည့်အတိုင်း.... မကျေမနပ် ပြောနေပြန်၏။ ဖေဖေ့၏ဆွေမျိုးအားလုံးက မေမေ့ကို မကျေနပ်နိုင်ကြ။ ကျေနပ်ရလည်းမမြင်.... သူတို့ဘက်မှာလည်း သူတို့အမှန်....

'နှင်....ခေတ်ပုံတောင်းလို့ ပေးလိုက်တယ် ဆိုတာလည်း ထည့်ရေးလိုက်တယ်'

'သူတို့ အဆင်ပြေကြရဲ့လား....'

'ဒီလိုပါပဲ၊ သူ့အိုးနဲ့သူ့ဆန်ပေါ့၊ နှင့်ဆီ စာမရေးဘူးလား'

'သွားခါစတုန်းကတော့ ရေးတယ်'

'နှင့်အမေက စာမပြန်ရဘူးလို့ ပြောတယ် မဟုတ်လား'

'ဖတ်ကို မဖတ်ရတာ'

လေးလေးချိုမျက်နှာကြီး ရှုံ့မဲ့သွားသည်။ မုန့်ပန်းကန်တွေ ရောက်လာသော့....

'စား....လိုရင် ထပ်မှာ....'

ဟု လိုက်လိုက်လှဲလှဲ ဧည့်ဝတ်ပြုနေပြန်၏။

'ဩော်.... ကိုအေးစိုး....ဒါ ကျွန်တော့်တူမဗျ၊ ဖြူသွယ်တဲ့၊ တီဗီမှာ မြင်ဖူးမှာပေါ့'

'ဟုတ်ကဲ့...မြင်ဖူးပါတယ်ခင်ဗျ၊ ကျွန်တော် အေးစိုးပါ၊ ရွှေဝါထွန်းမှာ အလုပ်လုပ်ပါတယ်....၊ အကူအညီ လိုရင်ပြောပါ'

'ရွှေဝါထွန်းမှာ...'

'ဟုတ်ကဲ့...'

ညွှန့်သည်၏ မျက်လုံးများက ဖြူ့ကို ရင်းနှီးနေသလို ရှိသည်။ ရွှေဝါထွန်း....ဟူသော အမည်နာမက တည်ငြိမ်အေးစက်နေသော ဖြူ့စိတ်တွေကို ဆွဲယူ လှုပ်ခါနိုင်စွမ်းရှိနေဆဲဆိုတာ ခုမှပင် သတိထားမိရတော့သည်။

'ရွှေဝါထွန်းဟိုတယ်မှာလား'

'ဟုတ်ပါတယ် ခင်ဗျ....'

ကိုအေးစိုးသည် အရပ်ရှည်ရှည်ကိုင်းကိုင်း.... ပိန်ပိန်ပါးပါးနှင့် သဘောကောင်းမည့် မျက်နှာပေါက်ရှိ၏။ ဟိုတယ်ဝန်ထမ်းတစ်ယောက် ပီသစွာ အပြောအဆို ယဥ်ကျေးသိမ်မွေ့လွန်း၏။ အင်္ဂါဖြူ....ဘောင်ဘီနက်"" ယူနီဖောင်းနှင့်ဆိုလျှင်တော့....

မျက်ဝန်းထဲမှာ မြင်နေမိသည်က တစ်ယောက်....

'အို....မေ့နေပြီထင်တယ်....

ပြန်သတိရတိုင်း ရင်ထဲမှာ နွေးထွေးနေဆဲပင်....။ နောက်ထပ်မဆုံဖြစ်တော့ဘူးဟုအသေအချာ စိတ်ဆုံးဖြတ်လျက်မှုပင် သူ့ကို ယနေ့ ယခုတိုင် မြင်ယောင်ဆဲ.... သတိရတတ်ဆဲ...

'မင်းရင်'

'ဗျာ....'



'ဟို....မင်းရင်ကို သိလား ဟင်....'

နှုတ်ဖျားမှ စကားကို ပြန်နှုတ်မရတော့.... အယောင်ယောင်အမှားမှား ဖြစ်တတ်သော နှုတ်ခမ်းကို ဖြူ....လူမသိသူမသိ ကျိန်ဆဲလိုက်မိ၏။

'ဟုတ်ကဲ့....သိပါတယ်၊ မင်းရင် အခုအလုပ်ထွက်သွားပြီခင်ဗျ'

'ဟင်....ဘာဖြစ်လို့လဲ'

ဒုက္ခပဲ....စိတ်မဝင်စားအောင်နေလို့လည်း မရပါလား....

'သေချာတော့ မသိဘူး၊ သူ့အိမ်က သစ်စက်ကို ဦးစီးမယ့်သူ မရှိလို့....လို့တော့ ပြောတာပဲ၊ ကျွန်တော် ဘာပြောပေးရမလဲ....ဘာမှာပေးရမလဲ'

'ဟင်အင်း....ကိစ္စမရှိပါဘူး'

'ဘာလဲ.... ဟိုတစ်ခါ အိမ်ကို နင် စာပေးခိုင်းလိုက်တဲ့ကောင်လေးလား'

'ဟုတ်ကဲ့'

လေးလေးချိုဝင်းအမေးကို ခပ်သွက်သွက် ခေါင်းညိတ်မိသည်။

'ဒီကောင် ပြောင်းသွားတာ....ကျွန်တော်တော့ အဖော်လျော့သွားတာပဲဗျ၊ မင်းရင်က သဘောကောင်းပြီး သည်းသည်းခံတော့ သူ့ကိုပဲ အားလုံးက ချစ်စနိုး ဝိုင်းစနေကြတာ.... သူက ရိုးလွန်းတော့ မိန်းမပိုးလည်း မစွံဘူး.... လောင်းကြေးစားကြေး မြှောက်ပေးလည်း သူပဲ ရှုံးတာပဲ၊ ခုအလုပ်ထွက်သွားတဲ့အထိလည်း မစွံဘူး'

ဩြော်....သည်လူ့နှယ်....

တည့်တည့်ပဲ ပြောလိုက်ပါတော့....တွေးရင်း ဖြူ ရယ်ချင်လာသည်။ ဒါဟာ အမှန်တရားဖြစ်နိုင်လောက်ပါသည်။ သူ့သူငယ်ချင်းတွေက ဖြူသန့်စင်ဟု မှတ်မှတ်သားသား မရည်ရွယ်ဘဲ သူ့....အေးစက်နံ့အ, ရိုးသားမှုကို ပြက်ရယ်ပြုခဲ့ကြတာပဲ ဖြစ်ပါလိမ့်မည်။

လေးလေးချိုဝင်း ကတော့ သူနှင့် မသက်ဆိုင်သောစကားများအတွက်ဖြူ့ကိုတစ်လှည့်....ကိုအေးစိုးကိုတစ်လှည့် ပြူးကြောင်ကြောင် ကြည့်နေလေသည်။

'ဟုတ်လား....သူက ရိုးသားပုံတော့ ရပါတယ်'

'ဟာ....တကယ့်ကို ရိုးတဲ့ကောင်'

ဖြူ.... ဆက်ပြီး မသိဟန်ဘဲ ဆောင်နေလိုက်ရမလား....

'ဖြူက သူ့အိမ်တောင်ကျနေပြီထင်တာ'

'ဟာဗျာ....သူလား အိမ်ထောင်ကျမှာ....သူက ဒီတစ်သက်စွံမယ့်ကောင် မဟုတ်ဘူးဗျ'

'ဘာဖြစ်လို့တုံး....'

'သူက အစွဲအလမ်းကလည်း ကြီးသေး.... သူကြိုက်နေတဲ့ကောင်မလေးက သူ့ကို အထင်လွဲသွားလို့ဆိုလား.... ခုထိကြိတ်ဆွေးနေတုံးဗျ'

'ဩြော်....ဟုတ်လား'

ဖြူ ရယ်ချင်လှပြီ။ တော်ပေသေး၏။ ကိုအေးစိုး နောက်ထပ်စကားမဆိုတော့ဘဲ ခေါက်ဆွဲသုပ်ပန်းကန်ဆီ အာရုံပြောင်းသွားသည်။ ဖြူ ကတော့ ပြီးခဲ့သမျှ ကာလတွေကို



ပြန်မြင်ယောင် သတိရရင်း.... သူ နောက်ထပ် ဖြူ့ထံအရောက်လာဖို့ ဘာဖြစ်လို့မကြိုးစားခဲ့သလဲ.... ဟုသာ မချင့်မရဲ တွေးနေမိတော့သည်။ လှ,တွေ အတော်ကြာခဲ့ပေမယ့်မနေ့တစ်နေ့ကလို သတိရဆဲ.... လွမ်းတတ်ဆဲပါ မင်းရင်....

မျက်မှန်နှင့် အသားဖြူဖြူ ကောင်လေး တစ်ယောက်များ အမှတ်တမဲ့ တွေ့လျှင် ဖြူ ပရမ်းပတာ ရင်ခုန်လာတတ်စမြဲ....

'စာတွေ လိုက်နိုင်ရဲ့လား ဖြူသွယ်....'

'ဟုတ်ကဲ့....သိပ်မခက်ခဲလှပါဘူး'

လေးလေးချိုဝင်း အမေးကြောင့် အာရုံပြောင်းသွားပြန်ပြီး ဖေဖေ့ကို သတိရလာပြန်သည်။

'နှင့်အဖေဆီ စာရေးဦးမလား'

'ရှင်....'

'ငါ လိပ်စာပေးမယ်လေ'

'ရေးတော့ ရေးချင်သားပဲ၊ လိပ်စာက ဖြူ့ဆီမှာ ရှိပါတယ် လေးလေး'

'ဟုတ်လား....ဒါဆို....ပြီတယ်ပေါ့'

'ဟုတ်ကဲ့....တလောက ဖေဖေ့ဆီက စာတစ်စောင်လာသေးတယ်၊ အဲဒီမှာ လိပ်စာပါတယ်လေ၊ ဒါပေမယ့်....ာက မေမေ့ဆီလာတာပါ'

လေးလေးချိုဝင်း ဇဝေဇဝါဖြစ်သွားပုံရသည်။ ခေါက်ဆွဲကို ခပ်မြန်မြန် လက်စသတ်ပြီး ပိုက်ဆံရှင်းမည် ပြုတော့လေးလေးက အတင်းတား၏။

'အိမ်လာလည်ပါဦးဟာ....အစ်မတို့ကလည်း သူတို့တူမကို တွေ့ချင်တာပေါ့'

ဟု လေးလေး ပြောတော့ ဖြူ ဝမ်းနည်းရပြန်သည်။ မေမေ့လွမ်းမိုးမှုအောက် မလူးသာ မလွန့်သာ ရောက်နေသော ဖြူ့ကို နားလည် ပေးနိုင်ပေမယ့် မေမေ့အပေါ် မုန်းတီးမှုတွေကိုတော့ ဖြူ ဖြေရှင်းပေး၍လည်း ရမည် မဟုတ်ပါ။

'ဟုတ်ကဲ့....လေးလေး၊ ဖြူ ကြိုးစားပါ့မယ်'

'နင်....ဘာနဲ့ပြန်မှာလဲ၊ ကားပါသလား'

'ဘယ်ကလာ.... ဘတ်စ်နဲ့ပြန်မှာ'

'ငါ လိုက်ပို့မယ်လေ'

'ရပါတယ်....လေးလေးရ၊ တစ်ခါတလေလေး စိတ်လွတ်ကိုယ်လွတ် ထွက်ရတယ်၊ မေမေ မသိအောင်လေ၊ မေမေက လူတွေကြားထဲ ဘတ်စ်ကားတိုးစီးရင် မကြိုက်ဘူး....'

'အင်းပေါ့.... နင်တို့က အထက်တန်းဖွားတွေပဲ'

'ဟာ....လေးလေးကလည်း အဲလိုမပြောပါနဲ့'

နှုတ်ဆက်လမ်းခွဲကြဖို့ပြင်သောအခါ ကိုအေးစိုးက....

'ဖြူသွယ်နဲ့တွေ့တဲ့အကြောင်း ကျွန်တော် မင်းရင်ကိုပြောလိုက်ပါ့မယ်'

ဟု ဆိုလေသည်။

'ဟုတ်ကဲ့'



ဆိုသည်ကလွဲပြီး ဖြူ.... ဘာမှမပြောတော့။ တကယ်ဆိုတော့ ဖုန်းဆက်ဖို့ ကျောင်းကိုလာဖို့ စိတ်ထဲမှာ ရှိသမျှတွေ မှာချင်သည်။ သူ့ကို သိစေချင်သည်၊

ရှိပါစေတော့လေ....

သံယောဇဉ်တွေ ပို့ပိုပြီး ရစ်တွယ်နှောင်ဖွဲ့လာခဲ့လျှင်.... ခုထက် ရုန်းထွက်ဖို့ ခက်ခဲနေတော့မည်။ ခုအခြေအနေမှာ.... တစ်ယောက်နှင့်တစ်ယောက် ပြန်မဆုံဖြစ်ကြလျှင် အကောင်းဆုံး....

တွယ်တာမှုတွေကို မေ့ထားကြလျှင် အကောင်းဆုံး....

တစ်ချိန်ချိန် ပြန်ဆုံဖြစ်ကြလျှင်တော့....

သိပ်ချစ်တယ်....ဆိုသည့်စကားကို ဖြူ လိုလိုချင်ချင်ကြားချင်ကြောင်း....သူ့ကို ခပ်တိုးတိုး ပြောဖြစ်မည်ထင်သည်။

သူ့ဘက်က မပြောင်းလဲဘူး ဆိုလျှင်ပေါ့လေ....

[ ၁၀ ]

ဆောင်းနှောင်း၏ အငွေ့အသက်သည်ခုလို ညနေစောင်းစ အချိန်မှာ ပို၍ပိုပိုပြင်ပြင်ရှိသည်ထင်၏။ လေးနာရီကျော်ရုံရှိသေး ခပ်စိမ့်စိမ့် အေးနေပြီ။ နောက်ပြီး ရာသီကလည်း မှုန်မှိုင်းမှိုင်း.... အုန္နေးထည်ထပ်ဝတ်ပြီး ပြတင်းပေါက်ပေါင်မှာမှီလျက် တစ်စုံတစ်ယောက်ကို လွမ်းဆွတ်နေချင်စရာကောင်းလှသည်။

သည်နေ့တော့ မေမေ့လာအကြိုကို မစောင့်ဘဲ ကားကြုံဖြင့် ဖြူ ခပ်စောစော ကျောင်းပြန်ခဲ့သည်။ ရင်ထဲချမ်းစိမ့်စိမ့်ရှိပြီး ခေါင်းကိုက်ချင်သည်မို့ မိတ်ဆွေ၏ကားကြုံဖြင့်အိမ်နှင့်အနီးဆုံးနေရာအထိ လိုက်လာပြီး လမ်းဆက်လျှောက်လာခဲ့သည်။ ကျောင်းနှင့်အိမ်သည် သိပ်တော့ အလှမ်းမဝေး



လှပါ။ အင်းစိန်မြို့နယ်တစ်ခုတည်းမှာပင် ဖြစ်သည့်အတွက် ဖြူ ကျောင်းအသွားအပြန် အဆင်ပြေသော်လည်း မေမေက နေ့စဉ်လို ဖြူ့ကို ကျောင်းလာကြိုသည်။ မေမေ့မှာ ခုတော့ ပစ်ကပ်ကားလေးတစ်စီးပိုင်ဆိုင်နေပြီ။ တကယ်တော့ ဖေဖေထားရစ်ခဲ့သော အရင်းအနှီးကို မေမေ ပါးနပ်လိမ္မာမှု မပါဝင်ဘဲ သည်အတိုင်း သုံးစွဲနေခဲ့လျှင်ဘယ်လောက်မျှ တာရှည်ခံနိုင်မည်မထင်ပါ။ နှစ်ဦးပိုင် စီးပွားခဲ့ဝေသည်ဆိုသော်လည်း ဖေဖေက သူကိုယ်တိုင် တည်ဆောက်ရင်းနှီးခဲ့သော အိမ်နှင့် စုဆောင်းထားသော ငွေကြေးအားလုံးလိုလိုကို ဖြူ့အတွက် ထားရစ်ခဲ့သည်။ တစ်နည်းအားဖြင့် ဥစ္စာပစ္စည်း ပကာသန်ကို မမက်မော.... မခုံမင်တတ်သည့် အလိုနည်းမှုကို မေမေ သိသာအောင် ပြလိုက်ချင်းလည်း ဖြစ်နိုင်ပါသည်။

ဖေဖေထားရစ်ခဲ့သော အရင်းအနှီးကို မေမေက တိုးပွားအောင် စီးပွားရေးကဏ္ဍ ပါင်းစုံမှ ထောင့်စေ့အောင် စီစဉ်နိုင်သည်။ ခု....နောက်ဆုံး ဗွီဒီယို ထုတ်လုပ်ရေး လုပ်ငန်းအထိ....သည်လုပ်ငန်းမှာလည်း မေမေက လူသစ်တစ်ယောက်ဟု မထင်ရဲလောက်အောင် ရဲရဲတင်းတင်း....အကွက်စေ့စေ့ တိုးဝင်နိုင်ခဲ့သည်။ ဖြန့်ချိရေးမှာ အားထားရသူကတော့....ဦးသက်အောင်.... ဖြူကတော့ မေမေ့အလိုကျ မင်းသမီးပေါ့....

အနုပညာလောကမှာ ထင်ရှား အောင်မြင်ဖို့အတွက်.... အမှီအထောက်မရှိဘဲ နာမည်ကျော်ကြားဖို့အတွက် အင်မတန်မှ ခက်ခဲမှုန်း တစ်စတစ်စ တိုးဝင်သိလာခဲ့ရသည်။ အနုပညာ

အရည်အသွေး ဆိုသည်ကလည်း လိုချင်တိုင်း ပန်တီးယူလို့မှ မရသဲ... သူ့အစွမ်းအစနှင့်သူ....သူ့ပါရမီနှင့်သူ.... ရိုက်ကွင်းထဲမှာ မျက်ရည်ကျ၍ မရ.... အသက်ဝင်အောင် ရယ်မောတတ်သော ဖြူသည် ဒါရိုက်တာ၏အဆူအငေါက်ကို မကြာခဏ ခံရလေ့ရှိ၏။ လူအများရှေ့မှာ အော်ဟစ်ဆူဆဲတော့ ရှက်ရှက်နှင့် ဝမ်းနည်းပြီး မျက်ရည်ကျ....

သည်တော့မှပဲ လွမ်းခန်းဆွေးခန်းကို ပီပြင်အောင် သရုပ်ဆောင်နိုင်တော့သည်။ သည်လို ဟန်ဆောင်လောကတစ်ခုမှာ ပျော်မွေ့ချင်သည့် **မေ**မေကို ဖြူ အံ့ဩလိုက်ရတာ....

ဖြူတို့အိမ်ကလေးရှိသော လမ်းကျဉ်းကလေးသည် ရှည်လျားပြီး အကွေ့အကောက်အတက်အဆင်းများ၏။ ဟိုတုန်းကတော့ သည်နေရာတွေက မြို့လယ်နှင့် ဝေးသည့်အတွက် ဈေးသက်သက်သာသာ ရနိုင်သေးသည်ဟု ဖေဖေပြောခဲ့ဖူးတာကို အမှတ်ရနေမိသည်။ ခုတော့ သည်နေရာတွေလည်း ဈေးတွေ ခေါင်ခိုက်နေပြီ။

ခြံဝင်းကျယ်ပြီး သီးသန့်လုံးချင်းအိမ်များသာ ရှိသော ဆိတ်ငြိမ်ရပ်ကွက်ကို....

✻





'တကယ်တော့ ကျွန်တော်က အမြဲနောက်ကျနေခဲ့တာပါ မမတင်'

ခြံစည်းရိုးနားရောက်မှ ဖြူခြေလှမ်းတွေ တုံ့နှေးသွားရသည်။ ထူထပ်သိပ်သည်းလှသော ပုဏ္ဏရိုက်ပင်များသည် သံဆူးကြိုး အတွင်းဘက်မှာ ကပ်စိုက်ထားခြင်း ခံရသည့်အတွက် အိမ်အတွင်းဘက်သို့ မမြင်နိုင်အောင် အကာအကွယ်ပြုထား၏။ ဖြူတို့အိမ်သည် မြေကွက်၏ နောက်ဘက်နားကျကျမှာ ရှိပြီး အိမ်ရှေ့မှာတော့ ဖြစ်ထွန်းလှယ်သော.... မယ်တော်ကြီးဂမုန်း၊ ကစ်မီကွစ်၊ ပိန်းသစ်ခွ စသော ပန်းအိုးများ အတန်အသင့် မှိုင်မှိုင်ဆိုင်ဆိုင်ရှိသည်။ အပင်ကြီးဆို၍ သရက်ပင်ကြီးတစ်ပင်သာရှိ၏။ ခြံထောင့်ကျကျမှာတော့.... သပြေပင်ပုဝိုင်းစိုင်းကလေးရှိသည်။ ညနေတိုင် နေချိုချိန်ဆို ဖြူတို့သားအမိ သပြေပင်အောက်မှာ ဖျာခင်းပြီးဖြစ်စေ.... ခုံချပြီးဖြစ်စေ ထိုင်လေ့ရှိ၏။ ခုလည်း မေမေနှင့် ဦးသက်အောင် ခြံထဲဆင်းထိုင်သည်ပဲဖြစ်မည်။

ခပ်အက်အက် ရယ်သံကို ကြားရ၏။ ပုဏ္ဏရိုက်အရွက်တွေကြား မပြတ်မသား မြင်ရသော မျက်နှာများကို ချောင်းကြည့်လိုက်မိသည်။

'ခင်နှင်းယုရဲ့ဇာတ်ကောင် အတွက်လိုပေါ့၊ ဖရက်ဒီတုန်းကလည်း နောက်ကျ.... ကိုကိုနိုင့်ကိုကျတော့လည်း ပေးလိုက်ရတာပဲ မဟုတ်ထား....'

'ဒါပေမယ့် ကိုသက်က အတွက်လိုတော့ သစ္စာမရှိပါဘူးနော်....'

မေမေ ဘာတွေ ပြောနေပါလိမ့်....

'အဲ့လို မပြောပါနဲ့ မမတင်၊ ခံလိုက်ရတဲ့ကောင်ဘက်ကလည်း ကိုယ်ချင်းစာကြည့်ဦးမှပေါ့၊ ကျွန်တော် စိတ်ပြေလက်ပျောက် တွဲခဲ့တာလေးတွေပဲ ရှိတာပါ မမတင်....ခုချိန်ထိ ကျွန်တော်.... ဘယ်မိန်းကလေးကိုမှ လက်မထပ်ခဲ့သေးပါဘူး'

'လူပျိုကြီး အမည်ခံတယ်ပေါ့လေ'

'အသွေးအသားကိစ္စနဲ့ အချစ်ကို ရောထွေးမပစ်ပါနဲ့ မမတင်ရာ'

'မင်းတို့က အချစ်ဆိုတာကိုပဲ ဇန်းပြနေတော့တာကိုးကွ'

'ကျွန်တော် မမတင်ကို ချစ်နေတုန်းပဲဆိုတာ မမတင်.... မယုံဘူးပေါ့'

ဖြူ့နှုတ်လုံးသားတွေ ကျဉ်ခနဲ ပူလောင်သွားပြီး.... ခြေထောက်တွေ လှုပ်ရှားမရချင်တော့....

နှောင်းခေတ် ဓာတ်ပြားတစ်ချပ် ဖွင့်နေတာတော့ မဟုတ်လောက်ဘူး ထင်ပါရဲ့....

ဖြူ စကားသံများကိုပင် သေချာမကြားချင်တော့သလို နားတွေ အူလာပြီး မျက်ဝန်းတွေလည်း ပူလောင်ကျိန်းစပ်လာသည်။ ခြေဖျားလက်ဖျားတွေလည်း အေးစက်စ,ပြုပြီ....

'ဟုတ်မှလည်းပြောပါ ကိုသက်ရာ'

မေမေ့အသံက ရှင်မြူးလှိုပါလား....

'ခက်တာပဲ.... ကျွန်တော်ဟာ အယုံအကြည်မဲ့ချင်စရာကောင်းတဲ့ လူတစ်ယောက် ဖြစ်နေပြီလား မမတင်....'





'ယုံဖို့ မရဲသေးတာတော့ အမှန်ပဲကွ'

'မမတင်ရယ်....'

ညည်းညူသံလိုလို ကြားသည်။ မေမေနှင့် ဦးသက်အောင် ဘယ်လိုအနေအထားမျိုးရှိသည်ဆိုတာ ပုဏ္ဍရိက်ပင်အုပ်အုပ်ကြောင့် မမြင်ရပါ။ ဖြူ.... ခြေလှမ်းရွှေ့ဖို့ ကြိုးစားသဲ....

'ကိုဖေဝင်းကို လက်ထပ်မယ်လို့ မမတင် ပြောတုန်းက ကျွန်တော့်ရင်ထဲမှာ ဘယ်လိုဖြစ်နေမယ်ဆိုတာ မမတင် သိစေချင်တယ်'

'မင်း တစ်ချိန်လုံး အရက်မူးနေတာပဲ မဟုတ်လား....'

'အဲဒါ မမတင် ကြောင့်ပေါ့....

'အံ့မယ်မယ်....ကျုပ်က တရားခံဖြစ်ရဦးမယ်'

မေမေ ဘာကြောင့်များ သည်လူကို ညှို့ယောက်စကားပြောနေခဲ့သလဲ....တကယ်ဆို အော်ဟစ်မောင်းထုတ်ပစ်လိုက်ဖို့ သင့်သည် မဟုတ်လား.... ဒါ မေမေ့ကို စော်ကားနေတာလေ.... မေမေ့ကို ဖြက်ရယ်ပြုနေတာ.... နောက်ပြီး မေမေ့ဘဝကို....ဖြူ့ဘဝကို ပြောင်းလဲပျက်စီးသွားအောင် သွေးဆောင်ဖျားယောင်းနေတာ....

'ဩော်.... မမတင်ရယ်.... တခြားဖြေစရာ ဖြေဆေးမှ မရှိဘဲ၊ အရက်မှသောက်ဘဲ မမတင်ကို ကျွန်တော် ဘယ်လိုမေ့မှလည်း....၊ အဲဒီတုန်းကများ ကိုဖေဝင်းကို ကျွန်တော် သတ်တောင် ပစ်ချင်တာ၊ နောက်တော့လည်း.... မမတင် အပေါ် မြတ်နိုးတာ၊ အနွံအတာခံတာတွေ မြင်ရတော့

မမတင် ကံကောင်းတယ်လို့ပဲ တဖက်လှည့် တွေးပြီး မုဒိတာ ပွားရတယ်'

'တော်စမ်းပါကွာ.... သူ့အကြောင်း မပြောစမ်းပါနဲ့....'

ဩြော်....တော်တော်ရက်စက်ပါလား ဒေါ်တင်တင်ခိုင်....

ဖြူ မျက်ရည်စက်များကြားမှပင် အံကြိတ်ထားရင်း.... နာကျင်စွာ ရေရွတ် လိုက်မိတော့သည်။ ဘယ်လိုပဲ ဖြစ်စေ ဦးဖေဝင်းသည် ဒေါ်တင်တင်ခိုင်၏ ဆယ့်ငါးနှစ်တာ ခင်ပွန်း ဖြစ်ခဲ့ဖူးသည် မဟုတ်လား၊ သူစိမ်း ယောကျ်ားတစ်ယောက် ရှေ့မှာ သည်မျှတော့ ခါးသက်ပြဖို့ မကောင်းဘူး ထင်သည်။ ပြီးတော့ နာကြည်းခြင်းဆိုသည်က ဖေဖေ့အတွက်သာ ဖြစ် သင့်သည် မဟုတ်လား။ မေမေ သည်မျှ မုန်းတီးရလောက် အောင် ဖေဖေ့မှာ အပြစ် ကြီးကြီးမားမား မရှိနိုင်ဟုသာ ဖြူ တွေးသည်။

'အင်းလေ.... ခုတော့ မမတင်က ဘယ် ကြားချင်တော့ မလဲ၊ ဟိုတုန်းကတော့ သူ့ရင်ခွင်ထဲမှာ ပျော်ပြီး ကျွန်တော့် ကို မေ့နေခဲ့တာ မဟုတ်လား....'

'ကိုသက်ရယ်....အဲ့ဒီတုန်းက မမ အိမ်ထောင်မပြုချင်သေး ဘူးဆိုတာ မင်းအသိပါ၊ မင်းသမီး တစ်ယောက်ဖြစ်ဖို့ မမ ပြင်းပြင်းထန်ထန် ကြိုးစားနေတဲ့အချိန်....'

'ဒါဆို.... ဘာဖြစ်လို့ မမ ကိုဖေဝင်းကို လက်ထပ်ခဲ့ တာလည်း ကျွန်တော်တော့ နားကို မလည်နိုင်ဘူး မမတင်'

'မမရဲ့ အမှားလည်း ပါ,ပါတယ်၊ သူနဲ့မမ ခရီးအတူ သွားရင်း အချိန်လွန်သွားတော့ မိဘတွေက အထင်လွဲပြီး







ကမန်းကတန်း စီစဉ်ခဲ့ကြတာ၊ အဲဒီတုန်းက သူ့ကို မမ.... ချစ်သလား မချစ်ဘူးလားလို့တောင် သေချာ ဆန်းစစ်ဖို့ အချိန်မရခဲ့ပါဘူး၊ ဒါပေမယ့်.... လက်ထပ်မယ်လို့တော့ကတိ ပေးထားခဲ့ပြီးပြီ၊ ဘာဖြစ်လို့လဲဆိုတော့ သူက မမ လက်ထပ် ချင်လာအောင် ဆွဲဆောင်နိုင်တဲ့.... အရည်အချင်းတွေ ရှိတယ်....'

'ဘယ်လို အရည်အချင်းတွေလဲ....'

'သူတို့ မိဘအသိုင်းအဝိုင်းက ချမ်းသာတယ်၊ သူကိုယ် တိုင်က ပညာတတ် အရာရှိ၊ ပြီးတော့ မမကိုလည်း မြတ်နိုး တယ်လေ၊ အဲတော့ မမ စိတ်တိုင်းကျ ဖြစ်လိမ့်မယ်လို့ မျှော်လင့်ခဲ့တာ အမှန်ပဲ၊ အဲ.... တကယ်တန်းကျတော့ မမ စိတ်ကူးတွေ ဘာတစ်ခုမှ ဖြစ်မလာပါဘူး၊ မမ မျှော်လင့် ထားသလို မအောင်မြင်ခဲ့ဘူး....'

'သူလည်းအတတ်နိုင်ဆုံးတော့ လိုက်လျောခဲ့တာပဲမဟုတ် လား....'

'လိုက်လျောတာမဟုတ်ပါဘူး၊ဥပဒေကြောပြုထားခဲ့တာပါ၊ ရုပ်ရှင်မင်းသမီးမလုပ်ဖို့ တားလို့မရတဲ့အခါ ဥပဒေကြောပြုထား ခဲ့တာလေ၊ တစ်ခါတလေများ သူက သမီးကိုခေါ်ပြီး လှည်းကူး ခြံထဲမှာ သွားနေ၊ ဒီအိမ်ကြီးမှာ မမတစ်ယောက် တည်း တစ်ညလုံး စီးကရက်တစ်လိပ်ပြီးတစ်လိပ် သောက်ရင်း ဘယ်လောက် အထီးကျန်ခဲ့ရတယ်ဆိုတာ သူ မသိဘူး'

တစ်သက်မှာ တစ်ခါမျှ မကြားရဖူးခဲ့သော မေမေ့ လျှို့ဝှက်ချက်များကို နားထောင်နေရင်း ဖြူ ကြက်သီး

မွှေးညှင်း ထ နေမိတော့သည်။ နာကြည်းခြင်း ဘယ်လို အမြစ်တွယ်လာခဲ့သလဲ။ သည်မိသားစုမှာ ဖေဖေက စွန့်ခွာသူလား၊ မေမေက စွန့်ခွာသူလား။ စဉ်းစားရင်း အဖြေမတွေ့နိုင်ဘဲ သူမ ချာချာလည်အောင် ခေါင်းတွေ မူးလာခဲ့သည်။ သံသူးကြိုးကို မွှေးကိုင်ရင်း ခြံတံခါးဝ ရောက်အောင် ဖြူ ခပ်ဖြည်းဖြည်းလျှောက်နေမိ၏။

'ဟော.... ကျွန်တော့်ကို မပြောနဲ့လို့ တားပြီး မမ လွမ်းနေပြီ....'

'ဟွန်း.... မလွမ်းသေးဘူး....'

နှုတ်ခမ်းမဲ့ ပြုံးလိုက်မည့် မေမေ့မျက်နှာကို မြင်ယောင်ကြည့်သည်။ အကျည်းတန်လွန်းသည်ဟု ထင်မိ၏။

'လွမ်းတာမဟုတ်ဘူးဟော့.... နာတာ....'

'မေ့ထားလိုက်ပါတော့ မမရာ၊ အနာဂတ် ဆိုတာကိုပဲ စဉ်းစား....'

'တည့်တည့်ပြောစမ်းပါ.... ကျွန်တော့်ကို စဉ်းစား လို့'

'အဲဒီအတိုင်းပါပဲ....'

'မမဘဝမှာ သမီးက အဓိကပဲ ကိုသက်'

'မမသမီးဟာ.... ကျွန်တော့်သမီးပဲပေါ့'

'မဖြစ်နိုင်ဘူး ထင်တယ်နော်....'

'စိုင်းတီးဆိုင် သီချင်း မမ ကြားဖူးလား၊ ကိုယ့်အချစ်ရဲ့ အရာရာကို အကောင်းအတိုင်း ဖြစ်စေမယ် ဆိုတာလေ....

'အဲ့ဒါက သီချင်းပဲ....'

'အပြင်မှာ တကယ်ဖြစ်နိုင်ပါတယ်....'





'သမီးက သတောကျမယ် မထင်ဘူး'

'ကိုယ်ချင်းစာတတ်တဲ့ အရွယ်ရောက်နေပြီပဲ မမရယ်'

ဘာစကားတွေလဲ၊ ဘာတွေ ပြောနေကြတာလဲ....'

နှလုံးအိမ်သည် ပူတက်ကျတော့ မတတ် အရှိန်ပြင်းပြင်း ခုန်လျက် နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်နေ၏။ အင်္ကျီရင်ဘတ် တစ်ခုလုံး မျက်ရည်ဖြင့် စိုရွဲနေပြီ။ ခြေထောက်တွေ ညွတ်ကျချင်လာပြီး စက္ကန့်ပိုင်းအတွင်း ထောက်ကန်ထားဖို့ နောက်ထပ် မတတ်နိုင်တော့လောက်အောင် အင်အား ဆုတ်ယုတ်လာ၏။

မေမေ့အပေါ် သူမ ယုံကြည်အားကိုးမှုတွေ ပိုလဲသွားရပြီ။ ဖြူ့ဘက်က ဖြည့်ဆည်းပေးဆပ်နေခဲ့သမျှ ဘာတစ်ခုမျှ အဓိပ္ပာယ်မရှိခဲ့ပါလား။ ဟိုစဉ်ကတော့ မေမေ့အတွက်ကို ဖြူ့အတွက်ဟု ကိုယ့်ဘက်ကိုယ် ဆွဲတွေးပြီး သက်သာသယောင် ဖြေသိမ့်နေနိုင်ခဲ့သည်။ မေမေ့ ချစ်ခြင်းအင်အား တစ်ခုတည်းကိုပဲ အသိအမှတ်ပြုလျက် နာကျင်ခံစားရသမျှကို မေ့ပစ်ထားခဲ့သည်။

နောက်ဆုံး....

ဖေဖေ့ကိုပင် မေ့လျော့ထားခဲ့သည်။

ခုတော့....

ခြံတံခါးဝသို့ ရောက်လာပြီထင်၏။ ရှေ့ဆီကို သဲသဲကွဲကွဲ မမြင်နိုင်တော့လောက်အောင် မျက်ရည်များက မျက်ဝန်းထဲမှာ အဆက်မပြတ် ပြည့်လျှံလာနေသည်။ လည်ချောင်းတွေလည်း ခြောက်သွေ့ ပူလောင်လာ၏....

မေမေ.... မေမေ ရက်စက်တယ်....

'သမီးက မမရဲ့ အရိပ်ကလေးပဲ၊ သမီးကို အောင်မြင်အောင် မြှောက်ပေးဖို့ပဲ မမစိတ်ထဲမှာ ရှိနေတယ်၊ ခက်တာ.... သမီးက အဲဒီလိုင်းကို ဝါသနာ မပါဘူး....၊ သမီးက ရုပ်ရည်သာ မမနဲ့တူတာ၊ စိတ်ဓာတ်ကျတော့.... သူ့အဖေနဲ့ တစ်ပုံစံတည်း....'

'အဖေတူ သမီးလေးဆိုတော့၊ မမ အလွမ်းပြေစရာပေါ့....'

'အခုရော့ထဲ.... သူက လာရိနေပြန်ပြီ'

'သူက အောင်မြင်မှုဆိုတာကို မခံစားဖူးသေးလို့ နေမှာပါ မမရာ၊ တကယ်ဘန်း အောင်မြင် ကျော်ကြားလာတဲ့ အချိန်ကျတော့.... အဲဒီ အရှိန်အဝါတွေကြားမှာ သူ ပျော်သွားမှာပါ'

ဟင်အင်း.... မဟုတ်ဘူး၊ မဟုတ်ဘူး....

ဖြူသွယ်ဟာ ဖေဖေ့သမီး.... ဦးဖေဝင်းရဲ့ သမီး.... ဒေါ်တင်တင်ခိုင်ရဲ့ သမီး....

လောကကြီးထဲမှာ သူမတို့ မိသားစုသည် ဘာကြောင့်များ ဆက်စပ်မရနိုင်လောက်အောင် အံချော်နေခဲ့ပါလိမ့်၊ သူမသည်လည်း ဘယ်ဘဝက ကျိန်စာဆိုးကြောင့် မိတကွဲ ဖတကွဲနှင့် ကြေကွဲစွာ ခံစားနေရပါလိမ့်။ ဆင်းရဲခြင်းတွေထဲမှာ အသိုက်အမြုံပျက်လျက် တစဉ့်ကလျား ပြိုကွဲရခြင်း





ဆင်းရဲထက် ဘယ်အရာများ ပိုဆိုးပါ့မလဲ၊ တော်မှတ်ခြင်းတွေထဲမှာ အမိအဖမေတ္တာ တော်မှတ်ခြင်းထက် ဘယ်အရာများ ပိုဆိုးပါ့မလဲ....'

'သမီးအတွက် မမဖြစ်စေချင်တဲ့ အောင်မြင်မှုတွေ ရလာဖို့ အစွမ်းကုန် ပံ့ပိုးမယ်လို့ တာဝန်ယူတယ်၊ ပြီးတော့ မမအတွက်လည်း....'

စကားသံ တိုးတိမ်သွား၏။ ရယ်သံလိုလို ကြားသည်။ ပြီးတော့....

'ဟေ့.... လက်ကိုလွှတ်စမ်းကွာ၊ လူလည်ကျပြီး လက်ကို ညာမကိုင်နဲ့....'

ဟူသော.... ရှင်ရှင်ပျပျ မေမေ့အသံ....

တံခါးသံတိုင်ကို ကိုင်ထားသောလက် ပြေလျော့ကျသွားသည်၊ ခြေချောင်းတွေ အင်အားကုန်ခမ်းလျက် ဒူးညွှတ်ခွေကျသွား၏။ မြေပြင်တစ်ခုလုံး သွက်သွက်ခါ လည်ပတ်နေသည်ဟု ထင်သည်။ ဆူဆူညံညံအသံများ ကြားရ၏။ စိတ်အထင်များလား....

တစ်ယောက်ယောက် ဆွဲထူလိုက်တော့ ဦးနှောက်ကြောတွေ ပြတ်လုမတတ် မူးဝေသွား၏။

'မှထိနဲ့.... ငါ့ကို ဘယ်သူမှ မထိနဲ့'

နှုတ်ဖျားကို ဖွင့်မရ….။ နှုတ်ခမ်းလှလှတွေ စေ့ပိတ်နေကြသည်။ အက်ကွဲနေသောလည်ချောင်းကို စိုစွတ်စေဖို့ တံတွေးကို အားယူမျိုချသည်။

အမယ်လေး….

ခါးသက်လိုက်တာ….

✱

ရှိုက်သံတွေကို ကြားနေရသည်။ အခန်းတံခါးကတော့ စေ့ပိတ်လျက်ပင်….။ လပြည့်နေ့မို့…. ရွှေရည်ပြည့်နေသော လမင်းက ဝိုင်းစိုင်းစက်စက် သာနေသည်။ ကောင်းကင်သည် ကြယ်စုံညီလျက် ခန့်ညားလှပစွာဖြင့် ကမ္ဘာမြေပြင်ကို အုပ်မိုးထား၏။ တစ်ခါတစ်ရံမှာ…. သစ်ရွက်လှုပ်တိုးသံနှင့် ညငှက်များ၏ အော်သံကိုကြားရသည်။ ဖြူ့ပြတင်းပေါက်မှာ သံတိုင်များ ရှိမနေသေးခြင်းက ဖြူ့အတွက်ကံကောင်းသည်။

လမ်းမီးရောင်နှင့် လ,ရောင်သည် အိပ်ခန်းတွင်း တစ်ဝက်တပြက် လင်းစေနိုင်၏။ နံရံမှာ အရိပ်များထင်နေသည်။ သည်အရိပ်များကပဲ ဖြူ့စိတ်ကို ချောက်ချားစေခြင်းလား၊



အုန်းလက်တို့၏အရိပ်က တစ်ခါတစ်ရံမှာ ယိမ်းနွဲ့နေချေသေးသည်။ လမ်းမမှ လေချွန်သံကိုများ ကြားရမလားဟု ဖြူ ရင်တထိတ်ထိတ် စောင့်နေမိ၏။

ခုတော့ ဖြူသည် ဘဝဆိုတာကို အင်ပွာယ်ဖွင့်ဆိုကြည့်ဖို့ မလိုအပ်တော့ချေ။ ဖြူ့ဘဝသည် လွဲချော်ခြင်း သက်သက်သာ ဖြစ်၏၊ အဖြူရောင်ခြင်ထောင်အမိုးသည် ရှုပ်ရှင်ပိတ်ကားသဖွယ်ပင် မြင်ခဲ့ပြီးသော မြင်ကွင်းများကို တဖန် ပြန်မြင်ယောင်လာအောင် ပြနိုင်၏။ တစ်ချိန်တုန်းကတော့…. ဖြူ ကောင်းစွာ ငြိမ်းချမ်းခဲ့ဖူးသည်လေ….။ သူမ၏ဘဝကို စိတ်အေးချမ်းမှု အပေးစွမ်းနိုင်ဆုံး ယောကျ်ားနှစ်ဦးစလုံး ခုတော့ သူမအနားမှာ မရှိတော့ချေ၊ နောက်ဆုံးအထိ တည်မြဲနေဦးမှာက…. မေမေ့လွှမ်းမိုးမှုပဲ ဖြစ်မလား။ ခု…. သည်လွှမ်းမိုးမှု အရိပ်အောက်က သူမ ရုန်းထွက်ကြည့်ချင်လာသည်။ မေမေ့ ကစားကွက်ထဲမှ စစ်တုရင်ရုပ် တစ်ရုပ်တော့ ဖြူ မဖြစ်ချင်ပါ။

မေမေက နားခိုရာ ရင်ခွင်တစ်ခုကိုရှာဖွေနေသည်မဟုတ်လား။ ဒါဆို ဘာကြောင့်များ ဖေဖေ့ကိုစွန့်ပစ်ခဲ့လေသလဲ မေမေရယ်….။

ညနေကတော့…. (မေမေ့ကို မမြင်ချင်ဘူး) ဟု…. ဖြူ အော်ပစ်ခဲ့သည် ထင်၏။ ဖြူ မေမေ့ကို နာကြည်းချင်သည်။ မေမေက ဖြူ့တစ်ယောက်တည်းအပေါ် ပုံအောပြီး ချစ်ခြင်းတွေ စုစည်းထားသည်ဟု အလျင်ကတော့ ထင်ခဲ့သည်။

ထို့ကြောင့်ပဲ ဖြူ့အလိုဆန္ဒတို့ကို မျိုသိပ်လျက် မေမေ့ စိတ်ချမ်းသာမှုအတွက်သာ ဖြည့်ဆည်းပေးခဲ့သည်။

တင့်အင်း....

ခွင့်မလွှတ်ဘူး....

ရင်ထဲကတင်းကျပ်မှုကို ဘယ်လိုအတွေးနှင့်မှ ဖြေဖျောက်မရ.... ဖြေသိမ့်မရ.... အစားထိုးမရ....။ မျက်ရည်တွေကလည်း ခုထိ ခန်းခြောက်မသွားနိုင်ခဲ့....။ နာကျင်ခြင်းကလည်း.... ပျောက်ပျက်မသွားနိုင်ခဲ့....။ အခန်းနံရံတွေကို ပြိုလဲသွားအောင် ဖောက်ခွဲပြီး ထွက်ပြေးချင်သည်။

ဖေဖေ....

သမီးကို လာခေါ်ပါ....။ သမီး ဖေဖေနဲ့ အတူနေမယ်။ သမီး ဖေဖေနဲ့ပဲ အတူနေတော့မယ်....။

ဖေဖေကြားနိုင်ခဲ့လျှင် ဘယ်လောက်များ ကောင်းလိုက်မလဲ။ ခရီးမိုင်ပေါင်းများစွာ ဝေးကွာသော ဖေဖေရှိရာ နေရာဆီ ပြေးလွှားသွားပြီး.... ဖြူ့ရင်ထဲက ဝေဒနာတွေအကြောင်း ဖေဖေ့ကို တိုင်တည်ပြောပြချင်လှသည်။

အို....

ဖြူ့ဆန္ဒတွေ ဘယ်တော့မှ မပြည့်နိုင်တော့ပါဘူး။ ဖေဖေ့မှာလည်း... ဖြေသိမ့်စရာ မိသားစုအသစ်တစ်ခု ရှိနေခဲ့ပြီပဲ။ ဖေဖေ့အချစ်တွေကို ဖြူတစ်ယောက်တည်း ပိုင်ဆိုင်ခွင့် ဘယ်မှာ ရနိုင်ပါတော့မလဲ။

မျက်ရည်တွေကို ခေါင်းအုံးပေါ်မှ လက်ကိုင်ပဝါနှင့် တို့သုတ်လိုက်ရင်းမှ နံ့ ဝါရောင်လက်ကိုင်ပဝါလေးကို ဖြူ



သတိရလာသည်။ မျက်မှန်အောက်မှ ရီးသားသော မျက်ဝန်းတွေ....။

ဖြူ့စိတ်ကို လန်းဆန်းရွှင်ပျစေသည့် လေချွန်သံလေး.... မင်းရင်....

ဖြူ့ကို ပျော်ရွှင်စေအောင် မကူညီနိုင် တော့ဘူးလား ကွယ်....။

မေမေ....

သမီးရဲ့နှလုံးသားကို နာကျင်အောင် ရိုက်ပုတ်ခဲ့တဲ့ ဒဏ်ရာဒဏ်ချက်ကို သမီးမမေ့ဘူး။ သမီးရဲ့ ယုံကြည်မှုတွေကို ဖျက်ဆီးတယ်။ သမီးရဲ့ တွယ်တာမှုတွေကိုလည်း ဥပေက္ခာပြုထားတယ်။ သမီး ဘက်က ပေးဆပ်ခဲ့သမျှတွေလည်း အသိအမှတ်မပြုခဲ့ဘူး....။

မေမေ သမီးကို မင်းသမီးတစ်ယောက် ဖြစ်လာအောင် ဘာကြောင့် ကြိုးစားခဲ့ဘယ်ဆိုတာ

သမီး အခုသိပြီ....။ မေမေ့အတွက် မေမေ့အလို ဆန္ဒအတွက်ပဲ။ သမီး.... ခု ဆုံးဖြတ်လိုက်ပြီမေမေ။ သမီးတစ်သက် ဘယ်တော့မှ မင်းသမီး မလုပ်တော့ဘူး၊ ဘယ်တော့မှ မင်းသမီးမဖြစ်စေရဘူး။

ပြီးတော့....

သမီး.... ဖေဖေနဲ့ပဲ အတူနေတော့မယ်၊ သမီးက မေမေ့ကို အထီးကျန်ဆန့်လှန်းတယ်လို့ ထင်ခဲ့တာ။ ခု မေမေ့မှာအဖော်ရှိနေပြီပဲ။ သမီးရှိနေဖို့ မလိုအပ်တော့ပါဘူး....။

သမီး မေမေ့ကို သိပ်ချစ်ပါတယ်....

ဒါပေမယ့်... မေမေက သမီးကိုမချစ်ဘူး....

✳

'ကျွန်တော် နားမလည်ဘူး အန်တီ၊ ဒါ အန်တီတို့ သားအမိရဲ့ အတွင်းရေးကိစ္စပဲ၊ ဘာဖြစ်လို့ ကျွန်တော့်ကို တရားခံရှာနေရတာလဲ'

မျက်နှာချင်းဆိုင်မှာ ရှိနေသည့် ဖြူသွယ်နှင့် လှပမှုမှာ ထပ်တူညီလုနီးပါးဖြစ်ပြီး ခန့်ညားမှုကြောင့် ကျက်သရေရှိသည့် အမျိုးသမီးကြီးကို စိတ်ပျက်လက်ပျက် ကြည့်လိုက်မိသည်။ တကယ်က ရင်ထဲမှာ စိုးရိမ်စိတ်တွေ အတိပြီးလျက် လောင်ကျွမ်းနေပြီ။

ဖြူသွယ်နှင့် ပတ်သက်ခဲ့သည့် သံယောဇဉ်တရားသည် ဘယ်တော့မှ ပါးလျားလျော့နည်းသွားသည်မရှိသည့် နည်းတူ စိုးရိမ်စိတ်သည်လည်း အထုအထည်ကြီးမားစွာ ဝင်လာတတ်စမြဲ။ ဖြူသွယ် ဟူသော အမည်နာမကို ကြားလိုက်ရတိုင်း ဟန်ဆောင်မရလောက်အောင် ကိုယ်အမူအရာရော.... စိတ်ခံစားပါ ပျက်ယွင်း လှုပ်ရှားတတ်သည်လည်း ခုချိန်အထိပင်။ ဘာလုပ်ပေးနိုင်မလဲဟု စဉ်းစားရင်း ဦးနှောက်တွေ ပူလာသည်။

'အန်တီ တောင်းပန်နေတာပါ မင်းရင်'

'ကျွန်တော်နားလည်ပါတယ် အန်တီ၊ ဒါပေမယ့်.... ကျွန်တော့်ဆီ ဖြူသွယ် မလာဘူး၊ ကျွန်တော် တကယ်ပြောနေတာပါ'

'ဖေဖေ့ လှည်းကူးခြံရော.... ရွှေဓားပျံ ဆေးလိပ်ခုံရော.... အသိမိတ်ဆွေတွေအိမ်ရော နှံ့နေပြီ မင်းရင်.... ဘယ်မှာမှ မရှိဘူး။ အန်တီ မင်းတို့ကို မခွဲပါဘူး မင်းရင်၊ အန်တီ့ သမီးလေးကို ပြန်တွေ့ချင်တာ တစ်ခုပါပဲ၊ သမီးနားလည်အောင် ရှင်းပြချင်တာ တစ်ခုပဲ့ပါပဲ'

ပြောရင်းပင် မျက်လုံးအိမ်မှာ မျက်ရည် အုလာသည်။ အပြောင်းအလဲကို မြင်ရတော့ အံ့ဩနေမိသည် အမှန်.... ဖြူသွယ့်မိခင်သည် မာနတရားနှင့် မောက်မာမှုကို အချိန်

အခါမှခွေး ထင်ရှားအောင်ပြတတ်ကြောင်း ကြုံဖူးသိဖူးပြီ။ ခုတော့လည်း သိပ်ကို ပျော့ပျောင်းနေမြန်ပါရောလား.... သူမ၏ သောကကို ပြက်ရယ်ပြုချင်သည်တော့ မဟုတ်။ ခုလို အခြေအနေမှာမှ တရားခံတစ်ယောက်လို အတင်းအကျပ် စွဲချက်တင်နေတော့လည်းရယ်ချင်လာမိသည်။ ဖြူနှင့်မင်းရင်က သူမ ထင်မြင်နေသလိုမှ မဟုတ်ခဲ့ပဲ....

'ကျွန်တော့်ဆီကို ဖြူမလာဘူး အန်တီ၊ ကျွန်တော်နဲ့ဖြူ အဆက်အသွယ် မရှိကြတာ ကြာလှပြီ၊ ဟိုတစ်ခါ ဖြူ ပဲခူးကိုလာလည်တာ နောက်ဆုံးပဲ၊ နောက်ပြီး ဖြူနဲ့ကျွန်တော်က အန်တီထင်သလို အဆင့်လည်း မဟုတ်သေးဘူး'

မင်း သက်သက်ညာတာ'

'ခက်တာပဲ'

ကျွတ်ခနဲ စုတ်သပ်လိုက်ရင်း ထွက်ပေါက် ရလိုရငြား ဟိုဟိုသည်သည် လှည့်ကြည့်မိသည်။ ဖေဖေက သတင်းစာ ဖတ်နေရာမှ အကဲခတ်သလို လှမ်းကြည့်နေ၏။ ပထမတစ်ခါ အဖြစ်အပျက်ကတည်းက ဖေဖေနှင့်မေမေသည် အထက်စီးဆန်လှသော ဒေါ်တင်တင်ခိုင်ကို နောက်တစ်ခါ မျက်နှာချင်း မဆိုင်ချင်တော့လောက်အောင် စိတ်ပျက်နေကြပြီဖြစ်သည်။ မင်းရင်ကိုလည်း ပြင်းပြင်းထန်ထန် သတိပေးထားခဲ့ပြီးဖြစ်သည်။

လူမှုရေးရာ အနည်းအကျဉ်းမျှပင် နားလည်ပုံမရသော အမျိုးသမီးကြီးကတော့ အိမ်ပေါ်သို့ ဒုတိယအကြိမ် ခပ်





တင်းတင်းတက်လာပြီး မင်းရင်ကို အခေါ်ခိုင်းခဲ့သည်ဆို၏။ ညီမငယ်လေးက မင်းရင်ကို သစ်စက်မှာလာခေါ်ပြီး....

'ဟို....အဘွားကြီး ရောက်နေတယ်'

ဟု မနှစ်မြို့စွာ သတင်းပေးသည်။ အဘွားကြီးဟု အခေါ်ခံရလောက်အောင် ရုပ်ရည်ခရင့်ရော်သေးတာအမှန်။ သို့ပေမယ့် မင်းရင်၏ သူငယ်ချင်းများနှင့် မောင်နှမများကတော့ အဘွားကြီး ဟုသာ သူမကွယ်ရာမှာ ခေါ်ခဲ့ကြသည်။ ခုလည်း ရောက်ရောက်ချင်း ဆိုသလိုပင်....

'ဖြူသွယ့်ကို မင်း ဘယ်မှာ ထားခဲ့သလဲ'

ဟု မေးတော့သည်။ ရုတ်တရက် အမေးခံလိုက်ရသဖြင့် ကြောင်အမ်းနေသော မင်းရင်ကိုပင် သူမက လှောင်ပြုံး.... ပြုံးလျက်....

'ခုမှ ဘာမသိသလို လုပ်နေရတာလဲ'

ဟု အပိုင်တွက်ပြီး အငိုက်ဖမ်းခဲ့သေး၏။

မင်းရင်က တကယ့်ကို မသိနားမလည်ဘဲ....

'ဘာပြောတာလဲ အန်တီ'

ဟု မေးတော့မှ....

'ဖြူသွယ် မနက်အစောကြီးကတည်းက ပျောက်သွားတယ်။ အဲဒါ မင်းဆီရောက်လာတယ် မဟုတ်လား'

ဟု....စိတ်ရှည်ရှည် မေးဖော်ရလေသည်။ ပြီးတော့ သူမကို ဖြူသွယ် စိတ်ဆိုးပြီး စိတ်လိုက်မာန်ပါ ဆုံးဖြတ်သွားခြင်းဖြစ်ကြောင်း၊ သွေးအေးသွားလျှင်တော့ အမှားကို မြင်လာမည်ဖြစ်ကြောင်း အနည်းငယ် ပျော့ပျောင်းစွာ

ဘေတ်ကြောင်း မြန်၏။ ခုတော့ ဖြူသွယ့်အတွက် သူမ ထကာယ့်ကို သောက ပရိဒေဝ ကြီးစွာဖြင့် စိုးရိမ်နေကြောင်း ဆိုသာထင်ရှားခဲ့ပြီ။

သို့ပေမယ့်....ခက်သည်က ဖြူသွယ် ဘယ်မှာလဲဆိုတာ မင်းရင် မသိ။

'ဒီလိုပါ ညီမ....တို့သားနဲ့ မင်းရဲ့သမီး အဆက်အသွယ်မရှိတော့ဘူးဆိုတာ ယုံပါ၊ သားလည်း အလုပ်တွက်ပြီး သစ်စက်ကိုပဲ ဦးစီးနေတာ ကြာပြီပဲ၊ သူ့မှာ နားချိန်တောင်မရပါဘူး၊ နောက်ပြီး ကလေးချင်းကလည်း ဘာမှ ဖြစ်ကြတာလည်း မဟုတ်၊ ဖြူဖြူစင်စင် ရင်းနှီးရုံပါ၊ ပြီးတော့...တို့တလည်း လူမှုရေး နားမလည်တဲ့ ရိုင်းရိုင်းပျပျ လူစားတွေ မဟုတ်ပါဘူးကွယ်.... မင့် သမီးနဲ့ လူငယ်ချင်း ချစ်ကြိုက်နေရင်တောင် မိသား ဖသားပီပီ တောင်ရမ်းယူဖို့ပဲ ကြိုးစားမှာပါ၊ ခုလိုဖွက်ထားဖို့ဆိုတာ ဝေးရော....

'နောက်ပြီး.... တို့သားသမီးတွေက ရိုးသားပါတယ်ကွယ်....မိဘမသိဘဲ ဘယ်လိုအလုပ်မျိုးမှ မလုပ်တတ်ပါဘူး၊ ခုလည်း သူ မသိဘူးလို့ ပြောနေပြီပဲကွယ်.... တခြားနေရာတွေ သွားရှာကြည့်ပါဦးလား၊ ဒီမှာတော့ မရှိတာ အမှန်ပဲကွယ့်၊ မင်း မကျေနပ်ရင်၊ တစ်အိမ်လုံး မြေလှန်ရှာ'...

သည်တစ်ခါတော့ အေးဆေးလွန်းလှသည့် ဖေဖေက... အဆက်မပြတ်စကားတွေ ပြောရင်း မခံမရပ်နိုင်ဖြစ်လာသော အတွင်းစိတ်ကို လှယ်ကူစွာ သိသာအောင် ဖွင့်အန်ပြလိုက်တော့သည်။ ဒေါ်တင်တင်ခိုင်က သက်ပြင်းရှိုက်ရင်း....





'ဒုက္ခပါပဲ'

ဟု ညည်းညူသည်။

'ကျွန်မတော့ ဘယ်လိုမှ မစဉ်းစားတတ်တော့ဘူး.... သမီးမှာ မိတ်ဆွေ အပေါင်းအသင်းလည်း များများရှိတာ မဟုတ်ဘူး၊ ရှိသမျှ သူငယ်ချင်းတွေဆီလည်း အကုန်ရောက်ပြီးပြီ၊ ဆွေမျိုးတွေအိမ်လည်း ရောက်ပြီးပြီ၊ တစ်နေ့လုံး နွံနေပြီ....

သမီးက သူ့အဖေဆီ သွားမယ်လို့လည်း ပြောတယ်.... အန်တီ့ကို ကူညီပါဦး မောင်မင်းရင်.... အန်တီ ဘယ်လိုမှ ရပ်တည်လို့ မရနိုင်အောင် ဖြစ်နေပြီ၊ အန်တီ့မှာ သမီးလေး တစ်ယောက်တည်းရှိတာပါ၊ ခု....သမီးက အန်တီ့ကို အထင်လွဲပြီး ထွက်သွားပြီ၊ လောလောဆယ်မှာ သမီး ဘယ်ရောက်ပြီး ဘယ်လိုဒုက္ခတွေနဲ့ ရင်ဆိုင်နေမလဲဆိုတာ စိတ်ပူပြီး ရင်တစ်ခုလုံး မီးတောက်နေသလိုပါပဲ၊ အန်တီ့ကိုကူညီပါဦး၊ သမီး မရှိရင် အန်တီတော့ သေမှာပဲ.... မောင်မင်းရင် ကူပြီး ရှာပေးပါဦးနော်၊ သမီးက မင်းကို သိပ်သံယောဇဉ်ကြီးတာ၊ မင်း ပြန်ခေါ်ရင် သူ လိုက်လာမှာပါ'

မိခင်တစ်ယောက်၏ မျက်ရည်....

အဲသည် မျက်ရည်က ဖြူ့နှလုံးသားကို မီးတောက်မီးလျှံတွေလို လောင်မြိုက်စေမှာကိုတော့ မလိုလားပါ။ ရင်ထဲမှာ ထပ်တူပူလောင်ခဲ့ရပြီ။ ဖြူတစ်ယောက်ရော ဘယ်လိုရှိလေမလဲ....

မေမေက သတင်းစာကိုချပြီး အိမ်အတွင်းဘက်ဝင်သွားသည်။ ငိုရှိုက်သံများကို ဆက်ပြီး ကြားချင်ဟန် မတူပါ... မေမေကတော့ နံ့ရှိတစ်ချပ်ခြားသော အိပ်ခန်းထဲမှာ... ခေါင်းတင်တင်ခိုင့်နည်းတူ ကြိတ်ပြီး မျက်ရည်ကျနေမည်ထင်သည်။ မေမေက ကိုယ်ချင်းစာ သနားတတ်ပြီး ဝမ်းနည်းလွယ်သူတစ်ယောက် ဖြစ်သည်။

မင်းရင့် အဖို့တော့ ရပ်တည်ရာ မရနိုင်အောင် စိုးရိမ်သောကတွေကသာ ဖိစီး နှိပ်စက်နေတော့သည်။

'ပိုက်ဆံ များများပါသွားသလား အန်တီ'

'ဟင်အင်း.... သမီးလက်ထဲမှာ ပိုက်ဆံများများ မထားတတ်ဘူး၊ သူသုံးသမျှ အန်တီ့ဆီကပဲ တောင်းတာ'

'မှတ်ပုံတင် ယူသွားသလား'

'အင်း' ဟု.... သူမ ခေါင်းညိတ်ရင်း ဖြေသည်။

'လက်ဝတ်လက်စားရော'

'သူဝတ်နေကျ ဆွဲကြိုးတွေ.... ဟန်းချိန်းတွေတော့ ပါသွားတယ်'

'ရထားဘူတာရုံတွေ.... ကားဂိတ်တွေ.... ရှာပြီးပြီလား အန်တီ'

'ဟင်အင်း'

'ရဲစခန်းရော....'

'မတိုင်ရသေးဘူး'





'တိုင်ဖို့ကောင်းတယ်၊ အဖွဲ့အစည်းနဲ့ဆိုတော့ ကျွန်တော်တို့ထက် ပိုပြီး ထိထိရောက်ရောက် ရှာဖွေနိုင်လိမ့်မယ် ထင်တယ်'

'အန်တီလည်း ထူပူပြီး ဘာလုပ်ရမှန်း မသိတော့ဘူး၊ စဉ်းစားရသမျှ ဆွေမျိုးတွေ၊ သူငယ်ချင်းတွေအိမ်လိုက်ပြီး မတွေ့တော့ မင်းကို သတိရပြီး မင်းဆီတန်းလာတာပဲ....၊ အန်တီ့ စိတ်ထဲမှာ မင်းဆီရောက်ရင် တွေ့ကို တွေ့မှာလို့ တစ်ထစ်ချ ထင်နေတာလေ'

'ဪ....'

ဘာမှ မပြောတတ်တော့၊ ပြောလည်း မပြောချင်တော့၊ တစ်ခါတစ်ရံတော့လည်း.... လူကြီးတွေက လူငယ်တွေအပေါ် ဘာကြောင့်များ တရားလွန် အယုံအကြည်ကင်းမဲ့လွန်းပါလိမ့်ဟု မကျေမနပ် တွေးမိသည်။

'အချိန်ရှိတုန်း လိုက်ကြရအောင် အန်တီ၊ မိုးချုပ်သွားရင် ဖြူသွယ့်အတွက် အန္တရာယ်များလာလိမ့်မယ်'

'အေး....ဖြူသွယ့်ဦးလေး မောင်ချိုဝင်းကိုပါ ဝင်ခေါ်သွားရအောင်၊ အန်တီ့မှာ ကားပါတယ်'

ဖေဖေနှင့် မေမေ့ကို စိတ်မပူဖို့ မှာသည်။

'သတိထားသွား သား၊ ဘုရားဂုဏ်တော်ရွတ်'

ဟု မေမေက တိုးတိုးမှာ၏။

'ဖေဖေတို့လည်း ဒီက ဆုတောင်းပေး၊ မေတ္တာပို့ပေးနေပါ့မယ်'

အမိအခါ မေတ္တာတရားဟူသည်.... ထာဝစဉ်.... မခန်းခြောက်နိုင်သည့် သမုဒ္ဒရာရေကဲ့သို့ပင်ဟု မျက်ဝါးထင်ထင် အမြင်မှ အသိတရားရသည်။ ဖြူ့ကိုလည်း သည်အတိုင်းပင် နားလည်စေချင်သည်။ အချစ်ကြီး၍ အမျက်ကြီးလေသလားဟု.... ကိုယ်ချင်းစာတရားနှင့်ထပ်တူ.... ဖြူ့အပေါ် ကရုဏာစိတ် ပိုရ၏။ မျှော်လင့်ချက်တွေ ပျောက်ဆုံးနေဆဲ....

ခုချိန်မှာ... ချစ်သူမျက်နှာကိုသာ မြင်ရချင်သည်။

ချစ်သူ့စကားသံကိုသာ ကြားရချင်သည်။

မြူတစ်မှုန်မစွန်းထင်ဘဲ...ချစ်သူကို လိုဖြုံ့စွာစောင့်ရှောက်ခွင့် ရချင်သည်။

သို့ပေမယ့်....

ချစ်သူက ကိုယ့်ကို နားလည်ခွင့်လွှတ်ပါမည်လားမသိ...။ အမျက်သိုထားလျှင်ပေဟာင်မှ ကျေနပ်စွာ ခေါင်းငုံ့ခံမည်။

ချစ်သူ ခလုတ်မထိ ဆူးမငြိစေဖို့သာ.... ပြည့်စုံချင်သော ဆုတစ်ခု....



'မမက သမီးကို ပျော့တွက်တာကိုး'

စတီယာရင်ကို ကျွမ်းကျင်စွာထိန်းရင်း ကိုချိုဝင်းကပြောသည်။ ဒေါ်တင်တင်ခိုင်သည် တစ်စုံတစ်ရာ စကားမဟတဲ့.... သက်ပြင်းသာချ၏။ တကယ်တော့ စိုးရိမ်စိတ်တွေသာ ပြည့်နှက်နေပြီး တကယ်တမ်း ရင်ဆိုင်ဖြေရှင်းရမည့် ပြဿနာ အတွက် ခေါင်းမအေးနိုင်သေး။

'ဟုတ်ပါတယ် မောင်ချိုဝင်း.... သမီးကို.... ငယ်ငယ်ကတည်းက မမရဲ့စည်းစနစ်အောက်မှာ သေသေဝပ်ဝပ်ထားခဲ့တော့ အဲဒီလမ်းကြောင်းက သွေဖည်သွားဖို့ကို မလိုလားနိုင်ခဲ့ဘူး၊ ခွင့်လည်းမပြုနိုင်ဘူးလို့ ဆုံးဖြတ်ထားခဲ့တာ၊ သမီးဟာ ငယ်သေးတယ်၊ တချိန်ချိန်မှာတော့ အမေ့စေတနာကို နားလည်ပြီး အောင်မြင်အောင် ကြိုးစားလာလိမ့်မယ်လို့ တစ်ထစ်ချယုံခဲ့တယ်၊ တကယ်တော့ သမီးက အမေ့ကို ချစ်လွန်းလို့ မျိုသိပ်ကြိတ်မှိတ်ပြီး နေခဲ့တာလို့ မမ တဖြည်းဖြည်းနဲ့ သဘောပေါက်လာတယ်၊ သမီးဟာ သူ့အဖေစိတ်ဓာတ်နဲ့ တစ်ပုံစံတည်းပဲဆိုတာ မမ....ခု ဝန်ခံရမှာပဲ'

'ခု ဘယ်လိုဖြစ်ကြတာလဲ'

'သမီး....မမကိုအထင်လွဲသွားတယ်၊မမနောက်အိမ်ထောင်ပြုလိမ့်မယ်လို့ ထင်ပြီး သူ စိတ်ထိခိုက်သွားတယ်၊ ဆရာဝန်က သူ့ကို ပင်ထရီ့ဖိုက် သွင်းပေးပြီး အနားယူခိုင်းထားတာ၊ တစ်ချိန်လုံး စကားတစ်ခွန်းမှမပြောဘူး၊ မမလည်း သူ့–

[illegible]တော့မှ ရှင်းပြမယ်လို့ စိတ်ကူးထားတာ.... [illegible]ကို ချက်ထိုးပြီး အခန်းထဲ ဘယ်သူမှမဝင်ရဘူး [illegible]— မလည်း တစ်ဖက်ခန်းကနေပြီး တစ်ညလုံးမအိပ်ဘဲ စောင့်နေတာပဲ၊ မွေးခန် အိပ်ပျော်မယ်လုပ်တုန်း ဘယ်က နေ ဘယ်လို ပျောက်သွားမှန်း မသိဘူး'

ဖြစ်ကြောင်းကုန်စင်ကို ခုမှပင်.... ဇာတ်ရည်လည်တော့ သည်၊ ခေါင်းမာဘာတ်သော ဖြူ့ကို ဘယ်လိုများ နှစ်သိမ့်ရပါ့မလဲ။ လောလောဆယ် အခြေအနေမှာတော့ ဖြူ့ကို တွေ့ဖို့သာ အရေးကြီးနေသည်။ ရုတ်ခြည်းပြောင်းလဲသွားသော အခြေအနေများကို စိတ်အေးလက်အေး သုံးသပ်ဖို့ အချိန်မရနိုင်သေး။ ရင်ထဲမှာ.... တုစ်ခုခု တစ်ဆို့နေသလိုပင် အသက်ရှူမဝဘဲ တင်းကျပ်နေသည်။ ဖြူသွယ်ဟူသော မိန်းကလေးတစ်ယောက်အပေါ် ထားမိသည့် သံယောဇဉ်ကြောင့် အပိုဆုအဖြစ် လက်ခံထားရသည်က သောက....

ဘယ်လိုပဲဖြစ်ဖြစ်.... ဖြူ့ကို ငြိမ်းချမ်းစေချင်သည်။ ဖြူတို့ သားအမိဘဝကလေး ပြေလည်စေချင်သည်။ ဖြူ ပျော်ရွှင်နေဖို့ပဲ အစဉ်အမြဲ ဖြည့်ဆည်းပေးချင်ပါတယ်ကွယ်....။

'ဆရာဝန်က.... နှလုံးရောဂါလို့ထင်တယ် ပြောတယ်....၊ အီးစီဂျီနဲ့ ချက်(က်)အပ်(ပ်)လုပ်ပြီးမှ သေချာမယ်တဲ့၊ ဒါပေမယ့် ရာခိုင်နှုန်းရှစ်ဆယ်လောက် ဖြစ်ဖို့များတယ်လို့ပြောနေတယ်'



'အချိန်မီသိရတာ ကောင်းတာပေါ့ မမရယ်'

'အင်း.... ကံကောင်းလို့ပေါ့....၊ အစပျိုးတဲ့ အခြေအနေလောက် ဆိုရင်တော့ ကြပ်ကြပ်မတ်မတ် ဂရုစိုက်ရမှာပဲ'

'ဖြူသွယ်ဟာ မိဘကို ဒုက္ခပေးတတ်တဲ့.... ဆိုးတေတဲ့ သားသမီးအမျိုးအစားထဲမှာ မပါ့ပါဘူး မမရယ်၊ ဒီတော့ ကလေးကို သိပ်ပြီးချုပ်ချုပ်ချယ်ချယ် မလုပ်ပါနဲ့၊ ဖြူသွယ်ဟာ အတွေးအခေါ်ကောင်းတဲ့၊ အတွမ်းအစရှိတဲ့.... မိန်းကလေးပါ၊ သူ့ဝါသနာပါရာလိုင်းကို ထူးထူးချွန်ချွန် ဖြစ်အောင် မြေတောင်မြှောက်ပေးရင် လွယ်လွယ်ကူကူ အောင်မြင်မှာပါ'

ကတ္တရာလမ်းမနှင့် တာယာပွတ်ဆွဲသံကို အဆက်မပြတ်ကြားနေရသည်။ စကားသံများ တိတ်ဆိတ်သွားပြန်၏။ လမ်းဘေးဝဲယာမှာ မျက်စိတဆုံး လယ်ကွင်းတွေ....။ စပါးနှံ အခက်တွေ ဝေဝေဆာဆာရှိနေကြပြီ။ ထင်းတိုက်လှည်းများနှင့် တေးဆိုလျက် လုပ်ငန်းခွင်ပြန်ရန် ပြင်နေကြသော.... လယ်သူမအုပ်စုများကိုလည်း တစ်စုတဝေးတွေ့ရ၏။ ကုက္ကိုပင်များ စီတန်းလျက်ရှိသော လမ်းမရှည်သည်.... မဆုံးနိုင်တော့သော တေးတစ်ပုဒ်ကို ဆိုညည်းရင်း လှဲလျောင်းနေသလို ထင်ရ၏။

တစ်ခါတစ်ရံမှာ နံဘေးမှ ရှိုက်သံကို ကြားရတတ်၏။ သည်အခါမှာတော့ ရင်အပူက အရှိန်မြင့်လာသော မီး

တောက်သဖွယ်ပင် ဖြစ်သည်။ ဖြူသွယ်လည်း ကြေကွဲအောင်မွှက်နေမည်ဆိုတာ သေချာပါသည်။

တစ်ယောက်တည်း.... အားငယ် ဝမ်းနည်း နေရှာမည်လား....

လောကကြီးကို ရင်မှဆိုင်ချင်တော့လောက်အောင်အထိတော့ ဖြူသွယ့် စိတ်ဓာတ်တွေ ပျော့ညံ့မည် မထင်ပါ။

'မမ စိတ်ပူတာ တစ်ခုပဲ၊ သမီးက စာထဲမှာ သူ့အဖေဆီ လိုက်သွားမယ်လို့ ရေးထားတယ် သူ့အဖေနဲ့ပဲ နေတော့မယ်တဲ့၊ သူ့မှာ ကြိုတင်ကြံစည်ထားတာ တစ်ခုခုများ ရှိနေမလား မသိဘူး မောင်ချိုဝင်း....'

'ဟာ.... ဒါက ချက်ချင်း ထ,သွားလို့ ဖြစ်တာမျိုးမှ မဟုတ်တာ၊ မဖြစ်နိုင်ပါဘူး....'

'သမီးက သူ့အဖေကို သိပ်ချစ်တာ...'

'အစ်ကို ဖေဝင်းကလည်း ဖြူသွယ့်ကို သိပ်ချစ်ပါတယ်'

တစ်ယောက်တစ်ပြန်စကားသံများကို ကြားရသည့်အခါ ဖြူသွယ့် ပြောစကားများကို ပြန်ကြားယောင်ရင်း ထိထိခိုက်ခိုက် ဖြစ်ရပြန်လေသည်။ သီဟိုဠ်ခြံများရှိသော မြေပြန့်လွင်ပြင်ဆီ ရောက်လာပြီ။ ရွှေညိုကြီး၏ ခွာသံ တခွပ်ခွပ်ကို ကြားယောင်လာမိသလို ရှိ၏။ ပြီးတော့... သခင်မလေး၏ ရယ်မောသံ...



ခုလောက်ဆို ရွှေညိုကြီးလည်း သူ့ သခင်မလေးကို လွမ်းနေရှာရော့မည်။

(ဟိုတုန်းက ဖေဖေ့မှာ မြင့်မိုရ်ဆိုတဲ့ မြင်းကြီး တစ်ကောင် ရှိဘယ်၊ အဲဒီ မြင့်မိုရ် မြင်းကြီးရဲ့ ကျောပြင်ပေါ် ဖေဖေက ခွပြီး.... ဖြူကဖေဖေ့ရင်ခွင်ထဲမှာ ထိုင်....၊ ပြီးတော့ လျှောက်သွားကြတာပေါ့ သိပ် ပျော်စရာ ကောင်းတာပဲ မင်းရင်....၊ ဖေဖေက Somewhere my love သီချင်းလေးကို လေချွန်လို့....)

(ဒီအိမ်ကလေးကို ဖေဖေကိုယ်တိုင် ဆောက်ထားခဲ့တာ မင်းရင်ရဲ့၊ ဖေဖေက တစ်ခါတစ်ခါ သိပ် စိတ်ကူးယဉ်တာ၊ သူ့မိသားစုလေးနဲ့ နွေရာသီ ရက်တွေဆို ဒီအိမ်ကလေးမှာလာပြီး အနားယူ၊ မိသားစု ပျော်ပျော်ရွှင်ရွှင် ဆိုကြ က,ကြ၊ အဲဒါမျိုး ဖြစ်စေချင်တာ၊ ဒါပေမယ့်လေ....

သူ မျှော်လင့်သလို တစ်ခါမှ ဖြစ်မလာခဲ့ပါဘူး)

သီဟိုဠ်ပင်များ ကြားမှ ဘန်ဂလိုပုံစံ ပျဉ်ထောင်အိမ်ကလေး....

ဖြူ့ဖေဖေ ဦးဖေဝင်း ကိုယ်တိုင် စိတ်ကိုင်းကျ ပုံစံဆွဲ တည်ဆောက်ခဲ့သည့် အိမ်ကလေး.... ဖြူ ကိုယ်တိုင်လည်း မကြာခဏ အလွမ်းပြေ.... ရောက်သွားတတ်သည့် ထိုအိမ်ကလေးမှာ....

.... .... .... .... .... ....

'အန်တီ....'

[illegible] ငြိမ်သက်နေရာမှ စကားစ လိုက်တော့ နှစ်ဦး [illegible] တစား လှည့်ကြည့်သည်။

'ကျွန်တော့်အထင် မှန်ပါစေလို့ ဆုတောင်းရမှာပဲ....'

✱

[illegible]

[ ၁၁ ]

ကျေးငှက်သံကလေးများ ကြားနေရသည်။ ဖုန်ရနံ့ ရသော်လည်း အသက်ရှူ ကျပ်ရလောက်အောင်တော့ မဆိုး၊ မြောက်ပြန်လေအကိုးမှာ သီဟိုဠ်ရွက်များ ယိမ်းလှုပ်သွားကြသည်ကို ငေးကြည့်ရင်း စိတ်သက်သာသလို ဖြစ်လာသည်။ ရှဉ့်ကလေးတစ်ကောင်သည် သစ်ပင်ကိုင်းများထက် တိုသည် ခုန်ကူးရင်း.... မျက်လုံးပြူးကလေးဖြင့် သူမကို ထိတ်လန့်တကြား ကြည့်တတ်၏။ သည်နေရာကလေးက ဖြူ့ကို စိတ်ချမ်းသာစေသည်။ စိတ်သက်သာရာ ရစေသည်။ ပြီးတော့ ဖေဖေ့ အငွေ့အသက် ဖေဖေ့ရင်ခွင်ကို ခိုလှုံ နွေးထွေးနေရသလိုပါပဲ။

[illegible]

သို့ပေမယ့်… သူမ နောက်ထပ် ဘယ်ဆီ ခရီးဆက်ရမည် မသိ။ တဖြည်းဖြည်း အရောင်မှိန် အပူ လျော့လာသော နေလုံးကို ကြည့်ရင်း… သည်တစ်နေ့တော့ မကြာခင် ကုန်ဆုံးတော့မည်ဟု သတိရဖြစ်ပြန်၏။ ပြတင်းပေါက်ပေါင်ပေါ် မှာထိုင်ရင်း အကြောအခြင်ကွေ့ သောင့်တင်းလာသည်အထိ ဖြူ မလှုပ်မယှက် နေခဲ့သည်။ သည်ည ဘိုးဘိုးထံမှာဘဲ အိပ်ရမည် အသေအချာ။ အလင်းရောင်ပျောက်မှ ဘိုးဘိုးထံ ရောက်သွား လျှင်…

'ညကြီးမင်းကြီး ဘယ်လိုဖြစ်လာတာလဲ…'

ဟု မေးမည်လား၊ သို့မဟုတ်လျှင်ဖြင့်…

'နင့်အမေ နင့်ကို လိုက်ရှာနေတယ် ဖြူမ၊ နင့်အမေ စိတ်ဆင်းရဲအောင် မလုပ်နဲ့…'

ဟူသော ဆုံးမစကားကိုပဲ ဆိုမည်လား၊ လောလော ဆယ်မှာတော့ သူမ ကိုယ်ပေါ်မှာ အရောင်ချွတ်ထားသော ဂျင်းနှံ ဘောင်းဘီ၊ ရှပ်ဆိုးဆိုး စတစ်ကာ ကပ်ထားသော တီရှပ်နှင့် ဂျင်းဂျာကင်တစ်ထည်။ ဂျာကင်အိတ်ထဲမှာ ဖြူ ပိုင်ဆိုင်သောငွေ ခုနစ်ရာ…

ဒါပဲ ရှိနေသည်။ ကြေကွဲ နာကျင်မှုတွေကတော့ ရင်နှင့် အပြည့်ပေါ့…

စေ့စေ့ တွေးကြည့်တော့ မေမေ့အပေါ် ဖြူ တစ်ဖက် သတ် အမြင်စောင်းသလားဟု သက်သက်ညှာညှာ တွေးမိ လာသည်။ သို့ပေမယ့် ခါးသက်နေဆဲပါဘဲ…

ခုလောက်ဆို မေမေ စိတ်ပူနေလောက်ပြီ…



ရန်ကုန်မြို့မှာ ခြေရာတွေ ထပ်နေလောက်ပြီ…။

ဟင့်အင်း…

သည်လိုလည်း ဖြစ်ချင်မှ ဖြစ်မှာပါ။ ဦးသက်အောင် ဆိုသည့် လူကို အကူအညီတောင်းပြီး သူငယ်ချင်း အိမ်တွေ၊ ဆေးရုံတွေ၊ ရဲဌာနတွေမှာ လိုက်မေးနေမလား…

မိမိအလိုဆန္ဒအတွက် အသက်ရှင်နေသော မေမေ့ကို ထာဝစဉ် ဖြည့်စွမ်းပေးချင်သည့် ဆန္ဒများသာ ရှိပြီး ငဲ့ညှာ တတ်သည့် သမီး တစ်ယောက်အတွက် မေမေ… ပမာဏ ကြီးကြီးမားမားတော့ စိုးရိမ် ထိ ခိုက် သင့် သည် ပေါ့။ လောကကြီးက မျှော်လင့်ချက်များ၊ အလိုဆန္ဒများဖြင့်သာ ဖွဲ့စည်းထားသည် ထင်ပါရဲ့။ ဒါဆို ဖြူ့ မျှော်လင့်ချက် ကရော…

ဖြူ့ဘာမှာ အလိုမပြည့်မှုတွေသာ များလွန်းသည့် အတွက် ခုချိန်မှာ ဖြူ ဘာကိုမျှော်လင့်ရမှန်း မသိတော့ချေ။ ငြိမ်းချမ်းသည့် မိသားစုကမ္ဘာကိုဖြူ မျှော်လင့်ခဲ့ဖူးသည်။ ပြီးတော့ အောင်မြင်သည့် စက်မှုအတတ်ပညာရှင်တစ်ယောက် အဖြစ်ကိုလည်း မျှော်လင့်ခဲ့ဖူးသည်။

နောက်ဆုံး…

ရိုးသားသော ကောင်လေး တစ်ယောက်ထံမှ ချစ်ခြင်း မေတ္တာကိုလည်း မျှော်လင့်ခဲ့ဖူးပါသည်။

ဒါတွေအားလုံး ဖြူ ပိုင်ဆိုင်ရမည်လား၊ စွန့်လွှတ်ရမည်လား....

သည် အဖြေက မေမေ့ဆန္ဒနှင့် ဆုံးဖြတ်ချက်အပေါ်မှာသာ မူတည်နေလိမ့်မည်

နေ့ရောင် တဖြည်းဖြည်း ဖျော့တော့လာပြီ....။

မေမေ....

တကယ်တော့ သမီး မေမေနဲ့ မခွဲနိုင်ပါဘူး....

မေမေ့ ဂရုစိုက်ကြင်နာမှုများကို ပြန်လိုချင်တောင့်တရင်း ကလေးတစ်ယောက်လို သူမ အော်ဟစ် ငိုနေမိတော့သည်။

လှေကားပေါ်မှ တစ်စုံတစ်ရာ လှုပ်ရှားသံ ကြားလိုက်ရသောအခါ ဖြူ ဆတ်ခနဲ ခေါင်းမတ်မိသွားသည်။

တံခါးဝဆီ မျက်ရည်တွေကို မသုတ်နိုင်အားသေးဘဲ.... လှမ်းကြည့်မိ၏။ တံခါးအပြင်ဘက် မြင်ကွင်းသည် ရှင်းရှင်းလှင်းလင်းပဲ ရှိနေ၏။

'ဖြူ....'





ဟု ခေါ်သံကို ကြားလိုက်ရလေသလား....။

တံခါးဝဆီ ခပ်သွက်သွက် လျှောက်သွားလိုက်သည်။ ဖွင့်ထားသော တံခါးရွက်သည် လေအရှိန်ဖြင့်.... တရွေ့ရွေ့ လှုပ်ရှားလာနေ၏။ တံခါးရွက်မှာ ငြိတွယ်ပါလာသော အရာတစ်ခုကို မြင်လိုက်ရတော့ ဖြူ လန့်ဖြန့်ပြီး မျက်လုံးစိုင်းသွားမိသည်။

တစ်ဆက်တည်းမှာပင်.... နှလုံးခုန်သံတို့အဆမတန်မြန်ဆန်လာတော့၏။

နံ့သာရောင် လက်ကိုင်ပဝါကလေး....

'မင်းရင်....'

ထိတ်လန့်တကြား အော်ဟစ်ခေါ်ရင်း အိမ်အပြင်ဘက် ပြေးထွက်လိုက်မိသည်။ အိမ်အပြင်ဘက်မှာ ဘယ်သူမှရှိမနေပါ။ သစ်ရွက်ခြောက်တွေအပေါ် သူမ နင်းလိုက်သည့်အခါ ချိုးချိုးချွတ်ချွတ် မြည်သံသာ ထွက်ပေါ်လာသည်။

'မင်းရင်....'

လှေကားပေါ်အပြေးတက်ပြီး တံခါးလက်ကိုင်မှာ ချည်ထားသော လက်ကိုင်ပဝါလေးကိုဖြုတ်ယူပြီး အသေအချာကြည့်လိုက်သည်။ နံ့သာရောင် လက်ကိုင်ပဝါတွေက အများကြီး....။ ခပ်ဖွဖွ မွှေးကြည့်တော့ ဖြူ သုံးနေကျ ရှယ်နယ်ရေမွှေးနံ့ မပြယ်တပြယ်....။

သေချာပါတယ်လေ....။

သူမ ယုံကြည်မှုတွေ ပိုပြီး အားကောင်းလာသည်။

'မင်းရင်....'

'ဖြူ....'

'အမယ်လေး'

ပြတင်းပေါက်မှ ခုန်ဝင်လာသော လူရိပ်ကြောင့် သွေးကြောတွေ ဒိတ်ခနဲ တူပူသွားပြီး ခေါင်းတစ်ခုလုံး ရပ်တည်မနေနိုင်လောက်အောင် နောက်ကျိမူးဝေသွားတော့သည်။

'ဖြူ....'

ဒူးတွေ ညွတ်ခွေကျသွားသော်လည်း ကြမ်းပြင်ပေါ် ပြင်းပြင်းထန်ထန် ယိုင်ကျမသွားဘဲ.... နွေးထွေးသော ရင်ခွင်တစ်ခုအတွင်း အလိုက်သင့် ရောက်သွားသည်။

မင်းရင်....

သူဟာ မင်းရင်ပါပဲ....

'ဖြူ....'



ခေါ်သံတိုးတိုး ကြားသည်၊

'ဖြူလေးရယ်....'

မြတ်စွာဘုရား....

ပြာဝေနေသော မျက်လုံးများကို အားယူအဖွင့်....

နူးညံ့စွာ အုပ်မိုးကြည့်နေသော မျက်ဝန်းအစုံကို ရင်ဆိုင်လိုက်ရသော အခါမှာတော့ သူမ၏ စိတ်ပူပန်မှု၊ ကြောက်လန့်မှု၊ အားငယ်မှု ဝမ်းနည်း ကြေကွဲမှုအားလုံး ခေတ္တ မေ့လျော့ပျက်ပြယ်လျက် သူမ နှလုံးသွေးကြောထဲ ပျံ့နှံ့စိမ့်ဝင်လာသော ငြိမ်းအေးမှုကို ကျေနပ်စွာ သိလိုက်ရတော့သည်။

မင်းဟာ.... ကိုယ့်ရဲ့အင်အားပါပဲ မင်းရင်ရယ်....။

'ဖြူ....'

လှိုက်ခါနေသော သူ့အသံမှာ ဝမ်းသာ လှိုက်လှဲမှုနှင့် စိုးရိမ်သောက ရောပြွန်းနေသည်။ ဖြူက သူ့ပခုံးကိုအားပြု တွဲခိုလျက် သူ့ရင်ခွင်ထဲမှ ရုန်းထွက်ဖို့ အရှိန်ယူလိုက်၏။ ရင်ခုန်သံတို့ကတော့ မပြယ်ချင်သေး....။ မှိစက်နားနေဖို့လည်း ကိုယ့်ကိုယ်ကို ခွင့်မပြုနိုင်သေး၊ ဖြူ့နှလုံးသားများနည်းတူ ဦးနှောက်ကလည်း ဆင်ခြင်တုံတရားကို အခါမလပ် ချုပ်ကိုင်ထားနိုင်သည်လေ။

'ဟင်အင်း.... မထနဲ့လေ ဖြူ....၊ ကျွန်တော် ပွေ့သွားမှာပေါ့'

'ဘယ်လို....'

'ဖြူ သိပ်အားနည်းနေသေးလို့ မူးပြီး လဲမှာစိုးလို့ပါ ဖြူ....၊ ကျွန်တော် ပွေ့ယူသွားပါ့မယ်'

'ဘယ်ကိုလဲ....'

'ဖြူ့ မေမေဆီကိုလေ'

'ရှင်....'

ပြောပြောဆိုဆို သူက ဖြူ့ကို ကိုယ်အောက်မှလက်လျှိုလျက် ချီပွေ့ပြီး လှေကားဆီလျှောက်သွားနေတော့သည်။ ပျော့ရှင်ကျေနပ်ခြင်းတစ်ဝက်၊ အံ့ဩခြင်းတစ်ဝက်ဖြင့် ဖြူ့နှလုံးခုန်သံတွေ ဆူညံနေတော့၏။

'နေပါ.... ဖြူ ကိုယ့်ဘာသာလျှောက်နိုင်ပါတယ်၊ ဘယ့်နှယ် လူမြင်လို့ မကောင်းဘူး'

'ဟုတ်ရဲ့လား'

'ဟုတ်ကဲ့ရှင်.... ကျေးဇူးပြုပြီး ဖြူ့ကို အောက်ချလိုက်စမ်းပါ'

အမိန့်နာခံတတ်သော ကောင်လေးက ဖြူ့ကို ခပ်ဖြည်းဖြည်း လွှတ်ချပေးလိုက်ပြီး.... ဖြူ့လက်မောင်းတွေကိုတော့





လူမမာတစ်ယောက်ကို ဖေးမသလို ဆုပ်ကိုင်ထားဆဲရှိသည်။ ဖြူ့စိတ်ထဲ ရယ်ချင်သွားပြီး....

'ဖယ်စမ်းပါ'

ဟု သူ့လက်တွေကို ပုတ်ချလိုက်တော့ သူ့မျက်နှာ ညှိုးသွားလျက်....

'ကျွန်တော် စိုးရိမ်လို့ပါ'

ဟု.... ခပ်တိုးတိုးပြောသည်။

'မေမေ ဘယ်မှာလဲ....'

'တိုးမှာလေ....'

မြေလမ်းမ ရှိရာဘက်ဆီ သူ မေးဆတ်ပြ၏။

✷

'သမီးက မေမေရှင်းပြတာကိုမှ နားမထောင်ဘဲ၊ ကိုယ့်အထင်နဲ့ ကိုယ် စွတ်ရွတ်ထွက်သွားတာကိုး....'

'ထင်တာ မဟုတ်ပါဘူး မေမေ.... မြင်တာပါ'

'စိုးပွား စပ်တူချင်းမို့.... မေမေ လိုက်လိုက်လျောလျော ဆက်ဆံခဲ့တာပါ သမီးရယ်၊ မေမေ့ဘဝမှာ သမီး တစ်ယောက်က လွဲပြီး ဘယ်သူ့ကိုမှ မေမေပိုင်ဆိုင်သမျှ ဖဲ့မပေးနိုင်ဘူး၊ မေမေ့မေတ္တာအားလုံးဟာ သမီးအတွက်ပဲ၊ အဲဒါကို စိတ်ချစမ်းပါ သမီးရယ်၊ မေမေ အရှုံးတစ်ပိုင်းဖြစ်နေတာကို သမီး မြင်ချင်လို့လား၊ သမီးမရှိရင် မေမေ ဘယ်လို အသက်ရှင်နေမလဲ'

မေမေက စကြွေစဥ္စာအပြင်ဘက်ဆီသို့ ဖြူ လွင့်ထွက်သွားမှာ စိုးသည့်အလား ဖျစ်ညှစ်ဖက်တွယ်ထားသည်။ မေမေ့ မျက်ရည်စက်တွေ ဖြူ့ ဆံပင်တွေကြားထဲ တစ်ပေါက်ပေါက် စီးကျနေ၏။ ဖြူကတော့ မေမေ့ရင်ခွင်ထဲ မျက်နှာအပ် ထားရင်း တိတ်ဆိတ်စွာ ငိုနေမိတော့သည်။ မေမေနှင့် ဖြူသည် တစ်သက် ခွဲသွားဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တော့ ကြောင်း ဝမ်းသာလှိုက်လှဲစွာ.... ပြီးတော့.... ကြေကွဲစွာ သိလိုက်ရတော့သည်။

ဖြူဟာ မေမေ့ရဲ့ တစ်ဦးတည်းသောသမီး မဟုတ်လား

ကောင်းခြင်း၊ ဆိုးခြင်း၊ ချိုခြင်း၊ ခါးခြင်း အားလုံးကို မေမေနှင့် ထပ်တူခံစားဖို့ ဖြူ သတ္တိရှိပါသည်။ သို့ပေမယ့် မေမေ့ကိုတော့ ဖြူတစ်ယောက်တည်း ပိုင်ချင်သည်။ မေမေ့ မေတ္တာတရား အားလုံးကိုလည်း ဖြူတစ်ယောက်တည်း





ရချင်သည်။ ဖြူကိုယ်တိုင် ကြည်ဖြူစွာ မျှဝေပေးချင်သည့် တစ်စုံတစ်ယောက် ရှိခဲ့လျှင်တော့ ထိုတစ်စုံတစ်ယောက်သည် ဖေဖေပဲ ဖြစ်ပါလိမ့်မည်။

'မေမေ့ကို တစ်ယောက်တည်း ထားသွားဖို့မျှား သမီး စဉ်းစားရက်တယ်'

'ဟင့်အင်း.... သမီးတောင်းပန်ပါတယ် မေမေ၊ သမီး.... မေမေ့ကို စိတ်ဆိုးနေတုန်းမို့ပါ၊ တကယ်တော့ သမီး.... မေမေ့ကို မခွဲနိုင်ပါဘူး'

'တောင်းပန်ဖို့မလိုပါဘူး သမီးရယ်၊ မေမေ သိပါတယ်၊ သမီးနဲ့ ခုလိုပြန်တွေ့ရတာကပဲ မေမေ့အတွက်တော့ ဆုလာဘ် တစ်ခုလိုပဲ၊ နောက်ကို ခုလို စိတ်လိုက်မာန်ပါ ထွက်မသွားပါနဲ့ သမီးရယ်'

'ဟင့်အင်း.... သမီး ဘယ်တော့မှမသွားတော့ဘူး၊ ဒါပေမယ့် မေမေလည်း သမီးကို ကတိတစ်ခုပေးရမယ်'

'သမီးလိုချင်တဲ့ ကတိကို မေမေ သိပါတယ်'

'သိရင် ပြော'

မေမေက ဖြူ့မျက်နှာကို လက်ဖဝါးနှစ်ဖက်ဖြင့် ထွေးပွေ့လျက် ဆံစတွေကြား နဖူးပြင်ကို မျက်ရည်များဖြင့် ရှိုက်နမ်းရင်း ရယ်လေသည်။

'သမီးတစ်ယောက်တည်းက လွဲပြီး ဘယ်သူ့ကိုမှ မချစ်ရဘူးဆိုတဲ့ ကတိမှဟုတ်လား'

'အမှန်ပေါ့'

'ဒါဆို မေမေ တစ်ခုမေးမယ်'

'ဟုတ်...'

'သမီးကရော... မေမေ့တစ်ယောက်တည်းကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ဘဲ တစ်သက်လုံးနေနိုင်ပါ့မလား'

ပုံရိပ်တစ်ခု ဖျတ်ခနဲ အာရုံမှာထင်သည်။ လက်ကောက်ဝတ်မှာ ရစ်နှောင်ထားသည့် နံ့သာရောင် လက်ကိုင်ပဝါကလေးကို ငုံ့ကြည့်ရင်း စိတ်အစဉ်က သူ့ထံ စက္ကန့်ပိုင်းမျှ အပြေးအလွှား ရောက်သွားသည်။ မျက်မှန်အောက်မှ... နူးညံ့သော မျက်ဝန်းတွေ...

ဖြူလေး ဟူသော ညင်သာတိုးတိမ်သည့် ခေါ်သံ...

ဟင့်အင်း...

သူ့ကိုတော့ ဖြူ ချစ်မိနေခဲ့ပြီးသားမို့...

'သမီး...'

'မေမေ... မေမေ နေစေချင်တယ်ဆိုရင်...'

မျက်ရည်များ မျက်ဝန်းအိမ်မှာ ပြည့်လျှံလာပြန်သည်။



'ဩော်... သမီးရယ်...'

ဖြူ့သွယ်ရဲ့ဘဝဟာ မေမေ့ဆန္ဒပါပဲ...။

ငြင်းဆန်နိုင်ဖို့သတ္တိတွေလည်း ဘယ်တော့မှ ရှိနိုင်တော့မည် မထင်ပါလေ။ ဖြူ့သွယ်က မေမေ့ကို ချစ်လေသည့်ကိုး...

မျက်တောင်များ၏ အခြေမှာ မျက်ရည်တို့ စို့စွတ်လာသည်။ မျက်လွှာပိတ်လိုက်သည့်အခါမှာတော့... ပူနွေးသော မျက်ရည်များက မျက်ခွံများအောက်မှ စိမ့်ယို စီးဆင်းလာတော့သည်။

**'သမီးကို မေမေ နောက်ထပ် ကတိနှစ်ခု ပေးရဦးမယ်'**

မင်းရင်...

နားလည်ပေးပါလို့ မပြောရက်တော့ပါကွယ်...။

သံယောဇဉ်ဆိုသည့် ကြိုးက အလွယ်တကူ မပြတ်တောက်နိုင်လည်း အချိန်ကာလ ရာသီ တိုက်စားမှုဖြင့် တဖြည်းဖြည်း ဆွေးမြည့် ပြတ်တောက် သွားနိုင်သည်ပဲ...။

'ဘာလဲလို့ မမေးတော့ဘူးလား သမီး...'

'ပြောလေ မေမေ...'

မေမေ့စကားအဓိပ္ပာယ်ကို သေချာနားမလည်လိုက်နိုင်။ နောက်ထပ် ကြေကွဲခြင်းက ပြင်းထန်လိမ့်မည် မဟုတ်ဟုတော့ မျှော်လင့်ရတာပဲ...။

'သမီးကို မေမေ မင်းသမီးလုပ်ဖို့ မတိုက်တွန်းတော့ပါဘူး ဆိုတဲ့ ကတိ....'

'ရှင်....'

နောက်ပြီး.... သမီးရဲ့ အနာဂတ်ကို သမီး ကိုယ်တိုင် ရွေးချယ်ပြီး အောင်မြင်အောင် ကြိုးစားဖို့ မေမေ အတတ်နိုင်ဆုံး အထောက်အကူ ပေးမယ် ဆိုတဲ့ ကတိ....၊ သမီးရဲ့ အနာဂတ်ဆိုတဲ့ နေရာမှာ သမီးရဲ့ ဘဝ၊ သမီးရဲ့ ပညာရေး၊ သမီးရဲ့ လူမှုရေး၊ အိမ်ထောင်ရေး အားလုံးကို ပြောတာ သိလား....

သမီးလိုချင်သမျှ အားလုံး....'

'ကျေးဇူးတင်ပါတယ် မေမေ....'

'သူစိမ်းဆန်လိုက်တာ သမီးရယ်....'

'ဟင့်အင်း.... အရင်းနှီးဆုံးသူအတွက် အရင်းနှီးဆုံးသူက ပြောတဲ့ ကျေးဇူးစကား.... မေမေ လက်ခံရမယ်နော်....'

မေမေ.... ဟက်ဟက်ပက်ပက် ရယ်လေသည်။

သည်နေ့ဟာ ဖြူသွယ်ရဲ့ ကမ္ဘာသစ် စ,တင်တဲ့ နေ့ပါပဲ....

---



ပန်းရနံ့တွေမွှေးကြိုင်ပြီး ကမ္ဘာကြီးတစ်ခုလုံးကို ဖုံးလွှမ်းသင်းပျံ့နေတော့သည်။ မေမေ့ရင်ခွင်ထဲမှာ နေပြီး စမ်းရေစီးသံကို သူမ ကြားရ၏။

သူမနှင့် ထပ်တူ မျှယူ ပျော်ရွှင်ဖို့တော့ တစ်ယောက်သောသူကို အကူအညီ တောင်းချင်သည်။

✱✱

'ဘိုးဘိုး....'

ဆေးပြင်းလိပ်ကို ပါးစောင်မှာခဲရင်း....

'ဘာလဲ....'

ဟု ဗလုံးဗထွေးအသံဖြင့် မေးသည်။

'မင်းရင်ကော....'

'ခုလေးပဲ.... ပြန်သွားပြီလေ....'

'ဟင်....'

'နေဝင်သွားပြီဟ၊ သူ အပြန်ခက်မှာပေါ့....'

---

ကြည့်စမ်း....

ဖြူ့ကို သူ ဘာကြောင့်များ နှုတ်ဆက် မသွားသည် လည်း....

အင်းလေ....

နှုတ်ဆက်ဖို့မှ မလိုအပ်ဘဲ....

[ ၁၂ ]

နောက်မှ ကားမီးရောင်ကို မြင်ရသည်။

ဟွန်းသံ ကြားတော့ စိတ်ဇဝေဇဝါနှင့်ပင် ခြေစုံရပ်လှည့်ကြည့်ဖြစ်၏။ အရှိန်ပြင်းပြင်း မောင်းလာသော ကားက နံဘေးမှာ ထိုးရပ်သွားသည်။ နေရောင်၏ ကြွင်းကျန်သော အလင်းဖျော့ဖျော့ ကျေးဇူးပြုမှုဖြင့်.... ကား စတီယာရင် နောက်မှ ပြုံးတုံ့တုံ့ မျက်နှာကို မြင်ရသည်။

'ဖြူ....'

'ကျေးဇူးပြုပြီး ကားပေါ်တက်ပါ....'

'ခင်ဗျာ....'

အံ့သြသွားသောမျက်နှာကို ဖြူက ခပ်စိုက်စိုက်ကြည့်ပြီး ရယ်လေသည်။ ရင်ကို ထိထိခတ်ခတ်ဖြစ်စေသော အရယ်.... မြတ်နိုးမှုတွေ ရင်ထဲမှာ ပြည့်သိပ်လာသည်။ တစ်သက်တာအတွက် ချစ်သူမိန်းကလေး၏ ကြည်လင်သော အပြုံး.... အရယ်ကို မြင်ရတော့ လန်းဆန်း အားတက်ရ၏။ စိုးရိမ်ပိတ်တွေလည်း နေလုံးနှင့်အတူ မြုပ်ကွယ်ပြီ....

နားလည် ကြေအေးကြောင်း စကားကို ကြားရလျှင်တော့ ထာဝရ ကျေနပ်စရာ ဖြစ်မည် ထင်၏။

'ဒီမှာ.... ဖြူက ပေးပြီးသားပစ္စည်းကို ပြန်မယူတတ်ဘူးရှင့်....'

နှံ့သာရောင် လက်ကိုင်ပဝါလေး....

သူမက လက်ကမ်းပေးနေဆဲ....



'ယူလေ....'

'ဟင့်အင်း....'

'ဘာဖြစ်လို့လဲ....'

'ကျွန်တော့်ပစ္စည်းမှ မဟုတ်ဘဲ....'

'ဖြူက မင်းရင်ကို ပေးထားတာ.... မင်းရင်ပစ္စည်းပေါ့'

'ဒါပေမယ့် မလိုချင်တော့ဘူး ဖြူ....'

'ဘာကြောင့်....'

'ဒီလက်ကိုင်ပုဝါထဲ ထည့်သိမ်းထားစရာ အချစ်တွေမှ မရှိဘဲ....'

'ကြည့်စမ်း.... မင်းရင်ကို ရိုးရိုးသားသား ကောင်လေးလို့ ထင်နေတာ၊ ခုတော့ မင်းရင်က လူလည်လေးပဲ....'


'စတွေ့ကတည်းက သိဖို့ကောင်းတာပေါ့....'

'သိပါတယ်နော်.... ဟန်မဆောင်တတ်တဲ့သူက အတင်းဟန်ဆောင်ထားရတာ၊ သနားတောင် သနားတယ်....'

'ပြီးတော့ရော....'

ဖြူက နှုတ်ခမ်းစေ့ ပြုံးနေသည်။ ချိုမြိန်သော အပြုံးမှာ ချစ်ခြင်း၊ မြတ်နိုးခြင်း၊ နားလည်ခြင်း။ လောကကြီးသည် ချစ်ခြင်းတရားကြောင့်သာ နှစ်ပေါင်း အရှည်အကြာ မပျက်ဆီး တည်နေသည်ဟု ခိုင်ခိုင်မာမာ ယုံကြည်ချင်၏။





သခင်လာ၍ လွမ်းပါလှည့်

28 th May, 1993
Friday
2 : 07. P.M

စေတနာစာပေ မှ...

လွန်းထားထား(ဆေးတက္ကသိုလ်)

၏

- အတောင်ပံတစ်စုံ၊ အပြာရောင်ကြိုးတစ်စနှင့်
- မှန်ကြည့်သူ၏ သံသယ
- ဆိတ်ငြိမ်သော ချစ်ခြင်း၏အသံ

ထွက်ရှိပါတော့မည်။

စေတနာစာပေ မှ....

မီကိုဇူးဇင်

၏

ကျောင်းနေတုန်းက သူငယ်ချင်း

နီကိုဇူးဇင်

၏

ရင်ခုန်နွေည ကုဋေကုဋာ

ဝတ္ထုသစ်များ ထွက်ပါတော့မည်။